ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

၁၃၇၉ ခုနှစ် တော်သလင်းလပြည့်ကျော် ၁၄ ရက်၊ အင်္ဂါနေ့။ Tuesday, 19 September 2017 (၉၀၅၂)

ချမ်းသာခြင်းအကြောင်းတရား

အချင်းချင်း ခိုက်ရန်ဖြစ်ပွားခြင်းသည် မကောင်း။ ရန်ပြုတတ်သူတို့အလယ်တွင် ရန်မပြုဘဲနေခြင်းသည် လည်းကောင်း၊ ကိလေသာ အနှိပ်စက်ခံရသူတို့အလယ်၌ ကိလေသာ အနှိပ်အစက်မခံရဘဲနေခြင်းသည် လည်းကောင်း၊ ကာမဂုဏ်ကို ကြောင့်ကြစိုက်ကုန်သော သူတို့အလယ်၌ ကြောင့်ကြမစိုက်ကုန်ဘဲနေခြင်းသည် လည်းကောင်း ချမ်းသာ၏။ သုခဝဂ်(ဓမ္မပဒ-၁၉၉)

နယ်စပ်ခြံစည်းရိုးကာရံခြင်းလုပ်ငန်းအား စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံးမှ ဆောင်ရွက်သွားမည်ဖြစ်ပြီး မေယုတောင်တန်း လမ်းကွန်ရက်ဖောက်လုပ်ရေးစီမံကိန်းကို ဆောက်လုပ်ရေးဝန်ကြီးဌာနက ဆောင်ရွက်နေပြီဖြစ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
သတင်းထုတ်ပြန်ချက် အမှတ်၊ ၅/၂၀၁၇
၁၃၇၉ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၃ ရက်
(၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်)

ယခုအချိန်တွင် ပြည်သူအချို့က မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ် ခြံစည်းရိုးနှင့်ပတ်သက်၍ စိုးရိမ်မှုများရှိနေသဖြင့် ပြည်သူများ၏ စိုးရိမ်မှုများ ပပျောက်စေရေးအတွက် နယ်စပ်ခြံစည်းရိုးကာရံခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့မှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို သတင်းထုတ်ပြန်ခြင်း ဖြစ်ပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံ့တာဝန်များကို လွှဲပြောင်းရယူပြီးနောက် ၂၀၁၆ ခုနှစ်၊ မေလ ၃၀ ရက်နေ့တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ဥက္ကဋ္ဌအဖြစ် တာဝန်ယူသော ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ရေး ဗဟိုကော်မတီကို ဖွဲ့စည်းခဲ့ပါသည်။

စာမျက်နှာ ၅ ကော်လံ ၁ သို့ ❖

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်

မိန့်ခွန်းပြောကြားမည့်အစီအစဉ် တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် စက်တင်ဘာ ၁၈

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် စက်တင်ဘာ ၁၉ ရက် နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန(၂)၌ မိန့်ခွန်းပြောကြားမည့် အခမ်းအနား (Speech by the State Counsellor on Government's efforts with regard to National Reconciliation and Peace) ကျင်းပမည်ဖြစ်သည်။

အဆိုပါ အခမ်းအနား ကျင်းပပုံအား MRTV၊ MITV၊ မြန်မာ့အသံနှင့် FM ရေဒီယိုအစီအစဉ်များတွင် နံနက် ၉ နာရီ ၅၅ မိနစ်မှစ၍ တိုက်ရိုက်ထုတ်လွှင့်သွားမည် ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ဧရာဝတီမြစ်ရေတိုက်စားမှုဒဏ် အများဆုံးခံစားရသည့်ကျေးရွာများ ကမ်းပြိုကာကွယ်ရေး ဆောင်ရွက်မည်

မန္တလေး စက်တင်ဘာ ၁၈

မန္တလေးတိုင်းဒေသကြီးအတွင်း ဧရာဝတီမြစ်ရိုးတစ်လျှောက်ရှိ မြစ်ရေတိုက်စားခြင်းဒဏ်ခံရသည့် မြို့နယ်ခြောက်ခုမှ ကျေးရွာ ၁၂ ရွာကို ယခုနှစ် ဒီဇင်ဘာလတွင် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများ စတင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အဆိုပါတိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

"ရွာတွေရဲ့ကမ်းပြိုကာကွယ်ရေးနဲ့ စိုက်ပျိုးမြေတွေ မဆုံးရှုံးအောင် ထိန်းသိမ်းဖို့ဆိုတဲ့ ရည်ရွယ်ချက်နှစ်ခုနဲ့ ကျွန်တော်တို့က ကမ်းပြိုကာကွယ်ရေးတွေ အဓိကလုပ်ဆောင်တာပါ။ ကျွန်တော်တို့ အခု ၁၀ လပိုင်းမှာ တင်ဒါခေါ်မှာပါ။ လုပ်ငန်းစတာတော့ ဒီဇင်ဘာလမှစမှာပါ"ဟု အဆိုပါဌာနမှ **စာမျက်နှာ ၇ ကော်လံ ၁ သို့ ✪**

ဒုတိယသမ္မတ ဦးမြင့်ဆွေ ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

စာမျက်နှာ » ၃

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ အမေရိကန်နိုင်ငံ နယူးယောက်မြို့သို့ရောက်ရှိ

စာမျက်နှာ » ၃

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ်အား လက်ခံတွေ့ဆုံ

စာမျက်နှာ » ၇

လျှပ်စစ်ဓာတ်အား တိုးတက်သုံးစွဲနိုင်ရေး သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံများ တည်ဆောက်လျက်ရှိ

စာမျက်နှာ » ၂

KBZ BANK
STRENGTH OF MYANMAR
သဒ္ဒါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

ကြေးမုံ

ကုသိုလ်ကောင်းမှုများ ပွားများဆည်းပူး

ဘေးဥပဒ်အန္တရာယ်ဒုက္ခဆင်းရဲများပေါ်များလှသော ဝိပတ္တိကာလဝယ် အများပြည်သူတို့အနေဖြင့် သတိသမ္ပဇဉ်ထားကြရမည့်အပြင် မေတ္တာတရားများပွားများကြပြီး ကုသိုလ်ကောင်းမှုများ အထူးပွားများဆည်းပူးကြရန် အကြံပြုချင်ပါသည်။ မည်သို့မည်ပုံပင် တရားပျက်ပျက် မိမိကိုယ်သာ ကိုးကွယ်ရာဖြစ်၍ မိမိကိုယ်ကို စောင့်ရှောက်ခြင်းသည်သာ အကောင်းဆုံးဖြစ်ပေမည်။

ဗုဒ္ဓဘာသာဝင်များအနေဖြင့် ဩကာသကန်တော့ချိုးဖြင့် ဘုရားရှိခိုးကြရာတွင် ကိုးကွယ်အားထား ဆည်းကပ်ရာအမှန်ဖြစ်သော ရတနာသုံးပါးကို ရှိခိုးကန်တော့လေ့ရှိသည်။ ပြီးနောက် အပါယ် လေးပါး၊ ကပ် သုံးပါး၊ ရပ်ပြစ် ရှစ်ပါး၊ ရန်သူမျိုး ငါးပါး၊ ဝိပတ္တိတရား လေးပါး၊ ဗျသနတရား ငါးပါးတို့မှ ကင်းဝေးရပါစေကြောင်းဆုတောင်းကြသည်။ ကံ ကံ၏အကျိုးကို ယုံကြည်သောသူတို့အနေဖြင့် ဆုတောင်းတိုင်းရမည်မဟုတ်ဘဲ ကောင်းသောအမှုကို ပြုကြမှသာ ရနိုင်မည်ဖြစ်သည်။

ဤတွင် အထက်ပါ ကြောက်ရွံ့ထိတ်လန့်ဖွယ်ဘေးတို့ကို သေချာစွာ သိရှိပြီးမှသာလျှင် ထိုဘေးတို့ကိုကြောက်ရွံ့ပြီး ကုသိုလ်ကောင်းမှုတို့ကို အထူးပြုနိုင်ပါလိမ့်မည်။ ကြီးသူတို့သာမက ငယ်ရွယ်သူတို့ပါ ရွတ်ဆိုတတ်ကြသော ထိုဘေးအပါးများတွင် ကပ် သုံးပါး၊ ရပ်ပြစ် ရှစ်ပါး၊ ဝိပတ္တိတရား လေးပါးတို့ကို သေချာစွာ သိရှိထားသင့်သည်။ အကုသိုလ်အမှုပြုလျှင် အပါယ်လေးပါးသို့ ကျရောက်နိုင်သည်ဟုဆိုသော်လည်း ခေတ်ကာလသားတို့အနေဖြင့် နောင်ဘဝဆိုသည်ကို တွေးတောပူပင်တတ်လေ့မရှိကြချေ။

ကျရောက်လတ္တံ့သော ဘေးအပေါင်းတို့၏အန္တရာယ်ကိုသိရှိမှသာ စိုးရိမ်ပူပန်မှုရှိတတ်ပေမည်။ ဤသည်ပင်လည်း မိမိတို့တွင် မကျရောက်နိုင်ဟု ဆင်ခြေပေးနိုင်သေးသည်။ သို့ရာတွင်မူ မျက်မှောက်ကာလ၌ ကွေးသောလက်မဆန့်မီ၊ ဆန့်သောလက်မကွေးမီဆိုသကဲ့သို့ ဘေးဥပဒ်အန္တရာယ်များ မထင်မှတ်ဘဲ မိမိတို့ထံသို့ ကျရောက်လာနိုင်သည်ကို မြင်တွေ့ကြားသိနေရ၍ သတိမူသင့်သည်။

ကပ် သုံးပါးဟူသည်မှာ ငတ်မွတ်ခေါင်းပါးခြင်းကြောင့် ပျက်စီးခြင်း၊ လက်နက်ဘေးကြောင့် ပျက်စီးခြင်း၊ ရောဂါဘေးကြောင့် ပျက်စီးခြင်းတို့ဖြစ်သည်။ ထိုဘေးများဆိုက်ပုံမှာ သတ္တဝါတို့ လောဘတရား ကြီးမားလွှမ်းမိုးလာသောအခါတွင် ငတ်မွတ်ဘေးဆိုက်ရောက်တတ်သည်။ သတ္တဝါတို့ ဒေါသတရား ကြီးမားလွှမ်းမိုးလာသောအခါ လက်နက်ဘေးဆိုက်ရောက်လာတတ်သည်။ သတ္တဝါတို့ မောဟတရား ကြီးမားလွှမ်းမိုးလာသောအခါ ရောဂါဘေးဆိုက်ရောက်လာတတ်သည်။ ထိုအကုသိုလ်တရားများ လွှမ်းမိုးသောအခါ သူတော်ကောင်းတရားများကို လုပ်ဆောင်ခွင့်မရနိုင်တော့ချေ။

ရပ်ပြစ် ရှစ်ပါးသည်လည်း ပွင့်ထွန်းလာသောသာသနာတော်နှင့် မကြုံထိုက်၊ မကြုံနိုင်သော အရပ်မျိုးဖြစ်၍ ထိုအရပ်သို့လည်း မရောက်အောင် အားထုတ်သင့်သည်။ ယင်းအရပ်များမှာ အပါယ်လေးဘုံသား၊ ပစ္စန္တရစ်သား၊ မိစ္ဆာဒိဋ္ဌိ၊ ဉာဏ်မရှိသူ၊ သာသနာမရှိ၊ ရုပ်ရှိသော်လည်း နာမ်မရှိ နာမ်ရှိသော်လည်း ရုပ်မရှိသော ပြဟ္မာဘုံတို့ဖြစ်သည်။ ထိုအရပ်များသို့ မရောက်အောင်လည်း ပွားများအားထုတ်ရသည်။

ဝိပတ္တိတရား လေးပါးမှာ ဖောက်ပြန်ချွတ်ယွင်း မကောင်းသော ဂတိသို့ လားရခြင်း အမျိုးမျိုးတို့ဖြစ်ပြီး ဗျသနတရား ငါးပါးမှာ ဆွေမျိုး၊ ဥစ္စာ၊ ကိုယ်ခန္ဓာနှင့် အယူမှန်၊ သီလတို့ပျက်စီးခြင်းဖြစ်သည်။ ယင်းတို့မှာ ယခု ပစ္စက္ခဘဝမှာပင် ကြုံတွေ့နိုင်သောအရေးဖြစ်၍ မည်သူမျှ ကြုံတွေ့လိုခြင်းရှိမည်မဟုတ်ချေ။ လူဟူသည်မှာ ချမ်းသာပျော်ရွှင်ခြင်းတို့နှင့်သာလျှင် ပျော်မွေ့တတ်သည်ဖြစ်၍ အထက်ပါဆင်းရဲအပေါင်းတို့ကို သတိမမူမိကြချေ။ သို့ဖြစ်၍ ကံ ကံ၏အကျိုးအားကြောင့် ကောင်းမှုကုသိုလ်မပြုမိလျှင် ဒုက္ခဆင်းရဲများ ကျရောက်နိုင်သောကြောင့် ဆင်ခြင်သတိထား ကောင်းသောတရားများ ပွားများအားထုတ်ကြရန် တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။ ။

လျှပ်စစ်ဓာတ်အား တိုးတက်သုံးစွဲနိုင်ရေး သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံများ တည်ဆောက်လျက်ရှိ

နေပြည်တော် စက်တင်ဘာ ၁၈

မြန်မာနိုင်ငံအတွင်း မြို့ပေါ်သာမက ကျေးလက်ပါမကျန် လျှပ်စစ်ဓာတ်အား ပိုမိုသုံးစွဲနိုင်ရေးအတွက် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံများကို တည်ဆောက်ပေးလျက်ရှိသည်။

ထိုကဲ့သို့ တည်ဆောက်ပေးလျက်ရှိရာတွင် တည်ဆောက်ဆဲ သဘာဝဓာတ်ငွေ့သုံးစက်ရုံများမှာ သထုံမြို့တွင် ၁၂၀ မဂ္ဂါဝပ်၊ သာကေတတွင် ၁၀၆ မဂ္ဂါဝပ်နှင့် မြင်းခြံမြို့တွင် ၂၂၅ မဂ္ဂါဝပ်တို့ဖြစ်သည်။

မွန်ပြည်နယ် သထုံဒေသ သထုံဓာတ်အားပေးစက်ရုံဝင်းအတွင်း တည်ဆောက်လျက်ရှိသည့် သထုံ ၁၂၀ မဂ္ဂါဝပ် ဓာတ်အားပေးစက်ရုံမှာ ယခုအခါ စီမံကိန်းလုပ်ငန်း၏ ၈၀ ရာခိုင်နှုန်းခန့်ပြီးစီးနေပြီဖြစ်သည်။ စီမံကိန်းလုပ်ငန်းများအားလုံး ပြီးစီးသွားပါက ပြည့်ဝကောင်းမွန်သည့် ဓာတ်အားပေးစက်များဖြင့် သထုံဒေသအတွင်း ဓာတ်အားပိုမိုသုံးစွဲနိုင်မည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီး သာကေတဓာတ်အားပေးစက်ရုံအတွင်း တည်ဆောက်လျက်ရှိသည့် သာကေတ ၁၀၆ မဂ္ဂါဝပ်ဓာတ်အားပေးစက်ရုံမှာ ပုဂ္ဂလိကပိုင် ဓာတ်အားပေးစက်ရုံတစ်ရုံဖြစ်ပြီး ယခုအခါ တည်ဆောက်ရေးလုပ်ငန်းများ ၇၇ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်သည်။ စီမံကိန်းလုပ်ငန်းများပြီးစီးသွားပါက ရန်ကုန်တိုင်းဒေသကြီး၏ ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

မြင်းခြံဒေသတွင် တည်ဆောက်လျက်ရှိသော မြင်းခြံ ၂၂၅ မဂ္ဂါဝပ် ဓာတ်အားပေးစက်ရုံမှာလည်း ပုဂ္ဂလိကပိုင် ဓာတ်အားပေးစက်ရုံတစ်ခုဖြစ်ပြီး ယခုအခါ တည်ဆောက်ရေးလုပ်ငန်းများ ၈၉ ရာခိုင်နှုန်းခန့်ပြီးစီးနေပြီဖြစ်သည်။ အဆိုပါ စီမံကိန်းအားလုံးပြီးစီးသွားပါက မန္တလေးတိုင်းဒေသကြီးအတွင်း သဘာဝဓာတ်ငွေ့ဖြင့် ဓာတ်အားထုတ်လွှတ်မှုတိုးတက်လာမည်ဖြစ်ပြီး ရေရှည်၌ တည်ငြိမ်သော ဓာတ်အားပမာဏကို နိုင်ငံတော်ဓာတ်အားစနစ်အတွင်းသို့ ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

သန်းဦး(လေးမျက်နှာ)

မူခင်းပြခန်းယာဉ်ဖြင့် အသိပညာပေး

ဘီးလင်း စက်တင်ဘာ ၁၈

မွန်ပြည်နယ် ဘီးလင်းမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးမြင့် ဦးဆောင်သော မူခင်းအသိပညာပေးပြခန်းယာဉ်သည် စက်တင်ဘာ ဒုတိယပတ်က ဘီးလင်းမြို့နှင့် ပုလဲကျေးရွာသို့ သွားရောက်ပြသခဲ့သည်။ လာရောက်ကြည့်ရှုကြသည့် ကျေးရွာပြည်သူ ၁၃၀ ခန့်အား မူခင်းကျဆင်းရေး၊ မူးယစ်ဆေးဝါးအန္တရာယ်၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် လူကုန်ကူးမှုအကြောင်းအရာများကို ပညာပေးဟောပြောခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

■

မော်တော်ဆိုင်ကယ်ပြုပြင်ထိန်းသိမ်းနည်း အခြေခံသင်တန်းဖွင့်

မိတ္ထီလာ စက်တင်ဘာ ၁၈

မော်တော်ဆိုင်ကယ်ပြုပြင်ထိန်းသိမ်းနည်း အခြေခံသင်တန်း(၃/၂၀၁၇)ဖွင့်ပွဲကို ယနေ့နံနက် ၁၀ နာရီက ရက်ကန်းနှင့် အသက်မွေးပညာ သင်တန်းကျောင်း (မိတ္ထီလာ) သင်တန်းဆောင်၌ ကျင်းပသည်။ အခမ်းအနားသို့ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း ကျောင်းအုပ်ကြီး ဦးသာဝနှင့် ဝန်ထမ်းများ၊ သင်တန်းသားများ တက်ရောက်ခဲ့ကြသည်။

အဆိုပါသင်တန်းသို့ မိတ္ထီလာခရိုင်အတွင်းရှိ ကုန်းတောင်၊ ချောက်ပင်၊ အပျောက်၊ စက်ပစ်တောင်ကျေးရွာများမှ လူငယ် ၂၀ တက်ရောက်ခဲ့ကြသည်။ မန္တလေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနမှ ကျွမ်းကျင်သင်တန်းနည်းပြများက မော်တော်ဆိုင်ကယ် အစိတ်အပိုင်းများ၏ အလုပ်လုပ်ပုံအဆင့်ဆင့်၊ အင်ဂျင်အကြောင်း သိကောင်းစရာ၊ ကာဗျူရေတာ၏ လုပ်ဆောင်ချက်များ၊ အင်ဂျင်ပာတ် အစိတ်အပိုင်း၏ လုပ်ဆောင်ချက်များ၊ ဂီယာဘောက်အပိုင်း၏ လုပ်ဆောင်ချက်များ၊ ကလပ်၏ လုပ်ဆောင်ချက်များ၊ သံလိုက်အုံနှင့် သံလိုက်အုံအခြမ်း၏ လုပ်ဆောင်ချက်များ၊ မော်တော်ဆိုင်ကယ်ဝါယာရိန်းသွယ်တန်းခြင်းနှင့် လုပ်ဆောင်ချက်များ၊ ဆိုင်ကယ်ပြုပြင်ထိန်းသိမ်းခြင်း အတတ်ပညာဘာသာရပ်များကို သင်ကြားပေးခဲ့ကြသည်။ သင်တန်းချိန်မှာ နံနက် ၉နာရီမှ ညနေ ၄ နာရီအထိဖြစ်ပြီး စက်တင်ဘာ ၁၈ ရက်မှ အောက်တိုဘာ ၂၇ ရက်အထိ စာတွေ့လက်တွေ့ သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

သိန်းမြင့်ကျော်(မိတ္ထီလာ)

ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

ရန်ကုန် စက်တင်ဘာ ၁၈

ရန်ကုန်(ရွှေဈေး) ၉၄၉၀၀၀ - ၉၅၀၀၀၀ မန္တလေး(ရွှေဈေး) ၉၄၈၅၀၀ - ၉၄၉၅၀၀

စက်သုံးဆီဈေးနှုန်း

		ရန်ကုန်	မန္တလေး
(က) ဒီဇယ်	တစ်လီတာ	၆၈၀/၇၁၀ ကျပ်၊	၇၀၀/၇၃၀ ကျပ်
(ခ) အောက်တိန်း ၉၅	တစ်လီတာ	၇၃၅/၇၆၀ ကျပ်၊	၈၁၀/၈၆၀ ကျပ်
(ဂ) အောက်တိန်း ၉၂	တစ်လီတာ	၆၉၀/၇၂၀ ကျပ်၊	၇၃၀/၇၉၀ ကျပ်
(ဃ) အဆင့်မြင့်ဒီဇယ်	တစ်လီတာ	၇၀၀/၇၃၀ ကျပ်၊	၇၂၀/၇၅၀ ကျပ်

ရန်ကုန် လက်ကားဈေး

ဒီဇယ် တစ်လီတာ ၆၆၅/၆၇၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၆၈၀/၆၉၅ ကျပ်၊
အောက်တိန်း ၉၂ တစ်လီတာ ၆၆၅/၆၇၀ ကျပ်

နိုင်ငံခြားငွေလဲလှယ်နှုန်း

(က)	အမေရိကန်	တစ်ဒေါ်လာ	=	၁၃၅၄. ၀
(ခ)	ဥရောပ	တစ်ယူရို	=	၁၆၁၇. ၆
(ဂ)	တရုတ်	တစ်ယွမ်	=	၂၀၆. ၆၄
(ဃ)	ထိုင်း	တစ်ဘတ်	=	၄၀. ၉၀၆
(င)	မလေးရှား	တစ်ရင်းဂစ်	=	၃၂၃. ၂၇
(စ)	အိန္ဒိယ	တစ်ရူပီး	=	၂၁. ၁၂၀
(ဆ)	ဂျပန်	တစ်ရာယန်း	=	၁၂၁၇. ၄
(ဇ)	တောင်ကိုရီးယား	တစ်ရာဝမ်	=	၁၁၉. ၇၈
(ဈ)	ဩစတြေးလျ	တစ်ဒေါ်လာ	=	၁၀၈၃. ၅
(ည)	စင်ကာပူ	တစ်ဒေါ်လာ	=	၁၀၀၅. ၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း

ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းမှူးများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း၊ ဒေါ်စန္ဒာဝင်း
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်၊
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
သတင်းထောက် - ဒေါ်ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror Established in 1957
၁၉၅၇ ခုနှစ် ၁၆ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၁၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၀၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၇၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

ဒုတိယသမ္မတ ဦးမြင့်ဆွေ ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် စက်တင်ဘာ ၁၈

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးမြင့်ဆွေသည် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Surapong Suwana-adth ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေ ၄ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

ဆွေးနွေး

တွေ့ဆုံစဉ် မြန်မာ-ထိုင်း နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေး၊ မြန်မာ-ထိုင်း တပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး၊ နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်း၊ အမြဲတမ်းအတွင်းဝန် ဦးကျော်ဇေယျနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ အမေရိကန်နိုင်ငံ နယူးယောက်မြို့သို့ ရောက်ရှိ

နယူးယောက် စက်တင်ဘာ ၁၈

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် နယူးယောက်မြို့၌ကျင်းပမည့် (၇၂)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံ အထွေထွေမူဝါဒရေးရာဆွေးနွေးပွဲသို့ ပါဝင်တက်ရောက်ရန် အမေရိကန်နိုင်ငံ နယူးယောက်မြို့သို့ စက်တင်ဘာ ၁၇ ရက် ဒေသစံတော်ချိန် နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် ကိုရီးယားလေကြောင်းလိုင်းဖြင့် ရောက်ရှိသည်။ **(ဝဲပုံ)**

ဒုတိယသမ္မတနှင့်အဖွဲ့အား နယူးယောက်မြို့ရှိ ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး မြန်မာအမြဲတမ်းကိုယ်စားလှယ် ဦးဟောက်ဒိုဆွမ်းနှင့် အဖွဲ့ရုံးဝန်ထမ်းများက ဂျွန်အက်ဖ်ကနေဒီအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် စက်တင်ဘာ ၂၀ ရက်တွင် နယူးယောက်မြို့ရှိ ကုလသမဂ္ဂဌာနချုပ်၌ ကျင်းပမည့် (၇၂)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံ အထွေထွေမူဝါဒရေးရာဆွေးနွေးပွဲသို့ တက်ရောက်၍ မိန့်ခွန်းပြောကြားမည်ဖြစ်သည်။ **(သတင်းစဉ်)**

ကရာတေးဒိုနည်းပြနှင့် ဒိုင်လူကြီးသင်တန်းဖွင့်မည်

ရန်ကုန် စက်တင်ဘာ ၁၈

မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ်ကကြီးမှူး၍ ကရာတေးဒိုနည်းပြ/ဒိုင်လူကြီး(၂/၂၀၁၇) အဆင့်မြင့်သင်တန်းကို ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ ကရာတေးဒိုလေ့ကျင့်ရေးခန်းမတွင် အောက်တိုဘာ ၂၆ ရက်မှ နိုဝင်ဘာ ၄ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်သည်။

အရည်အချင်းစိစစ်ခြင်းစာမေးပွဲ အောင်မြင်သူများသာ သင်တန်းကို တက်ရောက်ခွင့်ရရှိမည်ဖြစ်ပြီး သင်တန်းဖွင့်လှစ်မည့်နေ့တွင် နည်းပြသင်တန်းတက်ရောက်မည့် သူများသည် အသက်(၂၀)နှစ်ပြည့်ပြီး (၅၀)နှစ်ထက်မကြီးသူ၊ ဒိုင်လူကြီးသင်တန်းအတွက် အသက်(၂၅)နှစ်ပြည့်ပြီး (၅၀)နှစ်ထက်မကြီးသူဖြစ်ရမည်ဖြစ်ကြောင်း။

သင်တန်းသို့ တိုင်းဒေသကြီး/ပြည်နယ်များရှိ သက်ဆိုင်ရာမြို့နယ်/ခရိုင်(အား/ကာ)ရုံးများတွင် ကလပ်အသင်းမှတ်ပုံတင်ထားသော အသင်းများမှ တစ်သင်းလျှင် နည်းပြတစ်ဦး၊ ဒိုင်တစ်ဦးစီ တက်ရောက်ခွင့်ရှိပြီး အသေးစိတ်သိရှိလိုပါက အဖွဲ့ချုပ်ဖုန်းနံပါတ် ၀၁-၃၇၉၉၃၉ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်းနှင့် သင်တန်းသားများ၏ နေထိုင်/စားသောက်ရေးအပြင် ခရီးစရိတ်များကို သတ်မှတ်နှုန်းထားအတိုင်း စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း။

နိုင်ငံတကာကရာတေးဒိုပြိုင်ပွဲများတွင် ဒိုင်/နည်းပြအဖြစ် ဆောင်ရွက်မည့်သူများသည် International Referee/Coach Licence ရှိရမည်ဖြစ်ပြီး Licence Holder များသာ World Karate Federation-WKF ၏ပြိုင်ပွဲစည်းမျဉ်းများအတိုင်း လိုက်နာဆောင်ရွက်ရမည်ဖြစ်ရာ ပြည်တွင်းနည်းပြ/ဒိုင်များအနေဖြင့်လည်း မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ် အသိအမှတ်ပြု နည်းပြ/ဒိုင်လိုင်စင်များရရှိထားရန် လိုအပ်ကြောင်း သိရသည်။

(ကြေးမုံ)

ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင် ပုဂံသတင်းအချက်အလက်စင်တာနှင့် ညောင်ဦးလေဆိပ်ရှိ CIQ ဆောင်ရွက်ထားမှုအခြေအနေများ ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၁၈

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးအုန်းမောင်သည် စက်တင်ဘာ ၁၆ ရက်တွင် ပုဂံ-ညောင်ဦးမြို့နယ် တောင်ဘီကျေးရွာအုပ်စု ရွှေနန်းတော်အနောက်ဘက် ပုဂံမြို့ဟောင်းတွင် ပုဂံခရီးစဉ်ဒေသ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် Japan International Cooperation Agency (JICA) မှ ပြုပြင်မွမ်းမံတည်ဆောက်ပြီး ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်လှူဒါန်းသည့် ပုဂံသတင်းအချက်အလက်စင်တာကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။ **(ယာပုံ)**

ပြည်ထောင်စုဝန်ကြီးက ယခုအဆောက်အအုံကို စနစ်တကျထိန်းသိမ်းအသုံးပြု၍ ပုဂံညောင်ဦးသို့ လာရောက်လည်ပတ်သည့် ပြည်တွင်းပြည်ပခရီးသွားများ၊ ဒေသခံများအတွက် ခရီးသွားဆိုင်ရာ သတင်းအချက်အလက်များအား ဖြန့်ဝေပေးနိုင်ရေး၊ ပုဂံဒေသထွက် လက်မှုအနုပညာပစ္စည်းများ ခင်းကျင်းပြသမှုပြုလုပ်ပေးနိုင်ရေး၊ ဒေသဖွံ့ဖြိုးရေးအတွက် ခရီးသွားလုပ်ငန်းဆိုင်ရာ အစည်းအဝေး၊ ဟောပြောပွဲ၊ သင်တန်းများလက်ခံကျင်းပနိုင်ရေး၊ ရှေးဟောင်းအမွေအနှစ်များကို စနစ်တကျကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရေး၊ အသိပညာပေးနိုင်ရေးလုပ်ငန်းများ စဉ်ဆက်မပြတ်ဆောင်ရွက်သွားနိုင်ရန်အတွက် ဝန်ကြီးဌာန၏ဦးဆောင်မှုဖြင့် ဒေသရုံးခွဲတာဝန်ခံများက ပုဂံဒေသခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ကြီးကြပ်ဆောင်ရွက်သွားရန် လိုကြောင်းမှာကြားသည်။

စက်တင်ဘာ ၁၇ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ပုဂံညောင်ဦးလေဆိပ်သို့ ရောက်ရှိပြီး နိုင်ငံတကာလေဆိပ်များတွင် တပ်ဆင်အသုံးပြုသည့် CIQ (Customs, Immigration နှင့် Quarantine) Facilities ထားရှိနိုင်မည့်အခြေအနေ၊ ဧည့်သည်များဆိုက်ရောက်ချိန်တွင် ခရီးသည်များနှင့် ၎င်းတို့၏ ခရီးဆောင်ပစ္စည်းများကို စစ်ဆေးရာတွင် လိုအပ်သည့်စက်ပစ္စည်းများ တပ်ဆင်အသုံးပြုနိုင်ရေး၊ တာဝန်ယူဆောင်ရွက်မည့် ကျွမ်းကျင်ဝန်ထမ်းများ လိုအပ်မှုအခြေအနေနှင့် ဆိုက်ရောက်/ထွက်ခွာ(Arrival / Departure)များတွင် ဧည့်သည်ဝင်ရောက်မှုနှင့် အများသုံးသန့်စင်ခန်းများ လုံလောက်မှုအခြေအနေ၊ လေအေးပေးစက်နှင့် လျှပ်စစ်သုံးစွဲရရှိမှုများကို လိုက်လံကြည့်ရှုသည်။

ယင်းနောက် ကမ္ဘောဒီးယားနိုင်ငံ ဆီရမ်ရိနှင့် ညောင်ဦးလေဆိပ်(ပုဂံ)ကြား တိုက်ရိုက်လေကြောင်း ပြေးဆွဲနိုင်ရန် ကြိုးစားဆောင်ရွက်နေမှုနှင့် ကမ္ဘာလှည့်ခရီးသည်များ ရောက်ရှိလာပါက ဝန်ဆောင်မှုကောင်းမွန်စွာဖြင့် ကြိုဆိုနိုင်ရေးအတွက် Package Tour ဧည့်သည်များအတွက်သာ ကြိုတင်ဆောင်ရွက်မည့် ဆိုက်ရောက်ဗီဇာ (Pre- Arranged Visa On Arrival for Package Tour Only) ခွင့်ပြုပေးနိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ဆွေးနွေးညှိနှိုင်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အိန္ဒိယနိုင်ငံ၏ အကြီးဆုံးသောဆည် ဝန်ကြီးချုပ်နရိန္ဒြာမိုဒီ ဖွင့်လှစ်

မွမ်ဘိုင်း စက်တင်ဘာ ၁၈
အိန္ဒိယနိုင်ငံ၏ အကြီးဆုံးသော ဆည်ကို ဝန်ကြီးချုပ်နရိန္ဒြာမိုဒီက စက်တင်ဘာ ၁၇ ရက်တွင် ဖွင့်လှစ်ပေးလိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက စက်တင်ဘာ ၁၈ ရက်တွင် သတင်းထုတ်ပြန်သည်။

အိန္ဒိယနိုင်ငံ အနောက်ပိုင်း ဂူဂျာရတ်ပြည်နယ်ရှိ နာမာဒါမြစ်ကိုပိတ်၍ တည်ဆောက်ထားသော ဆာဒါးဆာရိုဗာ ဆည်သည် ပြည်နယ်ကြီး သုံးခုအတွက် ရေနှင့်လျှပ်စစ်ဓာတ်အားတို့ကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း၊ ဆည်စီမံကိန်းကို အကောင်အထည်ဖော်ခြင်းဖြင့် တောင်သူလယ်သမားသိန်းပေါင်းများစွာအတွက် အကျိုးကျေးဇူးရရှိကြမည်ဖြစ်ကြောင်း ဆည်ဖွင့်ပွဲ အကြိုတွင် ဝန်ကြီးချုပ်မိုဒီက ၎င်း၏ အင်တာနက်တွစ်တာ၌ ရေးသားဖော်ပြသည်။

အဆိုပါဆည်သည် အမေရိကန် ပြည်ထောင်စုရှိ ဂရင်းကူလီဆည်ပြီးလျှင် ကမ္ဘာပေါ်တွင် ဒုတိယအကြီးဆုံးဆည် ဖြစ်သည်ဆို၏။

အိန္ဒိယနိုင်ငံ၏ အကြီးဆုံးဆည်စီမံကိန်းနှင့်ပတ်သက်၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေး လှုပ်ရှားသူများက ပြင်းပြင်းထန်ထန် ဝေဖန်ကန့်ကွက်ခဲ့ကြသည်။

၁၉၆၁ ခုနှစ်တွင် ဝန်ကြီးချုပ် ဂျဝါဟာလာ နေရူးက အဆိုပါဆည်စီမံကိန်းအတွက် အုတ်မြစ်ချပေးခဲ့ချိန်ကတည်းကပင် ဆည်တည်ဆောက်ခြင်းနှင့် ပတ်သက်၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေး လှုပ်ရှားသူများ၏ အငြင်းပွားပြောဆိုမှုများ ပေါ်ထွက်ခဲ့သည်။ ဆည်တည်ဆောက်ရေး စီမံကိန်းကို ၁၉၈၇ ခုနှစ်တွင် စတင်ခဲ့သည်။

ဆည်တည်ဆောက်ခြင်းဖြင့် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေနိုင်မှုအတွက် စိုးရိမ်မကင်းဖြစ်မိကြောင်း နာမာဒါဘာချောင် အင်ဒိုလန်အမည်ရှိ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့က ပြောကြားသည်။

အဆိုပါဆည်ကို ဖွင့်လှစ်နိုင်ခြင်းဖြင့် ကျေးရွာပေါင်း ၉၀၀၀ အတွက် ရေထောက်ပံ့ပေးနိုင်မည်ဖြစ်ကြောင်း၊ မာဂဒါပရာဒေ့ရှ်၊ မဟာရာရှတြာနှင့် ဂူဂျာရတ်ပြည်နယ်တို့ အပါအဝင် နယ်မြေဒေသများစွာအတွက် လျှပ်စစ်ဓာတ်အား ထုတ်ပေးနိုင်မည်ဖြစ်ကြောင်း သတင်းတွင်ဖော်ပြသည်။

ရိုက်တာ။

အိန္ဒိယတောင်ပိုင်း ကေရာလာပြည်နယ်၌ မိုးသည်းထန် လျှပ်တစ်ပြက် ရေကြီးမှုနှင့် မြေပြိုမှုများဖြစ်ပွား

နယူးဒေလီ စက်တင်ဘာ ၁၈
အိန္ဒိယနိုင်ငံတောင်ပိုင်းရှိ ကေရာလာပြည်နယ်တွင် စက်တင်ဘာ ၁၈ ရက်က အဆက်မပြတ် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် လျှပ်တစ်ပြက် ရေကြီးမှုများနှင့် မြေပြိုမှုများဖြစ်ပေါ်ခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားကြသည်။

မိုးသည်းထန်စွာ ရွာသွန်းမှုနှင့် ဆက်နွှယ်ဖြစ်ပွားသော မတော်တဆမှုဖြစ်ရပ်များကြောင့် ကေရာလာပြည်နယ်တွင် အသက်ကိုးနှစ်အရွယ် မိန်းကလေးတစ်ဦးအပါအဝင် လူသုံးဦးသေဆုံးခဲ့ရသည်။

-- မိုးရေချိန် စံချိန်တင် --

ကေရာလာပြည်နယ်တွင် ငါးနှစ်တာကာလအတွင်း မိုးရေချိန် စံချိန်တင်ခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ကေရာလာပြည်နယ်ရှိ အလယ်ပိုင်းနှင့် မြောက်ပိုင်းတို့တွင် စက်တင်ဘာ ၁၇ ရက် ညနေပိုင်းမှ စတင်ကာ မိုးသည်းထန်စွာ ရွာသွန်းခဲ့သည်။

-- သတိပေး --

ကေရာလာပြည်နယ်ရှိ ကမ်းရိုးတန်းဒေသများနှင့် တောင်ကုန်းတောင်တန်းဒေသများ၌ နေထိုင်သူများအနေဖြင့် မြေပြိုမှု ဘေးအန္တရာယ် သတိပြုကြရန် ပြည်နယ်အာဏာပိုင်များက သတိပေးသည်။

ပြည်နယ်အတွင်းရှိ စာသင်ကျောင်းအားလုံးကို ပိတ်ထားရန် ပြည်နယ်အစိုးရက အမိန့်ထုတ်ပြန်ထားသည်။ ပြည်နယ်အတွင်း မီးရထားလမ်းနှင့် ကားလမ်းများကိုလည်း ပိတ်ထားရသည်။

ဆင်ဟွာ။

အင်တာနက်ကုမ္ပဏီများထံမှ အခွန်ကောက်ရေး အီးယူအဖွဲ့အတွင်း ဆွေးနွေး

တယ်လင်း(အက်စတိုးနီးယား)
စက်တင်ဘာ ၁၈
နိုင်ငံတကာ၌ ဖြန့်ကြက်လုပ်ကိုင်နေသော အင်တာနက်ကုမ္ပဏီများထံမှ အခွန်တိုးမြှင့်ကောက်ခံရန် ဥရောပသမဂ္ဂ (အီးယူ)က စီစဉ်နေသော်လည်း ယင်းသို့ အခွန်တိုးမြှင့်ကောက်ခံမည့် အစီအစဉ်သည် အီးယူရှိ နိုင်ငံငယ်များအား စီးပွားရေးအရ ဆိုးကျိုးသက်ရောက်မှု ရှိလာနိုင်ခြင်းအတွက် ဝေဖန်မှုများပေါ်ထွက်လာကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက စက်တင်ဘာ ၁၈ ရက်တွင် သတင်းထုတ်ပြန်သည်။

-- ရည်မှန်း --

ပြင်သစ်နိုင်ငံသည် နိုင်ငံတကာ အွန်လိုင်းဝန်ဆောင်မှုကုမ္ပဏီများထံမှ အခွန်တိုးမြှင့်ကောက်ခံခြင်းဖြင့် ပြည်သူ့အခွန်ဘဏ္ဍာ တိုးစေရန် ရည်မှန်းထားသည်။ ဂူဂဲလ်နှင့် ဖေ့စ်ဘွတ်ကဲ့သို့သော အင်တာနက်ကုမ္ပဏီများ၏ အမြတ်ငွေပေါ်မှ မဟုတ်မူ၍ ဝင်ငွေပေါ်မှ အခွန်ကောက်ယူရန် ယင်းနိုင်ငံက လိုလားသည်။

ဥရောပသမဂ္ဂ၏ အဖွဲ့ဝင် ၂၈ နိုင်ငံအနက် သုံးပုံတစ်ပုံကျော်က အင်တာနက်ကုမ္ပဏီများထံမှ အခွန်ကောက်ယူရေး ပြင်သစ်အစိုးရ၏ အဆိုပြုချက်ကို ထောက်ခံကြသည်။ အက်စတိုးနီးယားနိုင်ငံ မြို့တော် တယ်လင်း၌ စက်တင်ဘာ ၁၆ ရက်က ကျင်းပသော အီးယူဘဏ္ဍာရေးဝန်ကြီးများ အစည်းအဝေးတွင် ကမ္ဘာတစ်လွှား၌ ဖြန့်ကြက်လုပ်ကိုင်လျက်ရှိကြသော အင်တာနက်ကုမ္ပဏီများထံမှ အခွန်ကောက်ယူရေးကိစ္စနှင့် ပတ်သက်၍ ဘဏ္ဍာရေးဝန်ကြီးများ ဆွေးနွေးခဲ့ကြသည်။

နိုင်ငံတကာ အင်တာနက်ကုမ္ပဏီများထံမှ အခွန်ကောက်ယူမှုပြုလုပ်နိုင်ရေးအတွက် တရားဥပဒေအရ စိန်ခေါ်မှုများ ရှိလာနိုင်ခြင်းကြောင့် သဘောတူညီချက်တစ်ရပ်ရရှိရန် လိုအပ်ကြောင်း ဒိန်းမတ်ဘဏ္ဍာရေးဝန်ကြီး ခရစ်တီယန်ဂျင်ဆန်က ပြောကြားသည်။

တီထွင်ဆန်းသစ်မှုကို အစဉ်ပြုလုပ်နေကြရသော အင်တာနက် ကုမ္ပဏီများထံမှ အခွန်ကောက်ယူရေးကိစ္စကို အလွန်သိမ်မွေ့စွာ ကိုင်တွယ်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ အကြောင်းမှာ ယင်းကုမ္ပဏီများ အနေဖြင့် အခွန်ထမ်းဆောင်ရမှု တိုးလာမည်ဆိုပါက ဥရောပမှ တစ်ပါးသို့ ရွှေ့ပြောင်းထွက်ခွာသွားနိုင်သည့် အန္တရာယ်ရှိသောကြောင့် ဖြစ်ကြောင်း ဂျင်ဆန်က ပြောကြားသည်။

-- လိုအပ် --

ဥရောပ၏ ယှဉ်ပြိုင်လုပ်ကိုင်နိုင်မှုစွမ်းပကားမထိခိုက်စေရေးအတွက် ယင်းသို့ အခွန်ကောက်ယူမည့် ကိစ္စတွင် ကမ္ဘာ့နိုင်ငံများ၏ ထောက်ခံမှုရရှိရန် လိုအပ်မည်ဖြစ်ကြောင်း၊ ကမ္ဘာ့နိုင်ငံများ၏ သဘောတူညီမှုမရှိဘဲ အီးယူနိုင်ငံများက တစ်ဖက်သတ် အခွန်ကောက်ခံခြင်း မပြုသင့်ကြောင်း လူဇင်ဘတ်ဘဏ္ဍာရေးဝန်ကြီး ပရဲဂရမ်မဂ္ဂနာက သုံးသပ်ပြောကြားသည်။

အလားတူပင် ချက်သမ္မတနိုင်ငံနှင့် မော်လ်တာနိုင်ငံတို့ကလည်း ၎င်းတို့၏အမြင်ကို ဖော်ထုတ်ခဲ့သည်။ အင်တာနက်ကုမ္ပဏီများ၏ ဝင်ငွေအပေါ်မှ အခွန်ကောက်ယူခြင်းသည် လက်တွေ့အားဖြင့် အကောင်အထည်ဖော်ရန် ခက်ခဲလိမ့်မည်ဟု ဆိုသည်။ **ရိုက်တာ။**

မာရာဝီမြို့သိမ်းတိုက်ပွဲ ပြီးစီးလုနီးရှိနေဟု ဖိလစ်ပိုင်အာဏာပိုင်များ ပြောကြား

မနီလာ စက်တင်ဘာ ၁၈
ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်းရှိ မာရာဝီမြို့တွင် အစိုးရတပ်ဖွဲ့များနှင့် အိုင်အက်စ်လိုလားသည့် စစ်သွေးကြွ တိုက်ခိုက်ရေးသမားများအကြား လေးလနီးပါးကြာမျှ ပြင်းထန်စွာ တိုက်ခိုက်ခဲ့ကြပြီးနောက် ယင်းမြို့ကို အစိုးရတပ်ဖွဲ့များက ပြန်လည်သိမ်းပိုက် ရရှိပြီဖြစ်ရာ မြို့သိမ်းတိုက်ပွဲ ပြီးဆုံးလုပြီဖြစ်ကြောင်း အစိုးရတာဝန်ရှိသူများက စက်တင်ဘာ ၁၇ ရက်တွင် ပြောကြားကြသည်။

၁၁၈ ရက်ကြာ ဖြစ်ပွားခဲ့သော လက်နက်ကိုင် ပဋိပက္ခမှာ မကြာမီအဆုံးသတ်သွားတော့မည်ဟု မိမိယုံကြည်ကြောင်း ဖိလစ်ပိုင် ကာကွယ်ရေးဝန်ကြီးဒဲလ်ဖင် လိုရန်ဇာနာက သတင်းစာရှင်းလင်းပွဲ၌ ပြောကြားသည်။

-- သုံးဦး သေဆုံး --

စစ်သွေးကြွများ၏ ထိန်းချုပ်မှုအောက်တွင် ရှိနေသေးသည့် ဧရိယာ ၁၀ ဟက်တာမျှသော နေရာကိုသာ မိမိတို့ ရှင်းလင်းရန် လိုအပ် နေကြောင်း ကာကွယ်ရေးဝန်ကြီးက ပြောကြားသည်။ ယခုနှစ် မေလတွင် စတင်ဖြစ်ပွားခဲ့သော မာရာဝီမြို့ တိုက်ခိုက်မှုများအတွင်း စစ်သွေးကြွများ၏ ခေါင်းဆောင် ငါးဦးအနက် သုံးဦးမှာ သေဆုံးသွားပြီဖြစ်ကြောင်း တပ်မတော်စစ်ဦးစီးချုပ် အက်ဒွါဒိုအန်နိုက ပြောကြားသည်။

-- ပူးပေါင်းကူညီခဲ့ --

မာရာဝီမြို့တွင် ဖြစ်ပွားခဲ့သော တိုက်ခိုက်မှုများအတွင်း စစ်သွေးကြွဦးရေ ၇၀၀ နီးပါး သေဆုံးခဲ့ကြောင်း၊ ယခုအခါတွင် စစ်သွေးကြွ ၆၀ မှ ၈၀ ခန့်အထိသာ ကျန်ရှိတော့သည်ဟု ခန့်မှန်းရကြောင်း ဖိလစ်ပိုင်စစ်ဘက်က ပြောကြားသည်။ မလေးရှားနှင့် အင်ဒိုနီးရှားမှ ၁၀ ဦးထက်မနည်းသော စစ်သွေးကြွများက ဖိလစ်ပိုင်ဒေသခံ မောတေစစ်သွေးကြွများကို ပူးပေါင်းကူညီခဲ့ကြောင်း ဗိုလ်ချုပ်ကြီးအန်နိုက ပြောကြားသည်။

ဆင်ဟွာ။

ပြည်တွင်းရေးရာ

❖ နယ်စပ်ခြံစည်းရိုးမှ

၂၀၁၆ ခုနှစ်နှင့် ၂၀၁၇ ခုနှစ်များအတွင်း ကျင်းပပြုလုပ်ခဲ့သော အဆိုပါ ဗဟိုကော်မတီ၏ ညှိနှိုင်းအစည်းအဝေးများတွင်လည်းကောင်း၊ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီအစည်းအဝေးများတွင်လည်းကောင်း နယ်စပ်ခြံစည်းရိုးကာရံရေး ဦးစားပေးဆောင်ရွက်ရန် ဆုံးဖြတ်ချက်များချမှတ်ခဲ့ပြီး အထူးအလေးပေးဆောင်ရွက်ရန် လမ်းညွှန်မှုများ ပြုခဲ့ပါသည်။

၂၀၁၇ ခုနှစ် စက်တင်ဘာလ ၆ ရက်နေ့က ရခိုင်ပြည်နယ်အရေးကိစ္စများနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာများကို နိုင်ငံတော်သမ္မတအား ရှင်းလင်းတင်ပြသည့် အခမ်းအနားတွင် နယ်စပ်ခြံစည်းရိုးပျက်စီးနေသည့်နေရာများအား ပြုပြင်ခြင်း၊ ခြံစည်းရိုးကာရံရန် ကျန်ရှိသည့်နေရာများကို အဆင့်မီလုံခြုံစွာ အမြန်ဆုံးကာရံခြင်းတို့ကို အချိန်မဆိုင်း ဆောင်ရွက်ရန်နှင့် လိုအပ်သည့် ဘဏ္ဍာငွေကို နိုင်ငံတော်အစိုးရက ဖြည့်ဆည်းပေးမည်ဖြစ်ကြောင်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ရှင်းလင်းပြောကြားခဲ့ပြီး ဖြစ်ပါသည်။

မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်စပ်ခြံစည်းရိုးကာရံခြင်းလုပ်ငန်းအတွက် ၂၀၀၉-၂၀၁၀ ခုနှစ်မှ ၂၀၁၇-၂၀၁၈ ခုနှစ်အထိ ဘဏ္ဍာရေးနှစ်များအတွင်း နှစ်စဉ်မူလခန့်မှန်းခြေ ငွေစာရင်းနှင့် ဖြည့်စွက်ခွင့်ပြုငွေ စုစုပေါင်း ငွေကျပ် ဘီလီယံ ၁၉၀ ကျော်ကို ပြည်ထဲရေးဝန်ကြီးဌာနသို့ ခွင့်ပြုပေးခဲ့ပြီး ပြည်ထဲရေးဝန်ကြီးဌာနမှ ကာကွယ်ရေးဝန်ကြီးဌာန၊ စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံးသို့ လုပ်ငန်းအပ်နှံဆောင်ရွက်ခဲ့ပြီး ဖြစ်ပါသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ခြံစည်းရိုးကာရံခြင်းနှင့် ဆက်စပ်လုပ်ငန်းများအတွက် ငွေကျပ်(၆)ဘီလီယံကျော်ကို ခွင့်ပြုပေးခဲ့ပြီး ပြည်ထဲရေးဝန်ကြီးဌာနမှ ငွေအပ်လုပ်ငန်းအဖြစ် ကာကွယ်ရေးဝန်ကြီးဌာနသို့ အပ်နှံဆောင်ရွက်ထားပြီး ဖြစ်ပါသည်။ ထို့အပြင် ဖြည့်စွက်ခွင့်ပြုငွေအဖြစ် ငွေကျပ်(၂)ဘီလီယံကျော်ကို ထပ်မံသုံးစွဲနိုင်ရေး ဆောင်ရွက်လျက်ရှိပါသည်။

ယခုကာလအတွင်း ခြံစည်းရိုးကာရံခြင်းလုပ်ငန်းများ ချက်ချင်းဆောင်ရွက်နိုင်ရေးအတွက် ပထမအဆင့်အနေဖြင့် ငွေကျပ်(၂၀)ဘီလီယံကို နိုင်ငံတော်အစိုးရက လက်ငင်းဖြည့်ဆည်းပေးသွားမည်ဖြစ်ပါကြောင်းနှင့် နယ်စပ်ခြံစည်းရိုးကာရံခြင်းလုပ်ငန်းအား ယခင်ဆောင်ရွက်သည့်အတိုင်း ပြည်ထဲရေးဝန်ကြီးဌာနမှ ရန်ပုံငွေတင်ပြတောင်းခံ၍ ကာကွယ်ရေးဝန်ကြီးဌာနသို့ လုပ်ငန်းအပ်နှံဆောင်ရွက်သွားစေမည်ဖြစ်ပါသည်။

ထို့အပြင် ရခိုင်ပြည်နယ်အတွင်း အရေးကြီးသော မေယုတောင်တန်းနှင့် အပြိုင် ဖောက်လုပ်မည့် လမ်းမကြီး(၂)လမ်း၊ မေယုတောင်တန်းကို ဖြတ်ကျော်ဖောက်လုပ်မည့် မေယုတောင်ကျော် လမ်းမကြီး(၂)လမ်းပါဝင်သော မေယုတောင်တန်းလမ်း ကွန်ရက်ဖောက်လုပ်ရေးစီမံကိန်းကို အမြန်ဆုံးဖောက်လုပ်ရန် ဆောက်လုပ်ရေးဝန်ကြီးဌာနအား တာဝန်ပေးအပ်ထားပြီးဖြစ်၍ ဆောင်ရွက်နေပြီဖြစ်ပါသည်။

နယ်စပ်ခြံစည်းရိုးကာရံခြင်းလုပ်ငန်းနှင့် မေယုတောင်တန်းလမ်းကွန်ရက်စီမံကိန်းလုပ်ငန်းများအတွက် လိုအပ်သောဘဏ္ဍာငွေကို နိုင်ငံတော်အစိုးရက တာဝန်ယူ၍ ဦးစားပေးအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ရခိုင်ပြည်နယ်အတွင်း နယ်စပ်လုံခြုံရေးနှင့် မောင်တောဒေသလုံခြုံရေးတို့ကို ပိုမိုထိရောက်ကောင်းမွန်လာစေမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

မြန်မာ့ဒီမိုကရေစီပွဲတော် ရုပ်ရှင်၊ ဂီတ၊ သဘင် ပဒေသာကပွဲနှင့် အငြိမ့်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ရန်ကုန်မြို့၌ ကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၈

ပြန်ကြားရေးဝန်ကြီးဌာန၏လမ်းညွှန်မှုဖြင့် ပြုလုပ်သည့် မြန်မာ့ဒီမိုကရေစီပွဲတော် ရုပ်ရှင်၊ ဂီတ၊ သဘင် ပဒေသာကပွဲနှင့် အငြိမ့်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ ညနေ ၆ နာရီက ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားကဇာတ်ရုံ၌ ကျင်းပသည်။

အခမ်းအနားကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြားညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွေး၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးလူမင်း၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံးဥက္ကဋ္ဌ ဦးတင်ဦးလေး၊ မြန်မာနိုင်ငံသဘင်ပညာရှင်များအစည်းအရုံးဥက္ကဋ္ဌ ဦးဖိုးချစ်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် မြန်မာ့ဒီမိုကရေစီပွဲတော် ရုပ်ရှင်၊ ဂီတ၊ သဘင်ပဒေသာကပွဲကိုစတင်ရာ ဒီမိုကရေစီဂုဏ်ပြုတေးသီချင်းများ၊ တစ်ခန်းရပ် ဟာသ၊ ဒီမိုကရေစီအော်ပရာ၊ နှစ်ပါးသွားတို့အပြင် ဒီမိုကရေစီပြဇာတ်အဖြစ် အကယ်ဒမီလူမင်း၊ ဖြိုးငွေစိုး၊ သူထူးစံနှင့် အနုပညာရှင်များစွာပါဝင်သော ဒါရိုက်တာ ကျော်ဇောလင်း(အတွေးပုံရိပ်)၏ "ဘုမသိ ဘမသိ"ပြဇာတ်ကို လည်းကောင်း၊ Rဇာနည်၊ ဖြိုးကြီး၊ ကော်နီ၊ သျှီ၊ ဖြူဖြူကျော်သိန်း၊ ချမ်းချမ်းနှင့် နာမည်ကျော် ဂီတအနုပညာရှင်များက ခေတ်ပေါ်တေးသီချင်းများဖြင့် လည်းကောင်း၊ ချိုပြုံး၊ စိုးစန္ဒာထွန်း၊ ပိုးအိစံ၊ ဟေမာနေဝင်း၊ ဗညားဟန်နှင့် နာမည်ကျော်တေးသံရှင်များက မြန်မာသံစဉ်တေးသီချင်းများဖြင့် လည်းကောင်း ဖျော်ဖြေတင်ဆက်ကြရာ ပရိသတ်များ အကြိုက်တွေ့ကြကြောင်း သိရသည်။

"မြန်မာ့ဒီမိုကရေစီပွဲတော် ပဒေသာကပွဲဆိုတော့ ထူးခြားတယ်။ အဲဒါကြောင့် လာကြည့်တာပါ။ ပါဝင်ဖျော်ဖြေတဲ့ အဆိုတော်တွေကိုလည်း ကြိုက်တယ်။ ပြဇာတ်နဲ့ အော်ပရာကလည်း တော်တော်ကောင်းပါတယ်။ ဒီပွဲကနေ ဗဟုသုတအများကြီးရပါတယ်"ဟု ကမာရွတ်မြို့နယ်မှ လာရောက်ကြည့်ရှုသူ ဒေါ်နွယ်နွယ်က ပြောသည်။

မြန်မာ့ဒီမိုကရေစီပွဲတော် ရုပ်ရှင်၊ ဂီတ၊ သဘင် ပဒေသာကပွဲကို ဒုတိယနေ့(၁၉ ရက်)တွင်လည်း ရုပ်ရှင်၊ ဂီတ၊ သဘင် စသည့် အနုပညာနယ်ပယ်မှ နိုင်ငံကျော် အနုပညာရှင်များက ပါဝင်ဖျော်ဖြေတင်ဆက်သွားမည် ဖြစ်ကြောင်း သိရသည်။

"ဒီမိုကရေစီပွဲတော်ကြီးမှာ ရုပ်ရှင်၊ ဂီတ၊ သဘင် အနုပညာ မောင်နှမတွေ ပထမဆုံးအကြိမ် စုစုဝေးဝေးနဲ့ဖျော်ဖြေတင်ဆက်ထားပါတယ်။ ဒီပွဲမှာ ပါဝင်ဖျော်ဖြေမယ့် အနုပညာရှင် အင်အားကလည်း အများကြီးပါ။ ထူးထူးခြားခြား အစီအစဉ်တွေပါပါတယ်။ အထူးသဖြင့် ဝေသာလီခေတ်ရဲ့ ဒီမိုကရေစီစနစ်ကို ဖော်ကျူးထောက်ပြထားတဲ့ အော်ပရာလေးရှိတယ်။ ပြဇာတ်အနေနဲ့ကတော့ ဒီဘက်ခေတ် လတ်တလောဖြစ်နေတဲ့ အခြေအနေတွေကို ခေတ်ပေါ်အမြင်နဲ့ တင်ပြထားတာတွေ ပါဝင်တဲ့အတွက် အနုပညာချစ်ပရိသတ်ကြီးကို လာရောက်ကြည့်ရှုဖို့ ဖိတ်ခေါ်ပါတယ်"ဟု အဆိုပါ ပဒေသာကပွဲဖြစ်မြောက်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒါရိုက်တာမောင်သီက ပြောသည်။

အလားတူ မြန်မာ့ဒီမိုကရေစီပွဲတော် အငြိမ့်ပြိုင်ပွဲ ဗိုလ်လုပွဲအဖြစ် စက်တင်ဘာ ၂၀ ရက်နှင့် ၂၁ ရက်တို့တွင် ခေတ်သစ်ကြေးမုံ၊ လူငယ်စတား၊ ရွှေညာမြေရဲ့ကြယ်ပွင့်များ၊ ဖူးသစ်ကြယ်စင်၊ ဇွဲ မန်းစတား၊ စကားဝါမြေ၊ မော်ဒယ်ဟား စသည့် အငြိမ့်အဖွဲ့ ရှစ်ဖွဲ့တို့က အမျိုးသားကဇာတ်ရုံ (ရန်ကုန်)၌ ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

အဆိုပါ မြန်မာ့ဒီမိုကရေစီပွဲတော် အငြိမ့်ပြိုင်ပွဲကို ရုံဝင်ကြေးအခမဲ့အဖြစ် ပြသသွားမည်ဖြစ်သည့်အပြင် လာရောက်ကြည့်ရှုမည့် ပရိသတ်များအတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် ရန်ကုန်မြို့နေရာခြောက်ခုတွင် အခမဲ့ ကြို/ပို့ယာဉ်များ စီစဉ်ထားကြောင်း သိရသည်။ **သတင်းနှင့် ဓာတ်ပုံ- ဇော်ကြီး**

အန္တရာယ်ရှိ သစ်သားမီးတိုင်များမှ ရှုပ်ထွေးလျှပ်စစ်ကြိုးများ ရှင်းလင်း

ရန်ကုန် စက်တင်ဘာ ၁၈

အင်းစိန်မြို့နယ် အောင်ဆန်းရပ်ကွက် ညောင်တစ်ပင်လမ်း၊ ဖော့ကန်ရပ်ကွက် မင်္ဂလာသီရိလမ်း၊ စိုက်ပျိုးရေး(ဆန်းသစ်ဦး)လမ်းများ၌ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၊ အင်းစိန်မြို့နယ် လျှပ်စစ်မန်နေဂျာရုံးမှ ရပ်ကွက်များအတွင်း အန္တရာယ်ရှိ သစ်သားတိုင်များပေါ်မှ ရှည်လျားရှုပ်ထွေး Service လျှပ်စစ်ကြိုးများကိုရှင်းလင်းပြီး ကွန်ကရစ်ဓာတ်တိုင်ပေါ် ကြိုးများ စနစ်တစ်ကျသွယ်တန်းခြင်းလုပ်ငန်းကို စက်တင်ဘာ ၁၆ ရက်နှင့် ၁၇ ရက်တို့တွင် ရန်ကုန်မြောက်ပိုင်းခရိုင်အတွင်းရှိ မြို့နယ်များမှ လျှပ်စစ်ဝန်ထမ်းများဖြင့် ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ ရှုပ်ထွေး Service လျှပ်စစ်ကြိုးများရှင်းလင်းဆောင်ရွက်ရာတွင် အင်းစိန်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဦး၊ အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသာအောင်၊ လျှပ်စစ်ကော်ပိုရေးရှင်း ဒါရိုက်တာအဖွဲ့ဝင်(၅) ဦးမင်းစိန်၊ ဦးလှသန်း(ခရိုင်လျှပ်စစ်မန်နေဂျာ-စီမံ)၊ ဦးမောင်မောင်သန့်စင်(ခရိုင်လျှပ်စစ်မန်နေဂျာ၊ အင်/ယာ)နှင့် ဦးထွန်းထွန်း(မြို့နယ်လျှပ်စစ်မန်နေဂျာ)တို့က အနီးကပ်ကြီးကြပ်၍ မြို့နယ်များစုပေါင်းလျှပ်စစ်ဝန်ထမ်း ၅၀ နှင့် ရပ်ကွက်နေပြည်သူတို့က ညှိနှိုင်းပူးပေါင်းဆောင်ရွက်သည်။ ရှုပ်ထွေး Service ကြိုးများဖြစ်ပေါ်နေသောနေရာသည် ဓာတ်အားလိုင်း၏ အစွန်အဖျားတွင် တည်ရှိနေ၍ ဗို့အားနည်းသော နေရာဖြစ်သည့်အတွက် မီးသုံးစွဲသူများ၏ အိမ်များနှင့် ကြိုးအသစ်၊ အခန်း၊ ဓာတ်တိုင်များ စနစ်တကျတပ်ဆင်ပေးသည့်အတွက် ရှုပ်ထွေးမှုရှင်းသွားပြီး လျှပ်စစ်အန္တရာယ်ကို ကာကွယ်ပြီးသားဖြစ်ကြောင်း မြို့နယ်လျှပ်စစ်မန်နေဂျာက ပြောသည်။

(ညဏ်ဟိန်း)

ရုပ်ရှင်ပွဲတော်

သရာစောထိ
ဒီမိုရပ်ကွက်
တိမ်ပြာသောနေ့
နေခြည်မှာ ရွှေရည်လောင်း
ကြီးမြတ်သော မြန်မာ

ရုပ်ရှင်ဇာတ်ကား၅ကားကို
မြန်မာတစ်နိုင်ငံလုံးရှိ ရုပ်ရှင်ရုံများတွင်
ပြသပါမည်။

နေ့ရက် - (၁၅.၉.၂၀၁၇) မှ (၂၁.၉.၂၀၁၇) ထိ
အချိန် - ရုပ်ရှင်ပွဲချိန်များအတိုင်း
နေရာ - သတ်မှတ် ရုပ်ရှင်ရုံများ

မြန်မာ့ ဒီမိုကရေစီ ပွဲတော်

ပဒေသာကပွဲ

ရုပ်ရှင်၊ ဂီတ၊ သဘင်
နိုင်ငံကျော် အနုပညာရှင်များ
ပါဝင် ဖျော်ဖြေပါမည်။

၃၀၀၀/- ၅၀၀၀/-

နေ့ရက် - (၁၈.၉.၂၀၁၇) (၁၉.၉.၂၀၁၇)
အချိန် - ည ၇:၀၀ နာရီ
နေရာ - အမျိုးသားဇာတ်ရုံ

အငြိမ့်ပြိုင်ပွဲ

ခေတ်သစ်ကြေးမုံ
လူငယ်စတား
ရွှေညာမြေရဲ့ကြယ်ပွင့်များ
ဖူးသစ်ကြယ်စင်
ဇွဲ
မန်းစတား
စကားဝါမြေ
မော်ဒယ်လ်ဟား အငြိမ့်အဖွဲ့(၈)ဖွဲ့တို့က
ဗိုလ်လုပွဲ ယှဉ်ပြိုင်ကြပါမည်။

ဝင်ကြေး အခမဲ့

နေ့ရက် - (၂၀.၉.၂၀၁၇) (၂၁.၉.၂၀၁၇)
အချိန် - ည ၆:၀၀ နာရီ
နေရာ - အမျိုးသားဇာတ်ရုံ

စစ်တောင်းနှင့် သံလွင်မြစ်ရေအခြေအနေ

နေပြည်တော် စက်တင်ဘာ ၁၈

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန်တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ပေဝက်ခန့်ရောက်ရှိနေပြီး နောက်နှစ်ရက်အတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

အလားတူ ယနေ့ညနေ ၃ နာရီခွဲ အချိန်တိုင်းထွာချက်အရ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သဖြင့် အဆိုပါ မြစ်ကမ်းများအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနက အကြံပြုထားသည်။ **(ကြေးမုံ)**

ပန်းသတင်းသို့ သင်းပျံ့ပါစေ

ခင်မောင်ဌေး
(ပညာရေး)

"ပန်းသတင်းလေညင်းဆောင်၊ လူသတင်းလူချင်း ဆောင်" ပါသည်။ လူတို့စကားသည် လူတစ်ဦးချင်းစီမှ လူမှုအဝန်းအဝိုင်းထဲသို့ ပျံ့နှံ့သွား၏။ သတင်းမီဒီယာများ အားကောင်းလာသည့်အခါ လူတို့သိချင်၊ ပြောချင်သည့် အကြောင်းအရာမှန်သမျှ သတင်းမီဒီယာများမှတစ်ဆင့်ပြောကြရ၊ သိကြရသည်။ ရုပ်သံလွှင့်စက်များ ပေါ်ထွန်းလာသည့်အခါ ရုပ်ရောအသံပါ ထုတ်လွှင့်မှုများကို တိုက်ရိုက်ကြည့်ရှုကြရလေသည်။

ကမ္ဘာကြီး၏ ဖွံ့ဖြိုးတိုးတက်နေမှုများသည် ရပ်တန့်၍ မနေ၊ အစဉ်အမြဲဖွံ့ဖြိုးတိုးတက်လာခဲ့၏။ အွန်လိုင်းမီဒီယာ လူမှုကွန်ရက်ဖြစ်သည့် ဖေ့စ်ဘွတ်၊ တွစ်တာ စသည်တို့ လျင်မြန်စွာသုံးစွဲလာကြ၏။ လူတိုင်းပင် သတင်းသမားများဖြစ်နေ၏။ ကိုယ်တိုင်ဗီဒီယိုရိုက်၍ ကိုယ်တိုင်တိုက်ရိုက်လွှင့်တင်နိုင်သည်အထိ တိုးတက်လာရာ ကိုယ်ပြောလို၊ အသိပေးလိုသည်များလည်း စက္ကန့်ပိုင်း၊ မိနစ်ပိုင်းအတွင်း ကမ္ဘာသို့ ပျံ့နှံ့နေသည့် အနေအထားများပင်ဖြစ်သည်။

အချို့ကား လူများအတွက် အကျိုးဖြစ်ထွန်းစေမည့် သတင်းအချက်အလက်များ မျှဝေခြင်း၊ ဗဟုသုတဖြစ်ဖွယ်များ ဖြန့်ဝေခြင်း စသည့်အပြုသဘောဆောင်သည့် အသွင်မျိုးတွေ့ရ၏။ အချို့ကား မဟုတ်မမှန်လုပ်ကြံသတင်းများကို ပုံကြီးချဲ့၏။ မိမိနိုင်ငံမှမဟုတ်သည့် သတင်းအချက်အလက်များကိုပင် ဖြန့်ကြ၏။ ပုဂ္ဂလိက မကျေနပ်မှုများမှသည် ဆဲရေးတိုင်းထွာကြ၏။ တစ်ဦးနှင့်တစ်ဦး အမုန်းပွားစေမည့် အမုန်းစကားများ (Hate Speech) အပြန်အလှန်ဖြန့်ကြ၏။ ဤသို့အနုတ်လက္ခဏာဆောင်သည့် အသွင်အပြင်များကိုလည်းတွေ့ရ၏။ အဆိုးဆုံးမှာ မဟုတ်မမှန်သတင်းများကို လုပ်ကြံကာ ဖန်တီးကြ၏။ ကောလာဟလသတင်းများကိုပင် အမှန်ဟုမြင်လာစေရန် ကြံစည်လာကြ၏။ မမှန်သတင်းများသည် ဉာဏ်ပညာဖြင့် ဝေဖန်ပိုင်းခြားနိုင်ခြင်းမရှိပါက ပျက်စီးစေသည့်သာဓကများလည်းရှိခဲ့၏။

သရေခေတ္တရာခေတ်က ဖြစ်သည်။ လေပွေတိုက်၍ ဆန်ကောတစ်ချပ် လွင့်ပါလာ၏။ ဆန်ကောရှင်မိန်းမက ငါ့ဆန်ကော ငါ့ဆန်ကောအော်၍ပြေးလိုက်၏။ ထိုအခါ ငါ့စကော တပ်ကြီးချီလာပြီဟုအထင်မှတ်ကာ ထွက်ပြေးကြရာ ပျက်စီးခြင်းနှင့်ကြုံရ၏။ ဘုရင်နာဂရဆိန္ဒမင်းလည်း မကျန်းမမာဖြစ်ကာ နတ်ရွာစံရလေသည်။

အချို့ကား စကားတစ်ခွန်းကိုပင် အလေးမထား၊ ပေါ့ပေါ့ပြက်ပြက်ပြောဆိုတတ်ကြလေသည်။ မိမိပြောလိုက်သောစကားသည် တစ်ပါးသူအတွက် မည်မျှထိခိုက်နစ်နာသွားသည်ကို ထည့်မတွက်ကြ။ ထို့ကြောင့်လည်း ဆုံးရှုံးပျက်စီးခြင်းသို့ ရောက်သည်သာဖြစ်၏။

ပုဂံခေတ်တွင် စုက္ကတေးမင်းနှင့် ညီတော် အနော်ရထာရှိ၏။ ၎င်းတို့သည် ဖအေတူ မအေကွဲဖြစ်၏။ စုက္ကတေးမင်းဖြစ်လာသောအခါ အနော်ရထာကို "ညီသားနောင်မယ်" ဟူ၍ နောက်ပြောင်ခေါ်ဝေါ်လိုက်လေသည်။ ညီတော်အနော်ရထာက ဖခင်ကြောင်ဖြူမင်းကို မေးကြည့်သောအခါ အမောင့်မိခင်ကိုလိုချင်၍ ပြောကြောင်း ဆိုလေ၏။ ထိုအခါ ညီတော်အနော်ရထာ စိတ်ဆိုးအမျက်ထွက်၏။ နောင်တော်စုက္ကတေးမင်းနှင့် စီးချင်းထိုးရန်စိန်ခေါ်ခဲ့၏။ စုက္ကတေးမင်းကျဆုံး၏။ အနော်ရထာမင်းဖြစ်ခဲ့၏။ မဆိုစလောက်သော စကားတစ်လုံးဖြင့် ဆုံးရှုံးခြင်းကို ဖြစ်စေခဲ့လေသည်။ နှုတ်ကြောင့်သေ လက်ကြောင့်ကြေခဲ့ရခြင်းပင်ဖြစ်သည်။

ယနေ့ကာလတွင် အင်တာနက်အွန်လိုင်းသုံးစွဲသူများ၊ လူမှုကွန်ရက်နှင့် တွစ်တာသုံးစွဲသူများ၊ ဗိုက်ဗာသုံးစွဲသူများ အဆမတန်များပြားလာနေပါသည်။ ကျေးလက်အပါအဝင် နယ်မြို့များတွင် ဖြစ်ပျက်ပြောင်းလဲနေသည်များမှအစ မြို့ငယ်၊ မြို့ကြီး အလယ်ကမ္ဘာအဆုံး သတင်းအချက်အလက်များ ပျံ့နှံ့နေလေသည်။ မြန်မာနိုင်ငံတွင် ဆက်သွယ်ရေးအော်ပရေတာအဖြစ် (MPT, Telenor, Ooredoo) သုံးမျိုးရှိသည်။ ယင်းတို့က ဆင်းမ်ကတ်ပေါင်း သန်းနှင့်ချီ ဖြန့်ချီထားရာ နိုင်ငံလူဦးရေနှင့် အချိုးချကြည့်လျှင် မကွာလှတော့ပေ။ ယင်းတို့အထဲတွင် လူမှုကွန်ရက်အသုံးပြုနေသူများမှာ လူဦးရေ ၁၀ သန်း အထက်ရှိကြောင်း သိရ၏။ လူမှုကွန်ရက်တွင် သုံးစွဲမှု ၅၀ ရာခိုင်နှုန်း၊ မက်ဆင်ဂျာတွင် ၃၆ ရာခိုင်နှုန်း၊ ဗိုက်ဗာတွင် ၃၆ ရာခိုင်နှုန်း၊ ဘီတော့တွင် ခုနစ်ရာခိုင်နှုန်းနှင့် ယူကျူတွင် ခြောက်ရာခိုင်နှုန်း သုံးစွဲနေကြကြောင်း သိရသည်။

ဆိုရလျှင် အွန်လိုင်းသုံးစွဲနေမှုလူဦးရေမှာ အလွန်များပြားနေသည်ဖြစ်ရာ အကျိုးရှိသည့်ဘက်တွင် အများဆုံး အသုံးပြုရန်လိုအပ်ပါသည်။ မြန်မာနိုင်ငံတွင် နေထိုင်သည့် လူမျိုး ၁၃၅ မျိုးအပြင် အခြားဘာသာကိုးကွယ်သူများလည်း ရှိနေသည်။ ထိုလူ့အသိုင်းအဝိုင်းအကြားတွင် အမုန်းတရားပွားစေခြင်း၊ ကောလာဟလထုတ်လွှင့်ခြင်း၊ လုပ်ကြံပုံကြီးချဲ့ထွင်ပြခြင်းများကို အလွယ်တကူဖြန့်ဝေစေနိုင်သည်မှာ အွန်လိုင်းပင်ဖြစ်လေသည်။ အွန်လိုင်းကို ကောင်းစွာအသုံးချတတ်ခြင်းဖြင့် မိမိတို့၏စွမ်းဆောင်ရည်များကို ထုတ်ဖော်ပြသနိုင်၏။ အသိပညာဗဟုသုတများ ရယူနိုင်၏။ အွန်လိုင်းပညာရေးဖြင့် ခေတ်မီပညာရပ်များကို သင်ယူနိုင်၏။ သင်ကြားပေးနိုင်၏။ ဤသို့သော အကျိုးကျေးဇူးများစွာရရှိနိုင်သည့် အခွင့်အရေးလူတိုင်းတွင် ရှိနေပါသည်။

အွန်လိုင်းသုံးစွဲနေမှုလူဦးရေမှာ အလွန်များပြားနေသည်ဖြစ်ရာ အကျိုးရှိသည့်ဘက်တွင် အများဆုံး အသုံးပြုရန်လိုအပ်ပါသည်။ မြန်မာနိုင်ငံတွင် နေထိုင်သည့် လူမျိုး ၁၃၅ မျိုးအပြင် အခြားဘာသာကိုးကွယ်သူများလည်း ရှိနေသည်။ ထိုလူ့အသိုင်းအဝိုင်းအကြားတွင် အမုန်းတရားပွားစေခြင်း၊ ကောလာဟလထုတ်လွှင့်ခြင်း၊ လုပ်ကြံပုံကြီးချဲ့ထွင်ပြခြင်းများကို အလွယ်တကူဖြန့်ဝေစေနိုင်သည်မှာ အွန်လိုင်းပင်ဖြစ်လေသည်။ အွန်လိုင်းကို ကောင်းစွာအသုံးချတတ်ခြင်းဖြင့် မိမိတို့၏စွမ်းဆောင်ရည်များကို ထုတ်ဖော်ပြသနိုင်၏။ အသိပညာဗဟုသုတများ ရယူနိုင်၏။ အွန်လိုင်းပညာရေးဖြင့် ခေတ်မီပညာရပ်များကို သင်ယူနိုင်၏။ သင်ကြားပေးနိုင်၏။ ဤသို့သော အကျိုးကျေးဇူးများစွာရရှိနိုင်သည့်အခွင့်အရေး လူတိုင်းတွင် ရှိနေပါသည်။

လူအချို့သည် နည်းပညာဖွံ့ဖြိုးလာမှုကြောင့် ရရှိလာသည့်အခွင့်အရေးကို တလွဲဆံပင်ကောင်းနေကြ၏။ တစ်ဦးချင်း ဖန်တီးထုတ်လွှင့်နိုင်မှုကိုအသုံးချ၍ လူ့အဖွဲ့အစည်း၏ တည်ငြိမ်အေးချမ်းမှုကို ဖျက်ဆီးလိုကြသည်။ အချိန်ကုန်ခံ၊ ငွေကုန်ခံ၍ အမုန်းစကားဆိုနေကြပါသည်။ လူ့အဖွဲ့အစည်းအတွင်း ရန်လိုမှုများ၊ ပဋိပက္ခဖြစ်စေမှုများ ဖြစ်စေရန်သာ မီးမွှေးနေကြလေသည်။ စင်စစ် ယခုအချိန်အခါသည် နိုင်ငံသားအားလုံး စုစည်းညီညွတ်ရမည့်အချိန်ဖြစ်သည်။ ရင်ချင်းအပ်၊ ကျောချင်းကပ်ရမည့်အချိန်လည်းဖြစ်သည်။ တစ်ဦးနှင့်တစ်ဦး အပြစ်ဖို့နေခြင်းဖြင့် အထွေထွေသောပြဿနာတို့ ငြိမ်းအေးသွားမည် မဟုတ်ပေ။ ပြည်တွင်းငြိမ်းချမ်းမှုသာ ပြည်ပရန်ကို ကာကွယ်နိုင်မည်ဖြစ်သည်။ နိုင်ငံ၏ အချုပ်အခြာအာဏာ ထိပါးမှုမှန်သမျှ ဖြေရှင်းဆောင်ရွက်နိုင်မည်ဖြစ်၏။ နိုင်ငံတော်အစိုးရနှင့် တပ်မတော်တို့ပူးပေါင်းကာ နိုင်ငံအတွက် လိုအပ်သည့် လုံခြုံရေး၊ ကာကွယ်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် အစွမ်းကုန်ဆောင်ရွက်နေပါသည်။

သို့ဖြစ်၍ ပြည်သူတို့၏တာဝန်မှာ မိမိတို့ထမ်းဆောင်ရမည့်တာဝန်အသီးသီးကို ကျေပွန်ရမည်သာဖြစ်၏။ နိုင်ငံတော်နှင့် တပ်မတော်ကို အကျပ်အတည်းတွေ့စေမည့် မည်သို့သောအပြုအမူ၊ အပြောအဆိုနေထိုင်လှုပ်ရှားမှုများကိုမျှ ဆောင်ရွက်ရန်မသင့်ပေ။ မိမိတို့သည် နိုင်ငံအတွင်း၌ မှီတင်းနေထိုင်ကြကာ နိုင်ငံ၏အကျိုးကိုသာ ဆောင်ကြဉ်းကြဖို့လိုသည်။ အရိပ်နေ၍ အခက်ချိုးသူများ စာရင်းတွင် မပါဝင်ဖို့လိုသည်။ အစိုးရ၊ တပ်မတော်နှင့်အတူ ပြည်သူများက ပူးပေါင်းပါဝင်နိုင်ကြရပါမည်။ အမုန်းစကားများကို ရပ်တန်းကရပ်ကြ၍ ချစ်စကိုရှည်စေမည့် အပြုံးစကားများကိုသာ ပန်းစကားများအဖြစ် ငြိမ်းအေးသောလူ့အဖွဲ့အစည်းအတွင်းသို့ သင်းပျံ့စေလိုလှပါသည်။ ။

● အကြမ်းဖက်မှုဖြစ်စဉ်များမှ

ကုန်သွယ်မှုရပ်ဆိုင်းထားရသည့် မောင်တောဒေသ နယ်စပ်ကုန်သွယ်ရေး အခြေအနေကို ဒေသတည်ငြိမ်မှုအပေါ်မူတည်ပြီး ပြည်နယ်အစိုးရ၊ တာဝန်ရှိသူများနှင့် ပူးပေါင်းပြီး အမြန်ဆုံးပြန်လည်ပတ်နိုင်အောင် ဆောင်ရွက်သွားမည်ဟု သိရသည်။

မောင်တောနယ်စပ်ကုန်သွယ်ရေး ရပ်ဆိုင်းထားသည့်အတွက် နယ်စပ်ဂိတ်များမှ အလွယ်တကူ သယ်ယူနိုင်သည့် ပို့ကုန်ပစ္စည်းတချို့ကို စစ်တွေနယ်စပ်ကုန်သွယ်ရေးဂိတ်မှတစ်ဆင့် ပြောင်းရွှေ့တင်ပို့ခဲ့ကြောင်း သိရသည်။

နယ်စပ်ကုန်သွယ်မှုများ ရပ်ဆိုင်းထားသည့်အတွက် တစ်ဖက်နိုင်ငံသို့ လတ်တလော အရေးတကြီးတင်ပို့မည့် ကုန်ပစ္စည်းတချို့ကျန်ရှိနေပြီး ပစ္စည်းတချို့မှာ ကြာရှည်မခံသည့်အတွက် အရည်အသွေးများကျဆင်းကာ စီးပွားရေးအရ ဆုံးရှုံးနစ်နာမှုများစွာ ဖြစ်ပေါ်ကြောင်း သိရသည်။

"လောလောဆယ် ကျွန်တော်တို့နိုင်ငံဘက်မှာ အဓိကကျန်ခဲ့တာက ရေခဲရိုက် ငါးမြစ်ချင်း ငါးတွေပါ။ အဲဒီငါးတွေကတော့ အဆိုးဆုံးပါ။ အဲဒီငါးတွေကို ဒီဘက်မှာ ပို့လို့မရလို့ သက်ဆိုင်ရာ ဒေသတာဝန်ရှိသူတွေနဲ့ ချိတ်ဆက်ညှိနှိုင်းပြီး စစ်တွေကို ပြန်ပို့ပေးလိုက်ပါတယ်။ စစ်တွေကနေတစ်ဆင့် ဘင်္ဂလားဒေ့ရှ်ကို ပြန်ပို့တယ်။ ပြန်ပို့ပေးလိုက်ပေမယ့် ငါးတွေက အရည်အသွေးတစ်ဝက်လောက် ကျဆင်းသွားတော့ ဆုံးရှုံးနစ်နာမှုတွေ ရှိခဲ့ပါတယ်။ ပြီးတော့ ချင်းစိမ်းပါ။ ချင်းစိမ်းပို့ကုန်ဆိုတာလည်း ကြာရင် အပင်တွေပေါက်လာတယ်။ အဲဒီပစ္စည်းတွေကိုလည်း နှစ်ရက်တန်သည်၊ သုံးရက်တန်သည် ဘင်္ဂလားဒေ့ရှ်ဘက်ကို ပို့ချင်ပါတယ်။

နောက်ထပ် အရေးကြီးတာတစ်ခုက ဆန် ဖြစ်ပါတယ်။ ဆန် ဆိုလည်း ငါးတို့၊ ချင်းစိမ်းတို့ထက်စာရင် ကြာရှည်ခံတဲ့ပစ္စည်းတော့ ဖြစ်တယ်ဆိုပေမယ့် သူလည်း အလွန်ဆုံး သုံး၊ လေးလ လောက်ပဲခံနိုင်မယ်။ ကြာရင်ဆန်လည်း နစ်နာမှုရှိမှာပဲ။ နောက်တစ်ခုက ငါးခြောက်ပါ။ အဲဒီ ကြာရှည်မခံတဲ့ ပို့ကုန်ပစ္စည်းတွေကို ဒေသလုံခြုံရေးအရ ပို့ခွင့်ရရင်ပို့ပြီး ရပ်ဆိုင်းထားမှာပါ။ အဲဒီကိစ္စနဲ့ပတ်သက်လို့ ပြည်နယ်အစိုးရအဖွဲ့နဲ့ ဒေသဆိုင်ရာတာဝန်ရှိသူတွေကို တင်ပြပြီးတော့ လုံခြုံရေးပိုင်းဆိုင်ရာ တာဝန်ရှိသူတွေနဲ့ညှိနှိုင်းပြီး ပို့နိုင်အောင်ကြိုးစားနေပါတယ်"ဟု ၎င်းက ဆိုသည်။

အကြမ်းဖက်ဖြစ်စဉ်များနှင့်ပတ်သက်ပြီး လုံခြုံရေးအရ အခြေအနေမပေးသေးသော်လည်း လတ်တလော ပို့ဆောင်ရမည့် ချင်းစိမ်း၊ ဆန်နှင့်ငါးခြောက်ကို စစ်တွေသို့ ပို့သွားမည်ဖြစ်ရာ လက်ရှိတွင် အလုပ်သမား ရှားပါးမှုများလည်း ရှိနေသေးကြောင်း သိရသည်။

"နောက်တစ်ချက်က ဒီဘက်ကို ပြန်ပို့တော့လည်း အလုပ်သမားပြဿနာက ထပ်ရှိနေသေးတယ်" ဟု ဦးအောင်မြင့်သိန်းက ဆိုသည်။

လက်ရှိတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်သို့တင်ပို့ရန် အဆင်သင့်ဖြစ်နေသော ပစ္စည်းများ ကျန်ရှိနေသလို ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ကုန်ပစ္စည်းသွားပို့သော စက်လှေ ၁၂ စင်းကျော်မှာလည်း ဘင်္ဂလားဒေ့ရှ်ဘက်တွင် ပိတ်မိနေကြောင်း၊ အဆိုပါစက်လှေများသည် အကြမ်းဖက်တိုက်ခိုက်မှု မဖြစ်မီက ထွက်ခွာသွားခဲ့ခြင်းဖြစ်ပြီး လက်ရှိတွင် ကောင်းမွန်စွာရှိနေသည်ဟု သိရကြောင်း ၎င်းက ဆက်လက်ပြောသည်။

နယ်စပ်ကုန်သွယ်ရေး ရပ်ဆိုင်းသွားခဲ့သည့်အတွက် မောင်တောမြို့ပေါ်တွင် ဘဏ်များ၊ ဌာနဆိုင်ရာနှင့် ဈေးဆိုင်တချို့သာ ဖွင့်လှစ်ရောင်းချနေသောကြောင့် ဒေသတွင်းဝင်ငွေများလည်း ရပ်ဆိုင်းသွားခဲ့ကြောင်း သိရသည်။

ထို့အပြင် မောင်တောနယ်စပ် ကုန်သွယ်ရေးဇုန်အဖြစ် တည်ဆောက်လျက်ရှိသည့် ကညင်ချောင်း နယ်စပ်ကုန်သွယ်ရေးဇုန်ကို အမြန်ဆုံးဖွင့်လှစ်နိုင်ရန် သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် ဆောင်ရွက်နေသော်လည်း လက်ရှိအခြေအနေတွင် နယ်မြေတည်ငြိမ်မှုအရ ခက်ခဲမှုများရှိနေကြောင်း သိရသည်။

အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်ကြောင့် ရပ်ဆိုင်းထားခဲ့သည့် မောင်တောဒေသ နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းသည် ရက်ပေါင်း ၂၀ ကျော်ကာလအတွင်း နိုင်ငံတော်အတွက် ကုန်သွယ်မှုပမာဏခန့်မှန်းခြေ အမေရိကန်ဒေါ်လာ ခြောက်သိန်းခန့် ဆုံးရှုံးနစ်နာခဲ့ကြောင်း မောင်တောနယ်စပ်ကုန်သွယ်ရေးစခန်း တာဝန်ရှိသူများထံမှ သိရသည်။

မင်းထက်အောင်၊ တင်မောင်လွင်
ဓာတ်ပုံ-မောင်မွှေး

❖ ယာဉ်မောင်းလိုင်စင်မှ

ဖြေဆိုမှုများအနက် ကျရှုံး၍ ပြန်လည်ဖြေဆိုသူများအပါအဝင် စုစုပေါင်း အယောက် ၅၀၀ နီးပါးခန့်ရှိနေသောကြောင့် လက်ရှိဝန်ထမ်းအင်အားနှင့် မျှတမှုမရှိဘဲ တန်းစီစောင့်ဆိုင်းသူများဘက်တွင်လည်း အခက်အခဲများစွာ ရှိနေကြောင်း သိရသည်။

အလားတူ ယင်းသို့ ရေးဖြေ ဖြေဆိုပြီးနောက် လက်တွေ့စစ်ဆေးခြင်းကိုလည်း လက်ရှိတွင် ရွာသာကြီးတွင် စစ်ဆေးပေးလျက်ရှိပြီး ထပ်မံ၍ တောင်ပိုင်းခရိုင်ရုံး(သန်လျင်)တွင် နေရာခွဲစစ်ဆေးပေးနိုင်ရန် ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

ယာဉ်မောင်းလိုင်စင်ဖြေဆိုရာတွင် အစိုးရမှ တရားဝင်အသိအမှတ်ပြု ယာဉ်မောင်းသင်တန်းကျောင်းများတွင် သင်တန်းတက်ရောက်ပြီးမြောက်ကြောင်း သင်တန်းဆင်းလက်မှတ်တင်ပြရန် လိုအပ်ပြီး အွန်လိုင်းစနစ်ဖြင့် တိုကင်ယူရာတွင်လည်း ဖြည့်စွက်ရမည့် လိုအပ်ချက်များကို တင်ပြပေးထားမည်ဖြစ်ကြောင်း သိရသည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်းတွင် တရားဝင်အသိအမှတ်ပြုထားသော ယာဉ်မောင်းသင်တန်းကျောင်း ၄၀ ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

(ဆုနှင်းလဲ့)

○ ကျောဖုံးမှ

၃၄ မိနစ်တွင် ဇွဲကပင်အသင်း အနိုင်ဂိုးရခဲ့ပြီး စိုင်းမင်းထွန်း ဖန်တီးပေးသည့် ဘောလုံးကို တိုက်စစ်မှူး မာတင်က ခေါင်းတိုက်သွင်းယူခဲ့သည်။

ဒုတိယပိုင်းတွင် နှစ်သင်းစလုံး ဂိုးထပ်မံရနိုင်သည့် အခွင့်အရေးများ ရခဲ့သော်လည်း အသုံးမချနိုင်ခဲ့သလို GFA အသင်းကလည်း ချေပဂိုးရရှိအောင် စွမ်းဆောင်နိုင်ခြင်းမရှိသောကြောင့် ပထမပိုင်းရလဒ်အတိုင်း ပြီးဆုံးခဲ့သည်။

ပွဲစဉ်(၁၈)အပြီးတွင် ရှမ်းယူနိုက်တက်အသင်းက ၄၄ မှတ်ဖြင့် ထိပ်ဆုံးမှ ဦးဆောင်နေပြီး ရန်ကုန်အသင်းက ၄၂ မှတ်၊ ရတနာပုံအသင်းက ၃၈ မှတ်၊ ဧရာဝတီအသင်းက ၂၉ မှတ်၊ မကွေးနှင့် ရခိုင်အသင်းက ၂၇ မှတ်စီ၊ ဇွဲကပင်အသင်းက ၂၀ မှတ်၊ Southern နှင့် ဟံသာဝတီအသင်းက ၁၉ မှတ်စီ၊ နေပြည်တော်အသင်းက ၁၂ မှတ်၊ ချင်းယူနိုက်တက်အသင်းက ၁၁ မှတ်၊ GFA အသင်းက ၁၀ မှတ် ရရှိထားသည်။

သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-ကိုဇေ

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား လက်ခံတွေ့ဆုံ

နေပြည်တော် စက်တင်ဘာ ၁၈

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့ညနေပိုင်းတွင် ထိုင်းဘုရင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Surapong Suwana-adth အား ဇေယျာသီရိဗိမာန်အတွင်း၌ ဂုဏ်ပြု တပ်ဖွဲ့ဖြင့် ကြိုဆိုသည်။

ယင်းနောက် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တို့သည် ဧည့်ခန်းမဆောင်၌ တွေ့ဆုံဆွေးနွေးကြသည်။

ညပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး ဒေါ်ကြူကြူလှတို့သည် ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီးနှင့် အဖွဲ့အား ဂုဏ်ပြု ညစာဖြင့် တည်ခင်းဧည့်ခံသည်။

ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Surapong Suwana-adth နှင့် အဖွဲ့သည် နေပြည်တော်ရှိ သူရဲကောင်းစစ်သည်ဗိမာန်သို့ သွားရောက်၍ အထိမ်း အမှတ်ကျောက်တိုင်ရှေ့၌ ဂုဏ်ပြုပန်းခွေချ အလေးပြုခဲ့ ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

(၁၀)ကြိမ်မြောက် ပစိဖိတ်ကြည်းတပ်ဦးစီးချုပ်များအစည်းအဝေးသို့ အာရှ-ပစိဖိတ်ဒေသတွင်းနိုင်ငံအသီးသီးမှ ကြည်းတပ်ဦးစီးချုပ်များ တက်ရောက်

နေပြည်တော် စက်တင်ဘာ ၁၈

ကိုရီးယားသမ္မတနိုင်ငံ၌ ကျင်းပသည့် (၁၀)ကြိမ်မြောက် ပစိဖိတ်ကြည်းတပ်ဦးစီးချုပ်များ အစည်းအဝေး (10th Pacific Armies Chiefs Conference) ဖွင့်ပွဲအခမ်းအနားကို ဆိုးလ်မြို့ရှိ Grand Hyatt ဟိုတယ်၌ ယနေ့နံနက်ပိုင်းတွင် ကျင်းပရာ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဦးဆောင်သော မြန်မာ့တပ်မတော်ကိုယ်စားလှယ် အဖွဲ့ဝင်များ တက်ရောက်ကြသည်။**(ဓာတ်ပုံ)**

ထို့နောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် သည် မွန်းလွဲပိုင်းတွင် အစည်းအဝေးအစီအစဉ် ပထမပိုင်း ဆွေးနွေးမှုဖြစ်သော "Land Forces Pacific: Cooperation in Civil- Military Operations During Crisis" ခေါင်းစဉ်အား ဆွေးနွေးတင်ပြမှုသို့ ပါဝင် တက်ရောက်သည်။

ညနေပိုင်းတွင် ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ်သည် ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်မြို့ Grand Hyatt ဟိုတယ်ရှိ Grand Ballroom ၌ တည်ခင်း ဧည့်ခံသော ကြိုဆိုညစာစားပွဲအခမ်းအနားသို့ အာရှ-ပစိဖိတ်ဒေသတွင်း နိုင်ငံအသီးသီးမှ ကြည်းတပ်ဦးစီးချုပ် များနှင့်အတူ တက်ရောက်သည်။

မွန်းလွဲပိုင်းတွင် ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ်သည် US Army Pacific Commander ဖြစ်သူ General Robert B. Brown နှင့် ဆိုးလ်မြို့ရှိ ခေတ္တ တည်းခိုရာ Grand Hyatt Hotel ၌ တွေ့ဆုံဆွေးနွေး သည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရေးဆိုင်ရာကိစ္စရပ်များ၊ ပူးပေါင်းဆောင်ရွက် ရေးဆိုင်ရာကိစ္စရပ်များနှင့် ရခိုင်ပြည်နယ်တွင် ဖြစ်ပွား နေသော အခြေအနေဖြစ်ရပ်မှန်များနှင့်ပတ်သက်၍ အပြန်အလှန်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်နှင့် ဗိုလ်တထောင်ဘုရားအား သွားရောက်ဖူးမြော်ကြည်ညို

နေပြည်တော် စက်တင်ဘာ ၁၈

မြန်မာနိုင်ငံ၌ ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် ထိုင်း ဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Surapong Suwana-adth နှင့်ဇနီး Mrs. Vanvimol Suwana-adth နှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးအား သွားရောက် ဖူးမြော်ကြည်ညိုကြသည်။ ထို့နောက် စေတီတော်ကြီး အတွက် အလှူငွေများအား ဂေါပကအဖွဲ့ထံ ပေးအပ် လှူဒါန်းသည်။

ယင်းနောက် ဗိုလ်တထောင်ဘုရားအား ဖူးမြော် ကြည်ညိုပြီး အလှူငွေများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကမ္ဘာ့ဝါးအထိမ်းအမှတ်နေ့ အခမ်းအနားကျင်းပ

နေပြည်တော် စက်တင်ဘာ ၁၈

ကမ္ဘာ့ဝါးအထိမ်းအမှတ်နေ့ (World Bamboo Day)ကို ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ်ရှိ Excel River View Hotel ၌ ယနေ့ ကျင်းပသည်။

အခမ်းအနားတွင် သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးအုန်းဝင်းနှင့် DFID မြန်မာနိုင်ငံအဖွဲ့ ခေါင်းဆောင် Gail Marzetti တို့တက်ရောက်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားမတိုင်မီ သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီးသည် ပြခန်းများအတွင်း ပြသထားသော ဝါးလက်မှု ပညာ အသုံးအဆောင်ပစ္စည်းများအား လိုက်လံကြည့်ရှု ခဲ့ကြောင်း သိရပြီး အထိမ်းအမှတ်နေ့ အခမ်းအနားတွင် ဝါးနှင့်ပတ်သက်သည့် ကုမ္ပဏီ ၁၉ ခုတို့က ပြသခဲ့ကြောင်း သိရသည်။

အလားတူ ကမ္ဘာ့ဝါးအထိမ်းအမှတ်နေ့ အခမ်းအနား ကို နေပြည်တော်ရှိ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာန၌ ကျင်းပ ခဲ့ပြီး ကမ္ဘာ့ဝါးအထိမ်းအမှတ်နေ့အဖြစ် "ဝါးသယံဇာတ နှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု ရည်မှန်းချက်များ" စာတမ်းအား သစ်တောသုတေသနဌာန ညွှန်ကြားရေးမှူး ဒေါက်တာသန်းနိုင်ဦးက လည်းကောင်း၊ "မြန်မာနိုင်ငံ ဝါးသယံဇာတထိန်းသိမ်းရေး" စာတမ်းအား သစ်တော သုတေသနဌာန သုတေသနအရာရှိ ဦးအောင်ဇော်မိုး ကလည်းကောင်း ဖတ်ကြားတင်သွင်းခဲ့ကြောင်း သိရ သည်။

(သတင်းစဉ်)

❂ ရှေ့ဖုံးမှ

လက်ထောက်အင်ဂျင်နီယာ ဦးကျော်ကျော်က ပြောသည်။

အဆိုပါတိုင်းဒေသကြီးအတွင်း ကမ်းပြိုကာကွယ်ရေး လုပ်ငန်းများကို ငွေကျပ်သန်းပေါင်း ၂၉၆၉ ဒသမ ဝ၈ သန်းသုံးစွဲ၍ စဉ့်ကူးမြို့နယ်ရှိ ဆီသည်၊ ဟသ်ာဖိုကျေးရွာ၊ မတ္တရာမြို့နယ်ရှိ ဆီးဖြူကုန်း၊ ပန်းကန်စု၊ ရွာတန်းရှည်၊ ကုန်းတန်းကြီးကျေးရွာ၊ တံတားဦးမြို့နယ်ရှိ အိုးဘုတ်တန်း၊ စျေးချိုကျေးရွာ၊ ငါန်းဇွန်မြို့နယ်ရှိ ငါးဇွန်မြို့၊ ထန်းစင်လှ ကျေးရွာ၊ မြင်းခြံမြို့နယ်ရှိ လေးအိမ်တန်းကျေးရွာနှင့် ညောင်ဦးမြို့နယ်ရှိ လောကနန္ဒာဘုရားကမ်းထိန်းတို့တွင် ဆောင်ရွက်ရန် လျာထားခြင်းဖြစ်သည်။

"ဒီကျေးရွာလေးတွေက ဟိုဘက်နှစ်တွေမှာ ကမ်းပြို ခဲ့ကြတယ်လေ။ နှစ်စဉ်နှစ်တိုင်း ကမ်းပြိုကမ်းစားဖြစ်ခဲ့ တဲ့ရွာတွေကို အဓိကထားပြီး ရွေးလုပ်ပေးတာပါ။ လုပ်ငန်း ကို တင်ဒါအပြတ်ပေးတာလည်း ရှိမယ်။ တချို့ အလွန် ခက်ခဲတဲ့ဟာကျတော့ ပစ္စည်းတင်ဒါပေးပြီး လုပ်ငန်းကို ရုံးကကြီးကြပ်ပြီး လုပ်တာလည်းရှိမယ်။ ဒီဇိုင်းတွေကို ကျွန်တော်တို့ဌာနက ပေးမှာပါ။ သူတို့က ကျွန်တော်တို့ဆွဲတဲ့ဒီဇိုင်းအတိုင်း လုပ်မှာပါ။ ရပ်ရွာက ကုန်ကျခံပြီး ဌာနအနေနဲ့ နည်းပညာကူညီပံ့ပိုးမှုနဲ့ ပူးပေါင်း ဆောင်ရွက်တာတွေလည်း ရှိပါတယ်" ၎င်းက ပြောသည်။

ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် သံခြင်းအခြေပြုကျောက်စီတမံ၊ မျောကျောက် ရေလွှဲ ရေကာ၊ သဲအိတ်ခံကျောက်စီရေကာတို့ဖြင့် လုပ်ဆောင် မည်ဖြစ်ပြီး အများစုမှာ သံခြင်းအခြေပြုကျောက်စီတမံ ဖြင့် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

"သံခြင်းအခြေပြုကျောက်စီတမံက ပိုခိုင်ခံ့တယ်။ မြေသားကောင်းတဲ့အခြေအနေမှာ လုပ်ရတာပိုအဆင်ပြေ တယ်။ ကျန်တဲ့ဟာတွေကျတော့ မြေသားအခြေအနေ အရ တိုက်ရိုက်ကာကွယ်တာမဟုတ်ဘဲ၊ ရေလွှဲရေကာတာ လုပ်ရတာရှိတယ်။ အများစုကတော့ သံခြင်းအခြေပြု ကျောက်စီတမံတွေ လုပ်ဆောင်ဖို့ များပါမယ်။ ဒီဟာက တော့ လုပ်ရတာအဆင်ပြေတယ်။ ပိုမိုထိရောက်တယ်။ တကယ်လည်း တိုက်ရိုက်ကာကွယ်နိုင်တယ်"ဟု လက်ထောက် အင်ဂျင်နီယာ ဦးကျော်ကျော်က ပြောသည်။

အဆိုပါဌာနအနေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် လည်း မြစ်ရေတိုက်စားမှုကြောင့် စဉ့်ကူး၊ မတ္တရာ၊ ပုသိမ်ကြီး၊ စဉ့်ကိုင်၊ မြင်းခြံနှင့် တောင်သာမြို့နယ် ခြောက် ခုမှ ကျေးရွာပေါင်း ၁၆ ရွာကို ငွေကျပ်သန်းပေါင်း ၃၆၄၉ ဒသမ ၅ သန်းဖြင့် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

"၂၀၁၅ ခုနှစ်မှာ ကုန်းတန်းကြီးကျေးရွာက ၃၅ အိမ် ပြောင်းရွှေ့ရတယ်။ ပြောင်းရွှေ့ခဲ့တဲ့ အိမ်တွေအတွက် မြို့နယ် ထွေ/အုပ်ကနေ တစ်အိမ်ထောင်ကို ငွေကျပ် နှစ်သောင်းနှုန်း ထောက်ပံ့မှုပေးတယ်လို့ ကြားပါတယ်။ ပြီးခဲ့တဲ့ ဘဏ္ဍာနှစ်မှာ ကျွန်တော့်အုပ်စုထဲက အဲဒီရွာမှာပဲ ရေကာတာလာလုပ်ပေးသွားတာရှိပါတယ်။ ရေကာတာ လုပ်ပြီးနောက်ပိုင်းမှာ တိုက်စားမှုက သိပ်မရှိတော့ဘူး။ ဟိုတုန်းကတော့ ပေနှစ်ရာ၊ သုံးရာလောက်အထိ တိုက်စား တာ။ အခုကျတော့ ရေကာတာရဲ့ အထက်ပိုင်း နှစ်ပေ၊ သုံးပေလောက်ပဲ စားတာတွေ့တယ်"ဟု မတ္တရာမြို့နယ် ကုန်းတန်းအုပ်စုဥက္ကဋ္ဌ ကြိမ်တောကျေးရွာနေ ဦးအောင်ကျော်ထွန်းက ပြောသည်။

မြန်မာနိုင်ငံအသားတင်ရငွေ၏ ၂ ဒသမ ၅၅ ရာခိုင်နှုန်း သည် ရာသီဥတုပြောင်းလဲမှုကြောင့် ဆုံးရှုံးနေရသည်။ ထို့ပြင် ၂၀၁၄ ခုနှစ်က ထုတ်ပြန်ခဲ့သည့် အာရှဖွံ့ဖြိုးရေး ဘဏ်၏ ထုတ်ပြန်မှုတစ်ခုတွင် မြန်မာနိုင်ငံသည် သဘာဝ ဘေးကြောင့် တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၇၀၇ သန်း ဆုံးရှုံးနေသည်ဟု ဖော်ပြထားသည်။

၁၉၆၈ ခုနှစ်မှစ၍ ၂၀၁၆ ခုနှစ်အထိ ဆယ်စုနှစ် အလိုက် မန္တလေးမြို့၏ မြစ်ရေချိန်များမှာ ၁၉၇၄ ခုနှစ် ဩဂုတ်လတွင် ၁၃၄၂ စင်တီမီတာ၊ ၁၉၇၉ ခုနှစ် အောက်တိုဘာလတွင် ၁၃၂၃ စင်တီမီတာ၊ ၁၉၈၈ ခုနှစ် စက်တင်ဘာလတွင် ၁၃၁၄ စင်တီမီတာ၊ ၂၀၀၄ ခုနှစ် ဇူလိုင်လတွင် ၁၃၈၂ စင်တီမီတာအထိ အမြင့်ဆုံး ရောက်ရှိခဲ့ပြီး ၂၀၁၆ ခုနှစ် ဩဂုတ်လတွင် ၁၃၂၅ စင်တီမီတာသို့ အသီးသီးရောက်ရှိခဲ့ကြောင်း မိုးလေဝသ နှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ မှတ်တမ်းများအရ သိရသည်။

(နဒီလှိုင်း)

ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ရခိုင်ပြည်နယ်အစိုးရအဖွဲ့သို့ လှူဒါန်းသော Modular House ၁၀ လုံး လွှဲပြောင်းပေးအပ်ပွဲအခမ်းအနား ကျင်းပ

နေပြည်တော် စက်တင်ဘာ ၁၈
ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ရခိုင်ပြည်နယ် အစိုးရအဖွဲ့သို့ လှူဒါန်းသော Modular House ၁၀ လုံး လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့ သရက်တောကျောင်းတိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က ရခိုင်ပြည်နယ်(မြောက်ပိုင်း) မောင်တော၊ ဘူးသီးတောင်၊ ရသေ့တောင်မြို့နယ်တို့၌ ဩဂုတ် ၂၅ ရက်တွင် ARSA အစွန်းရောက်အကြမ်းဖက်သမားများက အင်အားသုံး၍ အကြမ်းဖက်တိုက်ခိုက်မှုကြောင့် နေရပ်စွန့်ခွာတိမ်းရှောင်လာသော ပြည်သူများအား စစ်တွေမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများ၌ ယာယီကယ်ဆယ်ရေးစခန်း ဖွင့်လှစ်ပေးပြီး ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ပြည်နယ်အစိုးရအဖွဲ့၏ ထောက်ပံ့ကူညီမှု၊ တိုင်းရင်းသားညီအစ်ကို မောင်နှမများ၏ လှူဒါန်းမှုတို့ဖြင့် စားရေး၊ နေရေးတို့ကို ဆောင်ရွက်ပေးထားပြီးဖြစ်ရာ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် Modular House များကို စစ်တွေမြို့သို့ အရောက်ပေးပို့စေပြီး အဆောက်အအုံ အထူးအဖွဲ့ (၁၄) က လေးယူနစ်နှင့် စစ်တွေခရိုင် လမ်းဦးစီးဌာနက ခြောက်ယူနစ် တာဝန်ယူတည်ဆောက်ပေးလျက်ရှိရာ ယနေ့တွင် လွှဲပြောင်းအပ်နှံနိုင်သည်အထိ ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း၊ ပြည်သူများ နေထိုင်ရေး ပိုမိုအဆင်ပြေစေရန် ရည်ရွယ်ချက်ဖြင့် အလျားပေ ၉၀၊ အနံ ၁၈ ပေရှိ အခန်း ငါးခန်းပါ အဆောက်အအုံများကို ပေးပို့လှူဒါန်းခြင်း ဖြစ်ပါကြောင်း။

Modular House များကို စစ်တွေမြို့တွင် ကိုးယူနစ်နှင့် ကျောက်တော်မြို့တွင် တစ်ယူနစ် ဆောက်လုပ်လျက်ရှိပါကြောင်း၊ အဆိုပါအဆောက်အအုံအားလုံး ဆောက်လုပ်ပြီးစီးသွားပါက တစ်ယူနစ်လျှင် မိသားစု ငါးစု နေထိုင်နိုင်မည်ဖြစ်ပြီး မိသားစု ၅၀ အတွက် အထောက်အကူဖြစ်စေမည် ဖြစ်ပါကြောင်း။

ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် မောင်တောဒေသသို့ ဆက်သွယ်သော လမ်း၊ တံတားများအဆင့်မြှင့်တင်နိုင်ရေး၊ ၆၆ ကေဗွီအေဓာတ်အားလိုင်းများ တည်ဆောက်ပေးနိုင်ရေး၊ နယ်စပ်ခြံစည်းရိုးများ၊ မေယုတောင်ရိုးမဖြတ်လမ်း ဖောက်လုပ်မှုများကိုလည်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ တိုင်းရင်းသားပြည်သူများ လူနေမှုဘဝမြင့်မားရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်မီးရရှိရေးမှာ အဓိကလိုအပ်ချက်ဖြစ်သည့်အတွက် နိုင်ငံတော်အကြီးအကဲများ၏ လမ်းညွှန်ချက်ဖြင့် အမြန်ဆုံး အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

မောင်တောဒေသ လမ်းဖောက်လုပ်ခြင်းအတွက် လမ်းအထူးအဖွဲ့တစ်ဖွဲ့၊ တံတားအထူး အဖွဲ့နှစ်ဖွဲ့ ထပ်မံဖွဲ့စည်းထားပြီး ပွင့်လင်းရာသီရောက်သည်နှင့် တစ်ပြိုင်နက် လမ်းကွန်ရက်များကို ဦးစားပေးအလိုက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ စစ်တွေမှ မောင်တောအထိ တိုက်ရိုက်ဆက်သွယ်သွားလာနိုင်မည့် ပုဏ္ဏားကျွန်း-ရသေ့တောင်-ဘူးသီးတောင်လမ်းကို ရာသီမရွေးသွားလာနိုင်သော လမ်းအဖြစ် ဖောက်လုပ်လျက်ရှိပြီး လမ်းပေါ်ရှိ တံတားများကိုလည်း ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း ပြီးစီးရေး စီမံကိန်းရေးဆွဲဆောင်ရွက်ထားပြီး ဖြစ်ပါကြောင်း။

တိုင်းရင်းသားပြည်သူများအားလုံး မိမိနေရပ်တွင် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ တည်ငြိမ်အေးချမ်းရေးတို့ကို အထောက်အကူပြုသော လမ်း၊ တံတားများကို တိုးမြှင့်တည်ဆောက်ပေးလျက်ရှိရာ ဒေသခံပြည်သူများ မကြာမီကာလအတွင်း လမ်းပန်းဆက်သွယ်ရေး လုံခြုံချောမွေ့ပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်သော ဒေသဖြစ်စေရန် ရည်ရွယ်ကြောင်း၊ ဒေသခံပြည်သူများကလည်း ပူးပေါင်းလက်တွဲကာ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက Modular House ၁၀ လုံး၏ အထောက်အထား စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်ရာ ရခိုင်ပြည်နယ် လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ကျော်ဇံက လက်ခံရယူသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ရခိုင်ပြည်နယ်အစိုးရအဖွဲ့သို့ လှူဒါန်းထားသည့် Modular House မှတ်တမ်းဓာတ်ပုံများနှင့် ဘုန်းတော်ကြီးကျောင်းအတွင်း ဆောက်လုပ်ထားသည့် Modular House များကို ကြည့်ရှုစစ်ဆေးပြီး နေရပ်စွန့်ခွာတိမ်းရှောင်လာကြသော တိုင်းရင်းသားပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကား ပြောကြားသည်။

ထို့နောက် တိုင်းရင်းသားပြည်သူများကို နေထိုင်ခွင့်ပေးထားသော သရက်တောကျောင်းတိုက် ဆရာတော်အား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့သည်။

ဆက်လက်၍ စစ်တွေမြို့တွင် တံတားဦးစီးဌာန တည်ဆောက်ရေးအဖွဲ့(၂) တံတားအထူးအဖွဲ့(၈)က တာဝန်ယူတည်ဆောက်နေသော အရှည် ၁၆၄၂ ပေရှိ ဆတ်ရိုးကျတံတား တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိပြီး စစ်တွေဘက်ကမ်းနှင့် မင်းဂံဘက်ကမ်းတို့တွင် တံတားတိုင်လုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် စစ်တွေမြို့ လမ်းဦးစီးဌာန ပြည်နယ်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံးတွင် ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနတို့မှ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် စစ်တွေမြို့ လေဆိပ်ဧည့်ခန်းမဆောင်၌ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့်တွေ့ဆုံပြီး ရခိုင်ပြည်နယ်အတွင်းရှိ မဟာဗျူဟာ လမ်း၊ တံတားနှင့် လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များ၊ အကြမ်းဖက်တိုက်ခိုက်မှုကြောင့် နေရပ်စွန့်ခွာလာသည့် တိုင်းရင်းသားပြည်သူများအတွက် Modular House များ ပေးအပ်လှူဒါန်းမှုနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

ရခိုင်ပြည်နယ်ဆိုင်ရာအကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီအဖွဲ့ ကျောက်တော်ကယ်ဆယ်ရေးစုရပ်များရှိ ပြည်သူလူထုအား အားပေးစကားပြောကြားပြီး ထောက်ပံ့ပစ္စည်းများပေးအပ်

ရခိုင်ပြည်နယ်ဆိုင်ရာအကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီအဖွဲ့ ပူးတွဲဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့ ပြည်သူများနှင့် တွေ့ဆုံစဉ်။

စစ်တွေ စက်တင်ဘာ ၁၈
ရခိုင်ပြည်နယ်ဆိုင်ရာအကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီအဖွဲ့မှ တွဲဖက်အတွင်းရေးမှူး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးစိုးအောင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် ရခိုင်ပြည်နယ်ဆိုင်ရာအကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီအဖွဲ့ ပူးတွဲဥက္ကဋ္ဌ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့် ပြည်နယ်အစိုးရအဖွဲ့ရုံး ဧည့်ခန်းမ၌ တွေ့ဆုံကာ နေရပ်စွန့်ခွာလာသည့် ပြည်သူများ ပြန်လည်ထူထောင်ရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှေ့ဆက်လက်ဆောင်ရွက်သွားရမည့် လုပ်ငန်းစဉ်များကို ဆွေးနွေးကြသည်။

ယင်းနောက် ရခိုင်ပြည်နယ်ဆိုင်ရာအကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီအဖွဲ့သည် ပူးတွဲဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဦးဆောင်၍ စစ်တွေမြို့မှ ကျောက်တော်မြို့သို့ ရောက်ရှိပြီး သာသနာ့ဗိမာန်၌ နေရပ်မှစွန့်ခွာကာ ရောက်ရှိလာသော မောင်တော၊ ဘူးသီးတောင်နှင့် ရသေ့တောင်တို့မှ ပြည်သူများကို အားပေးစကားပြောကြားပြီး မိသားစု ၂၅၄ စုအတွက် ထောက်ပံ့ပစ္စည်းများနှင့် ကျောင်းသားကျောင်းသူများအတွက် ကျောင်းဝတ်စုံနှင့် ဗလာစာအုပ်များကို ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ကျောက်တော်မြို့ပေါ်ရှိ မဟာကံကြီးရှင်ဘုရားဝင်းအတွင်းရှိ ကယ်ဆယ်ရေးစုရပ်သို့ ရောက်ရှိရာ ကော်မတီအဖွဲ့ ပူးတွဲဥက္ကဋ္ဌ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်က ပြည်သူများကို အားပေးစကားပြောကြားခဲ့ပြီး ကျောင်းသားကျောင်းသူများအတွက် ကျောင်းဝတ်စုံနှင့် ဗလာစာအုပ်များ၊ စားနပ်ရိက္ခာများနှင့် ကျန်းမာရေးအထောက်အကူပြု ဆေးဝါးများ ကူညီထောက်ပံ့ပေးအပ်သည်။

ယင်းနောက် အဆိုပါဘုရားဝင်းအတွင်း ခိုလှုံလျက်ရှိသော ဒေသခံများက မိမိတို့၏မူလနေရပ်ဒေသများလုံခြုံရေး၊ အလုပ်အကိုင်အခွင့်အလမ်းရရှိရေး၊ လတ်တလော စားဝတ်နေရေးကိစ္စရပ်များကို တင်ပြကြသည်။ **(သတင်းစဉ်)**

လယ်ယာသုံး စက်ကိရိယာများသုံးစွဲမှု သင်တန်းပို့ချ

ဖြူး စက်တင်ဘာ ၁၈
ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ် သမဝါယမအသင်းစုမှ ကြီးမှူးကျင်းပသော လယ်ယာသုံးစက်ကိရိယာ သုံးစွဲမှုသင်တန်းကို စက်တင်ဘာ ၁၈ ရက်က ကျင်းပရာ ဒေဒုံလယ်ထွန်စက် ဝယ်ယူထားသော တောင်ငူခရိုင်ခြောက်မြို့နယ်ဖြစ်သည့် ရေတာရှည်၊ ထန်းတပင်၊ တောင်ငူ၊ အုတ်တွင်း၊ ဖြူးမြို့နှင့် ကျောက်ကြီးမြို့နယ်များမှ သင်တန်းသား ၆၁ ဦး တက်ရောက်ကြသည်။

အဆိုပါသင်တန်းတွင် ပဲခူးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးသူရိန်ချစ်ဆွေ၊ ပဲခူးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်ဥက္ကဋ္ဌ ဦးအောင်မြိုင်၊ ဖြူးမြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးလှိုင်စိုးနှင့် ဒေဒုံကုမ္ပဏီ Product Director ဦးကျော်နိုင်တို့က အမှာစကားပြောကြားကြသည်။

ထို့နောက် တက်ရောက်လာသူများက သိရှိလိုသည့်အချက်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားကြပြီး ဒေဒုံလယ်ယာသုံးစက်ကိရိယာများ ကိုင်တွယ်မောင်းနှင်ရာတွင် ထိရောက်စွာ အသုံးပြုမောင်းနှင်နိုင်ရေးအတွက် သင်တန်းနည်းပြဆရာများက စာတွေ့လက်တွေ့ စနစ်တကျ ပို့ချပေးကြပြီး အဆိုပါသင်တန်းကို စက်တင်ဘာ ၁၈ ရက်မှ ၂၀ ရက်အထိ သုံးရက်ကြာ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

(ဖြူးမြင့်ဦး)

အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အမှတ်(၂)တပ်ဖွဲ့ခွဲ(ရန်ကုန်)၊ အမှတ်(၂/၂) ဒုတပ်ဖွဲ့ခွဲ(ဇေယျာဝတီ)နှင့် တပ်ဖွဲ့စု(ဖျာပုံ)မှ တပ်ဖွဲ့စုမှူး ဒုရဲမှူး ကျော်ကျော်နိုင် ပါဝင်သော သတင်းရဲတပ်ဖွဲ့ဝင်များ စက်တင်ဘာ ၁၇ ရက်က ဖျာပုံမြို့ အမှတ်(၁၈)ရပ်ကွက်ရှိ သမိုင်းဝင်ကျိုက္ကမ္မျှမ်(လိပ်ဥကုန်း)စေတီတော်ကြီး၌ ကုသိုလ်ရေးနှင့် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ကြစဉ်။
(သပြေထွန်း)

စစ်တွေမြို့ပေါ် စုရပ်များ၌ရောက်ရှိနေသော နေရပ်စွန့်ခွာတိုင်းရင်းသားများအတွက် ဆန်အိတ် ၃၀၀ နှင့် အသုံးစရိတ် ကူညီထောက်ပံ့

စစ်တွေ စက်တင်ဘာ ၁၈

ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုကြောင့် မောင်တောခရိုင်ဒေသအတွင်းနေရပ်များမှစွန့်ခွာကာ စစ်တွေမြို့ပေါ်စုရပ်များ၌ ရောက်ရှိနေသော ဒေသခံတိုင်းရင်းသားများအတွက် ဆန်အိတ် ၃၀၀ နှင့် အသုံးစရိတ်ကို မန္တလေးမြို့အခြေစိုက် မေမေဖောင်ဒေးရှင်းပရဟိတအဖွဲ့က ယနေ့နံနက်ပိုင်းတွင် ကူညီထောက်ပံ့ခဲ့သည်။

"ဒီကနေ့ ကျွန်တော်တို့ ဖောင်ဒေးရှင်းအနေနဲ့ မောင်တောဒေသရဲ့ နေရပ်စွန့်ခွာပြည်သူတွေကို ကိုယ်ချင်းစာနာစိတ်ဖြစ်မိတဲ့အတွက် အခုလို စုရပ်ဘုန်းတော်ကြီးကျောင်းတွေမှာ စားနပ်ရိက္ခာအတွက် ဆန်အပါအဝင် အသုံးစရိတ်ငွေကို လာရောက်ကူညီထောက်ပံ့ပေးတာဖြစ်ပါတယ်။ နည်းတယ်၊ များတယ်ဆိုတာထက် ကျွန်တော်တို့ ဖောင်ဒေးရှင်းရဲ့ ချမှတ်ထားတဲ့မူဘောင်နဲ့အညီ လာရောက်လှူဒါန်းဖြစ်တာပါ။ လမ်းပန်းဆက်သွယ်ရေးအခြေအနေကောင်းလာရင် မောင်တောနယ်ဘက် စုရပ်တွေနဲ့ ကျေးရွာတွေကိုလည်း အခုလိုပဲစားနပ်ရိက္ခာနဲ့ အသုံးအဆောင်ပစ္စည်းတွေကို ဖောင်ဒေးရှင်းအနေနဲ့ ဆက်လက်ကူညီထောက်ပံ့ပေးသွားဖို့ ရှိပါတယ်"ဟု မန္တလေးမြို့အခြေစိုက် မေမေဖောင်ဒေးရှင်းပရဟိတအဖွဲ့ဥက္ကဋ္ဌ ဦးစိုးမိုးနိုင်က ပြောသည်။

စစ်တွေမြို့ပေါ်ရှိ စုရပ်စခန်းများသို့ လာရောက်ကူညီထောက်ပံ့ပေးသော မေမေဖောင်ဒေးရှင်းပရဟိတအဖွဲ့သည် မိမိဖောင်ဒေးရှင်းလုပ်အားခဖြင့် လာရောက်ကာ ယခုကဲ့သို့ ကူညီထောက်ပံ့ပေးခြင်းဖြစ်သည်။ ဖောင်ဒေးရှင်းအနေဖြင့် ယခုကဲ့သို့ လူသားချင်းစာနာထောက်ထားသည့် အထောက်အကူပြုမှုများ၊ ကျန်းမာရေးစောင့်ရှောက်မှုများ၊ ပညာရေးထောက်ပံ့ပေးမှုများ၊ သွေးလှူဒါန်းမှုတို့အပြင် အပတ်စဉ် ဘုံဆွမ်းလောင်းလှူမှုတို့ကိုလည်း စဉ်ဆက်မပြတ် ကူညီထောက်ပံ့ပေးကြောင်း သိရသည်။

ယခုအခါ ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုကြောင့် မောင်တောဒေသတွင်းမှ နေရပ်စွန့်ခွာ ပြည်သူများထားရှိရာစုရပ် ၃၀ ကျော်ရှိပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ပြည်နယ်အစိုးရတို့၏ ကူညီထောက်ပံ့ပေးမှုများအပြင် ယခုကဲ့သို့ ပြည်တွင်းပုဂ္ဂလိကနှင့် အဖွဲ့အစည်း ဖောင်ဒေးရှင်းတို့မှ စားနပ်ရိက္ခာများ ဆက်လက်ကူညီထောက်ပံ့ပေးလျက်ရှိကြောင်း သိရသည်။

(သတင်းအဖွဲ့)

ဘူးသီးတောင်နှင့် မောင်တောမြို့တို့ရှိ နေရပ်စွန့်ခွာ တိမ်းရှောင်လျက်ရှိသည့် ဒေသခံများအား ထောက်ပံ့ငွေပေးအပ်

မောင်တော စက်တင်ဘာ ၁၈

ရန်ကုန်မြို့ ပုလဲမြို့သစ်ကျောင်းတိုက်မှ ရမ်းဗြဲဆရာတော် ဘဒ္ဒန္တ ကုန္ဒပါလ အမှူးပြုပြီး ကချင်ပြည်နယ် ဖားကန့်မြို့ ရခိုင်ရိုးရာ စာပေနှင့်ယဉ်ကျေးမှုအဖွဲ့က ဦးဆောင်ကာ ဖားကန့်မြို့၊ မြစ်ကြီးနားမြို့၊ မိုးညှင်းမြို့တို့ရှိ ရခိုင်ရိုးရာစာပေနှင့်ယဉ်ကျေးမှုအဖွဲ့ တိုင်းရင်းသားညီနောင်များနှင့် တိုင်းရင်းသားလူမှုရေးအသင်း(မန္တလေး)တို့ ပူးပေါင်းပါဝင်သောအဖွဲ့သည် ရခိုင်ပြည်နယ် ရက္ခိတစွမ်းအားအဖွဲ့နှင့်အတူ မောင်တောဒေသ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်ကြောင့် ဘူးသီးတောင်မြို့နှင့် မောင်တောမြို့နယ်တို့တွင် နေရပ်စွန့်ခွာတိမ်းရှောင်ခိုလှုံနေထိုင်လျက်ရှိသည့် ဒေသခံပြည်သူများအတွက် စက်တင်ဘာ ၁၇ ရက်တွင် ထောက်ပံ့ငွေများ ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

ရှေးဦးစွာ ဘူးသီးတောင်မြို့နယ် မဟာအောင်မြေ အလိုတော်ပြည့်ကျောင်းနှင့် အေးစေတီကျောင်းများသို့ သွားရောက်ပြီး အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်ကြောင့် ယာယီခိုလှုံနေထိုင်လျက်ရှိသည့် ဒေသခံတိုင်းရင်းသားများအတွက် ထောက်ပံ့ငွေကျပ် ၆၅ သိန်းကို ပေးအပ်လှူဒါန်းကြသည်။

ဆက်လက်၍ မောင်တောမြို့ပေါ်ရှိ မြို့မကျောင်းတိုက်တွင် ယာယီခိုလှုံပြီး ပညာဆက်လက်သင်ကြားနေသည့် တောင်ပြိုလက်ဝဲ နံ့သာတောင်ကျေးရွာ နံ့သာတောင် အခမဲ့ပညာဒါနပရဟိတကျောင်းမှ ကျောင်းသား ကျောင်းသူ ၃၇၅ ဦးနှင့် ဆရာ ဆရာမ ၁၇ ဦးတို့အား ဆရာတော်က အားပေးစကားချီးမြှင့်ကာ ထောက်ပံ့ငွေကျပ် သိန်း ၅၀ ကို နံ့သာတောင်ကျောင်းဆရာတော် ဦးစရဏထံ ပေးအပ်လှူဒါန်းသည်။ ထို့နောက် နံ့သာတောင်ကျောင်းဆရာတော်က ကျေးဇူးတင်စကားပြန်လည်မိန့်ကြားသည်။

အဆိုပါအဖွဲ့သည် စက်တင်ဘာ ၁၇ ရက်တွင် ဘူးသီးတောင်နှင့် မောင်တောမြို့တို့ရှိ ယာယီကယ်ဆယ်ရေးစခန်းသုံးခုအတွက် ငွေကျပ် ၁၁၅ သိန်း လှူဒါန်းခဲ့ကြောင်း သိရသည်။

သတင်း- တင်မောင်လွင်၊ မင်းထက်အောင်၊ ဓာတ်ပုံ-မောင်သွင်

နေရပ်စွန့်ခွာ ပြည်သူများအတွက် အလှူငွေနှင့် အသုံးအဆောင်ပစ္စည်းများ ပေးအပ်လှူဒါန်း

စစ်တွေ စက်တင်ဘာ ၁၈

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို)၊ ရခိုင်ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအသင်းတို့ ပူးပေါင်းပြီး ယနေ့နံနက်ပိုင်းတွင် ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့ မြို့သစ်ရပ်ကွက်ရှိ မူကြိုအရွယ်ကလေးငယ်များအား ကျန်းမာရေးစစ်ဆေးပေးပြီး ကြက်သားဆန်ပြုတ် အာဟာရကျွေးမွေးခဲ့သည်။

ဆက်လက်ပြီး ပုဏ္ဏားကျွန်းမြို့ လောကမာရဇိန်ဘုရားသိမ်တော်ကြီး၌ ယာယီဖွင့်လှစ်ထားသည့် ကယ်ဆယ်ရေးစခန်းများရှိ အိမ်ထောင်စု ၆၄ စုအတွက် အိမ်သုံးပစ္စည်း ၂၀ မျိုးနှင့် ထောက်ပံ့ငွေများပေးအပ်သည်။

ထို့နောက် ကျောက်တော်မြို့ သာသနာ့ဗိမာန် ယာယီကယ်ဆယ်ရေးစခန်းရှိ အိမ်ထောင်စု ၈၅ စုအတွက် အိမ်သုံးပစ္စည်း ၂၀ မျိုးနှင့် ထောက်ပံ့ငွေများကို လည်းကောင်း၊ မဟာကံကြီးရှင်ဘုရား ကယ်ဆယ်ရေးစခန်းရှိ အိမ်ထောင်စု ၇၇ စုအတွက် အိမ်သုံးပစ္စည်း ၂၀ မျိုးနှင့် ထောက်ပံ့ငွေများကိုလည်းကောင်း ပေးအပ်လှူဒါန်းသည်။

ညနေပိုင်းတွင် မြောက်ဦးမြို့ သျှစ်သောင်းဘုန်းတော်ကြီးကျောင်း ယာယီကယ်ဆယ်ရေး

စခန်းရှိ အိမ်ထောင်စု ၂၀ အတွက် အိမ်သုံးပစ္စည်း ၂၀ မျိုးနှင့် ထောက်ပံ့ငွေများကို လည်းကောင်း၊ လောကမာရ်အောင်ဘုရား ကယ်ဆယ်ရေးစခန်းရှိ အိမ်ထောင်စု ၆၅ စုအတွက် အိမ်သုံးပစ္စည်း ၂၀ မျိုးနှင့် ထောက်ပံ့ငွေများကို လည်းကောင်း၊ ဘုရားပေါ် ကယ်ဆယ်ရေးစခန်းရှိ အိမ်ထောင်စု ရှစ်စုအတွက် အိမ်သုံးပစ္စည်း ၂၀ မျိုးနှင့် ထောက်ပံ့ငွေများကိုလည်းကောင်း ပေးအပ်ခဲ့သည့်အပြင် ကိုယ်ဝန်ဆောင် အမျိုးသမီး ၄၀ အတွက် မီးဖွားရာတွင် လိုအပ်သောပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့သည်။

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို)အဖွဲ့သည် စက်တင်ဘာ ၁၉ ရက်တွင် မင်းပြားမြို့နှင့် စက်တင်ဘာ ၂၀ ရက်တွင် ရသေ့တောင်မြို့တို့ရှိ ကယ်ဆယ်ရေးစခန်းများ၌ နေရပ်စွန့်ခွာတိမ်းရှောင်လာကြသည့်ပြည်သူများအား ကူညီထောက်ပံ့မှုများ ဆက်လက်ပေးအပ်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို) ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာ စန်းစန်းမြင့်အောင်က ပြောသည်။

ဝင်းမင်းစိုး(ပြန်/ဆက်)

ARSA အစွန်းရောက်အကြမ်းဖက်ဆန့်ကျင်ရေးနှင့် ပြည်ပက ဝင်ရောက်စွက်ဖက်မှုရှုတ်ချရေး ဆန္ဒဖော်ထုတ်

ရန်ကုန် စက်တင်ဘာ ၁၈

ARSA အစွန်းရောက်အကြမ်းဖက်ဆန့်ကျင်ရေးနှင့် ပြည်ပက ဝင်ရောက်စွက်ဖက်မှုရှုတ်ချရေး ဆန္ဒဖော်ထုတ်ပွဲကို ယနေ့ ညနေ ၃ နာရီက ရန်ကုန်မြို့ မြို့တော်ခန်းမအနီး (မဟာဗန္ဓုလပန်းခြံရှေ့)တွင် ပြုလုပ်ခဲ့သည်။

ဆန္ဒဖော်ထုတ်ပွဲတွင် တက်ရောက်လာကြသူများက ARSA အစွန်းရောက်အကြမ်းဖက်ဆန့်ကျင်ရေးနှင့်ပတ်သက်သည့် အကြောင်းအရာများကို ဟောပြောမှုများပြုလုပ်ကြပြီး အချက်(၈)ချက်ပါသည့် သဘောထားကြေညာချက်တစ်စောင်ကို ထုတ်ပြန်ခဲ့သည်။

သတင်း- ဇော်ကြီး၊ ဓာတ်ပုံ- ဇာနည်မောင်

မြန်မာယူ- ၁၈ အသင်း နည်းပြအပြောင်းအလဲဖြစ်ပေါ်

ရန်ကုန် စက်တင်ဘာ ၁၈

မြန်မာယူ-၁၈အသင်းသည် အိမ်ရှင်အဖြစ်လက်ခံကျင်းပခဲ့သည့် ၂၀၁၇ အာဆီယံယူ-၁၈ ပြိုင်ပွဲတွင် အောင်မြင်မှုမရဘဲ တတိယနေရာလုပွဲတွင် ဂိုးပြတ်အရေးနိမ့်ခဲ့သောကြောင့် နည်းပြအပြောင်းအလဲဖြစ်ခဲ့ပြီး ပြင်သစ်လူမျိုးနည်းပြ ဘန်လာဘီနှင့်လမ်းခွဲကာ ပြည်တွင်းနည်းပြ ဦးချစ်နိုင်ကို ပြောင်းလဲခန့်အပ်ခဲ့သည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် အာဆီယံယူ-၁၈ ပြိုင်ပွဲအပြီး နောက်ရက်မှာပင် အောင်မြင်မှုရယူနိုင်ခြင်းမရှိသည့် နည်းပြချုပ် ဘန်လာဘီနှင့် စာချုပ်ဖျက်သိမ်းခဲ့သည်။ ဘန်လာဘီသည် မေလဆန်းပိုင်းကမှ မြန်မာယူ- ၁၈ အသင်းကိုကိုင်တွယ်ခဲ့ပြီး ပထမဆုံး နိုင်ငံတကာပြိုင်ပွဲဖြစ်သည့် အာဆီယံယူ- ၁၈ ပြိုင်ပွဲတွင်အောင်မြင်မှုမရခဲ့သောကြောင့် ထုတ်ပယ်ခဲ့ခြင်းဖြစ်သည်။ မြန်မာယူ- ၁၈ အသင်းသည် နိုဝင်ဘာ ၄ ရက်မှ ၈ ရက်အထိ ကမ္ဘောဒီးယားနိုင်ငံ၌ကျင်းပမည့် အာရှယူ-၁၉ ခြေစစ်ပွဲ ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ဦးချစ်နိုင်က ကိုင်တွယ်သွားမည်ဖြစ်သည်။ ဦးချစ်နိုင်သည် မြန်မာယူ- ၁၆၊ ယူ- ၁၄ အသင်းတို့ကို ကိုင်တွယ်ခဲ့ဖူးပြီး MNL ကလပ် မကွေးအသင်းတွင် လက်ထောက်နည်းပြအဖြစ် ကာလရှည်ကိုင်တွယ်ခဲ့သူဖြစ်သည်။ ယခုနှစ်တွင် စီးတီးရန်ကုန်အသင်း၏ နည်းပြချုပ်အဖြစ် ပြောင်းလဲတာဝန်ယူခဲ့ပြီး ပထမတန်းမှ MNL သို့ တန်းပြန်တက်ခွင့်ရအောင် စွမ်းဆောင်ပေးနိုင်ခဲ့ကြောင်း သိရသည်။ ထို့ပြင် အား/ကာသိပ္ပံ (မန္တလေး)တွင် ၂၀၀၂ ခုနှစ်မှ ၂၀၀၉ ခုနှစ်အထိ နည်းပြအဖြစ်ဆောင်ရွက်ခဲ့ပြီး အောင်မြင့်အေး၊ စိုးမင်းဦး၊ ကျော်ကိုကို၊ ဒေးဗစ်ဒန်း၊ တင်ဝင်းအောင်၊ နန္ဒကျော်၊ မောင်မောင်စိုး စသည့် ကစားသမားကောင်းများစွာ မွေးထုတ်ပေးနိုင်ခဲ့သည်။ ဦးချစ်နိုင် ကိုင်တွယ်မည့် မြန်မာ ယူ-၁၈ အသင်းသည် ယခုရက်ပိုင်းအတွင်းစတင်လေ့ကျင့်မည်ဖြစ်သည်။

(ရဲရင့်ရှိုင်း)

ဒလမြို့နယ် သဘော်ဆိပ်ကမ်း သန့်ရှင်းသာယာလှပစေရေး လမ်းဘေးကျူးကျော်ဆိုင်များနှင့် ကမ်းနားလမ်းရှင်းလင်း

ရန်ကုန် စက်တင်ဘာ ၁၈
ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် သဘော်ဆိပ်ကမ်း၌ စက်တင်ဘာ ၁၈ ရက် နံနက်ပိုင်းက သဘော်ဆိပ်ကမ်း သန့်ရှင်းသာယာလှပစေရေးကော်မတီက ဒလသဘော်ဆိပ်ကမ်း သန့်ရှင်းသာယာလှပစေရေးအတွက် လမ်းဘေးကျူးကျော်ဈေးဆိုင်များနှင့် ကမ်းနားဘေးကျူးများကို ရှင်းလင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဒလမြို့နယ်တွင် ရပ်ကွက် ၂၄ ရပ်ကွက်၊ ကျေးရွာအုပ်စု ၂၃ အုပ်စု၊ ကျေးရွာပေါင်း ၅၄ ရွာ တည်ရှိပြီး ယင်းဆိပ်ကမ်းမှာ ဒလမြို့နယ်အပါအဝင် တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်းအပြင် ဧရာဝတီတိုင်းဒေသကြီးမှ ခရီးသွားပြည်သူများ ပုံမှန်သွားလာလျက်ရှိရာ တစ်ရက်လျှင် ခရီးသည် အသွား/အပြန် ၆၀၀၀၀ ခန့် သွားလာလျက်ရှိသည်။ ပြည်တွင်းရေကြောင်းသဘော်ဖြင့် တစ်ရက်လျှင် အသွား/အပြန် ၂၇၀၀၀၀ ကျော်ခန့်သွားလာပြီး စက်သမ္ဗန်ဆိပ်၌ ခရီးသည် အသွား/အပြန် ၃၅၀၀ ဝန်းကျင်ခန့် ရန်ကုန်ဘက်သို့ ကူးသန်းသွားလာခြင်းတို့ကြောင့် ခရီးသည်များ၏ သွားလာရေးစိတ်ချမ်းမြေ့စေရန်အတွက် ဆောင်ရွက်ပေးခြင်းဖြစ်သည်။ ခရီးသည်သွားလာမှု များပြားသည်နှင့်အမျှ လမ်းဘေးဈေးဆိုင်များ၊ သုံးဘီးဆိုင်ကယ်များ၊ ဆိုင်ကယ်ကယ်ရီများ၊ ဆိုက်ကားများ

များလာကာ အဝေးပြေးယာဉ်များ၏ ခရီးသည်ခေါ်ယူမှုတွင် ရှုပ်ထွေးပြီး စည်းကမ်းမညီညွတ်မှုများလာသလို ခိုး၊ ဆိုး၊ လုယက်မှုကိစ္စများ ပေါ်ပေါက်နေသည်။

လမ်းဘေးဈေးဆိုင်များ စနစ်တကျရောင်းဝယ်၍ ရအောင်၊ ဆိုင်ကယ်ဂိတ်၊ ဆိုက်ကားဂိတ်များကို စနစ်တကျ ပြောင်းရွှေ့နေရာချထားပေးကြောင်း၊ တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်း၊ ဧရာဝတီတိုင်းဒေသကြီးတို့သို့ သွားလာကြသော ခရီးသည်တင်ယာဉ်များနှင့် အငှားယာဉ်ဂိတ်များကိုလည်း စနစ်တကျသတ်မှတ်ပြီး ဆောင်ရွက်ပေးထားကြောင်း၊ ယခုအခါ လမ်းဧရိယာပေါ်တွင် အပြည့်အဝကျူးကျော်ဝင်ရောက်နေခြင်းတို့ကြောင့် စည်းကမ်းနှင့်အညီဆောင်ရွက်နိုင်ရေးအတွက် မြို့နယ်အဂ်ါရပ်နှင့်အညီ ပြုလုပ်ခြင်းဖြစ်ကြောင်း မြို့နယ်အုပ်ချုပ်ရေးမှူး ဦးယဉ်ထွေးက ပြောသည်။

ဒလသဘော်ဆိပ်ကမ်း၌ လက်ရှိအချိန်တွင် လမ်းပေါ်ကျူးကျော် ဈေးဆိုင်ပေါင်း ၄၀၊ ၅၀ နီးပါးခန့်ရှိပြီး မော်တော်ယာဉ်များ၊ သုံးဘီးဆိုင်ကယ်များ၊ ဆိုင်ကယ်ကယ်ရီများ၊ ဆိုက်ကားများသည် သဘော်ဆိပ် အဝင်၊ အထွက်နေရာများ၊ ကမ်းနားလမ်းနှင့် အဝိုင်းလမ်းမကြီးပေါ်တို့၌ ပိတ်ဆို့ရပ်နားမှုများ ပြုလုပ်နေသည်။ ထို့ကြောင့် နေ့စဉ် ခရီးသွားပြည်သူများစွာတို့မှာ အဆင်မပြေမှုများ ကြုံတွေ့နေရပြီး လမ်းမကြီးဝဲ၊ ယာတစ်လျှောက်တွင် ယာဉ်ကြီး၊ ယာဉ်ငယ်များ ခရီးသည်အတင်၊ အချ ပြုလုပ်နေမှုတို့ကြောင့် လမ်းပိတ်ဆို့မှုများ ဖြစ်ပေါ်လျက်ရှိသည်။ ဒေသခံပြည်သူများနှင့် တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်းနှင့် ဧရာဝတီတိုင်းဒေသကြီးများမှ ခရီးသွားပြည်သူတို့က ဒလသဘော်ဆိပ်ကမ်း သန့်ရှင်းသာယာလှပစေရေးအတွက် ယင်းသို့ရှင်းလင်းမှုများကို ဆောင်ရွက်စေလိုကြောင်း လူမှုကွန်ရက်စာမျက်နှာများတွင် တောင်းဆိုမှုများစွာ ပြုလုပ်လျက်ရှိသည်။

သတင်းနှင့်ဓာတ်ပုံ-နိုင်လင်းကျော်(ဒလ)

ချင်းတွင်းမြစ်ဝှမ်းဒေသရှိ ဇီဝမျိုးစုံမျိုးကွဲများထိန်းသိမ်းခြင်းနှင့် ဂေဟစနစ်ဝန်ဆောင်မှုများ ဖွံ့ဖြိုးတိုးတက်ရေး သုတေသနပြုလုပ်ဆောင်သွားမည်

မုံရွာ စက်တင်ဘာ ၁၈
ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းခြင်းနှင့် ဂေဟစနစ်ဝန်ဆောင်မှုများ ဖွံ့ဖြိုးတိုးတက်ရေးစီမံချက်ဖြင့် ကမ္ဘာပေါ်တွင် မျိုးသုဉ်းပျောက်ကွယ်တော့မည့် မျိုးစိတ်ပေါင်း ၃၁ မျိုးတို့စုဝေးရာ ဒေသတစ်ခုဖြစ်သော ချင်းတွင်းမြစ်ဒေသတွင် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ချက်များကို ချမှတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မူဝါဒချမှတ်နိုင်သူများကို ပံ့ပိုးပေးနိုင်ရေးအတွက် ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ယနေ့ နံနက် ၈ နာရီခွဲက မုံရွာမြို့ ဝင်းယူနတီဟိုတယ် အစည်းဝေးခန်းမ၌ကျင်းပသည့် ချင်းတွင်းမြစ်ဝှမ်းဒေသရှိ ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းခြင်းနှင့် ဂေဟစနစ်ဝန်ဆောင်မှုများ ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်က ပြောကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း အဓိကဖြတ်သန်းစီးဆင်းလျက်ရှိသော ချင်းတွင်းမြစ် ရေရှည်တည်တံ့စေရန်အတွက် ချင်းတွင်းမြစ်ဝှမ်းဒေသရှိ ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းရေးနှင့် ဂေဟစနစ်ဝန်ဆောင်မှု တန်ဖိုးများ ဖွံ့ဖြိုးတိုးတက်လာစေရေး သုတေသနပြုစစ်တမ်းများ ကောက်ယူသွားရေးအတွက် ချင်းတွင်းမြစ်ဝှမ်းဒေသနှင့် မဲခေါင်မြစ်ဝှမ်းဒေသတို့မှ အသိပညာရှင်၊ အတတ်ပညာရှင်များ တွေ့ဆုံဆွေးနွေးအကြံပြုချက်များ ရယူသွားမည်ဖြစ်ကြောင်း သိရသည်။

"စီမံကိန်းရဲ့ အဓိကရည်ရွယ်ချက်က နိုင်ငံတော်အဆင့် ဖွံ့ဖြိုးတိုးတက်ရေးမူဝါဒတွေနဲ့ စီမံချက်တွေမှာ ဇီဝမျိုးစုံမျိုးကွဲတွေ ထိန်းသိမ်းဖို့နဲ့ ဂေဟစနစ် ထိန်းသိမ်းတာတွေကို ထည့်သွင်းစဉ်းစား ဆောင်ရွက်ဖို့ဖြစ်ပါတယ်။ စီမံကိန်း ထူးခြားချက်က ဇီဝမျိုးစုံမျိုးကွဲတွေကို ကာကွယ်ခြင်းနဲ့ ထိန်းသိမ်းခြင်းတွေ အပေါ်အများပြည်သူတွေ အသိပညာတိုးတက်လာစေဖို့ ချိတ်ဆက်တွေ့ဆုံညှိနှိုင်းပြီး သုတေသနပြု တွေ့ရှိချက်တွေကို ဖြန့်ဝေပေးမှာပါ။ ချင်းတွင်းမြစ် အနာဂတ်ရေရှည်ဖွံ့ဖြိုးရေးအထောက်အကူပြုမယ့် အကြံဉာဏ်တွေကို ဝိုင်းဝန်းဆွေးနွေးပေးကြဖို့၊ ဆွေးနွေးမှုကရလာတဲ့ ရလဒ်တွေကိုအခြေခံပြီး အားလုံးပူးပေါင်းပါဝင်သွားကြဖို့ ပြည်သူလူထုကလည်း ကူညီဆောင်ရွက်ပေးဖို့ ပြောလိုပါတယ်"ဟု စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်က ပြောသည်။

ချင်းတွင်းမြစ်ဝှမ်းဒေသရှိ ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းခြင်းနှင့် ဂေဟစနစ်ဝန်ဆောင်မှုများ ဖွံ့ဖြိုးတိုးတက်ရေးစီမံချက်အရ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေနှင့် ပတ်သက်ပြီး မြန်မာ့ပတ်ဝန်းကျင်သိပ္ပံ နာယက ပါမောက္ခ ဦးမောင်မောင်အေးက "ချင်းတွင်းမြစ်ဝှမ်းဒေသ ဖွံ့ဖြိုးတိုးတက်ရေး သုတေသနလုပ်ငန်းကို ၂၀၁၄ ခုနှစ် အစပိုင်းကတည်းက စတင်လုပ်ဆောင်ခဲ့ပါတယ်။ သုတေသနပြုလုပ်တဲ့အခါမှာ ချင်းတွင်းမြစ်ဟာ အခုထိ ဘယ်လောက်အခြေအနေတွေပြောင်းလဲခဲ့ပြီလဲ၊ ပတ်ဝန်းကျင်အခြေအနေ၊ မြစ်ကြောင်းရဲ့ ပုံသဏ္ဍာန်ဟာ ဘယ်လိုအဆင့်ဆင့်ပြောင်းလဲခဲ့တယ်။ မြစ်ကမ်းပါးတွေ ဘယ်လိုပြိုကျနေသလဲ၊ မြစ်အကွေ့အကောက်တွေ ဘယ်လိုပြောင်းလဲနေသလဲ၊ နောက်ပြီး မြစ်ထဲမှာရှိတဲ့ရေရဲ့ အရည်အသွေးက နှစ်ကာလကို လိုက်ပြီးတော့ ဘယ်လိုပြောင်းလဲနေသလဲ၊ အခုဘယ်အဆင့်မှာ ရောက်နေသလဲ၊ ဘယ်အဆင့်ကို ဦးတည်ပြီးတော့ ပြောင်းလဲမလဲ၊ လိုအပ်တဲ့ထိန်းချုပ်မှုတွေ၊ စီမံခန့်ခွဲမှုတွေကို အချိန်မီမပြုလုပ်ရင် ဘယ်လိုပြောင်းလဲသွားနိုင်သလဲ၊ ပိုမိုဆိုးရွားတဲ့ အခြေအနေတစ်ခုကိုဦးတည်ပြီး သွားနိုင်သလား ဆိုတာကို လေ့လာခြင်းဖြစ်ပါတယ်"ဟု ပြောသည်။

ချင်းတွင်းမြစ်ဝှမ်းသည် ဒေသခံပြည်သူ ခြောက်သန်းခန့် အသက်ရှင်နေထိုင်နိုင်ရေးအတွက် မရှိမဖြစ်လိုအပ်သော သောက်ရေ၊ အစားအစာနှင့် လောင်စာတို့အပြင် ငါးဖမ်းခြင်း၊ ရေလမ်းအသုံးပြုခြင်းနှင့် ခရီးသွားလုပ်ငန်းအစရှိသော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ လုပ်ကိုင်လျက်ရှိသည်။ ချင်းတွင်းမြစ်ဝှမ်းဒေသသည် အပြည်ပြည်ဆိုင်ရာ သဘာဝထိန်းသိမ်းရေးအဖွဲ့၏ ဇီဝမျိုးကွဲများ အဓိက ထိန်းသိမ်းသင့်သည့်နေရာ ၁၁ နေရာတွင် ပါဝင်သောဒေသဖြစ်သည်။

ဝင်းဦး(ဇေယျာတိုင်း)
❑

အသက်(၉၀)နှင့်အထက် အဘိုးအဘွားများအား လူမှုရေးပင်စင်ငွေများ ပေးအပ်

မြစ်သား စက်တင်ဘာ ၁၈
မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်အတွင်းရှိ ရှမ်းပွဲရပ်ကွက်၌ အသက်(၉၀)နှင့်အထက် အဘိုးအဘွားများအား အမျိုးသားလူမှုရေးပင်စင်ထောက်ပံ့ငွေများကို လူမှုဝန်ထမ်းဦးစီးဌာနမှတာဝန်ခံများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးက ဇူလိုင်၊ ဩဂုတ်နှင့် စက်တင်ဘာလအတွက် တစ်ဦးလျှင် လစဉ် ငွေကျပ် တစ်သောင်းနှုန်းဖြင့် အဘိုးအဘွား ငါးဦး၏ လက်ဝယ်အရောက် စက်တင်ဘာ ၁၇ ရက် မွန်းလွဲပိုင်းက လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

မြစ်သားမြို့နယ်အတွင်းရှိ အသက်(၉၀)နှင့်အထက် အဘိုးအဘွား ၁၅၁ ဦးအား အမျိုးသားလူမှုရေးပင်စင်ငွေများ ထောက်ပံ့ပေးအပ်ခဲ့ပြီး ဖြစ်ကြောင်း သိရသည်။

ရဲဝင်းထွန်း(မြစ်သား)

ငပလီကမ်းခြေဒေသ၌ ဟိုတယ်ဆိုင်ရာ ဝန်ဆောင်မှုသင်တန်းများဖွင့်

နေပြည်တော် စက်တင်ဘာ ၁၈
ဟိုတယ်နှင့်ခရီးသွား ညွှန်ကြားမှုဦးစီးဌာန(သံတွဲရုံးခွဲ)နှင့် မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း(ရခိုင်ဇုန်)တို့ ပူးပေါင်းဖွင့်လှစ်သည့် ဟိုတယ်ဆိုင်ရာဝန်ဆောင်မှုသင်တန်းများဖွင့်ပွဲကို စက်တင်ဘာ ၁၄ ရက် နံနက်ပိုင်းက ငပလီကမ်းခြေရှိ Amazing Ngapali Resort ဟိုတယ်၌ ကျင်းပခဲ့သည်။

Star Academy သင်တန်းကျောင်းမှ ဝါရင့်နည်းပြဆရာ ဦးမျိုးခိုင်က သင်တန်းရေးရာကို ရှင်းလင်းပြောကြားပြီး Bayview Beach Resort ဟိုတယ်မှ အုပ်ချုပ်ရေးမန်နေဂျာ ဒေါ်ထိုက်ထိုက်ကိုက သင်တန်းများ ဖွင့်လှစ်ပေးခြင်းအတွက် ငပလီကမ်းခြေဟိုတယ်များကိုယ်စား ကျေးဇူးတင်စကားပြောကြားသည်။

ယခုဖွင့်လှစ်ခဲ့သည့် ဟိုတယ်ဆိုင်ရာ ဝန်ဆောင်မှုသင်တန်းများကို စက်တင်ဘာ ၁၁ရက်မှ အောက်တိုဘာ ၁၁ရက်အထိ တစ်လကြာ စာတွေ့၊ လက်တွေ့ လေ့ကျင့်သင်ကြားပေးသွားမည်ဖြစ်ပြီး ဧည့်ကြိုသင်တန်းတွင် ၃၁ ဦး၊ အိပ်ခန်းဆောင်ထိန်းသိမ်းခြင်းသင်တန်းတွင် ၆၇ ဦး၊ အစားအစာနှင့် အဖျော်ယမကာဝန်ဆောင်မှုသင်တန်းတွင် ၄၅ ဦး၊ အစားအစာနှင့် အဖျော်ယမကာထုတ်လုပ်မှုသင်တန်းတွင် ၃၅ ဦး စုစုပေါင်း ၁၇၈ ဦး တက်ရောက်သင်ကြားလျက်ရှိကြောင်း သိရသည်။ **(ကြေးမုံ)**

သန်းခေါင်စာရင်းအချက်အလက်များပညာပေးခြင်း အလုပ်ရုံဆွေးနွေး

နမ့်စန် စက်တင်ဘာ ၁၈

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် နမ့်စန်မြို့နယ်တွင် မြို့နယ်အဆင့် သန်းခေါင်စာရင်းအချက်အလက်များ အသိပညာပေးခြင်း အလုပ်ရုံဆွေးနွေးပွဲကို ယနေ့ နံနက် ၉ နာရီက မြို့နယ်ခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို စက်တင်ဘာ ၁၈ ရက်မှ ၁၉ ရက်အထိ နှစ်ရက်တာ ကျင်းပမည်ဖြစ်ပြီး နမ့်စန်မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအသင်းအဖွဲ့များ၊ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များနှင့် ရပ်ကွက်/ကျေးရွာများမှ စိတ်ပါဝင်စားသူ စုစုပေါင်း ၆၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

သူရအောင်(ပြန်/ဆက်)

(၄၆)ကြိမ်မြောက် နိုင်ငံတကာပေးစာရေးပြိုင်ပွဲ ပြည်တွင်းအဆင့် ဆုရွေးချယ်

နေပြည်တော် စက်တင်ဘာ ၁၈

၂၀၁၇ ခုနှစ် အောက်တိုဘာ ၉ ရက်တွင် ကျရောက်မည့် ကမ္ဘာ့စာပို့တိုက်နေ့ (World Post Day) အထိမ်းအမှတ်အဖြစ် နိုင်ငံတကာပေးစာရေးပြိုင်ပွဲကို ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့(UNESCO)နှင့် ကမ္ဘာ့စာပို့တိုက်သမဂ္ဂ(UPU)တို့ ပူးပေါင်းဆောင်ရွက်သည့် အစီအစဉ်အဖြစ် အသက်(၁၅) နှစ်နှင့်အောက် နိုင်ငံတကာလူငယ်များ ပေးစာရေးပြိုင်ပွဲကို ကျင်းပခဲ့သည်။

"Imagine you are an advisor to the new UN Secretary-General; which world issue would you help him tackle first and how would you advise him to solve it" ဟူသော ခေါင်းစဉ်ဖြင့် ပြည်တွင်းအဆင့် အင်္ဂလိပ်ဘာသာဖြင့် ပေးစာရေးပြိုင်ပွဲကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနနှင့် ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ဇန်နဝါရီ ၃ ရက်က မြို့နယ်များအလိုက် အခြေခံပညာကျောင်းများ၌ ကျင်းပခဲ့သည်။

အသက်(၁၅)နှစ်နှင့်အောက် နိုင်ငံတကာ လူငယ်များပေးစာရေးပြိုင်ပွဲ (ပြည်တွင်းအဆင့်)ပထမဆုကို မကွေးတိုင်းဒေသကြီး အထက(၁) နတ်မောက်အဋ္ဌမတန်းမှ မဝင်းပြည့်ပြည့်ဇော်၊ ဒုတိယဆုကို စစ်ကိုင်းတိုင်းဒေသကြီး အထက စိုင်ပြင် နဝမတန်းမှ မဂျူးထက်ဇော်၊ တတိယဆုကို မန္တလေးတိုင်းဒေသကြီး အထက(၁)မိုးကုတ်မြို့ အဋ္ဌမတန်းမှ မငြိမ်းသက်နှင်းတို့က အသီးသီး ဆွတ်ခူးရရှိကြသည်။

နိုင်ငံတကာ လူငယ်များ ပေးစာရေးပြိုင်ပွဲ (ပြည်တွင်းအဆင့်) ပထမဆုရှင် မဝင်းပြည့်ပြည့်ဇော်၏ ပေးစာရေးစာမူကို ဆွစ်ဇာလန်နိုင်ငံရှိ ကမ္ဘာ့စာပို့တိုက်သမဂ္ဂဌာနချုပ်သို့ ဆက်လက်ပေးပို့၍ နိုင်ငံတကာအဆင့်သို့ ဝင်ရောက်ယှဉ်ပြိုင်ထားကြောင်း သိရသည်။

(သတင်းစဉ်)

ထင်း၊ တိုင်၊ မျှောများ ဝေငှခြင်းအခမ်းအနားကျင်းပ

သရက် စက်တင်ဘာ ၁၈

မကွေးတိုင်းဒေသကြီး သရက်မြို့နယ် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ သရက်မြို့နယ် ရေမျက်ကျေးရွာအုပ်စု ရှမ်းရွာကျောကျေးရွာသို့ စိုက်ခင်းအမှတ်(၁/ ၂၀၀၇)ကျေးရွာသုံးစိုက်ခင်း ဧက ၂၈၀ အနက်မှ ထင်း၊ တိုင်၊ မျှောများအား ဒုတိယအကြိမ် ဝေငှခြင်း အခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက အဆိုပါ စိုက်ခင်းအတွင်း ကျင်းပသည်။

အခမ်းအနားတွင် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန ခရိုင်လက်ထောက် ညွှန်ကြားရေးမှူးက ကျေးရွာများသို့ စိုက်ခင်းလွှဲပြောင်းပေးခြင်းသည် စိုက်ပျိုးထားသည့် သစ်ပင်များကိုသာ လွှဲပြောင်းပေးခြင်းဖြစ်ကြောင်း၊ ယခု ခုတ်ယူခဲ့သောနေရာကို စိုက်ခင်းအသစ်တည်ထောင် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ ယခုနှစ် တည်ထောင်ထားသည့် ကျေးရွာသုံးစိုက်ခင်း ဧက ၆၀ ကို ဝိုင်းဝန်းထိန်းသိမ်း၍ ကူညီစောင့်ရှောက်ရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် စိုက်ခင်းဟောင်း ဧက ၂၈၀ အနက်မှ ခုတ်ယူရန်ကျန်ရှိသည့် ဧက ၄၀ အတွင်းမှ ခုတ်ယူရရှိထားသော ထင်း ၇ ဒသမ ၅၅ တန်၊ တိုင် ၅၁ လုံး၊ မျှောလုံး ၁၁၀ တို့ကို ရှမ်းရွာကျောကျေးရွာနေပြည်သူများအား ဝေငှပေးခဲ့ကြောင်း သိရသည်။

ဇော်ထက်(သရက်)

သုံးစွဲရန်မသင့်သော တိုင်းရင်းဆေးဝါးကို အများပြည်သူများသိရှိရန် အသိပေးကြေညာ

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးဥပဒ်အန္တရာယ်ကင်းရှင်းကာ အကျိုးအာနိသင်ရှိသော တိုင်းရင်းဆေးဝါးများကို အများပြည်သူတို့ သုံးစွဲနိုင်ရန် စဉ်ဆက်မပြတ် စနစ်တကျစစ်ဆေးလျက်ရှိပါသည်။

ယင်းသို့စစ်ဆေးရာတွင် ဈေးကွက်အတွင်း ရောင်းချလျက်ရှိသော အောက်ဖော်ပြပါ တိုင်းရင်းဆေးဝါးသည် ကျန်းမာရေးအတွက် ဘေးအန္တရာယ်ဖြစ်စေနိုင်သော ဓာတ်သတ္တုမာ ပမာဏများစွာ ရောနှောပါဝင်ကြောင်း စိစစ်တွေ့ရှိရသဖြင့် အများပြည်သူလူထုသုံးစွဲရန် မသင့်တော်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

အာဆင်းနစ်ပါဝင်မှုမြင့်မားသော လိမ်းဆေးကိုသုံးစွဲမိပါက အရေပြားယားယံခြင်း၊ ရောင်ရမ်းခြင်းတို့ ဖြစ်စေနိုင်သည့်အပြင် ကာလကြာရှည်ထိတွေ့မိပါက အရေပြား၊ အသည်း၊ ဆီးအိမ်၊ ကျောက်ကပ်နှင့် အဆုတ်ကင်ဆာရောဂါများ ဖြစ်ပွားနိုင်ပါသည်။

တိုင်းရင်းဆေးဝါး ထုတ်လုပ်ဖြန့်ဖြူးသည့် လုပ်ငန်းများနှင့် ဆေးဝါးရောင်းချသည့် လက်လီလက်ကားဆိုင်များသည် တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးများ၊ ဆေးဝါးအတုများ၊ စံမညီတိုင်းရင်းဆေးဝါးများ၊ အများပြည်သူသုံးစွဲရန် မသင့်ကြောင်း ကြေညာထားသည့် တိုင်းရင်းဆေးဝါးများ တင်သွင်းဖြန့်ဖြူး၊ ရောင်းချခြင်းများကို ကျင့်ဝတ်(Ethic)အရ လုံးဝမပြုလုပ်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက တိုင်းရင်းဆေးဝါးဥပဒေပုဒ်မ(၃၁)အရ တရားစွဲဆိုအရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

စဉ်	အမှတ်တံဆိပ်	ဆေးအမည်	ဆေးဝါးပုံစံ	ထုတ်လုပ်/ဖြန့်ချိဌာန	တွေ့ရှိချက်
၁။	ရွှေသုန္ဒရီ	သနပ်ခါး လိမ်းဆေး	ဆေးအနှစ်/ဘူး	အမှတ်(၁၀/၁၄)၊ ကုံကော်လမ်း၊ မြို့ဟောင်းအလယ်ရပ်ကွက်၊ သန်လျင်မြို့	အာဆင်းနစ် (၅၄ ဒသမ ၉၁ ဖလိုရိုက်ပါဝင်မှု)

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှုသင်တန်းဖွင့်

မြစ်သား စက်တင်ဘာ ၁၈

စက်မှုလယ်ယာသုံး စက်ကိရိယာများ ပြုပြင်/မောင်းနှင်/ထိန်းသိမ်းမှုသင်တန်း ဖွင့်ပွဲကို စက်တင်ဘာ ၁၈ ရက်က မြစ်သားမြို့ စက်မှုလယ်ယာဦးစီးဌာန အမှတ်(၆၄) စက်မှုလယ်ယာစခန်း၌ကျင်းပသည်။

သင်တန်းတွင် ထွန်စက်နှင့် ထွန်ယက်ကိရိယာများ၊ လက်တွန်း ထွန်စက်၊ ဒေါင်ဖန်း လက်တွန်းထွန်စက်၊ ကောက်စိုက်စက်နှင့် စပါးရိတ်သိမ်း ခြွေလှေ့စက်များ ပြုပြင်မောင်းနှင်ထိန်းသိမ်းမှုနှင့်ပတ်သက်၍ သင်တန်းကာလ ၁၂ ရက်ကြာ စာတွေ့လက်တွေ့ပို့ချပေးမည်ဖြစ်ပြီး မြို့နယ်အတွင်းရှိ သင်တန်းသား ၃၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။ **ရဲဝင်းထွန်း(မြစ်သား)**

အရင်းမပျောက်လည်ပတ်ရန်ပုံငွေဖြင့် ဆောင်ရွက်နေသော လုပ်ငန်းများအား စစ်ဆေး

ဒီပဲယင်း စက်တင်ဘာ ၁၈

စစ်ကိုင်းတိုင်းဒေသကြီး ဒီပဲယင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အရင်းမပျောက်လည်ပတ်ရန်ပုံငွေဖြင့် ဆောင်ရွက်နေသော ပေါင်းတောင်ကူကျေးရွာ၏ လုပ်ငန်းများတိုးတက်မှုကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးမှူး ဒေါ်ခင်မိမိအောင်နှင့် ဝန်ထမ်းများက စက်တင်ဘာ ၁၈ ရက်တွင် ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့သည်။

အဆိုပါအဖွဲ့သည် မြစိမ်းရောင်ကျေးရွာကော်မတီက ရေးသွင်းထားသော စာရင်းဇယားများ၊ လုပ်ငန်းများဆောင်ရွက်မှုအပေါ် အားသာချက်၊ အားနည်းချက်များကို ကြည့်ရှုစစ်ဆေးခဲ့ခြင်းဖြစ်ပြီး ကျေးရွာကော်မတီဝင်များနှင့် ညှိနှိုင်းဆွေးနွေးခဲ့သည်။ ယင်းကျေးရွာသည် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် အရင်းမပျောက် လည်ပတ်ရန်ပုံငွေဖြင့် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်းတို့ကိုဆောင်ရွက်လျက်ရှိရာ တစ်နှစ်ကျော်အတွင်း အတိုးရငွေကျပ် သိန်း၁၀၀ ကျော်ရရှိပြီးဖြစ်ကြောင်း သိရသည်။

(ခင်ဦးစိုးဝေ)

မူလတန်းအဆင့် ပုံပြောပြိုင်ပွဲကျင်းပ

သာယာဝတီ စက်တင်ဘာ ၁၈

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးကျင်းပသော မူလတန်းအဆင့် ပုံပြောပြိုင်ပွဲကို စက်တင်ဘာ ၁၈ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။

အဆိုပါပြိုင်ပွဲကို မြို့နယ်အတွင်းရှိ ကျောင်းငါးကျောင်းမှ ကျောင်းသားကျောင်းသူ ၂၀ တို့က ပါဝင်ယှဉ်ပြိုင်ကြကာ ပထမဆုကို အမက(လွန်)ပေပင်ကုန်းမှ မအိမ့်စည်ချို၊ ဒုတိယဆုကို အမက(လွန်)ပေပင်ကုန်းမှ မဝါရွှေနွယ်ဝင်း၊ တတိယဆုကို အမက(ရေဝေ)မှ မောင်ကောင်းခန့်ဇော်တို့က ရရှိခဲ့ကြသည်။

သန့်ဇော်(ပြန်/ဆက်)

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် အမှတ်(၂)ရပ်ကွက် အထက (၁) ကျောင်း၌ စက်တင်ဘာ ၁၈ ရက် နံနက် ၉ နာရီက မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြောပွဲနှင့် ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲကျင်းပရာ မရမ်းကုန်းမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးအောင်က မူးယစ်ဆေးဝါးနှင့်ပတ်သက်၍ အသိပညာပေးဟောပြောခဲ့ပြီး ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ ၂၀၀ ကျော် တက်ရောက်ခဲ့ကြသည်။ **(ဇာနည်မောင်)**

စီးပွားရေးတက္ကသိုလ် ကျောင်းသူတစ်ဦး ဝတ်ဆင်ထားသောဆွဲကြိုးကို လုယက်ထွက်ပြေးသူများအား အသုံးပြုသည့်မော်တော်ယာဉ်နှင့်အတူ နာရီပိုင်းအတွင်း ဖမ်းဆီးရမိ

ရန်ကုန် စက်တင်ဘာ ၁၈

စီးပွားရေးတက္ကသိုလ် နောက်ဆုံးနှစ်ကျောင်းသူ မ--သည် စာကျက်ပြီးပြန်လာစဉ် အမျိုးသားနှစ်ဦးက နောက်မှ လိုက်လာပြီး ဝတ်ဆင်ထားသော ဆွဲကြိုးကို လုယက်ကာ အသင့်စောင့်ဆိုင်းနေသော မော်တော်ယာဉ်ဖြင့် ထွက်ပြေးခဲ့သဖြင့် ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့နှင့် အနောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူးဦးဆောင်၍ လိုက်လံဖမ်းဆီးခဲ့ရာ နာရီပိုင်းအတွင်း ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၁၇ ရက် ညနေ ၅ နာရီ ၁၅ မိနစ်ခန့်တွင် စီးပွားရေးတက္ကသိုလ် နောက်ဆုံးနှစ်ကျောင်းသူ မ----(၂၀)နှစ်သည် လှိုင်မြို့နယ်(၁၂) ရပ်ကွက် ရွှေဟင်္သာလမ်းအတိုင်း စာကျက်ပြီးပြန်လာစဉ် လှိုင်တက္ကသိုလ်နယ်မြေ ဂန္ဓမာဆောင်ရှေ့အနီးအရောက် လူငယ်နှစ်ဦးက နောက်မှလိုက်လာပြီး ရှေ့သို့ကျော်တက်ကာ မ ----ဝတ်ဆင်ထားသော ဆွဲကြိုးအား လုယက်ဖြတ်ယူခဲ့ကြောင်း၊ မ ---မှ ပြန်လည်ဆွဲယူခဲ့သဖြင့် ဆွဲကြိုးပါရှိသွားခြင်းမရှိသော်လည်း တန်ဖိုးငွေကျပ် ၁၅၀၀၀၀ ရှိ ရွှေဆွဲသီးပါသွားကြောင်း၊ လုယက်သူနှစ်ဦးမှ အသင့်စောင့်နေသော မော်တော်ယာဉ် 2F --Probox အဖြူရောင် တက္ကစီယာဉ်ပေါ်တက်၍ မောင်းနှင်ထွက်ပြေးသွားခဲ့ကြောင်း တိုင်တန်းချက်အရ လှိုင်မြို့မရဲစခန်းက (ပ)၈၉၁/၂၀၁၇၊ ရာဇသတ်ကြီးဥပဒေပုဒ်မ ၃၈၂ ဖြင့် အမှုဖွင့်စုံစမ်းဆောင်ရွက်ခဲ့သည်။

လုယက်မှုကျူးလွန်သူများအား အမြန်ဆုံးဖမ်းဆီးရမိရေးအတွက် တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးက ပြစ်မှုကျူးလွန်သူများ မောင်းနှင်ထွက်ပြေးသွားသည့် မော်တော်ယာဉ်နောက်သို့ ခရိုင်အလိုက် လိုက်လံပိတ်ဆို့ဖမ်းဆီးရန် ညွှန်ကြားသဖြင့် ပြစ်မှုကျူးလွန်သူများ မောင်းနှင်ထွက်ပြေးသွားသည့် မော်တော်ယာဉ်ဖမ်းဆီးရမိရေးအတွက် ဒဂုံမြို့နယ် ပြည်သူ့ရင်ပြင်ဝင်းအတွင်းရှိ Traffic Control Centre တွင် တပ်ဆင်ထားသော CCTV မှတ်တမ်းအား ကြည့်ရှု၍ အနောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူးကိုယ်တိုင် ဦးစီးသောအဖွဲ့က လိုက်လံဖမ်းဆီးရာ ည ၁၀ နာရီ ၄၅ မိနစ်တွင် ကမာရွတ်မြို့နယ် တက္ကသိုလ်ရိပ်သာလမ်းနှင့် အင်းယားလမ်းထောင့် မီးပွိုင့်အနီးတွင် ပြစ်မှုကျူးလွန်သူ လှိုင်မြို့နယ် အမှတ်(၈)ရပ်ကွက်နေ သံလုံး(ခ) သက်ထွန်းအောင် (၂၉)နှစ်၊ ယာဉ်မောင်း အမှတ် (၇)ရပ်ကွက်နေ ဇင်မျိုး(ခ)ဒဂုံနှင့် မျိုးမင်းဦး(ခ)နှာပိတို့သုံးဦးအား အသုံးပြုသည့်ယာဉ်နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

စစ်ဆေးချက်အရ ကျော်ဇင်လတ်(ခ)ပြားကြီးဆိုသူမှာ ငွေလိုနေသဖြင့် အသက်အရွယ်ကြီးသူများနှင့် အမျိုးသမီးများထံမှ လုယက်ရန် တိုင်ပင်ခဲ့ကြပြီး အခင်းဖြစ်ရက် ညနေ ၃ နာရီခွဲတွင် ၎င်းတို့လေးဦးသည် အဆိုပါယာဉ်ဖြင့် လှိုင်မြို့နယ် RC2 ကျောင်းဝင်းသို့ ရောက်ရှိလာခဲ့ပြီး ဇင်မျိုး(ခ)ဒဂုံနှင့် မျိုးမင်းဦး(ခ)နှာပိတို့က လမ်းလျှောက်လာသည့် အမျိုးသမီးတစ်ဦး ဝတ်ဆင်ထားသောဆွဲကြိုးကို လုယူခဲ့ရာ ရွှေလော့ကတ်သီးရရှိခဲ့ကြောင်း၊ သံလုံး(ခ) သက်ထွန်းအောင်နှင့် ကျော်ဇင်လတ်(ခ)ပြားကြီးတို့နှစ်ဦးမှာ မော်တော်ယာဉ်ဖြင့် အသင့်စောင့်နေပြီး ၎င်းတို့လေးဦး ထွက်ပြေးခဲ့ကြောင်း သိရသည်။

ည ၁၁ နာရီခွဲခန့်တွင် အနောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူး ဦးစီးသည့်အဖွဲ့သည် ပြစ်မှုကျူးလွန်ရာတွင် ပါဝင်သူ ကျော်ဇင်လတ် (ခ) ပြားကြီး (၃၀)နှစ်အား ၎င်းနေထိုင်သည့် လှိုင်မြို့နယ် အမှတ်(၈)ရပ်ကွက်တွင် ဖမ်းဆီးရမိခဲ့သည်။

ပြစ်မှုကျူးလွန်သူ လေးဦး၏ ဖော်ထုတ်ချက်အရ လုယက်ရာတွင်ရရှိခဲ့သည့် သက်သေခံရွှေဆွဲသီး (အလေးချိန် ၂ ပဲ ၁ ရွေး)ကို ရောင်းချထားသည့် လှိုင်မြို့နယ် (၉) ရပ်ကွက်ရှိ ရွှေဆိုင်မှ ပြန်လည်သိမ်းဆည်းရမိခဲ့သည်။

လုယက်မှုကျူးလွန်သူ လေးဦးအား အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နံပါတ်ပြား ပြောင်းလဲတပ်ဆင်လာသော ကုန်တင်ယာဉ်ပေါ်မှ တရားမဝင်သစ်များ သိမ်းဆည်းရမိ

ရန်ကုန် စက်တင်ဘာ ၁၈

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ဆောင်ရွက်မှုများကို ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့တွင် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များက ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၁၇ ရက်က နံပါတ်ပြား ပြောင်းလဲတပ်ဆင်လာသော ကုန်တင်ယာဉ်တစ်စီးပေါ်မှ တရားမဝင်သစ်များ သယ်ဆောင်လာမှုကို ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့များက သိမ်းဆည်းရမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်စဉ် ၂၂ ဘီး မော်တော်ယာဉ်တစ်စီးသည် ယာဉ်နံပါတ်ပြား ပြောင်းလဲတပ်ဆင်လျက် သစ်များတင်ဆောင်လာသည်ကို တွေ့ရှိစစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ပိတောက်ခဲးရွေ ၅၆ တုံး (၆ ဒသမ ၆၁၄၀ တန်)၊ ပိတောက်သစ်လုံး ၁၄ လုံး (၂ ဒသမ ၉၄၈၀ တန်) စုစုပေါင်း အလေးချိန် ၉ ဒသမ ၅၆၂၀ တန်နှင့် ပစ္စည်းသယ်ဆောင်သည့် ယာဉ်တစ်စီး အပါအဝင် (စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၇၇ ဒသမ ၂၁၂ သန်းခန့်)ကို တွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သိရသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၁၇ ရက်က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု နှစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၇ ဒသမ ၂၁၂ သန်းခန့်)၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ရှစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄ ဒသမ ၆၁၂ သန်းခန့်)စုစုပေါင်း တားဆီးမှု ၁၀ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၁ ဒသမ ၈၂၄ သန်းခန့်)ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

(၀၀၁)

လေပြင်းတိုက်ခတ်သဖြင့် လှိုင်းကြီးပြီး နစ်မြုပ်ခဲ့သည့် ကင်းမွန်မီးထွန်းလှေမှ လှေပေါ်ပါသူငါးဦးကို ကယ်ဆယ်နိုင်ခဲ့

မြိတ် စက်တင်ဘာ ၁၈

တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ် ရေမြစ်ကြီးကျေးရွာအုပ်စု ပင်ပန်းကျွန်းတောင်ဘက် တောင်ပြိုကျွန်းနှင့် မရမ်းတောင်ကျွန်းကြားရေပြင်တွင် စက်တင်ဘာ ၁၇ ရက် မွန်းလွဲ ၂ နာရီခန့်က လေပြင်းတိုက်ခတ်သဖြင့် လှိုင်းကြီးပြီး ကင်းမွန်မီးထွန်းလှေတစ်စင်း နစ်မြုပ်ခဲ့ရာ လှေပေါ်ပါသူ ငါးဦးအား ပရည်ကျွန်းကျေးရွာ ရာအိမ်မှူးနှင့်အဖွဲ့က ကယ်ဆယ်နိုင်ခဲ့ကြောင်း သိရသည်။

ကင်းမွန်မီးထွန်းလှေမနစ်မြုပ်မီ လှေပိုင်ရှင် ဦးထွန်းဦးက နေအိမ်သို့ လှေနစ်မြုပ်တော့မည်ဟု ဖုန်းဆက်အကြောင်းကြားခဲ့သဖြင့် ပရည်ကျွန်းကျေးရွာ ရာအိမ်မှူးနှင့်အဖွဲ့မှ ချက်ချင်းသွားရောက် ရှာဖွေကယ်ဆယ်ခဲ့ရာ လအဲကျေးရွာနှင့် ပလောပေါမော်ကြားရေပြင်တွင် ညနေ ၅ နာရီခန့်က လှေပေါ်ပါသူအားလုံးကို ကယ်ဆယ်နိုင်ခဲ့ကြောင်း၊ လှေမှာနစ်မြုပ်သွား၍ ဆယ်ယူရရှိခြင်းမရှိဘဲ လှေနှင့် ပစ္စည်း စုစုပေါင်းတန်ဖိုးငွေကျပ် သိန်း ၁၀၀ ခန့် ဆုံးရှုံးသွားကြောင်း မြိတ်ခရိုင်ရဲတပ်ဖွဲ့မှ သိရသည်။

နစ်မြုပ်ခဲ့သည့် ကင်းမွန်မီးထွန်းလှေမှာ ကျွန်းစုမြို့နယ် ကပကျေးရွာအုပ်စု ပရည်ကျွန်းကျေးရွာနေ ဦးထွန်းဦး ပိုင်ဆိုင်သော အလျား ၃၂ ပေ၊ အနံ ခြောက်ပေ၊ ရေစူး ငါးပေရှိ တရုတ်စက် ၁၀ ကောင်အား နှစ်လုံး ဘေးချိတ်တပ်ဆင်ထားသောလှေဖြစ်ကြောင်း၊ လှေပိုင်ရှင်အပါအဝင် လှေသားလေးဦးသည် တောင်ပြိုကျွန်းနှင့် မရမ်းတောင်ကျွန်းကြားရေပြင်တွင် လှေအား ကျောက်ချရပ်နားထားစဉ် လှိုင်းကြီးလာပြီး လှေပဲ့ပိုင်းသို့ လှိုင်းနှစ်လုံး၊ သုံးလုံးခန့် ဝင်ရောက်မှုကြောင့် ကင်းမွန်မီးထွန်းလှေမှာ နစ်မြုပ်သွားခဲ့ကြောင်း သိရသည်။

ခိုင်ထူး(ပြန်/ဆက်)

မြစ်ဝကျွန်းပေါ် မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက် မိုးသက်လေပြင်းကျခြင်းနှင့်အတူ လှိုင်းကြီးနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ကြေညာချက်အရ မြန်မာ့ပင်လယ်ပြင်မှ ငါးဖမ်းစက်လှေများ ဖျာပုံမြစ်အတွင်း စက်တင်ဘာ ၁၈ ရက် ညနေပိုင်းတွင် ဝင်ရောက်လာပြီး ကျောက်ချရပ်နားထားကြစဉ်။ အောင်ဝင်း(ဖျာပုံ)

ဘားအံမြို့နယ်နှင့် လှိုင်လင်မြို့နယ်တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

နေပြည်တော် စက်တင်ဘာ ၁၈

ဘားအံခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၁၆ ရက် နံနက် ၇ နာရီခွဲက ဘားအံမြို့နယ် သာယာကုန်းကျေးရွာအုပ်စု သာယာကုန်းကျေးရွာ ဘားအံ-ကော့ကရိတ် ကားလမ်း(အပြင်လမ်း)တွင် စောလှဖော် မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်အားရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၈၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း။

အလားတူ စက်တင်ဘာ ၁၇ ရက် ညနေပိုင်းက မူးယစ်တပ်ဖွဲ့စု(၂၇) လှိုင်လင်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် လှိုင်လင်မြို့နယ် ပန်ခေါက်ဝိုး ကျေးရွာ ဘုန်းကြီးကျောင်းရှေ့ လှိုင်လင်-နမ့်စန်သွား ကားလမ်းတွင် အောင်ထွေးမောင်းနှင်လာသည့် ဆိုင်ကယ်မှ ဘိန်းဖြူ ဘလောက်တုံးတစ်တုံး (အလေးချိန် သုည ဒသမ ၃၄ ကီလို)၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးကို လည်းကောင်း၊ ချစ်ပိုမောင်းနှင်လာသည့် မော်တော်ယာဉ်မှ ငွေကျပ် ၁၃၀၀၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။ (အပေါ်ပုံ)

(သတင်းစဉ်)

မည်သို့ပင် ဆိုစေကာမူ

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့တဲ့ အာဆီယံ ယူ-၁၈ ဘောလုံးပြိုင်ပွဲဟာ စက်တင်ဘာ ၁၇ ရက်မှာ အပြီးသတ် ကန့်လန့်ကာချ ပိတ်သိမ်းသွားပြီဖြစ်ပါတယ်။ ထိုင်း အသင်းက ချန်ပီယံဖြစ်ခဲ့ပြီး မလေးရှားက ဒုတိယ၊ အင်ဒိုနီးရှားက တတိယဆုကိုသိမ်းပိုက်ခဲ့တာကြောင့် ဆီးဂိမ်းပြိုင်ပွဲလို အလားတူအနေအထားဖြစ်ခဲ့တဲ့ နောက်ထပ် ပြိုင်ပွဲတစ်ပွဲလို့ ဆိုရမှာပါ။ ဒီနှစ်မှာ သတိထားမိတာက ဆီးဂိမ်းရော အခုယူ-၁၈ ပြိုင်ပွဲမှာပါ ဗီယက်နမ်အသင်း ဆီမီးဖိုင်နယ်ကို တက်ရောက်မလာဘဲ ထိုင်း၊ အင်ဒိုနီးရှား၊ မလေးရှားနဲ့ မြန်မာတို့သာ တက်ရောက်လာခြင်းပါ။ ဒါကြောင့် အရှေ့တောင်အာရှ ဘောလုံးချိန်ခွင်လျှာဟာ ယခင်က ထိပ်တန်းအသင်းတွေလို့ သတ်မှတ်ထားတဲ့ ဗီယက်နမ်၊ စင်ကာပူတို့နေရာမှာ အင်ဒိုနီးရှား၊ မလေးရှားနဲ့ မြန်မာတို့ အစားထိုးနေရာယူလာနိုင်ကြတယ်လို့ ဆိုရပါမယ်။

မြန်မာအသင်းအနေနဲ့ ဆီမီးဖိုင်နယ်မှာ မလေးရှားကို ပင်နယ်တီအဆုံးအဖြတ်နဲ့ အရေးနိမ့်ခဲ့တာက ဖြစ်ရိုးဖြစ်စဉ်ကိစ္စရပ်လို့ပြောနိုင်ပေမယ့် တတိယနေရာလုပွဲမှာ အင်ဒိုနီးရှားအသင်းကို ခုနစ်ဂိုးအသွင်းခံရတဲ့အထိ ဖြစ်ခဲ့တာကတော့ စိတ်ဓာတ်ပိုင်းယိုင်လဲမှုကြောင့်လို့ သတ်မှတ်ရမှာပါ။ အဲဒီပွဲမှာ အင်ဒိုနီးရှား ခြေကောင်းခဲ့တာ မှန်ပါတယ်။ ဒါပေမယ့် မြန်မာအသင်းအနေနဲ့ ဗီယက်နမ်ကို ကစားတုန်းက ခြေစွမ်းမျိုးမရှိတော့ဘဲ ချက်ချင်းလက်ငင်း ခြေစွမ်းလုံးဝကျဆင်းသွားတာမြင်ရတော့ ဒါဟာ ၂၀၁၄ ကမ္ဘာ့ဖလား ပြိုင်ပွဲတုန်းက ဘရာဇီးအသင်းကို ပြန်မြင်လိုက်ရသလိုပါပဲ။

တကယ်က ဒီလိုပြိုင်ပွဲအမျိုးအစားတွေဆိုတာ အမှတ်ပေးဖလားပွဲစဉ်မျိုးမဟုတ်တာကြောင့် ရှုံးတာနဲ့နိုင်တာ ဒီနှစ်ခုပဲ ရွေးစရာရှိပါတယ်။ သရေရလဒ်ဆိုရင် ပင်နယ်တီနဲ့ ဆုံးဖြတ်မယ်။ ကိုယ့်အသင်းက အိမ်ရှင်အဖြစ် ကျင်းပခွင့်ရတုန်း ရွှေတံဆိပ်ဆုယူပေးနိုင်မှ တာဝန်ကျေတာမဟုတ်ပါဘူး။ ဒီလိုသာဆို အိမ်ရှင်အသင်းတွေကချည်း ချန်ပီယံဖြစ်နေတော့မှာပေါ့။ ဘောလုံးကို အကြီးအကျယ် အားပေးတဲ့ မြန်မာနိုင်ငံလိုမျိုးမှာ မြန်မာအသင်းအနေနဲ့ အောင်မြင်မှုတည်ဆောက်ချင်ရင် ထိုင်းအသင်းလို အသက်အရွယ်အလိုက် ပြိုင်ပွဲတိုင်း၊ လက်ရွေးစင်အသင်း ပြိုင်ပွဲတွေတိုင်းမှာ အိမ်ကွင်း၊ အဝေးကွင်းမရွေး ခြေစွမ်းပြနိုင်ဖို့ လိုအပ်ပါတယ်။ မြန်မာနိုင်ငံဟာ အခြားနိုင်ငံတွေနဲ့ ယှဉ်ရင် ဘောလုံးကို ပိုပြီး အရူးအမူးအားပေးတဲ့ နိုင်ငံဖြစ်ပါတယ်။ ဒီတော့ ကစားသမားတွေအနေနဲ့လည်း သူတို့ခေတ် သူတို့အခါမှာ သမိုင်းသစ်ရေးထိုးဖို့ ကြိုးစားချင်ကြမှာပဲဆိုတာ သံသယရှိစရာမလိုပါဘူး။

ဒါပေမယ့် ဆီးဂိမ်းရော အခု ယူ-၁၈ ပြိုင်ပွဲမှာပါ ယှဉ်ပြိုင်ခဲ့တာကိုကြည့်ပြီး သုံးသပ်ရရင် မြန်မာအသင်းဟာ နည်းပြမတူ၊ ကစားသမားတွေလည်း လူချင်းမတူ၊ အသက်အရွယ်မတူကြပေမယ့် ပွဲကိုချဉ်းကပ်ခဲ့တဲ့ပုံစံက ဘာလို့ သွားတူရသလဲဆိုတာ အဖြေရှာဖို့ လိုပါတယ်။ မြန်မာ ယူ-၂၂ ရော၊ ယူ-၁၈ ရောဟာ အုပ်စုတွင်းမှာ ခြေစွမ်းကောင်း၊ ဆီမီးဖိုင်နယ်မှာ အကောင်းဆုံးပုံစံကို ဆက်လက်ပြသနိုင်ပါရက်နဲ့ အကြောင်းမလှလို့ ရှုံးခဲ့ရတာဖြစ်ပါတယ်။ ဆီးဂိမ်းပြိုင်ပွဲဝင် မြန်မာယူ-၂၂ အသင်းဆိုရင် ချန်ပီယံဖြစ်မယ့် ထိုင်းအသင်းကိုတောင် ခြေစွမ်းအသာနဲ့ ယှဉ်ကစားနိုင်ခဲ့သလို ယူ-၁၈ အသင်းဆိုလည်း ဆီမီးမှာတွေ့ခဲ့တဲ့ မလေးရှားထက် ခြေစွမ်းပိုင်း ပိုကောင်းခဲ့တယ်ဆိုတာ ကြည့်ရှုခဲ့တဲ့ပရိသတ် တွေမြင်ခဲ့ရပြီးဖြစ်တာကြောင့် အထူးတလည် ရှင်းပြဖို့မလိုပါဘူး။

ဒါကြောင့် ပရိသတ်တွေကလည်း တတိယနေရာလုပွဲကိုတောင် မျှော်လင့်တကြီး အားပေးကြည့်ရှုခဲ့ကြတာဖြစ်ပြီး ရလဒ်ပိုင်း ဒီလောက်ဆိုးရွားခဲ့တာကတော့ အခုမှ တကယ်ပရိသတ်အပေါ် တာဝန်မကျေရာရောက်ခဲ့တယ်ဆိုတာ ကစားသမားတွေအနေနဲ့ သိသင့်ပါတယ်။ ဒါ့အပြင် အင်ဒိုနီးရှားကို ဂိုးတွေဆက်တိုက်ပေးခဲ့ရပြီးနောက် မြန်မာကစားသမားတွေရဲ့ ကွင်းတွင်းယှဉ်ပြိုင်ခဲ့တဲ့ပုံစံဟာ ကြည့်ရှုနေတဲ့ပရိသတ်ကို အနည်းငယ် စိတ်မသက်မသာ ဖြစ်စေပါတယ်။

မြန်မာယူ-၁၈အသင်း ဆီမီးဖိုင်နယ်မှာ မလေးရှားကို ပင်နယ်တီအဆုံးအဖြတ်နဲ့ အရေးနိမ့်ခဲ့တဲ့အပေါ် ထင်မြင်ချက်တွေ အမျိုးမျိုးထွက်ခဲ့ပြီး အချို့က မြတ်ကောင်းခန့်၊ လွင်မိုးအောင်၊ ဝင်းနိုင်ထွန်းတို့လို ကစားသမားတွေကို ပင်နယ်တီမကန်ခိုင်းတဲ့ နည်းပြ ဘန်လာဘီကို အပြစ်တင်၊ အချို့ကတော့ ပင်နယ်တီလွဲတဲ့ မြန်မာကစားသမားလေးနှစ်ယောက်ကို ရမယ်ရှာ၊ အချို့ကတော့ ပွဲပြီးခါနီး လက်ထိဘောကို ပင်နယ်တီမသတ်မှတ်ပေးတဲ့ ဗီယက်နမ်ဒိုင်ကို ယိုးမယ်ဖွဲ့ စသဖြင့်ပါပဲ။ ဘာပဲဖြစ်ဖြစ် မြန်မာယူ-၁၈ ယှဉ်ပြိုင်ခဲ့သမျှ ပွဲတွေကိုကြည့်ပြီးသုံးသပ်ရရင် အင်ဒိုနီးရှားကို ရင်ဆိုင်ခဲ့တဲ့ ပွဲနှစ်ပွဲကလွဲရင် ကျန်ပွဲတွေအားလုံးမှာ အကောင်းဆုံးမဟုတ်တောင် အလားအလာကောင်းတွေတော့ မြင်နေရပြီလို့ ဆိုရမှာဖြစ်ပါတယ်။ အလွတ်တည်ကန်ဘောကနေ ဂိုးရအောင် တိုက်ရိုက်ကန်သွင်းနိုင်တာ၊ ဘောလုံးပေးပို့မှုကောင်းကောင်း၊ တောင်ပံတိုက်စစ်၊ ဗဟိုတိုက်စစ်နေရာစုံက ဂိုးရအောင် စနစ်တကျ ထိုးဖောက်တတ်တာ၊ အရန်ကစားသမားအင်အား ပြည့်ပြည့်ဝဝရှိနေတာတွေကို မြန်မာယူ-၁၈ အသင်းမှာ တွေ့ခဲ့ရပါတယ်။

တကယ်တော့ ပင်နယ်တီလွဲတယ်ဆိုတာ အခြားကမ္ဘာကလာတဲ့ ကစားသမားလို့ အသိအမှတ်ပြုချီးကျူးရတဲ့ စီရိုနယ်လ်ဒို၊ မက်ဆီတို့တောင် လွဲဖူးပါတယ်။ ပင်နယ်တီကန်ခိုင်းတဲ့ လူရွေးချယ်မှုအပေါ် မေးခွန်းထုတ်ကြပေမယ့် နည်းပြဆိုတာက ဘယ်ကစားသမားက ဘယ်နေရာမှာ အားသန်တယ်၊ ပင်နယ်တီအထိရောက်ရင် ဘယ်သူတွေကို ကန်ခိုင်းရမလဲဆိုတာ လေ့ကျင့်ရေးကွင်းမှာကတည်းက သေချာအစီအစဉ် ချမှတ်ဆောင်ရွက်ကြရတာပါ။ ပရော်ဖက်ရှင်နယ်သဘောအရ ကိုယ်လုပ်တဲ့အလုပ်ကို အကောင်းဆုံး စွမ်းဆောင်ကြတာချည်းဖြစ်လို့ လူရွေးချယ်မှုအပေါ် အပြစ်ဖို့နေခြင်းက မသင့်လျော်ပါဘူး။ ပွဲပြီးခါနီး လက်ထိဘောကို ပင်နယ်တီမသတ်မှတ်ပေးတဲ့ ဗီယက်နမ်ဒိုင်ရဲ့ဆုံးဖြတ်ချက်အပေါ် မြန်မာနည်းပြက အပြစ်တင်ခဲ့တာကြောင့် ဒီအပေါ်နင်းပြီး ကောလာဟလဆန်ဆန် ရေးသားခဲ့တဲ့ ပရိသတ်တွေရဲ့မှတ်ချက်တွေလည်း ဖေ့စ်ဘွတ်လိုလူမှုကွန်ရက်စာမျက်နှာတွေပေါ် တွေ့ခဲ့ကြရပါတယ်။

ဒါပေမယ့် ဆီးဂိမ်းရော ယူ-၁၈ ပြိုင်ပွဲနှစ်ရပ်စလုံးမှာ ချန်ပီယံဖြစ်ခဲ့တဲ့ ထိုင်းအသင်းရဲ့ ခြေစွမ်းကို ကြည့်လိုက်ရင် အုပ်စုတွင်း ခြေစွမ်းမှန်တယ်၊ အနိုင်ရဖို့ လိုအပ်ချိန်မှာ အင်ပြည့်အားပြည့်ကစားနိုင်တယ်၊ ဆီမီးဖိုင်နယ်လို ပွဲစဉ်မျိုးမှာ ရုန်းကန်ခဲ့ရပေမယ့် ဗိုလ်လုပွဲဆိုရင် ပြိုင်ဘက်ကို ပြတ်ပြတ်သားသား အနိုင်ရအောင် ကစားသွားတယ်ဆိုတာက တစ်ပွဲထက်တစ်ပွဲ ပိုကောင်းအောင်စီမံနိုင်တယ်။ ဒီအတွက် ကစားသမားတွေမှာ လုံလောက်တဲ့ စိတ်ပိုင်းဆိုင်ရာ ကြံ့ခိုင်မှုရှိတယ်။ ဘယ်နိုင်ငံ၊ ဘယ်အသင်းကမှ ချန်ပီယံအဖြစ် မွေးဖွားလာခဲ့တာမဟုတ်ပါဘူး။ အခုပျိုးထောင်ထားတဲ့ လူစာရင်းဟာ ချက်ချင်းမစားသုံးနိုင်သေးရင်တောင် နောက် ၁၀ နှစ်၊ အနှစ် ၂၀ မှာ အကောင်းဆုံးရလဒ်ရရှိဖို့ အထောက်အပံ့ဖြစ်မှာပါ။ ဥပမာပြရရင် လက်ရှိ နယ်သာလန်အသင်းရဲ့ ဆုတ်ယုတ်လာမှုနဲ့ ဘယ်လ်ဂျီယံအသင်းတိုးတက်လာမှု ဒီနှစ်ခုနှိုင်းယှဉ်ကြည့်ရင် သိနိုင်ပါတယ်။ ဘယ်လ်ဂျီယံဘောလုံးအသင်းမှာ အခုခြေစွမ်းပြနေတဲ့ ဟာဇက်၊ လူကာကူတို့ဟာ လွန်ခဲ့တဲ့ ဆယ်စုနှစ်ကျော်က ပျိုးထောင်ခဲ့လို့ ရရှိလာတဲ့ အကျိုးရလဒ်တွေ ဖြစ်ပါတယ်။

ဒီတော့ ပရိသတ်တွေဘက်ကလည်း တို့အသင်းတော့ အားပေးလည်း ဒီလိုပဲ၊ အားမပေးလည်း ဘာမှ မထူးပါဘူး ဆိုတဲ့ စိတ်မျိုးဝင်မသွားဖို့တော့ လိုပါတယ်။ ပရိသတ်တွေ အားပေးမှုဆိုတာ သူတို့အသင်း ကစားပုံကောင်းခြင်းနဲ့ တိုက်ရိုက်အချိုးကျတယ်ဆိုတာ လက်ခံပါတယ်။ အိန္ဒိယနိုင်ငံဆိုရင် ၁၉၈၃ ခုနှစ်က သူတို့အသင်း ကမ္ဘာ့ဖလား ခရစ်ကတ်ပြိုင်ပွဲမှာ ဗိုလ်မစွဲခင်က ဟော်ကီအားကစားနည်းကို ပိုစိတ်ဝင်စား အရူးအမူးအားပေးခဲ့ကြပေမယ့် ဒီနောက်ပိုင်းကာလတွေမှာတော့ ခရစ်ကတ်ကစားနည်းဟာ ရှိရင်းစွဲ အိန္ဒိယအမျိုးသားအားကစားနည်းတွေထက် ပရိသတ်အားပေးမှု ပိုမိုရရှိလာတာကို တွေ့ရပါတယ်။

ဒါကြောင့် ဘာပဲဖြစ်ဖြစ် ပရိသတ်တွေအနေနဲ့ ကိုယ့်အသင်းရှုံးရင် စိတ်တိုမယ်၊ သွေးဆူမယ် ဒါကို လက်သင့်ခံပေမယ့် ပရော်ဖက်ရှင်နယ်လိဂ်စတာတောင် ဆယ်စုနှစ်တစ်ခု မပြည့်သေးတဲ့ နိုင်ငံအနေနဲ့ လောလောဆယ် ဒီလောက်ပဲ အသီးအပွင့်ခံစားရဦးမှာဖြစ်ပါတယ်။ မြန်မာဘောလုံးသမားတွေအနေနဲ့လည်း ဖြစ်ပြီးသား ကျရှုံးမှုတွေနေရာမှာ ပုံစံသစ်၊ စိတ်ဓာတ်အသစ်၊ ချဉ်းကပ်မှုအသစ်တွေနဲ့ အစားထိုးနိုင်မယ်လို့ မျှော်လင့်ပါတယ်။ နောက်ပိုင်းပွဲတွေကို အကောင်းဆုံးယှဉ်ပြိုင်ပြီး မြန်မာဘောလုံးအသင်း အောင်မြင်ဖို့အတွက် ပရိသတ်ရဲ့အားပေးမှုက အဓိကကျတာကြောင့် ဘာပဲဖြစ်ဖြစ် ၁၂ ဦးမြောက် ကစားသမားအဖြစ် ဆက်လက်ရှိနေပေးမယ်လို့ ယုံကြည်ရင်း. . .။

မေလွဲသင်း - ရေးသားသည်

တာချီလိတ်၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

တာချီလိတ် စက်တင်ဘာ ၁၈

(၇၃)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တာချီလိတ်ခရိုင်ရဲတပ်ဖွဲ့ဦးစီး၍ ပြည်သူ့အကျိုးပြုလုပ်ငန်း အဖြစ် စုပေါင်းသန့်ရှင်းရေးနှင့် အလှူငွေများပေးအပ်လှူဒါန်းခြင်းတို့ကို စက်တင်ဘာ ၁၆ ရက်က ဝမ်ကောင်းရပ်ကွက်ရှိ ဘိုးဘွားရိပ်သာ၌ ပြုလုပ်သည်။

အဆိုပါ ပြည်သူ့အကျိုးပြုလုပ်ငန်းအဖြစ် စုပေါင်းသန့်ရှင်းရေးကို ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးထိန်ဝင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းနု ဦးစီးသည့် ရဲတပ်ဖွဲ့ဝင်များ၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ တပ်ဖွဲ့စု(၃၀) တာချီလိတ်၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ တပ်ဖွဲ့စိတ်(၁) တာချီလိတ်၊ အမှတ်(၁၁၇) ယာဉ်ထိန်းရဲတပ်ဖွဲ့၊ သတင်းရဲတပ်ဖွဲ့စု၊ မှုခင်းရဲတပ်ဖွဲ့၊ မြို့မရဲစခန်းနှင့် ဟောင်လိတ်ရဲကင်းစခန်းတို့မှ ရဲတပ်ဖွဲ့ဝင် ၁၂၀ ကျော်တို့သည် ဝမ်ကောင်းရပ်ကွက်ရှိ ဘိုးဘွားရိပ်သာ၌ စုပေါင်းသန့်ရှင်းရေး ပြုလုပ်ကြသည်။

ထို့နောက် ခရိုင်ရဲတပ်ဖွဲ့မှူးနှင့် ရဲတပ်ဖွဲ့ဝင်များ၏ မိသားစုများ စုပေါင်း၍ အလှူငွေကျပ် ၉၄၀၀၀၀ ကို ပေးအပ်လှူဒါန်းရာ ဘိုးဘွားရိပ်သာ တာဝန်ခံ ဦးစိုင်းကျောက်က လက်ခံရယူကြောင်း သိရသည်။

ဝေယံလင်း(မြန်/ဆက်)

ကရင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့
ကရင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့၊ ဘားအံမြို့
ကတ္တရာအိတ်ဖွင့် တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၇-၂၀၁၈ ခု ဘဏ္ဍာရေးနှစ်အတွက် ကရင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့မှ လိုအပ်သော(၈၀/၁၀၀)အမျိုးအစား ကတ္တရာ(၁၀၈)တန်ကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုသဖြင့် အောက်ပါအစီအစဉ်အတိုင်း အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ပါသည်-

(က) တင်ဒါပုံစံရောင်းချမည့်နေ့ရက်နှင့် လျှောက်လွှာပိတ်မည့်နေ့ — ၂၀-၉-၂၀၁၇ ရက်မှ ၂၆-၉-၂၀၁၇ ရက်ထိ (၉း၀၀)နာရီမှ(၁၆း၃၀)နာရီထိ (ရုံးချိန်အတွင်း)

(ခ) တင်ဒါဖွင့်မည့်နေ့ (အချိန်၊ နေရာ) — ၂၈-၉-၂၀၁၇ (ကြာသပတေးနေ့) နံနက်(၁၀း၀၀)နာရီ၊ ကရင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ရုံးခန်းမ၊ သံလွင်လမ်း၊ အမှတ်(၄)ရပ်ကွက်၊ ဘားအံမြို့

၂။ အသေးစိတ်သိရှိလိုပါက ကရင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ရုံးသို့ ရုံးချိန်အတွင်း ဖုန်းနံပါတ်(၀၅၈-၂၁၆၈၃၊ ၀၉-၂၅၅၉၂၆၇၁၁)သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ကတ္တရာတင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့

မင်္ဂလာပါ ခရီးသွားလုပ်ငန်း
အင်းလေးဖောင်တော်ဦးပွဲသို့ Sep 29, Oct 3
✤ကျိုက်ထီးရိုး ✤ချောင်းသာ ✤ငွေဆောင် (နေ့စဉ်)

✤တောင်ကြီး၊ အင်းလေး၊ ထမ်စမ်း၊ ကက္ကူ	55000/ 75000
✤ပုဂံ၊ ပုပ္ပါး၊ စွယ်တော်လေးဆူ၊ ပခုက္ကူ	40000/ 75000
✤မန္တလေး၊ ပြင်ဦးလွင်၊ ကျောက်စိမ်း၊ ဒီးဒုတ်၊ ဂုမိုင်အပန်းဖြေ	40000/ 75000
✤မြဝတီ၊ မဲဆောက်၊ ဘားအံ၊ ချစ်သူမြိုင်ဥယျာဉ်	65000/ 100000
✤ပေလီကမ်းခြေ၊ ကမ်းသာယာ၊ သံတွဲ ဘုရားစုံဖူး	90000/ 130000
✤ထားဝယ်ရှင်ကိုးရှင်၊ မျှော်ရစ်ဘုရား၊ မောင်းမကန်ကမ်းခြေ	65000/ 130000

Sep 22, 29, Oct3,5,12,19,26
၂၁၈၊ ကျောက်မြောင်းဈေးအနီး၊ ကျိုက္ကစံလမ်း 09426669001, 09426669002, 09426669003

Boo Taw & Brothers-09256223330, 0931036572
✤ကျိုက်ထီးရိုး ✤ချောင်းသာ ✤ငွေဆောင် (နေ့စဉ်)
✤အင်းလေး(ဖောင်တော်ဦးပွဲ)နှင့် တောင်ကြီး၊ လွိုင်ကော် Sep28,Oct3,5
✤ပုဂံ၊ ညောင်ဦး၊ ပုပ္ပါး၊ စွယ်တော်လေးဆူ၊ ပခုက္ကူ Sep29, Oct3,5
✤မန္တလေး၊ ပြင်ဦးလွင်၊ ကျောက်စိမ်း၊ ဒီးဒုတ်၊ ဂုမိုင်အပန်းဖြေစခန်း Sep22, 29, Oct3,5
✤မြဝတီ၊ မဲဆောက်၊ ဘားအံဂူဘုရားများ၊ ချစ်သူမြိုင်ဥယျာဉ် Oct 3,5
✤ထားဝယ်(ရှင်ကိုးရှင်)၊ မောင်းမကန်ကမ်းခြေ၊ မျှော်ရစ် Oct 3,5
✤ပေလီကမ်းခြေ၊ ကမ်းသာယာ၊ သံတွဲ Oct 3,5 (ကြိုတင်လက်မှတ်ရောင်းပြီ)
Group Tour, Package Tour နှင့်ကားမျိုးစုံငှားရမ်းနိုင်ပါသည်။
အမှတ်-၅၅၉(ပထပ်)၊ ကမ္ဘာအေးဘုရားလမ်းနှင့်ရေစက်လမ်းထောင့်၊ မရမ်းကုန်းမြို့နယ်။

သင်္ချာကျော်ဖိုးဖိုး M.Sc. (Maths). Final.
၁၀တန်း ဘာသာစုံ (၅)လပြတ် ပိုင်းနှင့်ဆောင်ဒါ
မဟာကျော် GTI (အင်းစိန်) ဝင်ခွင့်
အဆေးသင်တက္ကသိုလ်အနီးကပ်သင်တန်း
အမှတ်-၁၅၁၃ ထပ်မဟာဗန္ဓုလလမ်း(ဆိပ်ကမ်းသာလမ်းနှင့်၁၇လမ်းကြား)
Ph:09-250359833, 09-796313677, 09-263451177

ကိုဝင်းနိုင် **ရွှေဒေါင်းမင်း** 09425355758, 09255913926, 09-263828216
ကျိုက်ထီးရိုး၊ ချောင်းသာ (နေ့စဉ်)
▲တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ကံ့လုံ၊ ကလော(၄)ရက်၊ လွိုင်ကော်ပါ(၅)ရက် အပတ်စဉ်သွားကြ
▲မော်လမြိုင်၊ ကျိုက္ကမီ၊ စက်စဲ၊ ထားဝယ်(ရှင်ကိုးရှင်)၊ မောင်းမကန် (၅)ရက်
▲ဘားအံ၊ မြဝတီ၊ မဲဆောက်၊ ဖဒေါ(၃)ရက်။ Hotel- 75000 (ရုံးခွင့်ယူရန်မလို)
▲ပုဂံ၊ စွယ်တော်လေးဆူ၊ ပုပ္ပါး၊ ပခုက္ကူ(၃)ရက်။ Hotel- 75000
▲စစ်ကိုင်း၊ မန္တလေး၊ ပြင်ဦးလွင်၊ ရေပြာအိုင်(၃)ရက်။ Hotel- 65000 ကားမျိုးစုံငှားရမ်းနိုင်သည်

ရွှေအိုးစည် သီတင်းကျွတ်အထူးခရီးစဉ် Oct 3,4,6 ထွက်မည်
ပုဂံ၊ ညောင်ဦး၊ ပုပ္ပါး(စွယ်တော်လေးဆူ၊ ပြည့်ဝီမြိုင်)၊ ပခုက္ကူ။ Hotel Package 75000
■အင်းလေးဖောင်တော်ဦးပွဲတော်၊ တောင်ကြီး၊ ပင်းတယ (၄)ရက်၊ လွိုင်ကော်ပါ (၅)ရက်။
■ထားဝယ် ရှင်ကိုးရှင်၊ မောင်းမကန်ကမ်းခြေ၊ ကျိုက္ကမီ၊ စက်စဲ (၅)ရက်။ ကျိုက်ထီးရိုး
■ပုဂံ-ပုပ္ပါး (စွယ်တော်လေးဆူ)၊ မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း (၅)ရက်။ ချောင်းသာ
၂၂၅ ပန်းဆိုးတန်းလမ်း၊ အထက်လမ်း၊ ရန်ကုန်မြို့။ 373275, 09-420227072, 09-448043431

ကိုကျော်နိုင် CAR RENTAL
စိတ်ချမ်းမြေ့စွာ ခရီးသွားနိုင်ရန်
ALPHARD, HIACE (အံစာတုံး)
ကားအမျိုးမျိုးကို ငှားရမ်းနိုင်ပါသည်။
09 25 358 2510
09 515 8803

သဲလှေ
ရောင်းရန်ရှိသည်
စုံစမ်းရန်
၀၉-၄၂၀၁၂၃၄၅၆
၀၉-၅၀၃၄၆၂၃

ပုံနှိပ်စက်ရောင်းမည်။
လက်ရှိလည်ပတ်နေသော
Komori 426 ရောင်းမည်။
Ph : 09 443079467
09 977285076

ပျော်ရွှင်ချမ်းမြေ့ စည်းစိမ်အပြည့်ဖြင့် သွား၊ ချင်တဲ့ခရီးကိုသွား၊ ငှား၊ ချင်တဲ့ကားကိုငှား၊
TOP -09 787200619 -09 448087644 -09 770073850
ကို ၂၄ နာရီဖုန်းဆက်လိုက်ပါလား!
ယာဉ်ပိုင်ရှင်များလည်းဆက်သွယ်ထား!

အများသိစေရန်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ လေးဒေါင့်ကန် စံပြရပ်ကွက်၊ ကျောင်းလေးပိုင်းရှိ ပေ(၆၀×၁၂၀) မြေကွက်နှင့် မလစ်အရှေ့ဇလုပ်ကြီးကွင်း၊ ကြူကျောင်းအပိုင်၊ ကွင်းအမှတ်-၁၀၁၃ ရှိ လယ်မြေ (၁၀. ၅)ဧကတို့သည် ကွယ်လွန်သူ ဦးဖိုးမင်း၊ ဒေါ်သိန်းတို့ ပိုင်ဆိုင်ကျန်ရစ်သည့် “အမွေပုံပစ္စည်း”များဖြစ်ကြောင်း၊ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ ၎င်းတို့၏သားသမီးများသည် အမွေဆက်ခံပိုင်ဆိုင်ကြကြောင်းနှင့် ပဋိညာဉ်ဥပဒေအရ ပျက်ပြယ်သော (ဝါ) တရားမဝင်သောစာချုပ်ဖြင့် ပိုင်ဆိုင်သည်ဆိုသူများသို့ တရားဝင်အကြောင်းကြားစာ ပေးပို့ထားပြီးဖြစ်ပါသည်။ မည်သူမဆို ထိုသူများထံမှ မည်သည့်နည်းနှင့်မျှ လွှဲပြောင်းလက်ခံခြင်း မပြုမိစေရန်နှင့် ၂၉-၉-၂၀၁၇ ရက်အတွင်း ညှိနှိုင်းခွဲဝေယူခြင်း မရှိပါက ဥပဒေနှင့်အညီ ဆောင်ရွက်ခြင်းနှင့် သက်ဆိုင်သည့် အိမ်မြေလယ်မြေများဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဒေါ်ခင်မြ၏ လွှဲအပ်ညွှန်ကြားချက်အရ

ဒေါ်လက်လက်လင်း	**ဦးအောင်ညာဏ်မင်း**	**ဒေါ်အေးသဲခိုင်**
(စဉ်-၂၉၄၃၅)	(စဉ်-၂၉၈၉၁)	(စဉ်-၄၁၃၅၄)

အထက်တန်းရှေ့နေများ
အမှတ်-၁၀၁၊ ပထမထပ်၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

အများသိစေရန်

“ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ (ဃ)ရပ်ကွက်၊ လွတ်လပ်ရေးလမ်း၊ အမှတ်-၁၂၀”ဟုခေါ်တွင်သော အိမ်မြေမှာ ယခင်က သိန်း(၈၀) လက်ဘက်ရည်ဆိုင်ဖွင့်လှစ်၍ မိဘမောင်နှမများ လက်ရည်တစ်ပြင်တည်းလုပ်ကိုင်ခဲ့ကြပြီး ယခု သိန်း(၈၀)မုန့်မျိုးစုံဆိုင် ဖွင့်လှစ်ရောင်းချလျက်ရှိပါသည်။ အဆိုပါနေရာမှာ ကွယ်လွန်သူ မိဘများပိုင်ဆိုင်ကျန်ရစ်သည့် “အမွေပုံပစ္စည်း”အဖြစ် ကျန်ရစ်သူ မောင်နှမ(၄)ဦးအနက်က ဒေါ်လှလှဌေး၏ လွှဲအပ်ညွှန်ကြားချက်အရ Noticeပေးပို့ ဖြေရှင်းနေသည့် အိမ်မြေဖြစ်ကြောင်း ညှိနှိုင်းဆောင်ရွက်၍မရပါက ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း “တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း၊ လက်ခံဆောင်ရွက်ခြင်း”မပြုမိစေရန် အသိပေးကြေညာအပ်ပါသည်။

ဒေါ်လှလှဌေး၏ လွှဲအပ်ညွှန်ကြားချက်အရ

ဒေါ်လက်လက်လင်း	**ဦးအောင်ညာဏ်မင်း**	**ဒေါ်အေးသဲခိုင်**
(စဉ်-၂၉၄၃၅)	(စဉ်-၂၉၈၉၁)	(စဉ်-၄၁၃၅၄)

အထက်တန်းရှေ့နေများ
အမှတ်-၁၀၁၊ ပထမထပ်၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

၂၀၁၇ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက်တွင် ကျရောက်သော ကမ္ဘာ့နှလုံးကျန်းမာရေးနေ့ အထိမ်းအမှတ် ကျန်းမာရေးဟောပြောပွဲကို ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၂၃ ရက်(စနေနေ့) နံနက်၉ နာရီမှ ၁၁ နာရီအထိ ကျန်းမာရေးဟောပြောပွဲနှင့် ၁၁နာရီနောက်ပိုင်းတွင် ကျန်းမာရေးအခမဲ့ စစ်ဆေးပေးခြင်းများကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၊ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (၂၉၊ မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်) တွင် ကျင်းပမည်ဖြစ်၍ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ဇီဇဝါဆေးကုမ္ပဏီ

အမည်ပြောင်းခြင်း

တောင်ငူမြို့ အမှတ်(၄)ရပ်ကွက်နေ ဦးဝင်းလွင်၏ သားဖြစ်သူ မောင်ထက်ထူးလွင်အား မောင်ကောင်းသုခဟု ပြောင်းလဲခေါ်ဆိုပါရန်။

မောင်ကောင်းသုခ

ပြင်ဆင်ဖတ်ရှုပါရန်

(၁၂-၇-၂၀၁၇)ရက်နေ့ထုတ်မြန်မာအလင်းသတင်းစာ၊ ကြော်ငြာစာမျက်နှာ(၂၆)၏ ကန့်ကွက်နိုင်ကြောင်း၊ ကြော်ငြာစာပါအမှတ်(၄၇၃)၊ ကျန်စစ်သားလမ်း၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်(ဦးတင်ကျော်စိုး)အစား အမှတ်(၄၇၃)၊ (၂)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်(ဦးတင်ကျော်စိုး)(၁၂/ဒဂဆ(နိုင်)၀၀၇၃၀၃)ဟုပြင်ဆင်ဖတ်ရှုပါရန်။

ဖခင်အမည်မှန်

ညောင်လေးပင်မြို့နယ်၊ ပြွန်တန်ဆာ အထက(၁)၊ ဒသမတန်း(D)မှ မနှင်းဝေလွင်၏ ဖခင်အမည်မှန်မှာ ဦးနိုင်[၇/ညလပ(နိုင်)၁၁၂၀၉၂] ဖြစ်ပါသည်။

ဝန်ထမ်း အလိုရှိသည်။
> Air-Con Leader (M- 5 posts) လစာ-ညှိနှိုင်း
> Air-Con 2nd Leader (M- 5 posts) လစာ-ညှိနှိုင်း
> Air-Con Helper (M-10 posts) လစာ-ညှိနှိုင်း
အမှတ်(၀၃၀)၊ ၉၄ လမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။
✆ ၀၉ ၄၉ ၃၀၂၀၀၄၊ ၀၉ ၂၅၃ ၅၈၂၅၀၀။

အမည်ပြောင်း

ရွှေပြည်သာမြို့နယ်၊ ကောင်းစုံကိုယ်ပိုင်အထက်တန်းကျောင်း နဝမတန်းမှ ဦးရဲထွန်းလင်း[၁၃/ရစန(နိုင်)၀၅၁၆၇၈]၏သား မောင်မင်းခန့်မောင်အား ယနေ့မှစ၍ မောင်နေဘုန်းလင်းဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်နေဘုန်းလင်း**

ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 6F/3123 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိရှိစေရန် ကြော်ငြာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး
(ရန်ကုန်တောင်ပိုင်း)
သန်လျင်မြို့

ရွှေမဟာ Decoration Group
စတီးတီး (၂)ထပ်၊ ရေတားဆေး(၂)ထပ်၊ ဆေး(၃)ထပ်
1. Unitex - 220 ဆေးသုတ်ခြင်း၊ ဖျက်နှာကြက် ဒီဇိုင်းမျိုးစုံ
2.Orient - 270 အခန်းခွဲခြင်း၊ ပါတေးစင်းပေါ်လစ်တိုက်ခြင်း၊
3.Premier - 370 ကြွေပြားကပ်ခြင်း၊ အလှမီနီယံအလှဆင်ခြင်း၊
4.Nippon - 300, စတီးလက်ရန်း နှင့် သံပန်းပြုလုပ်ခြင်း၊
400,450 ရေပိုက်နှင့်မီးလိုင်းသွယ်တန်းခြင်း
တို့ကိုလက်ရာနှင့်အရည်အသွေးပြည့်ဝစွာစိတ်တိုင်းကျသည်အထိ အာမခံနှင့်ပြုလုပ်ပေးပါသည်။
(1′×1′) ဒီဇိုင်းပေါင်းများစွာ
Ph; 09 459946670 , 09459946658

၁၉၆၇ ခုနှစ်တွင် စတင်ဖွဲ့စည်းတည်ထောင်ခဲ့သည့် အရှေ့တောင်အာရှနိုင်ငံများအသင်း(အာဆီယံ) (Association of Southeast Asian Nations -ASEAN) သည် ၂၀၁၇ ခုနှစ်တွင် နှစ်ပေါင်း (၅၀) ပြည့်မြောက်ခဲ့သည့်အတွက် အာဆီယံအဖွဲ့ကြီး၏ ရွှေရတုအခမ်းအနားကို ကျင်းပနိုင်တော့မည်ဖြစ်ပါသည်။ ယခုနှစ်အတွက် အာဆီယံအလှည့်ကျဉက္ကဋ္ဌသည် ဖိလစ်ပိုင်နိုင်ငံဖြစ်သည့်အတွက် ဖိလစ်ပိုင်နိုင်ငံကဦးဆောင်ပြီး အထိမ်းအမှတ် အခမ်းအနားများကို ကျင်းပသွားရန်ရှိပါသည်။ အဆိုပါအာဆီယံအဖွဲ့ကြီး၏အကြောင်းကို စာရေးဆရာ တက္ကသိုလ်ဟန်စိုးဦးက အာဆီယံ နှစ်(၅၀)ခရီးအမည်ဖြင့် ရေးသားထားသည်များကို ကြေးမုံစာဖတ်ပရိသတ်များအတွက် အခန်းဆက်ဆောင်းပါးများအဖြစ် ဖော်ပြလိုက်ပါသည်။ (စာတည်း)

တက္ကသိုလ် ဟန်စိုးဦး

အာဆီယံ နှစ်(၅၀)ခရီး

ယခင်အပတ်မှ အဆက်

(ခ) အာဆီယံဒေသဆိုင်ရာဆွေးနွေးပွဲ

(ASEAN Regional Forum-ARF)

အာဆီယံဒေသဆိုင်ရာဖိုရမ် (ARF)ကို ၁၉၉၄ခုနှစ်မှာ ဒေသတွင်းနိုင်ငံရေးနှင့် လုံခြုံရေးကိစ္စရပ်တွေကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးညှိနှိုင်းတိုင်ပင်နိုင်ရန်နှင့် ARF အဖွဲ့ဝင်နိုင်ငံများအကြား အယူအဆကွာခြားမှုတွေကို တိုက်ရိုက်ဆွေးနွေးဖြေရှင်းခြင်းအားဖြင့် လုံခြုံရေးဆိုင်ရာစွန့်စားမှုကို လျှော့ချနိုင်ဖို့ ရည်ရွယ်ချက်တွေနဲ့ ထူထောင်ခဲ့တာ ဖြစ်ပါတယ်။ ARF ဟာ ဒေသတွင်း ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးကို ထိန်းသိမ်းထားနိုင်ဖို့အတွက် ဒေသတွင်းစိန်ခေါ်မှုများကို လေ့လာသုံးသပ်ခြင်း၊ အာရှ-ပစိဖိတ်ဒေသတွင်းရှိ နိုင်ငံများရဲ့ ယဉ်ကျေးမှု၊ လူမျိုးရေးနဲ့ ဘာသာရေး အယူအဆ ကွာခြားချက်ကြီးမားမှုကို နားလည်လက်ခံပြီး ကွာဟချက်များကို လုံခြုံရေးရှုထောင့်မှ ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊ အာရှ-ပစိဖိတ်ဒေသတွင်း နိုင်ငံများရဲ့ နယ်နိမိတ် အငြင်းပွားမှုများနဲ့ အယူအဆကွာခြားမှုများ ပိုမိုကြီးထွားမလာစေရေးအတွက် ညှိနှိုင်းဖြေရှင်းပေးဖို့ ဖြစ်ပါတယ်။

ARF ရဲ့ အဓိကရည်ရွယ်ချက်တွေက နိုင်ငံရေးနှင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များအတွက် အပြုသဘောဆောင်တဲ့ ညှိနှိုင်းဆွေးနွေးမှုကို အားပေးရန်၊ အာရှ-ပစိဖိတ်ဒေသမှာ ယုံကြည်စိတ်ချမှု တည်ဆောက်ရေးနဲ့ ကြိုတင်ကာကွယ်မှု သံတမန်နည်းလမ်းများ ကျင့်သုံးနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားဖို့ ဖြစ်ပါတယ်။

ARF ဟာ မူလစတင်ဖွဲ့စည်းစဉ်ကပင် အရှေ့တောင်အာရှဒေသ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးကိစ္စကို အဓိကထားပြီး ဆွေးနွေးအမြင်ချင်းဖလှယ်ဖို့ ရည်ရွယ်ခဲ့ပါတယ်။ အမေရိကန်၊ တရုတ်၊ ဂျပန်၊ ရုရှ၊ အိန္ဒိယနှင့် ဥရောပသမဂ္ဂကဲ့သို့သော အင်အားကြီးနိုင်ငံများအားလုံးက အစိုးရအဆင့် တက်ရောက်တဲ့ တစ်ခုတည်းသော ဖိုရမ်ဖြစ်ပြီး စစ်ရေးကဏ္ဍသာမက နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနဲ့ အခြားကိစ္စရပ်တွေကိုပါ ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးတဲ့ဖိုရမ်တစ်ခု ဖြစ်လာခဲ့ပါတယ်။ လက်ရှိအချိန်မှာ အာဆီယံ ဒေသဆိုင်ရာဖိုရမ်မှာ အဖွဲ့ဝင် ၂၇ နိုင်ငံပါဝင်လျက် ရှိပါတယ်။

၎င်း ၂၇ နိုင်ငံမှာ အာဆီယံ ၁၀ နိုင်ငံ၊ အာဆီယံရဲ့ ဆွေးနွေးဖက် ၁၀ နိုင်ငံဖြစ်တဲ့ ဥရောပသမဂ္ဂ (အီးယူ)၊ အမေရိကန်၊ ကနေဒါ၊ ဩစတြေးလျ၊ နယူးဇီလန်၊ ရုရှား၊ တရုတ်၊ ဂျပန်၊ အိန္ဒိယ၊ တောင်ကိုရီးယားတို့နဲ့အတူ ပါပူဝါနယူးဂီနီ၊ မွန်ဂိုလီးယား၊ ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ (မြောက်ကိုရီးယား)၊ ပါကစ္စတန်၊ တီမောလက်စ်တေ၊ ဘင်္ဂလားဒေ့ရှ်နဲ့ သီရိလင်္ကာနိုင်ငံတို့ ဖြစ်ပါတယ်။

အရှေ့တောင်အာရှဒေသလုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးအတွက်သာမက အရှေ့အာရှနှင့် ပစိဖိတ်ဒေသလုံခြုံအေးချမ်းရေးကိုပါ ဆွေးနွေးအမြင်ချင်းဖလှယ်နိုင်တဲ့ ဖိုရမ်တစ်ခုဖြစ်တဲ့အတွက် ARF မှာ အဖွဲ့ဝင်ဖြစ်လိုကြတဲ့ နိုင်ငံတွေ များပြားလာခဲ့ပါတယ်။ ARF အဖွဲ့ဝင်သစ်အဖြစ် ဝင်ရောက်လိုသူတွေအနေနဲ့ ARF ဉက္ကဋ္ဌထံ လျှောက်လွှာတင်သွင်းလာတဲ့အခါ ဉက္ကဋ္ဌအနေနဲ့ ARF အဖွဲ့ဝင်နိုင်ငံများကို တင်ပြဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ARF အဖွဲ့ဝင်အဖြစ် လက်ခံရေးနဲ့ ပတ်သက်ပြီး ချမှတ်ထားတဲ့ စံသတ်မှတ်ချက်တွေအရ အဖွဲ့ဝင်သစ်တွေဟာ အချုပ်အခြာအာဏာပိုင်တဲ့နိုင်ငံဖြစ်ခြင်း၊ ARF ရဲ့ အဓိကရည်မှန်းချက်များကိုလက်ခံပြီး အဲဒီရည်မှန်းချက်တွေရရှိဖို့ ပူးပေါင်းဆောင်ရွက်ခြင်း၊ ဒေသတွင်း ငြိမ်းချမ်းရေးနဲ့ လုံခြုံရေးကို အကျိုးသက်ရောက်မှုရှိစေနိုင်ခြင်းနဲ့ ARF လုပ်ငန်းတွေကို ထိရောက်စွာ ဆောင်ရွက်နိုင်ခြင်းစတဲ့ သတ်မှတ်ချက်တွေနဲ့ ကိုက်ညီရမှာ ဖြစ်ပါတယ်။

ယခုလောလောဆယ်မှာ ARF အဖွဲ့ဝင်နိုင်ငံသစ်များလက်ခံမှုကို ခေတ္တရပ်ဆိုင်းထားပေမယ့် ယတိပြတ်ပိတ်ပင်ထားခြင်းမဟုတ်ဘဲ ချမှတ်ထားတဲ့ စံသတ်မှတ်ချက်တွေနဲ့အညီ ကိစ္စအလိုက် လက်ခံစဉ်းစားသွားဖို့ (၁၃)ကြိမ်မြောက် ARF ဝန်ကြီးများအဆင့် အစည်းအဝေးမှ သဘောတူညီထားခဲ့ပါတယ်။ အခုဆိုရင် ပြင်သစ်နိုင်ငံ၊ ဗြိတိန်နိုင်ငံ၊ ကာဂျစ်သမ္မတနိုင်ငံ၊ ကာဇက်စတန်နိုင်ငံ၊ အာဖဂန်နစ္စတန်နိုင်ငံ၊ ချီလီနိုင်ငံနဲ့ ယူအေအီးနိုင်ငံတို့ဟာ ARF အဖွဲ့ဝင်များအဖြစ် ဝင်ရောက်လိုကြောင်း လျှောက်ထားကြပါတယ်။ (၁၅) ကြိမ်မြောက် ARF ဝန်ကြီးများ အဆင့် အစည်းအဝေးမှာ အဖွဲ့ဝင်နိုင်ငံအချို့က ARF လုပ်ငန်းများကို စိတ်ပါဝင်စားတဲ့ နိုင်ငံတွေအတွက် လေ့လာသူအဆင့်ကို ဖန်တီးသင့်ပြီး ARF ယူနစ်မှ ဖြစ်နိုင်ခြေကို သုံးသပ်သင့်ကြောင်းလည်း အကြံပြုထားကြပါတယ်။ အဖွဲ့ဝင်သစ် လက်ခံရာမှာ လိုအပ်တဲ့ စံချိန်စံနှုန်းများနဲ့ ARF အဖွဲ့ဝင် နိုင်ငံအားလုံးရဲ့ သဘောထားကို ရယူရမှာဖြစ်သလို ဆုံးဖြတ်ချက်ချနိုင်ရေးအတွက် ARF ဉက္ကဋ္ဌမှ ARF ယူနစ်သို့ အဖွဲ့ဝင်သစ် လျှောက်လွှာများနဲ့ လေ့လာသူအခြေအနေများကို ကိစ္စအလိုက် အကဲဖြတ်လေ့လာဖို့ လမ်းညွှန်ထားပါတယ်။

ARF ဉက္ကဋ္ဌရာထူးကို အာဆီယံ အဖွဲ့ဝင်နိုင်ငံတွေက အလှည့်ကျတာဝန်ယူပြီး အာဆီယံအမြဲတမ်းကော်မတီဉက္ကဋ္ဌ တာဝန်ယူရတဲ့နိုင်ငံရဲ့ နိုင်ငံခြားရေးဝန်ကြီးက ထမ်းဆောင်ပါတယ်။ တစ်နည်းအားဖြင့် အာဆီယံဒေသဆိုင်ရာဖိုရမ်ကို အာဆီယံက ဦးဆောင်မှုအနေအထား ရယူထားခြင်းလည်းဖြစ်ပါတယ်။ အာဆီယံဒေသဆိုင်ရာဖိုရမ်ရဲ့ အဆင့်အမြင့်ဆုံး အစည်းအဝေးကတော့ နှစ်စဉ်ကျင်းပတဲ့ ဝန်ကြီးအဆင့် အစည်းအဝေးဖြစ်ပါတယ်။ အဲဒီအစည်းအဝေးကို နှစ်စဉ်ဇူလိုင်လခန့်မှာ အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး (AMM) နဲ့အတူ တစ်ဆက်တည်း ကျင်းပလေ့ရှိပါတယ်။ ၂၃ ကြိမ်မြောက် အာဆီယံဒေသဆိုင်ရာဖိုရမ်ကို ၂၀၁၆ ခုနှစ် ဇူလိုင် ၂၄ ရက်က လာအိုနိုင်ငံ ဗီယင်ကျန်းမြို့မှာ ကျင်းပခဲ့ပါတယ်။

ARF ဝန်ကြီးအဆင့် အစည်းအဝေးတွေကို အထောက်အကူပြုနိုင်ဖို့အတွက် ARF အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး (ARF SOM) ကို နှစ်စဉ်မေလမှာ ကျင်းပလေ့ရှိပါတယ်။ ARF SOM အစည်းအဝေးကို ARF အဖွဲ့ဝင်နိုင်ငံများရဲ့ နိုင်ငံခြားရေးဝန်ကြီးဌာနတွေက ဒုတိယဝန်ကြီးတွေ၊ အမြဲတမ်းအတွင်းဝန်တွေ၊ အတွင်းဝန်ချုပ်များနဲ့ ညွှန်ကြားရေးမှူးချုပ်များမှ ခေါင်းဆောင်တက်ရောက်လေ့ရှိပါတယ်။

ကာကွယ်ရေးအရာရှိများအစည်းအဝေး

ARF အဖွဲ့ဝင်နိုင်ငံတွေက ကာကွယ်ရေးဆိုင်ရာ အရာရှိတွေအချင်းချင်း တိုက်ရိုက်ဆက်သွယ်ညှိနှိုင်းမှုကို မြှင့်တင်နိုင်ဖို့အတွက် ၂၀၀၃ ခုနှစ်က ပြုလုပ်ခဲ့တဲ့ ၁၀ ကြိမ်မြောက် ARF ဝန်ကြီးများအဆင့် အစည်းအဝေးမှာ သဘောတူညီခဲ့ပြီးတဲ့နောက် ARF ကာကွယ်ရေးအရာရှိကြီးများရဲ့ ပုံမှန်အစည်းအဝေးတွေကို စတင်ကျင်းပခဲ့ပါတယ်။ ကာကွယ်ရေးဆိုင်ရာ အရာရှိတွေအနေနဲ့ သမားရိုးကျမဟုတ်တဲ့ လုံခြုံရေးခြိမ်းခြောက်မှုများ (Non-traditional Security Threats) ကို တိုက်ဖျက်သွားရေး၊ သဘာဝဘေးအန္တရာယ်ကယ်ဆယ်ရေး၊ ငြိမ်းချမ်းရေးထိန်းသိမ်းမှုဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ရာမှာ တပ်မတော်ရဲ့ အခန်းကဏ္ဍတွေကို ဆွေးနွေးညှိနှိုင်းမှုတွေ ပြုလုပ်နိုင်ခဲ့ကြပါတယ်။

အလားတူ ARF အဖွဲ့ဝင်နိုင်ငံတွေက နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ် အကြီးအကဲများရဲ့ အစည်းအဝေးကို ၁၉၉၇ ခုနှစ်ကနေ စတင်ပြီး ARF အဖွဲ့ဝင်နိုင်ငံများမှာ ကျင်းပခဲ့ပါတယ်။ ကာကွယ်ရေးတက္ကသိုလ်များရဲ့ အကြီးအကဲတွေ ပုံမှန်တွေ့ဆုံပြီး ရှုပ်ထွေးတဲ့ လုံခြုံရေး ပတ်ဝန်းကျင်အနေအထား (Complex Security Environment) မှာ ကာကွယ်ရေးအရာရှိတွေအနေနဲ့ ကိုင်တွယ်ဆောင်ရွက်နိုင်ဖို့ သင်ကြားမှုနည်းလမ်းတွေကို ကျယ်ကျယ်ပြန့်ပြန့် လေ့လာသုံးသပ်နိုင်ဖို့လည်း သဘောတူညီထားကြပါတယ်။

ကျွမ်းကျင်သူများနှင့် ပညာရှင်များအဖွဲ့

(ARF Experts / Eminent Persons)

အာဆီယံဒေသဆိုင်ရာဖိုရမ်မှာ အရေးကြီးတဲ့ကဏ္ဍတစ်ခုကတော့ ကြိုတင်ကာကွယ်မှု သံတမန်နည်းလမ်း (Preventive Diplomacy) ပဲဖြစ်ပါတယ်။ ကြိုတင်ကာကွယ်မှု သံတမန်နည်းလမ်းတွေကို အကောင်အထည်ဖော်ဖို့အတွက် ပထမခြေလှမ်းအဖြစ် ARF ကျွမ်းကျင်သူများနဲ့ ပညာရှင်များအဖွဲ့ရဲ့ မှတ်ပုံတင်ထူထောင်ထားရှိရေးကို ၂၀၀၀ ပြည့်နှစ်မှာ ကျင်းပခဲ့တဲ့ ၇ ကြိမ်မြောက် ARF ဝန်ကြီးအဆင့် အစည်းအဝေးမှာ စတင်ဆောင်ရွက်ခဲ့ပါတယ်။ ၈ ကြိမ်မြောက် အစည်းအဝေးမှာ ယင်းကျွမ်းကျင်သူများနဲ့ ပညာရှင်များရဲ့ တာဝန်များနဲ့ ပတ်သက်တဲ့ စာတမ်းကို ဝန်ကြီးများကသဘောတူညီခဲ့ကြပါတယ်။ ကျွမ်းကျင်သူများနဲ့ ပညာရှင်များအဖွဲ့ ထူထောင်ရတဲ့ ရည်ရွယ်ချက်က ARF မှာ ဆွေးနွေးတဲ့ ဘာသာရပ်များနဲ့ ပတ်သက်ပြီး ပညာရှင်များရဲ့အမြင်နဲ့ မူဝါဒပိုင်းဆိုင်ရာအကြံပြုချက်တွေကို ပေးအပ်နိုင်ဖို့ ဖြစ်ပါတယ်။

ARF ကျွမ်းကျင်သူများနဲ့ ပညာရှင်များရဲ့ ၁၁ ကြိမ်မြောက် အစည်းအဝေး (The 11th Meeting of the ASEAN Regional Forum Experts and Eminent Persons - ARF EEPs) ကို ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလ ၂၈ ရက်ကနေ မတ် ၁ ရက်အထိ ဩစတြေးလျနိုင်ငံ ကင်ဘာရာမြို့မှာ ကျင်းပခဲ့ပြီး အစည်းအဝေးမှာ ဒေသဆိုင်ရာ လုံခြုံရေးကိစ္စရပ်တွေကို ညှိနှိုင်းဆွေးနွေးခဲ့ကြပါတယ်။

စာမျက်နှာ ၂၀ သို့

(၂၃)ကြိမ်မြောက် အာဆီယံဒေသဆိုင်ရာဆွေးနွေးပွဲကို ၂၀၁၆ ခုနှစ် ဇူလိုင်လအတွင်း လာအိုနိုင်ငံ၊ ဗီယင်ကျန်းမြို့တွင် ကျင်းပခဲ့သည်။

> “အာဆီယံဒေသဆိုင်ရာဖိုရမ် (ARF) ကို ၁၉၉၄ ခုနှစ်မှာ ဒေသတွင်းနိုင်ငံရေးနှင့် လုံခြုံရေးကိစ္စရပ်တွေကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးညှိနှိုင်းတိုင်ပင်နိုင်ရန်နှင့် ARF အဖွဲ့ဝင် နိုင်ငံများအကြား အယူအဆကွာခြားမှုတွေကို တိုက်ရိုက်ဆွေးနွေးဖြေရှင်းခြင်းအားဖြင့် လုံခြုံရေးဆိုင်ရာစွန့်စားမှုကို လျှော့ချနိုင်ဖို့ ရည်ရွယ်ချက်တွေနဲ့ ထူထောင် . . .”

ရခိုင်ပြည်နယ်အတွင်း အကြမ်းဖက်ခံရသူများအတွက် မုံရွာကုန်စည်ဒိုင်က စားသောက်ကုန်အပါအဝင် ထောက်ပံ့ငွေကျပ် (၈၉)သိန်းကျော်လှူဒါန်း

မုံရွာ စက်တင်ဘာ ၁၈

ရခိုင်ပြည်နယ်အတွင်း အကြမ်းဖက်ခံရသည့် ဒေသခံပြည်သူများအား မုံရွာကုန်စည်ဒိုင်မှ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရသို့ ထောက်ပံ့ကူညီသည့်ပစ္စည်းများကို စက်တင်ဘာ ၁၇ ရက် နံနက်ပိုင်းက ပေးအပ်လှူဒါန်းခဲ့သည်။

မုံရွာကုန်စည်ဒိုင်မှ ပွဲစားစက်ပိုင်လုပ်ငန်းရှင်များစုပေါင်း၍ ရခိုင်ပြည်နယ် အကြမ်းဖက်ခံရသည့် ဒေသခံများအတွက် ပဲစင်းငုံခြမ်းပိဿာ ၅၀၀၀၊ ကြာဆံပိဿာ ၄၀၀ နှင့် စားသောက်ကုန်များအပါအဝင် ကျပ် ၈၉၄၉၂၀၀ ကို စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှတစ်ဆင့် ပေးပို့လှူဒါန်းခြင်းဖြစ်သည်။

ထောက်ပံ့ကူညီသည့် ပစ္စည်းများနှင့် ငွေများပေးအပ်လှူဒါန်းခြင်းအခမ်းအနားကို နံနက် ၉ နာရီက မုံရွာကုန်စည်ဒိုင်အပေါ်ထပ်ခန်းမ၌ ကျင်းပရာ မုံရွာကုန်စည်ဒိုင်ဒုတိယဥက္ကဋ္ဌ ဦးဇော်မိုးက လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ဝမ်းမြောက်စကားပြောကြားသည်။

"မုံရွာကုန်စည်ဒိုင်အနေနဲ့ ဘာသာရေးကိုအခြေခံတဲ့ ဆွမ်းလုံးပွဲနဲ့ ကထိန်ပွဲတွေကို နှစ်စဉ် စုပေါင်းလှူဒါန်းနေတာဖြစ်သလို မြန်မာနိုင်ငံမှာဖြစ်ပွားနေတဲ့ သဘာဝဘေးဒဏ်ခံရတဲ့ ဒေသတွေကိုလည်း တတ်နိုင်သလောက်ထောက်ပံ့လှူဒါန်းပေးနေတဲ့ အသင်းကြီးအဖြစ် ရပ်တည်နေပါတယ်။ သဘာဝဘေးကြုံလာရတဲ့နေရာတွေကို မိမိကြုံတွေ့ရသလိုခံစားပြီး လှူဒါန်းနေတာဖြစ်ပါတယ်။ ရေဝင်ချိန်ကာလများကလည်း ကနီမြို့နယ်၊ မုံရွာမြို့နယ်နဲ့ မင်းကင်းမြို့နယ် ရေဝင်ဒေသပြည်သူတွေကို သွားရောက်လှူဒါန်းတာတွေ ပြုလုပ်ခဲ့ပါတယ်" ဟု ဦးဇော်မိုးက ပြောပြသည်။

အခမ်းအနားတွင် ထောက်ပံ့ပစ္စည်းများနှင့် အလှူငွေများကို မုံရွာကုန်စည်ဒိုင် တာဝန်ရှိသူများနှင့် အလှူရှင်များက ပေးအပ်လှူဒါန်းရာ လူမှုရေးဝန်ကြီး ဒေါက်တာဇော်ဝင်း၊ မုံရွာမြို့နယ် စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်အောင်ကြည်နှင့် ဒေါ်အမာကြည်တို့က စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ကိုယ်စား လက်ခံရယူသည်။

"အခုလိုလိုအပ်တဲ့နေရာကို လိုအပ်တဲ့အချိန်မှာ ပေးအပ်လှူဒါန်းခွင့်ရတာ အင်မတန်မှပဲ အကျိုးရှိတဲ့လုပ်ငန်းဖြစ်ပါတယ်။ ကယ်ဆယ်ရေးနဲ့ ပြန်လည်နေရာချထားရေးဝန်ကြီးဌာနကလည်း ရခိုင်ဒေသကို ပစ္စည်းတွေထောက်ပံ့ပေးအပ်နေသလို တိုင်းဒေသကြီးအစိုးရကလည်း ထောက်ပံ့ပေးနေပါတယ်။ အစိုးရနဲ့အတူပြည်သူတွေက ဝိုင်းဝန်းထောက်ပံ့တဲ့အတွက် ရခိုင်ဒေသအကြမ်းဖက်ခံရတဲ့ပြည်သူတွေအနေနဲ့ စားနပ်ရိက္ခာတွေ ပိုမိုရရှိစေမှာဖြစ်ပါတယ်။ သူဌေးကိုငွေကြေးပံ့ပိုးတာမျိုး မြစ်ထဲကိုမိုးရွာတာမျိုးမဟုတ်ဘဲ လိုအပ်တဲ့အချိန် လိုအပ်တဲ့နေရာအတွက် လှူဒါန်းတာဖြစ်တဲ့အတွက် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့အနေနဲ့ ရခိုင်ဒေသကိုအရောက်ပို့ဆောင်သွားမှာဖြစ်ပါတယ်" ဟု စစ်ကိုင်းတိုင်းဒေသကြီးအစိုးရ လူမှုရေးဝန်ကြီးဒေါက်တာဇော်ဝင်းက ပြောပြသည်။

မျိုးဝင်းထွန်း (မုံရွာ)

လယ်ယာမြေဥပဒေနှင့် နည်းဥပဒေများအကြောင်း တောင်သူအသိပညာပေး ရှင်းလင်းဆွေးနွေး

ငါးသရောက် စက်တင်ဘာ ၁၈

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မန္တလေးတိုင်းဒေသကြီး ငါးသရောက်မြို့ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနက ကြီးမှူး၍ စက်တင်ဘာ ၁၇ ရက် မွန်းလွဲ ၁ နာရီက ငါးသရောက်မြို့ ဆည်ကျေးရွာ ဓမ္မာရုံသို့သွားရောက်ပြီး ဒေသခံတောင်သူများ လယ်ယာမြေဥပဒေ၊ နည်းဥပဒေများအကြောင်းကို သိရှိပြီး လိုက်နာဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ လယ်ယာမြေဥပဒေ၊ နည်းဥပဒေများနှင့် ပတ်သက်သည့် တောင်သူအသိပညာပေး ရှင်းလင်းဆွေးနွေးပွဲ ကျင်းပခဲ့ကြောင်း သိရသည်။

တောင်သူများ သိရှိလိုက်နာဆောင်ရွက်နိုင်ရေး အသိပညာပေး ဟောပြောရာတွင် ရှေးဦးစွာ ငါးသရောက်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဝင်းက အဖွင့်အမှာစကား ပြောကြားသည်။

ငါးသရောက်မြို့ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ဦးစီးမှူး ဦးအောင်မြင့်နိုင်က လယ်ယာမြေဥပဒေ၊ နည်းဥပဒေများတွင် ပါဝင်သည့် လယ်ယာမြေအကျိုးခံစားခွင့်များ၊ လယ်ယာမြေပုံစံ(၇)ရရှိမှု အကျိုးခံစားခွင့်များ၊ လယ်ယာမြေနှင့် ပတ်သက်၍ တောင်သူများအနေဖြင့် သိရှိလိုက်နာဆောင်ရွက်ရမည့် စည်းကမ်းချက်များ၊ အငြင်းပွားမှုပြဿနာဖြစ်လျှင် ဖြေရှင်းဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးဟောပြောခဲ့သည်။

အဆိုပါ တောင်သူအသိပညာပေး ရှင်းလင်းဆွေးနွေးဟောပြောပွဲသို့ ဆည်ကျေးရွာအုပ်စုအတွင်းမှ ဒေသခံတောင်သူ ၂၅၀ ခန့် တက်ရောက်ကြပြီး ဒေသခံတောင်သူများကလည်း သိရှိလိုသည့်အချက်များကို ပြန်လည်မေးမြန်းဆွေးနွေးခဲ့ကြောင်း သိရသည်။ **ရဲဝင်းနိုင်(ညောင်ဦး)**

THE DAYS IN MANDALAY ရေဆေးပန်းချီပြပွဲကျင်းပ

အောင်မြေသာစံ စက်တင်ဘာ ၁၈

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး) ဒုတိယပါမောက္ခချုပ် ပန်းချီပညာရှင် ဦးသစ်လွင်စိုး၏ THE DAYS IN MANDALAY အမည်ရှိ ရေဆေးပန်းချီပြပွဲ ဖွင့်ပွဲကို စက်တင်ဘာ ၁၇ ရက် နံနက် ၉ နာရီက မန္တလေးအောင်မြေသာစံမြို့နယ် (၂၄) လမ်းနှင့် လမ်း (၈၀) ထောင့်ရှိ မန္တလေးယဉ်ကျေးမှုပြတိုက် ပန်းချီပြခန်း၌ ကျင်းပခဲ့သည်။

အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် ဒုတိယပါမောက္ခချုပ်များ၊ ပန်းချီပညာဌာန ပါမောက္ခ၊ ဌာနမှူးနှင့် ဆရာ ဆရာမများ၊ အထက်မြန်မာပြည် ရေဆေးပန်းချီဆရာများ အသင်းဥက္ကဋ္ဌ ဦးဇော်ဝင်း (သစ်ထွင်း) နှင့် မန္တလေးမြို့ရှိ ပန်းချီပညာရှင်များ၊ အမျိုးသား ယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် ပန်းချီအထူးပြု ကျောင်းသား ကျောင်းသူများ တက်ရောက်အားပေးကြည့်ရှုကြသည်။

ရေဆေးပန်းချီပြပွဲကို စက်တင်ဘာ ၁၇ ရက်မှ ၂၀ ရက်အထိ နံနက် ၉ နာရီမှ ညနေ ၄ နာရီခွဲအထိ ခင်းကျင်းပြသမည်ဖြစ်ပြီး မန္တလေးမြို့နှင့် ဝန်းကျင်သရုပ်ဖော်ပန်းချီကား ၅၀ ကျော်ပြသထားကြောင်း သိရသည်။ **သီဟကိုကို(မန္တလေး)**

လျှပ်စစ်ဓာတ်အားရရှိမှသာလျှင် စီးပွားရေးဖွံ့ဖြိုးမှုနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖန်တီးနိုင်မည်

နေပြည်တော် စက်တင်ဘာ ၁၈

နိုင်ငံတော်အစိုးရ၏လမ်းညွှန်မှုဖြင့် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနသည် လာမည့် ၂၀၃၀ ခုနှစ်တွင် လျှပ်စစ်ဓာတ်အားအပြည့်အဝရရှိရေး ရည်မှန်းချက်ထား ဆောင်ရွက်လျက်ရှိပြီး ထိုသို့လျှပ်စစ်ဓာတ်အား အပြည့်အဝရရှိမှသာလျှင် နိုင်ငံ၏စီးပွားဖွံ့ဖြိုးမှုနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖန်တီးနိုင်ပေးနိုင်မည်ဖြစ်သောကြောင့် လျှပ်စစ်ဓာတ်အားရရှိရေးသည် နိုင်ငံ၏အဓိကကျသော ရည်မှန်းချက်တစ်ခုလည်းဖြစ်ကြောင်း လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

လက်ရှိတွင် မြန်မာနိုင်ငံ၌ အိမ်ထောင်စု ၁၀ ဒသမ ၈ သန်းခန့်ရှိသည့်အနက် ၄ ဒသမ ၁၉ သန်း (ရာခိုင်နှုန်းအားဖြင့် ၃၈ ဒသမ ၅ ရာခိုင်နှုန်း) ကို ဓာတ်အားစနစ်မှ ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိကြောင်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် အိမ်ထောင်စု ၃ ဒသမ ၆၉ သန်းခန့် ဓာတ်အားရရှိခဲ့ရာမှ ၂၀၁၆-၂၀၁၇ဘဏ္ဍာနှစ်တွင် အိမ်ထောင်စု ၄ ဒသမ ၁၉ သန်းခန့်အထိ ဓာတ်အားတိုးတက်ဖြန့်ဖြူးပေးနိုင်ခဲ့ပြီး တစ်နိုင်ငံလုံးတွင် အိမ်ထောင်စုပေါင်း ၄၉၄၈၇၆ စု မူလအခြေခံနှစ်ထက် ၄ ဒသမ ၅ ရာခိုင်နှုန်းလျှပ်စစ်ဓာတ်အားပိုမိုဖြန့်ဖြူးပေးနိုင်ခဲ့ကြောင်း သိရသည်။

၂၀၁၆ခုနှစ် ဇူလိုင်လအတွင်း အမြင့်ဆုံးဓာတ်အားထုတ်လုပ်မှုမှာ ၂၆၂၀ မဂ္ဂါဝပ်နှင့် ယူနစ်သန်းပေါင်း ၁၄၇၈ ဒသမ ၇၄၁ ထုတ်လုပ်လျက်ရှိရာ ၂၀၁၇ ခုနှစ်တွင် အမြင့်ဆုံးဓာတ်အား ထုတ်လုပ်မှုမှာ ၂၈၉၃ မဂ္ဂါဝပ်နှင့် ယူနစ်သန်းပေါင်း ၁၆၄၃ ဒသမ ၂၅၈ ထုတ်လုပ်ခဲ့သဖြင့် ဓာတ်အားထုတ်လုပ်မှု ၂၇၃ မဂ္ဂါဝပ်နှင့်ယူနစ်သန်းပေါင်း ၁၆၄ ဒသမ ၅၁၇ ကို ပိုမိုထုတ်လုပ်ထားပြီးဖြစ်သည်။

National Electrification Plan-NEP ပထမငါးနှစ်စီမံကိန်းအရ အိမ်ထောင်စု ၁ ဒသမ ၅ သန်းခန့်အား National Grid မှတစ်ဆင့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးနိုင်ရေး ရည်မှန်းချက်ထား ဆောင်ရွက်လျက်ရှိပြီး အဆိုပါရည်မှန်းချက်သည် ၂၀၂၀ ခုနှစ်တွင် နိုင်ငံ၏ အိမ်ထောင်စု ၅၀ ရာခိုင်နှုန်းကိုလည်းကောင်း၊ ၂၀၂၅ ခုနှစ်တွင် အိမ်ထောင်စု ၇၅ ရာခိုင်နှုန်းကိုလည်းကောင်း၊ ၂၀၃၀ ခုနှစ်တွင် ၁၀၀ ရာခိုင်နှုန်းကိုလည်းကောင်း လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးနိုင်ရေးလျာထား သတ်မှတ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းထုတ်ပြန်ချက်အရသိရသည်။

(နိုင်လင်းကြည်)

■

ဖန်ပြွန်သန္ဓေသားပြုလုပ်ခြင်း မိတ်ဆက်ရှင်းလင်း

မန္တလေး စက်တင်ဘာ ၁၈

သားသမီးရတနာမရနိုင်သောသူတို့အား ဖန်ပြွန်သန္ဓေသား ပြုလုပ်ပေးခြင်းဝန်ဆောင်မှု မိတ်ဆက်ရှင်းလင်းပွဲကို စက်တင်ဘာ ၁၆ ရက် နံနက် ၉ နာရီက အောင်မြေသာစံမြို့နယ်ရှိ Mandalay Hill Resort ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အင်ကြင်းဖြူဆေးရုံမှ Dr.Andrew Phan မှ နှုတ်ခွန်းဆက်စကားပြောကြားပြီး ထိုင်းနိုင်ငံ Life Science Centerမှ Dr.Chad Teo က သားသမီးရတနာမရနိုင်သူများအား ဖန်ပြွန်သန္ဓေသားနည်းပညာဖြင့် သားသမီးများ မွေးဖွားပေးနိုင်မှုများအားလည်းကောင်း၊ ဖန်ပြွန်သန္ဓေသားပညာရှင် Dr.Nithas က ဖန်ပြွန်သန္ဓေသားနည်းပညာရပ်နှင့်ဖိုသုက်ပိုးနှင့် မမျိုးဥပေါင်းစပ်၍ အောင်မြင်သည့် သန္ဓေသားဖန်တီးမှုများအားလည်းကောင်း ရှင်းလင်းပြောကြားပြီး တက်ရောက်လာသူများ၏ သိလိုသည်များကို ပြန်လည်ဖြေကြားကြောင်း သိရသည်။

မန္တလေးဗဟိုအမျိုးသမီးဆေးရုံကြီးမှ သားဖွားမီးယပ်အထူးကုဆရာဝန်များ၊ ဆေးတက္ကသိုလ် (မန္တလေး) သားဖွားမီးယပ်ပညာအထူးပြုဘွဲ့လွန်ကျောင်းသား ကျောင်းသူများ၊ စိတ်ဝင်စားသူများတက်ရောက်ကြသည်။

မောင်ပြည်သူ(မန္တလေး)

ဒေသခံများအား အလုပ်အကိုင် အခွင့်အလမ်းများ ပေးနေသည့် စွန်ရဲအင်း

စဉ့်ကိုင် စက်တင်ဘာ ၁၈

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ်အတွင်းရှိ စွန်ရဲအင်းမှာ ရှေးအစဉ်အဆက်ကတည်းက ဒေသခံများအား အလုပ်အကိုင်အခွင့်အလမ်းများစွာ ပေးနေခဲ့သည်။ စွန်ရဲအင်းမှာ ၁၁ ဒသမ ၇ စတုရန်းမိုင် ကျယ်ဝန်းပြီး လယ်မြေ ၂၈၉၅ ဧကကို စိုက်ပျိုးရေပေးနေသော အင်းပင်ဖြစ်သည်။ ဒေသခံများက စွန်ရဲအင်းကို ထမင်းလည်းကျွေး၊ ဟင်းလည်းပေးသောအင်းဟု တင်စားခေါ်ဝေါ်ကြသည်။

စွန်ရဲအင်းကို အခြေပြုကာ အလုပ်အကိုင်အမျိုးမျိုးရရှိကြသည်။ ယခင်က စွန်ရဲအင်းကိုအခြေပြုကာ ငါးဖမ်းလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်းများဖြင့် အသက်မွေးကြသည်။ အင်းအတွင်းပေါက်သော ဒေသအခေါ် ဝက်လံများကို ရိတ်ကာ သက်ငယ်ပြုလုပ်ကြသည်။ ယောကျ်ားကလေးများ အင်းဆင်းချိန်တွင်မိန်းကလေးများ သက်ငယ်ရိတ်ကာ ပုံမှန်ဝင်ငွေရရှိကြသည်။ သက်ငယ်ရိတ်စရာမရှိသည့်အခါ ရေပေါ်တွင်ပေါ်သော ရေမှော်များကို ဝက်စာအဖြစ်ဆယ်ယူရောင်းချကြသည်။ ဝက်စာတစ်အိတ်လျှင် ငွေကျပ်ငါးရာရရှိကြသည်။

ယခင်က စွန်ရဲအင်းအတွင်း ကြာပင်မရှိပေ။ မိုမင်ကန်ကြီးဘက်မှ ကြာပင်ခုနစ်ပင်ကိုယူကာ အင်းအတွင်းချ၍ ခြံခတ်မွေးမြူစိုက်ပျိုးရာမှ ကြာပင်များစွာ ပွားလာခြင်းဖြစ်သည်။ ကြာပင်ကြာတောများဖြစ်သွားသည့်အခါ ကြာပန်းများကို ခူးကာ ကြာဝတ်ဆံထုတ်၍ ရောင်းချခြင်းများကို ပြုလုပ်ကြသည်။ ကြာဝတ်ဆံမှာ တိုင်းရင်းဆေး၊ သွေးဆေးများတွင် အဓိကအသုံးပြုပြီး အိန္ဒိယနိုင်ငံအထိ တင်ပို့ပေးရသည်။ ကြာဝတ်ဆံများ ထုတ်လုပ်ရောင်းချနေချိန်တွင် တောင်ကြီး၊ အင်းလေးမှ လူပေါင်း ၃၀၀ ခန့် စွန်ရဲအင်းနံဘေးနေထိုင်ကာ ကြာချည်လာရောက်ထုတ်ယူကြသည်။ ထိုနည်းစနစ်ကို စွန်ရဲရွာနှင့် စွန်ရဲအင်းဘေးမှ အင်းကုန်းရွာသူရွာသားများရရှိကာ ကြာချည်ထုတ်ခြင်းများကို ပြုလုပ်ရောင်းချကြသည်။

၂၀၁၅ ခုနှစ်တွင် စွန်ရဲအင်း၏ သဘာဝအလှအပများနာမည်ကြီးသွားသည့်အတွက် ကြာပန်းခူးခြင်း၊ ကြာဝတ်ဆံထုတ်ခြင်းများကို မပြုလုပ်တော့ဘဲ လှေဝန်ဆောင်မှုပေးခြင်း၊ ထီးငှားခြင်း၊ စျေးဆိုင်များရောင်းချခြင်းများကို ပြုလုပ်လာကြသည်။ စုပေါင်းလုပ်ကိုင်ကာ အချိုးညီခွဲဝေယူခြင်းဖြင့် အကျိုးတူလုပ်ကိုင်ကြသည်။ ကန်အလှပျက်မည်စိုးသဖြင့် ကြာတောတစ်ခုကို သတ်မှတ်ထားပြီး ကြာသက်နှင်းအတွက် ကြာရိုးရိတ်သူများ သတ်မှတ်ကာ ကြာတောတွင်မရိတ်ရဘဲ အခြားနေရာများတွင်သာ ရိတ်ယူကြရသည်။

လက်ရှိကာလစွန်ရဲအင်းကို အခြေပြုကာ လှေဝန်ဆောင်မှုလုပ်ငန်း၊ ပုသိမ်ထီးငှားလုပ်ငန်း၊ ငါးဖမ်းလုပ်ငန်း၊ ဝက်စာဆယ်ယူသည့်လုပ်ငန်း၊ ကြာချည်ထုတ်လုပ်သည့်လုပ်ငန်း၊ စျေးရောင်းသည့်လုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်းများကို လုပ်ကိုင်လျက်ရှိသည်။ စွန်ရဲအင်းမှာ ရှေးယခင်ကတည်းမှစကာ ယခုအချိန်အထိ ဒေသခံများကို အလုပ်အကိုင်များပေးနေသည့် အင်းအဖြစ်ထင်ရှားလျက်ရှိသည်။ **တိမ်တမန်**

ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရန် အလားအလာကောင်းများ မကွေးတိုင်းဒေသကြီးတွင်ပြည့်စုံ

မကွေး စက်တင်ဘာ ၁၈

ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် နယ်ပယ်စုံမှ တာဝန်ရှိသူများ၊ စိတ်ပါဝင်စားသူများ တက်ရောက်သည့် နှစ်ရက်ကြာဖိုရမ်တစ်ခုကို စက်တင်ဘာ ၁၆ ရက်နှင့် ၁၇ ရက်တို့က မကွေးမြို့ နန်းထိုက်သူဟိုတယ်တွင် အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီး မကွေးတိုင်းဒေသကြီးမှာ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရန် အလားအလာကောင်းများနှင့် ပြည့်စုံနေကြောင်း ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်က ပြောကြားခဲ့သည်။

"မကွေးတိုင်းဒေသကြီးဟာ အနာဂတ်မှာ ခရီးသွားလုပ်ငန်းပိုမိုတိုးတက်ဖို့ အလားအလာကောင်းတွေနဲ့ ပြည့်စုံနေပါတယ်။ ခရီးသွားလုပ်ငန်းတွေ ကြိုးပမ်းဆောင်ရွက်ရာမှာ ဒေသရဲ့ စီးပွားရေး၊ လူမှုရေး၊ သဘာဝပတ်ဝန်းကျင်ဆိုးကျိုးမထိခိုက်အောင် (Negative Impacts) နည်းနိုင်သမျှနည်းနိုင်စေဖို့နဲ့ ကောင်းမွန်တဲ့အကျိုးဆက်(Positive Impacts) တွေ ရရှိအောင်ဆောင်ရွက်နိုင်မှသာ (Sustainable Tourism)လို့ ခေါ်တဲ့ ရေရှည်တည်တံ့ခိုင်မြဲတဲ့ ခရီးသွားလုပ်ငန်းဆိုင်ရာ ခရီးစဉ်ဒေသတွေ ပေါ်ထွက်လာစေမှာဖြစ်ပါတယ်" ဟု ပြည်ထောင်စုဝန်ကြီးက ဖွင့်ပွဲအမှာစကားတွင် ထည့်သွင်းပြောကြားခဲ့သည်။

မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုက မကွေးတိုင်းအတွင်း၌ ဟိုတယ် ၁၇ လုံး၊ တည်းခိုရိပ်သာ ၁၇ လုံးရှိပြီး နိုင်ငံခြားသားခရီးသွားစာရင်းအရ ၂၀၁၆ ခုနှစ်တွင် ၁၉၃၈၆ ဦး၊ ၂၀၁၇ ခုနှစ် ဩဂုတ်လအထိ ၁၀၈၆၁ ဦး ဝင်ရောက်ခဲ့ကြောင်း၊ ပခုက္ကူခရိုင် ယင်းတိုင်းတောင်ဆည်ကိုအခြေပြု၍ ရပ်ရွာလူထုအခြေပြုခရီးသွားလုပ်ငန်း မြိုင် (CBT)ကို အကောင်အထည်ဖော်ခဲ့ရာ တစ်နှစ်လျှင် နိုင်ငံခြားခရီးသွားများ တစ်ထောင်ခန့် ဝင်ရောက်လည်ပတ်လျက်ရှိကြောင်း၊ ချောက်မြို့နယ် စလေအုပ်စု မကျီးကန်ရွာတွင် CBT တစ်ခု ဆောင်ရွက်ခဲ့ပြီး ထီးလင်းမြို့နယ် ပုံတောင်ပုံညာဒေသတွင်လည်း CBT Site တစ်ခု အကောင်အထည်ဖော်ရန်ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

"မကွေးတိုင်းဒေသကြီးအတွင်း ခရီးသွားလုပ်ငန်းအောင်မြင်တိုးတက်လာတာနဲ့အမျှ ခရီးစဉ်ဒေသတွေမှရှိတဲ့ သယ်ယူပို့ဆောင်ရေးလုပ်ကိုင်သူတွေ၊ စားသောက်ဆိုင်တွေ၊ ဒေသထွက်လမ်းညွှန်တွေ၊ အမှတ်တရပစ္စည်းအရောင်းဆိုင်တွေ၊ ဒေသခံပြည်သူတွေရဲ့ အလုပ်အကိုင်အခွင့်အလမ်းနဲ့ဝင်ငွေတွေလည်း တိုးတက်လာမှာ ဖြစ်ပါတယ်"ဟု တိုင်းဒေသကြီးဝန်ကြီးချုပ်က ပြောကြားသည်။

ရေနံချောင်းမြို့နယ် ဆားလယ်ဒေသတွင် ပုဂံခေတ်နှောင်းပိုင်း ပင်းယ၊ အင်းဝခေတ်ဦးပိုင်းဟုယူဆရသော ရောဝတီမြစ်ဘေးရှိ ရှေးဟောင်းဘုရားများ၊ စလေရုပ်စုံကျောင်းနှင့် ရှင်ပင်စာကြိုဘုရား၊ မကွေးမြသလွန်၊ မင်းဘူးစက္ကိန်းတဲဘုရား၊ နဂါးပွက်တောင်၊ ပွင့်ဖြူမြို့ စန္ဒကူးနံ့သာကျောင်းတော်ရာ၊ ရွှေစက်တော်ဘုရားနှင့် ရွှေသမင်၊ ကြယ်လိပ်များရှိရာ ဘေးမဲ့တော၊ စလင်းမြို့ လယ်ကိုင်းရှိ ရုပ်စုံကျောင်း၊ မင်းလှခံတပ်၊ ကွေ့ကျောင်းခံတပ်၊ သရက်မြို့ရှိ မြန်မာနိုင်ငံပထမဆုံး ဂေါက်ကွင်း၊ တူရကီစစ်သင်္ချိုင်း၊ ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ဗိဿနိုးမြို့ဟောင်း ၊ မြင်ကွန်းမြို့ဟောင်း၊ ဗိုလ်ချုပ်အောင်ဆန်းနေအိမ်ပြတိုက်၊ ပခုက္ကူပခန်းဒေသရှိဘုရားစေတီများနှင့် သီဟိုဠ်ရှင်ဘုရားစသည့်

ထူးခြားထင်ရှားနေရာများမှာ ပြည်ပခရီးသွားများအတွက် စိတ်ဝင်စားစရာများဖြစ်လာနိုင်ကြောင်း ဖိုရမ်မှ သိရသည်။

ဖိုရမ်ဖြစ်မြောက်ရေးအတွက် Actionaid Myanmar နှင့် ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း(မကွေးဇုန်)တို့က ဝိုင်းဝန်းကူညီပေးခဲ့ကြပြီး တိုင်းဒေသကြီးနှင့် ဒေသအခြေပြုပြည်သူများအကျိုးစီးပွားအတွက် ပြီးပြည့်စုံသော ခရီးသွားလုပ်ငန်းဆိုင်ရာ မကွေးတိုင်းဒေသကြီးလမ်းညွှန်မြေပုံတစ်ခုရရှိလာရန်မျှော်လင့်ကြောင်း ဖိုရမ်တက်ရောက်လာသူတစ်ဦးထံမှ သိရသည်။

ဇေယျာတု(မကွေး)

မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် တံတားချဉ်းကပ်လမ်းရေတိုက်စား

ခါမ်းပါတ် စက်တင်ဘာ ၁၈

စက်တင်ဘာ ၁၆ ရက်နှင့် ၁၇ ရက်တွင် မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ကလေး-တမူးလမ်း၊ခါမ်းပါတ်မြို့နှင့် ကနန်စံပြကျေးရွာကြား တံတားအမှတ် (၃/၅၈)၏မြောက်ဘက်ခြမ်းချဉ်းကပ်လမ်းတံတားအောက်ခြေမှစ၍ပေ ၃၀ ခန့် ရေတိုက်စားလျက်ရှိနေသဖြင့် ယာဉ်ကြီး/ယာဉ်ငယ်များသွားလာမှုကို ယနေ့ နံနက် ၈ နာရီစ၍မေတ္တာရပ်ခံရပ်နားထားကြောင်းနှင့် လမ်းဦးစီးဌာနမှ အဆိုပါ ပျက်စီးမှုကို စက်ယန္တရားများဖြင့် အမြန်ပြုပြင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ဇော်ဝင်းထွန်း (ပြန်/ဆက်)

ကလေးမြို့တွင် ငြိမ်းချမ်းရေးဂီတပွဲတော်သီချင်းဆိုပြိုင်ပွဲ Level-2 သို့ယှဉ်ပြိုင်ရန် ပထမအဆင့်ပဏာမလက်ရွေးစင်ရွေးချယ်ပွဲ မကြာမီကျင်းပတော့မည်

ကလေး စက်တင်ဘာ ၁၈

အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် စည်းလုံးညီညွတ်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေး၊ နိုင်ငံတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ထောက်ခံသောအားဖြင့် ပြန်ကြားရေးဝန်ကြီးဌာနက ကြီးမှူး၍ MRTV, Forever Group နှင့်ရွှေသံလွင်မီဒီယာ SKY NET တို့မှ ဂုဏ်ယူစွာတင်ဆက်သည့် ငြိမ်းချမ်းရေးဂီတပွဲတော် ၂၀၁၇ (Peace Music Festival 2017)သီချင်းဆိုပြိုင်ပွဲကို မြို့နေရာများသတ်မှတ်ကာပထမအဆင့်(Level-1)ပြိုင်ပွဲများ ကျင်းပပေးလျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးမြို့တွင်လည်း အောက်တိုဘာ ၄ ရက်မှ အောက်တိုဘာ ၈ ရက်အထိ Level-2 သို့ ယှဉ်ပြိုင်ရန် ပထမအဆင့်ပဏာမလက်ရွေးစင်ရွေးချယ်ပွဲကို ကျင်းပတော့မည်ဖြစ်သည်။

"ကလေးမြို့ဟာ အဆိုကောင်းသူတွေ များများရှိတဲ့မြို့လေးပါ။ တစ်ခါမှမလုပ်ဖူးတဲ့ပွဲမျိုးဆိုတော့ ဒီပွဲကျင်းပမှာကို အားလုံးစိတ်ဝင်စားကြတယ်။ တစ်နိုင်ငံလုံးမှာ ၁၁ မြို့ပဲ ကျင်းပတဲ့ပွဲမျိုးကို ကျွန်တော်တို့ မြို့သူမြို့သားတွေ ကြုံတွေ့ကြရမယ်။ သီချင်းသီဆိုမှုအတွေ့အကြုံတွေရကြမယ်။ ရွက်ပုန်းသီး အဆိုဝါသနာရှင်တွေ ပေါ်ထွက်လာမယ်။ နောက်နောင်သီချင်းအဆိုပြိုင်ပွဲတွေမှာ ပါဝင်ယှဉ်ပြိုင်ကြဖို့ အတွေ့အကြုံကောင်းတွေ ရကြမယ်။ ငြိမ်းချမ်းရေးဆိုတဲ့စကားလုံး လူထုကြားမှာပျံ့နှံ့သွားမယ်။ တီဗွီတိုက်ရိုက် ရိုက်ကူးထုတ်လွှင့်မှုတွေကို မမြင်ဖူးကြတဲ့ကိုယ့်မြို့သားတွေ မြင်ဖူးပြီးဗဟုသုတရကြမယ်။ အခုလို ကလေးမြို့မှာ လာကျင်းပတာ အလွန်ဝမ်းသာစရာပါ။ ကိုယ့်မြို့သူမြို့သားတွေ အနေနဲ့လည်း ဒီပွဲကြီးဖြစ်မြောက် အောင်မြင်အောင် ထပ်ပြီးဝိုင်းဝန်းကူညီကြစေလိုပါတယ်"ဟု ကလေးမြို့ ငြိမ်းချမ်းရေးဂီတပွဲတော်ကျင်းပရေးကော်မတီ (ရုပ်သံ)မှ ဦးတင်ထွန်းဝင်းကပြောသည်။

ကလေးမြို့ ငြိမ်းချမ်းရေးဂီတပွဲတော် သီချင်းဆိုပြိုင်ပွဲအတွက် ချင်းပြည်နယ်(မြောက်ပိုင်း)အပါအဝင် ကလေး၊ ဂန့်ဂေါ၊ တမူးနှင့်ချင်းတွင်းအထက်ပိုင်းဒေသများမှ သီချင်းဆိုဝါသနာရှင် ၂၅၀ ခန့် ဝင်ရောက်ယှဉ်ပြိုင်ရန် စာရင်းပေးသွင်းထားပြီးဖြစ်ကြောင်း၊ အကဲဖြတ်ဒိုင်အဖြစ် မြန်မာနိုင်ငံဂီတအစည်းအရုံးမှ ရွေးချယ်ထားသော တေးရေးဆရာအောင်နိုင်စန်း၊ ဂီတအနုပညာရှင်ခင်မြတ်မွန်နှင့် တေးသံရှင်ဆုန်သင်းပါရ်တို့က ဆောင်ရွက်ကြမည်ဖြစ်ကြောင်း၊ ဧည့်သည်အဆိုရှင်အဖြစ်နိုင်ငံကျော်တေးသံရှင်ဆုန်သင်းပါရ်နှင့်ခင်မိုးဝေ(ခ)ဗန်သော့ဒ်ကျင်းတို့က ဝါသနာရှင်ပြည်သူများအား ကူညီသီဆိုဖျော်ဖြေပေးသွားမည်ဖြစ်ကြောင်း၊ သီချင်းဆိုပြိုင်ပွဲကိုတောင်ကြီးမြို့မှစတင်ကာ နောက်ဆုံးဖိုင်နယ်ပွဲအထိ MRTV ရုပ်သံမှ တိုက်ရိုက်ထုတ်လွှင့်ပေးလျက်ရှိကြောင်း၊ သီချင်းဆိုပြိုင်ပွဲတွင် ပထမဆုကျပ်သိန်း ၃၀၀၊ ဒုတိယဆုကျပ်သိန်း ၂၀၀၊ တတိယဆုကျပ်သိန်း ၁၀၀ နှင့် နှစ်သိမ့်ဆုခုနစ်ဆုအတွက် ကျပ်သိန်း ၃၀ စီချီးမြှင့်သွားမည်ဖြစ်ကြောင်း ကလေးမြို့ ငြိမ်းချမ်းရေးဂီတပွဲတော် ကျင်းပရေးကော်မတီ(ရုပ်သံ)မှ ဦးသန့်ဇင်က ပြောသည်။

အဆိုပါပြိုင်ပွဲကို ပြီးခဲ့သည့်ဩဂုတ်လအတွင်း ကျင်းပပြုလုပ်မည်ဖြစ်သော်လည်း တိုက်ရိုက်ထုတ်လွှင့်မှုအတွက် ရာသီဥတုအခြေအနေနှင့်လမ်းပန်းဆက်သွယ်ရေးအခြေအနေများကြောင့် ရက်ပြန်လည်ရွှေ့ဆိုင်းရာမှ ယခုအခါ အသံစစ်ဆေးမည့်နေ့ရက်ကို အောက်တိုဘာ ၄ ရက်မှ ၆ ရက်အထိ၊ Stage Rehearsal ပြုလုပ်ခြင်းကို အောက်တိုဘာ ၇ ရက်နှင့် တိုက်ရိုက်ထုတ်လွှင့် (Level-1 Live) ယှဉ်ပြိုင်ခြင်းကို အောက်တိုဘာ ၈ ရက်အဖြစ် အတည်ပြုသတ်မှတ်ခြင်းဖြစ်ကြောင်း သိရသည်။

ချင်းတွင်းသား

ဆည်တာတမံနှင့် ဆည်အောက်ပိုင်း အနိမ့်ပိုင်းနေရာများအား ဆည်ရေဝန်ထမ်းများက အထူးသတိထားစောင့်ကြည့်

ရွှေဘို စက်တင်ဘာ ၁၈

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရက တောင်တရုတ်ပင်လယ်တွင် ဖြစ်ပေါ်နေသည့် ဒေါ့ဆူရီတိုင်ဖွန်းမုန်တိုင်းကြောင့် မိမိတို့တိုင်းဒေသကြီးအတွင်း ထူးခြားစွာ မိုးရွာသွန်းမှုများ၊ ရေကြီးရေလျှံမှုများ ဖြစ်ပေါ်လာနိုင်ကြောင်း စက်တင်ဘာ ၁၆ ရက်က ကြိုတင်အသိပေးထားခဲ့ရာ အဆိုပါမုန်တိုင်းကြောင့် ရွှေဘိုဒေသတွင် မိုးရွာသွန်းမှုများရှိသော်လည်း သဖန်းဆိပ်ဆည်၌ မိုးရေဝင်ရောက်မှုနည်းပါးကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

အဆိုပါဒေါ့ဆူရီတိုင်ဖွန်းမုန်တိုင်းကြောင့် ရွှေဘို၊ ခင်ဦး၊ ရေဦးစသည့်မြို့နယ်များတွင် စက်တင်ဘာ ၁၇ ရက် နံနက် ၂ နာရီဝန်းကျင်မှစ၍ ၉ နာရီထိအတွင်း မိုးရေ ၃ လက်မနီးပါး ရွာသွန်းခဲ့သည်။ ကွန်းလှမြို့နယ်ရှိ သဖန်းဆိပ်ဆည်၏ ရေဝင်ဒေသများဖြစ်သော ကောလင်း၊ ဝန်းသို၊ ပင်လည်ဘူး၊ ဗန်းမော်စသည့်မြို့နယ်များတွင် မိုးရွာသွန်းမှုနည်းပါး၍ ဆည်အတွင်းသို့ မိုးရေဝင်ရောက်မှုမှာ အနည်းငယ်မျှသာဖြစ်ကြောင်း သိရသည်။

"ဆည်အတွင်း မိုးရေဝင်ရောက်မှု နည်းပါးလို့ ဆည်ရေမပြည့်သေးပါဘူး။ ဒီနေ့ မနက် ၆ နာရီမှာ ဆည်ရေအမှတ် ၅၄၄ ဒသမ ၂၀ ပေရှိပြီး ဆည်ရေပြည့်ဖို့ သုည ဒသမ ၈ ပေလိုပါသေးတယ်။ ဆည်ထဲကို ၂၄ နာရီအတွင်း ရေဝင်ရောက်မှုမှာ ၁၇၁၀၈ ဧကပေဖြစ်ပြီး စိုက်ပျိုးရေနှင့် တာဘိုင်လည်ပတ်ဖို့အတွက် ဆည်ရေပြန်လည် ထုတ်လွှတ်မှုမှာ ၁၅၈၆၆ ဧကပေ ဖြစ်ပါတယ်။ ဆည်တာတမံနှင့် ဆည်အောက်ပိုင်း အနိမ့်ပိုင်းနေရာများမှာ မလိုလားအပ်တဲ့ပြဿနာများ မဖြစ်စေရေးအတွက် ဆည်ရေဝန်ထမ်းတွေက အထူးသတိထားစောင့်ကြည့်လျက်ရှိနေပါတယ်" ဟု စစ်ကိုင်းတိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးစောသက်ခိုင်ဝင်းက ပြောသည်။

သဖန်းဆိပ်ရေလှောင်တမံဆည်သည် ရေသိုလှောင်နိုင်မှုပမာဏမှာ ၂၇ သိန်းကျော် ဧကပေဖြစ်ပြီး အရှေ့တောင်အာရှ၌ အကြီးမားဆုံးဆည်တစ်ခုဖြစ်၍ နွေရာသီတွင် စပါးနှင့်အခြားသီးနှံကို ဧကသုံးသိန်းခန့် စိုက်ပျိုးလျက်ရှိသည့်အပြင် မိုးရာသီတွင် စပါးဧကပေါင်း ငါးသိန်းခန့် စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

(ရောင်နီတင်ဝင်း)

မိဘကျေးဇူး အထူးဆပ်နိုင်ကြစေရာ

မောင်ပြည့်အောင်

'မာတာပိတု ဥပဋ္ဌာနံ"ဟူသော မင်္ဂလာတရားတော်နှင့်အညီ မိဘကျေးဇူးဆပ်ခြင်းကို စာရေးသူတို့ သားသမီးများအနေဖြင့် အထူးအလေးထား ကြိုးစားဆောင်ရွက်သင့်ပါသည်။ သူများပေး၍မရ ကိုယ်ပြုမှရသည့် (ဒါနသီလ ဘာဝနာတရားတို့ကဲ့သို့) ဂုဏ်တင်ထိုက်သည့် မိဘကျေးဇူးဆပ်သည့်အလုပ်ကို သားကောင်းသမီးမွန်တို့က ကြိုးစားကြအားထုတ်ကြ၏။ မလုပ်ဖြစ်သေးသောသူများကလည်း စိတ်၌ ရည်ရွယ်ရင်းရှိကြမည်ပင်ဖြစ်၏။ ဤနေရာ၌ စိတ်စေတနာ အလျဉ်းမရှိသောသူဟူ၍ ရှိမည်မထင်ပေ။ ကျင့်သုံးသည့် နည်းလမ်းကိုသာ ရွေးချယ်တတ်ကြရန် လိုမည်ထင်၏။

မိမိတွင် စီးပွားဥစ္စာတို့နှင့် ပြီးပြည့်စုံသော တစ်နေ့၌ အမိအဖတို့အား အိမ်ကောင်းရာကောင်း တိုက်ကြီးတာကြီးတို့ဖြင့် နေရစေမည် ဝတ်ကောင်းစားလှတို့ဖြင့် ဆင်ယင်လျက် ကောင်းပေ့ဆိုသော ကားကြီးကားငယ် အသွယ်သွယ်တို့ဖြင့် တင့်တယ်စေရမည်၊ လျှုရေးတန်းရေး လက်မနှေးစေရဘဲ ဒါနသီလဘာဝနာ ကုသိုလ်ကောင်းမှုတို့၌ စိတ်သွားတိုင်းကိုယ်ပါစေရမည် စသည်ဖြင့် အားခဲမာန်တင်းလျက် စီးပွားဥစ္စာ ကြိုးစားရှာဖွေနေကြသူ သားသမီးတို့လည်း ဒုနဲ့ဒေးပင်ရှိကြပါလိမ့်မည်။ ထိုတစ်နေ့၌ အမိအဖတို့သည် သက်ရှိထင်ရှား ရှိနေကြပါဦးမည်လား။

"မိဘကျေးဇူးမြင့်မိုရ်ဦး"ဟူ၍ အနှိုင်းမဲ့ကြီးမားလှသည်ဟုဆိုသော မြင့်မိုရ်တောင်၏ အထွဋ်၌တင်လျက် မြင့်မြတ်မှုကိုစံပြုကြ၏။ ညာဘက်ပခုံးတွင်ဖခင်ကိုတင် ဘယ်ဘက်ပခုံးတွင်အမိကိုထားကာ ကပ်ကမ္ဘာတစ်ခုသော ကာလပတ်လုံး ကျေးဇူးဆပ်သော်ငြား အမိအဖတို့၏ ကျေးဇူးကိုကျေအောင်ဆပ်နိုင်ဖွယ်ရာပင်မမြင်ကြောင်း ပမာခိုင်း၍ပြသော စာပေများလည်းရှိပါသည်။

ဤသို့ဆိုလျှင် မိဘကျေးဇူးဆပ်ခြင်းသည် (ခေတ်စကားနှင့် လွယ်လွယ်ဆိုရလျှင်) အကြီးကြီး ဖြစ်၏၊ အများကြီးဖြစ်၏၊ အလွန့်အလွန်ကြီး၍ အလွန့်အလွန်များ၏ဟူ၍ပင် ဆိုရအံ့ထင်သည်။ သာမန် လူတို့စွမ်းနိုင်ဖွယ်ရာမရှိဟူ၍ စာရေးသူတို့၏သားသမီးများအပါအဝင် လူငယ်အပေါင်းတို့၏ စိတ်သန္တာန်ဝယ် ထင်မှတ်ဖွယ်ရာဖြစ်နေလေသည် (စာပေပညာရှင်တို့အား အပြစ်မြင်ခြင်းမဟုတ်ပါ)။ အဖိုး အနဂ္ဃထိုက်သော ပြည်တန်ပတ္တမြားအား တန်ဖိုးကြီးလွန်း၍ (မဖြစ်နိုင်ဟုယူဆ၍) ရယူရန် ကြိုးစားဖို့ ဝေးစွ စိတ်ကူး၌ပင်မတွေးသည့်အဖြစ်မျိုး၊ သာမန်အဆင့်လောက်ဖြင့် လုပ်နိုင်ဖွယ်မရှိဟူသော မာန်လျှော့နေကြမည့်အဖြစ်မျိုးပင်(စိုးရိမ်လောက်စရာ) ဖြစ်နိုင်ဖွယ်ရှိလေသည်။

သို့ဆိုသော်ငြားလည်း ဉာဏ်ပညာနှင့်ပြည့်စုံသော အမိအဖများသည် အထက်ဖော်ပြပါ စံလွဲအတွေးအခေါ်မျိုး မိမိသားသမီးတို့၏ စိတ်သန္တာန်ဝယ် မြူမှုန်မျှမထင်စေရန် အလိမ္မာတရားလက်ကိုင်ထားလျက် ကြိုးစားအားထုတ်ကြသည်သာဖြစ်လေ၏။ လူမှန်းသိတတ်စ အရွယ်မှစတင်ကာ မိခင်ဖခင်တို့အား ကိုယ်စိတ်နှလုံးသုံးပါးလုံး၌ ရိုသေလေးမြတ်မှုရှိစေရန် ပညာဉာဏ်ကိုသုံး၍ ဆိုဆုံးမကြ၏။ သားသမီးတို့၏ စိတ်နှလုံးကို ကြည်နူးစေသော ဘုရားအလောင်းတော် သုဝဏ္ဏသာမဇာတ်တော်သည် သားသမီးတို့၏ အိပ်ရာဝင်ပုံပြင်ဖြစ်စေ၏။ အမိအဖတို့၏ ကျေးဇူးကို အလောင်းတော်ကဲ့သို့ ဝေယျာဝစ္စကုသိုလ်ပြု၍လည်းဆပ်နိုင်ကြောင်း မီးမောင်းထိုးပြကြ၏။

ပြေးလွှား ကစားတတ်စအရွယ်မှစ၍ "ဖေဖေ့ကို ကြိုလိုက်ပါဦး" "မေမေ့ကို ကူလိုက်ပါဦး"ဟုသတိပေး၍ သားသမီးဝတ်ကို သိစေ၏။ ဤသို့ဖြင့် အမိအဖတို့၏ အလိုကိုသိ၍ မိဘအလိုကျနေထိုင်တတ်ခြင်းနှင့် မိဘတို့၏ ဝေယျာဝစ္စ အမှုကြီးငယ်တို့ကိုဆောင်ရွက်ပေးခြင်း၌ယဉ်ပါးသော အလေ့အကျင့်ကောင်းများသည် သားသမီးတို့၏ အတွင်းအဇ္ဈတ္တသန္တာန်၌ စွဲထင်၍သွားလေတော့သည်။ မိမိတို့ကိုယ်တိုင် တစ်အိုးတစ်အိမ်ထူထောင်၍ မိဘကျေးဇူးကို နားလည်သိတတ်လာသောအခါ မိဘကျေးဇူးဆပ်ခြင်းကို ငယ်စဉ်ကလေးဘဝကပင် မိမိကိုယ်တိုင်ပြုခဲ့ကြောင်းနှင့် ဆက်၍ ကျင့်သုံးရမည့် နည်းလမ်းကိုလည်း ကောင်းစွာ သိမြင်လာတော့၏။

စာရေးသူတို့လူရွယ်ဘဝ အလုပ်ခွင် အသီးသီးတွင် စ၍ အလုပ်ဝင်ကြစဉ်ကဖြစ်၏။ တပ်မတော် ဆေးတပ်၌ ဆေးရုံတပ်ဆွယ်မှူးဗိုလ်ကြီး (ဆရာဝန်) ဖြစ်သော စာရေးသူ၏ အစ်ကိုဖြစ်သူသည် အိမ်သို့ရောက်ခိုက် အမေနှင့်စကားပြောရင်း အလုပ်ပင်ပန်း၍နေသာ ထိုင်သာမရှိကြောင်းပြောမိရာ မိခင်ဖြစ်သူက သား၏နဖူးကိုသူ၏ပါးဖြင့်ကပ်၍စူးစမ်း၏။ ခြေဖျားလက်ဖျားများကိုလည်း စမ်းသပ်ကြည့်၏ ရင်ကိုလည်း နားနှင့်ကပ်၍နားထောင်၏။

"ဒီအိပ်ရာမှာအိပ်ငါ့သား၊ စောင်ကိုခေါင်းဖျားခြေဖျား လုံအောင်ခြုံ၊ စိတ်ရောကိုယ်ရော ပင်ပန်းလွန်းလို့ မအီမသာဖြစ်နေတာ ချွေးထုတ်ရမယ်၊ ငန်းဆေး (ကွမ်းရွက်၊ ကြပ်ခိုး၊ နနွင်းမှုန့်၊ အိမ်သုံးဆားတို့ဖြင့် သူကိုယ်တိုင်ဖော်စပ်ထားသော အဘိုး အဘွားတို့ထံမှ လက်ဆင့်ကမ်း အမွေဆက်ခံခဲ့သည့် အမေ၏ လက်စွဲဆေး) သောက်ဖို့လိုတယ်" ဟုဆိုပြီး ထိုစဉ်က အသက်(၆၀) နားသို့ ကပ်နေပြီဖြစ်သောအမေသည် လိုအပ်သည်များကို သူကိုယ်တိုင်လည်း ဇယ်စက်သလို တက်ကြွသွက်လက်စွာပြင်ဆင်၏။ အနားရှိ သားသမီးများကိုလည်း ကူညီစေ၏။ အစ်ကိုဖြစ်သူ (ဆရာဝန်ဗိုလ်ကြီးဖြစ်သူ)ကလည်း မည်သည့် စောဒကမျှမတက်၊ အမေတိုက်သောငန်းဆေး (ဟင်းရည်သောက် ကြွေဇွန်းကြီး သုံးဇွန်း ပမာဏကို သောက်၍ အမေခင်းပေးသော အိပ်ရာထက်၌ စောင်ကို ခေါင်းမြီးခြုံ၍ ချွေးထုတ်လေသည်။

"အခုမှပဲ ပေါ့ပါးလန်းဆန်းပြီးနေလို့ ကောင်းသွားတယ်အမေရာ"၊ ချွေးစိုမစို သူကိုယ်တိုင်ဆုံးဖြတ်၍ ကိုယ်တိုင်ချွေးသုတ် ကိုယ်တိုင်အဝတ်အစားလဲပေးထားသော သူ့သား၏အသံကို ကျေကျေနပ်နပ်ကြီး နားထောင်နေသောအမေသည် ပြုံး၍နေပါသည်။

ဤအပြုံးကို ပီတိမျက်ရည်တို့ဖြင့် စိုနေသော မျက်ဝန်းများတွင်လည်း တွေ့ရ၏။ ပိရိသေသပ်သော နှုတ်ခမ်းများ၌လည်းတွေ့ရ၏။ အရေးအကြောင်းတို့ဖြင့် မပီမပြင် တန်ဆာဆင်စပြုနေသော ပါးပြင်နှင့်နဖူးပြင်တို့ထက်၌ပင်လျှင် မြင်ရသည် ထင်၏။ သိမ်မွေ့သော အပြုံး၊ ကျေနပ်သောအပြုံး၊ နှလုံးသားမှလာသည့် မပြယ်သောအပြုံးပင်ဖြစ်ပါသည်။ ကာယိကဒုက္ခ၊ စေတသိကဒုက္ခတို့ကိုရင်ဆိုင်လျက် ကိုးလလွယ်၍ ဆယ်လဖွားခဲ့ရသော သူ၏ သားဖြစ်သူသည် ကိုယ်တိုင် သက်မွေးဝမ်းကျောင်းပြုနေနိုင်ပြီဖြစ်သော ဤအရွယ်အထိ မိမိ၏ ရင်ခွင်ထဲ၌ ရှိနေသေးသည်ကို ခံစားသိမြင်လိုက်ရသောကြောင့် ဖြစ်ပါလိမ့်မည်။

သားသမီးများနှင့် ကြီးမားသောအိမ်ထောင်တာဝန်ကို ထမ်းဆောင်နေရသော စီးပွားရေးလုပ်ငန်းရှင် အသက်(၆၀)ဝန်းကျင်ရှိသော သားဖြစ်သူက အသက်(၉၀)ကျော်အရွယ် အမိအဖတို့၏အိမ်သို့ နေ့စဉ်သွားကာ ညနေစာအတူတူစားခြင်းသည် လည်းကောင်း၊ ဘီးတပ်ကုလားထိုင်ဖြင့် အသက်ရှင် ရပ်တည်နေရသော ဖခင်၏အိမ်သို့ (သားသမီးသုံးယောက်တို့၏မိခင်ဖြစ်နေလင့်ကစား) နေ့စဉ်ဝတ်မပျက်အရောက်သွားကာ ဘီးတပ်ကုလားထိုင်ကိုတွန်းရင်း မိမိ၏လုပ်ငန်းအတွေ့အကြုံများနှင့် ရှေးဟောင်းနှောင်းဖြစ်ကြည်နူးရယ်မောစရာများကို ပြောလျက် လမ်းလျှောက်ထွက်တတ်သော သမီးသည်လည်းကောင်း၊ မိမိတို့၏ရင်မှလာသော မိဘကျေးဇူးဆပ်နည်းများကို ကျင့်သုံးနေကြသူများ ဖြစ်သည်ကို သိမြင်နိုင်ကြမည်ထင်ပါကြောင်းနှင့် မိမိတို့ကိုယ်တိုင်လည်း ပို၍ပို၍ ထိရောက်သော နည်းလမ်းကောင်းများကို ရှာဖွေတွေ့ရှိ ကျင့်သုံးကြလျက် မိဘကျေးဇူးကို ပြန်လည် ပေးဆပ်နိုင်ကြသော သူတော်ကောင်းများဖြစ်ကြပါစေကြောင်း ဆန္ဒပြုရေးသားအပ်ပါသည်။ ။

သဘာဝအမွေ တည်တံ့စေချင်

သစ်တစ်ပင်ခုတ်ပြီး အသိရှိစွာပြန်လည်စိုက်ပျိုးထိန်းသိမ်းပါက ကာလတစ်ခုတွင်အစားထိုးသစ်ပင်ပြန်ရနိုင်မည်ဖြစ်သော်လည်း နှစ်သန်းပေါင်းများစွာအချိန်ယူဖြစ်တည်ခဲ့သော တောင်တစ်လုံးပျောက်ဆုံးသွားပါက ဘယ်သောအခါမှ ပြန်မရနိုင်တော့ပါ။

တောင်များသည် ရေငွေ့တိမ်တိုက်များကို တောင်တက်မိုး၊ တောင်ဆင်းမိုးအဖြစ်ပြောင်းလဲ၍ မြေပြင်ကို စိမ်းလန်းစေသည်။ လေပြင်းများကို တံတိုင်းအဖြစ်ကာရံ၍ တောင်ပေါ်ရေထွက်များ၊ စမ်းချောင်းများက မြေအောက်ရေကြောများအတိုင်း ထွင်းဖောက်ယှက်နွယ်၍ ရေချိုအရင်းအမြစ်များ ဖြည့်တင်းပေးသည်။ ထို့ပြင် သက်ရှိသတ္တဝါတို့ မှီတင်းရာ၊ သယံဇာတတို့ကိန်းအောင်းရာ စသည်ဖြင့် စုံလင်လှသော ကမ္ဘာမြေကြီး၏ လူသားတို့အတွက် လက်ဆောင်မွန်ပင်ဖြစ်ပေတော့သည်။

ရေတံခွန်တို့သည် လူသားတို့အတွက် စိတ်ပျော်ရွှင်အေးချမ်းမှုကို ပေးစွမ်းသည့်အပြင် စိုက်ပျိုးသောက်သုံးရန် ရေချိုအရင်းအမြစ်နှင့် စွမ်းအင်အရင်းအမြစ်များလည်းဖြစ်သည်။ နိုင်ငံတကာတွင် ရေတံခွန်ဆင်မြန်းထားသော တောတောင်များကို ခရီးသွားအပန်းဖြေစခန်းများအဖြစ် ဂရုတစိုက်ထိန်းသိမ်းခြင်း၊ စွမ်းအင်ထုတ်ယူခြင်းများပြုလုပ်၍ အဆိုပါ သဘာဝအခြေအနေများကလည်း ခရီးသွားလုပ်ငန်းဒေသခံအလုပ်အကိုင်၊ အရောင်းအဝယ်နှင့် ဒေသအတွက် စွမ်းအင်စသည်ဖြင့် ပြန်လည်အကျိုးပြုနေသည်ကို တွေ့ရပေမည်။

ထိုကဲ့သို့ အခြေအနေများနှင့်ညီညွတ်၍ လမ်းခရီးအဆက်အသွယ်လွယ်ကူပြီး လှပသောရေတံခွန်တောင်ရှိနေသော်လည်း အဆိုပါတန်ဖိုးများကို မိုင်းခွဲကျောက်ထုတ်လုပ်ခြင်းဖြင့် ယုတ်လျော့နေစေသည်ကို မွန်ပြည်နယ် သထုံခရိုင် ပေါင်မြို့နယ် သထုံ-မုတ္တမ ခရိုင်ချင်းဆက်လမ်းပေါ်ရှိ ဆင်ရွာရေတံခွန်တွင် တွေ့ရသည်။

တောင်အမြင့်ပေါ်မှ တစ်ရှိန်ထိုးကျဆင်း၍ ကျောက်စိုင်ကျောက်တုံးများကို ရိုက်ခတ်လျက် ရေမှုန်ရေပန်းပွားများနှင့် လှပနေသော ဆင်ရွာရေတံခွန်ကို ကားလမ်းပေါ်မှပင်မြင်တွေ့နိုင်သည်။ ကားလမ်းပေါ်မှ ငါးမိနစ်မျှမကြာဘဲ ရေတံခွန်သို့သွားလာလည်ပတ်နိုင်ပါမည်။ ရေတံခွန်အဝင်လမ်းတွင် ကျောက်ခွဲစက်၊ ကျောက်တင်စင်များ၊ ကျောက်သယ်ယာဉ်ကြီးများ၊ ယန္တရားများက ဥဒဟိုလှုပ်ရှားသွားလာလျက်ရှိသည်။ ရေတံခွန်သို့ရောက်ရန် ယင်းလုပ်ငန်းခွင်အကြားမှ လှည့်ပတ်ရှောင်ကွင်းသွားရပေမည်။

ရေတံခွန်သို့ တက်ရောက်ရန် လူသွားလမ်းကလေးရှိပြီး စမ်းချောင်းနှင့်ယှဉ်၍ ဖောက်လုပ်ထားခြင်းဖြစ်သည်။ လည်ပတ်မှုမရှိသော တာဘိုင်နှင့် ဂျင်နရေတာတပ်ဆင်ထားသည့် အဆောက်အအုံငယ်လေးလည်းရှိသည်။ အခြားတစ်ဖက်တွင် တောင်ကြောပေါ်သို့ ဖောက်ထားသော ကားလမ်းနှင့် မိုင်းခွဲချိန် ဖြတ်သန်းခွင့်မပြုသော ဆိုင်းဘုတ်များ၊ အလွှာလိုက် ဖြိုချထားသော ကမ်းပါးယံကြီးများကို မြင်ရသည်။

ရေတံခွန်တောင်ကြီးသည် နေ့စဉ်ယိုယွင်းလျက် တောင်၏အစိတ်အပိုင်းများကို ကျောက်ခွဲစက်ဆီသို့နေ့စဉ်ပို့ဆောင်ကြိတ်ဝါးလျက်ရှိသည်။ လွယ်ကူစွာသွားရောက်နိုင်သောလမ်းနှင့် လှပသော သဘာဝရှုခင်းရှိသော ဆင်ရွာရေတံခွန်ရှိရာ ကျောက်တောင်ကိုမိုင်းခွဲ၍ ကျောက်ထုတ်လုပ်သောအခါ ရေရှည်အကျိုးစီးပွားနှင့် အစားထိုးမရနိုင်သော သဘာဝပတ်ဝန်းကျင်ကို ဖျက်ဆီးနေသည်ဟုယူဆလျက် ဒေသခံတို့လည်း ဘဝင်မကျဖြစ်ရကြောင်း သိရသည်။

"ဒီရေတံခွန်က ရေအားကြီးပြီး တစ်နှစ်လုံး ရေမပြတ်ဘူး။ ရေအားလျှပ်စစ်ကို သေသေချာချာ ထုတ်ယူနိုင်ရင် ဒေသအတွက် အများကြီးအထောက်အကူရနိုင်တယ်။ လမ်းကလေးတွေ မွမ်းမံပြုပြင်မယ်။ ဆိုင်ခန်းလေးတွေ စနစ်တကျ ဆောက်မယ်။ ပီပြင်တဲ့ ခရီးသွားအပန်းဖြေစခန်းအဖြစ် ဖော်ဆောင်ပေးမယ်ဆိုရင် ဒီနေရာဟာ ကျိုက်ထီးရိုး၊ မော်လမြိုင်၊ ကျိုက္ခမီ၊ စက်စဲ၊ ကဗျာဝစတဲ့ ဘုရားနဲ့ ပင်လယ်ကမ်းခြေ အပန်းဖြေခရီးစဉ်မှာ မတူညီတဲ့ အပန်းဖြေရသ တစ်ခုရစေမှာပါ။ အခုတော့ တောင်ဖြိုကျောက်ထုတ်နေတယ်" ဟုသဲအိမ်ရွာမှ လာရောက်လည်ပတ်သောအုပ်စုမှ ကရင်အမျိုးသား စောထူးဝါးက ပြောသည်။

"အခုတလော လှတယ်လို့နာမည်ကြီးလို့ လာလည်တာပါ။ ကျောက်တောင်ကိုဖျက်ဆီးနေတဲ့ ယန္တရားတွေ၊ မိုင်းခွဲချိန် သတိပေးစာတွေ တွေ့ရတာ စိတ်မကောင်းစရာပါ။ နောက်ဆို အလှအပတွေ ပျောက်သွားမလားပဲ။ သူများနိုင်ငံတွေမှာဆို ဒီလို သဘာဝအနေအထားမျိုးရှိရင် စက်တပ်ယာဉ်မှန်သမျှ အနားတောင် မကပ်ရဘူး။ သိပ်ဂရုစိုက်တန်ဖိုးထားကြတယ်"ဟု ပြည်ပတွင် အလုပ်လုပ်ကိုင်သူ မော်လမြိုင်မြို့မှ ကိုထွေးနှင့် အဖွဲ့က ပြောသည်။

အပူအအေးမျှတသော ရာသီဥတုရှိ၍ တောင်စဉ်တောင်တန်းများ၊ စိမ်းစိုသော ရော်ဘာခြံများ၊ ပင်လယ်ကမ်းခြေများရှိရာ မွန်ပြည်နယ်တစ်ဝန်း လမ်းတံတားများ ချဲ့ထွင်ပြင်ဆင်ဖောက်လုပ်ခြင်းများဖြင့် ခရီးလမ်း ဆက်သွယ်မှု လျင်မြန်ချောမွေ့လျက်ရှိနေပြီဖြစ်ရာ ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည်များလည်း နှစ်စဉ်တိုးတက်လျက်ရှိသည်။

ဘုရားစုံဖူးနှင့် ပင်လယ်ကမ်းခြေ အပန်းဖြေခရီးစဉ်အတွင်း ကျိုက်ထီးရိုးစေတီတော်၊ ဇင်းကျိုက်နှင့် သထုံဘုရားဖူးပြီးလျှင် သထုံ-မုတ္တမ ခရိုင်ချင်းဆက်လမ်းသည် မုတ္တမမြို့သို့ အချိန်တိုအတွင်း ရောက်နိုင်သော လမ်းဖြစ်သည်။ အဆိုပါ လမ်းပေါ်တွင် မွန်၊ ကရင်၊ ပအိုဝ်း တိုင်းရင်းသားကျေးရွာများ ရှိကြောင်း၊ သာယာသော ရှုမြင်ကွင်းများ၊ ကျယ်ပြန့်သော ရော်ဘာခြံစိုက်ကွင်းကြီးများ၊ ဆင်ရွာရေတံခွန်နှင့် တမော့ပါရေတံခွန်တို့လည်း ရှိကြောင်း၊ ဆင်ရွာရေတံခွန်မှာ ပိုမိုကြီးမားလှပကြောင်း၊ သဘာဝခရီးသွား အပန်းဖြေစခန်းတစ်ခုအဖြစ် ဖော်ဆောင်ပြီး ရေရှည်ဝင်ငွေနှင့် ဒေသဖွံ့ဖြိုးရေး အထောက်အကူပြုနိုင်ကြောင်း၊ မွန်ပြည်နယ်တွင် လွန်ခဲ့သောနှစ်အနည်းကမြင်တွေ့နိုင်သော ထုံးကျောက်တောင်များက ယခုအခါ တစ်လုံးပြီးတစ်လုံး ပျောက်ကွယ်ခဲ့ပြီဖြစ်ကြောင်း၊ ထို့ကြောင့် ရေရှည်အကျိုးစီးပွားစွမ်းအင်အရင်းအမြစ်နှင့် အဖိုးမဖြတ်နိုင်သော သဘာဝပတ်ဝန်းကျင်ရှိရာ ဆင်ရွာရေတံခွန်တောင်ကိုလည်း မိုင်းခွဲကျောက်ထုတ်ခြင်းဖြင့် ပျက်စီးယုတ်လျော့မည်ကို စိုးရိမ်ကြောင်း ဒေသခံများက ပြောသည်။

လူသားတို့၏ အကျိုးစီးပွား၊ လူမှုဘဝဖွံ့ဖြိုးတိုးတက်မှုကို တည်ဆောက်ရန်အတွက် သဘာဝပတ်ဝန်းကျင်ကို ပွန်းစားမှုများ ရှိတတ်ပါသည်။ ထိုသို့သော အကြောင်းလည်းမဟုတ် အခြားသော ရွေးချယ်စရာလည်း ရှိနေပါလျှင်တော့ သဘာဝပတ်ဝန်းကျင်ကို မဖြစ်မနေ ထိန်းသိမ်းရမည်သာ။ ။ **သတင်း-နေသန်၊ ဓာတ်ပုံ-နန္ဒ**

အဖွဲ့လိုက်ဓာတ်ပုံတွေရဲ့ အလယ်မှာ အမြဲရှိနေရတဲ့အကြောင်း ဖွင့်ဟလာတဲ့ ယွန်န

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့အမျိုးသမီးတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "Girls' Generation" ဟာ စတင်ဖွဲ့စည်းခဲ့ချိန်မှာ အဖွဲ့ဝင်ကိုးဦးပါဝင်ပြီး လက်ရှိမှာ အဖွဲ့ဝင်ရှစ်ဦးနဲ့ အနုပညာလှုပ်ရှားမှုတွေကို လုပ်ဆောင်နေတာဖြစ်ပါတယ်။ ဒီလိုလှုပ်ရှားရင်းက အဖွဲ့လိုက်ဓာတ်ပုံတွေကို ရိုက်ကူးရတဲ့အခါတွေမှာတော့ အဖွဲ့ဝင်တစ်ဦးဖြစ်တဲ့ ယွန်နကို အမြဲလိုလို အလယ်မှာထားကာ ရိုက်ကူးလေ့ရှိတာတွေ့ရပါတယ်။ အနုပညာသက်တမ်း ၁၀ နှစ်ကျော်ကာလအတွင်း ရိုက်ကူးခဲ့ရတဲ့ အဖွဲ့လိုက်ဓာတ်ပုံတွေမှာ ယွန်နအနေနဲ့ အလယ်နေရာမှာသာ ရပ်တည်နေခဲ့ရတဲ့အကြောင်း အရင်းကိုတော့ လတ်တလောမှာ တောင်ကိုရီးယားမီဒီယာတစ်ခုဖြစ်တဲ့ ကိုရီးယားဘိုးဒေါ့ကွန်းက ရေးသားဖော်ပြခဲ့တာဖြစ်ပါတယ်။

ယွန်နအနေနဲ့ ဒီလိုအလယ်မှာ အမြဲနေရာရနေတဲ့အကြောင်းရင်းနဲ့ပတ်သက်ပြီး အဖွဲ့ကို စတင်တည်ထောင်ခဲ့ကာ တေးအယ်လ်ဘမ်စတင်ထွက်ရှိခဲ့တဲ့ ၂၀၀၇ ခုနှစ်အတွင်း ပြုလုပ်ခဲ့တဲ့ အမ်ဘီစီရုပ်သံလိုင်းက ရိုက်ကူးထုတ်လွှင့်ခဲ့တဲ့ အစီအစဉ်တစ်ခုမှာလည်း ဖွင့်ဟခဲ့တာတွေ့ရပါတယ်။ အဓိကအကြောင်းရင်းတစ်ခုကတော့ အဖွဲ့ရဲ့ ပထမဆုံးသောတေးအယ်လ်ဘမ်မှာ ယွန်နကို အလယ်နေရာမှာထားကာ ဓာတ်ပုံရိုက်ကူးခဲ့ခြင်းကြောင့်ဖြစ်ပြီး နောက်ပိုင်းမှာတော့ သူ့ရဲ့ရုပ်ရည်လှပမှုနဲ့ ကျော်ကြားမှုများကြောင့် အဖွဲ့လိုက်ဓာတ်ပုံတွေရဲ့ အလယ်မှာထားကာ ရိုက်ကူးခဲ့တာဖြစ်တယ်လို့လည်း သိရပါတယ်။

လက်ရှိမှာ အက်စ်အမ်အန်တာတိန်းမန့်ရဲ့ လက်အောက်မှာ အနုပညာလှုပ်ရှားမှုတွေ လုပ်ဆောင်နေတဲ့ "Girls' Generation" အဖွဲ့ဝင်တွေအနက် ယွန်နဟာ အေဂျင်စီရဲ့ လက်အောက်မှာ အချိန်အကြာဆုံးလေ့ကျင့်ပေးခြင်းခံခဲ့ရတဲ့ အဖွဲ့ဝင်တွေအနက်က တစ်ဦးလည်းဖြစ်ပါတယ်။ ၂၀၀၂ ခုနှစ်က သရုပ်ဆောင်ရွေးချယ်ပွဲတစ်ခုမှာ ရွေးချယ်ခံခဲ့ရတဲ့ ယွန်နဟာ ငါးနှစ်ခန့်လေ့ကျင့်ပေးခြင်းခံခဲ့ရပြီးနောက် ကေပေ့ါပ်တေးသံရှင်တစ်ဦးအဖြစ် ရောက်ရှိခဲ့တာဖြစ်ပါတယ်။ သူဟာ "Girls' Generation"နဲ့အတူ ပထမဆုံးသောတေးအယ်လ်ဘမ်ကို မထုတ်လွှင့်မီ တေးဗီဒီယိုတွေနဲ့ ကြော်ငြာအချို့မှာ ပါဝင်ခဲ့ဖူးတာဖြစ်ပါတယ်။

ကေပေ့ါပ်တေးသံရှင်တစ်ဦးအဖြစ် နာမည်ကျော်လာခဲ့တဲ့ ယွန်နဟာ လက်ရှိမှာတော့ တေးဂီတလောကမှာသာမက သရုပ်ဆောင်နယ်ပယ်မှာပါ အတော်လေးနေရာရလာခဲ့ပြီဖြစ်ပါတယ်။ အဖွဲ့ဝင်အားလုံးထဲမှာတော့ ယွန်နဟာ အကျော်ကြားဆုံးလို့ဆိုနိုင်ပြီး ခေါင်းဆောင်မင်းသမီးအဖြစ် ဇာတ်လမ်းတွဲပေါင်းများစွာပါဝင်ရိုက်ကူးခဲ့ကာ တောင်ကိုရီးယားမှာသာမက အာရှနိုင်ငံ အထူးသဖြင့် တရုတ်နိုင်ငံမှာ ပရိသတ်အားပေးမှုကို တစ်ခဲနက်ရရှိထားသူလည်း ဖြစ်ပါတယ်။

အေးပြည့် - စုစည်းသည်

ကန်းထရီးတေးအယ်လ်ဘမ်စာရင်းမှာ ထိပ်ဆုံးက ရပ်တည်နေတဲ့ သောမတ်စ်ရက်ထ်ရဲ့ Life Changes

ကန်းထရီးတေးသံရှင် တစ်ဦးဖြစ်တဲ့ သောမတ်စ်ရက်ထ်ဟာ ယခုသီတင်းပတ်မှာတော့ သူ့ရဲ့တေးအယ်လ်ဘမ် သစ် "Life Changes"နဲ့ ဘေဘုတ်ရဲ့ ရောင်းအား အကောင်းဆုံးသော ကန်းထရီး တေးအယ်လ်ဘမ် ၁၀ ခုစာရင်းမှာ နံပါတ်တစ်နေရာကို ပထမဆုံးအကြိမ် ပိုင်ဆိုင်ခွင့်ရပြီ ဖြစ်ပါတယ်။

လတ်တလောမှာ ဘေဘုတ်ဒေ့ါကွန်းက ပြီးခဲ့တဲ့သီတင်းပတ်အတွင်း အွန်လိုင်းမီဒီယာပေါ်ကနေတစ်ဆင့် ရောင်းချခဲ့တဲ့ ကန်းထရီးတေးအယ်လ်ဘမ်တွေအနက် ရောင်းအားအကောင်းဆုံးသော တေးအယ်လ်ဘမ် ၂၀၀ စာရင်းကို ထုတ်ပြန်ပေးခဲ့ကာ ယင်းတို့အနက်ကမှ ထိပ်တန်းတေးအယ်လ်ဘမ် ၁၀ ခုကို ရွေးချယ်ခဲ့ပြီး ယင်းဇယားမှာတော့ သောမတ်စ်ရက်ထ်ရဲ့ တေးအယ်လ်ဘမ်က နံပါတ်(၁)နေရာကို ပိုင်ဆိုင်ထားတာတွေ့ရပါတယ်။

သောမတ်စ်ရက်ထ်ရဲ့ "Life Changes" တေးအယ်လ်ဘမ်ဟာ လတ်တလောအချိန်အထိ တေးအယ်လ်ဘမ်ပေါင်း ၁၂၃၀၀၀ ရောင်းချခဲ့ရပြီးဖြစ်ကာ ပြီးခဲ့တဲ့သီတင်းပတ်အတွင်း အပြိုင်ထွက်ရှိခဲ့တဲ့ ကန်းထရီးတေးအယ်လ်ဘမ်တွေထဲမှာတော့ အရေအတွက်အများဆုံးရောင်းချခဲ့ရတဲ့ တေးအယ်လ်ဘမ်ဖြစ်ပါတယ်။ ယင်းတေးအယ်လ်ဘမ်ဟာ ယခုနှစ်အတွင်း ရောင်းချခဲ့တဲ့ ကန်းထရီးတေးအယ်လ်ဘမ်တွေထဲမှာတော့ တတိယမြောက်ရောင်းအားအကောင်းဆုံးဖြစ်ခဲ့ပါတယ်။ သူ့ရဲ့ရှေ့မှာ ဦးဆောင်နေကြတဲ့ တေးအယ်လ်ဘမ်တွေကတော့ တေးသံရှင် ခရစ်စတက်လက်တန်ရဲ့ ၂၀၁၆ ခုနှစ်အတွင်းက စတင်ထုတ်လွှင့်ခဲ့တဲ့ တေးအယ်လ်ဘမ် "From A Room: Volume 1"နဲ့ ဇက်ဘရောင်းဘန်းဒ်ရဲ့ တေးအယ်လ်ဘမ် "Welcome Home"တို့ဖြစ်ကြကာ တေးအယ်လ်ဘမ်ပေါင်း ၂၀၂၀၀၀ နဲ့ ၁၃၉၀၀၀ တို့ အသီးသီးရောင်းချခဲ့ရပြီးဖြစ်တယ်လို့လည်း သိရပါတယ်။

ယခုနှစ်အတွက် Emmys ဆုရှင်များ

နီကိုးလ်ကစ်ဒ်မန်း ရိဇ်အာမတ် ဒေါ်နယ်ဂလော့ဘာ

ပြီးခဲ့တဲ့ တနင်္ဂနွေနေ့မှာတော့ ရုပ်သံဇာတ်လမ်းတွဲတွေနဲ့ အစီအစဉ်တွေအတွက် အကြီးကျယ်ဆုံးသောဆုပေးပွဲတစ်ပွဲလို့ဆိုနိုင်တဲ့ Emmy Awards ကို အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်မြို့မှာ ကျင်းပခဲ့ရာ ယခုနှစ်အတွက် ဆုလျာထားခံရတဲ့ အနုပညာရှင်တွေ၊ ပါဝင်ဖျော်ဖြေမယ့် အနုပညာရှင်တွေနဲ့ နာမည်ကျော်အနုပညာရှင်တွေ များစွာတက်ရောက်ခဲ့တာ တွေ့ရပါတယ်။

ယခုနှစ်ရဲ့ ဆုပေးပွဲဟာ (၆၉)ကြိမ်မြောက်ကျင်းပခဲ့တဲ့ဆုပေးပွဲဖြစ်ပြီး ဒီဆုပေးပွဲညမှာ ဆုရခဲ့ကြတဲ့ အနုပညာရှင်တွေထဲမှာ ဟောလိဝုဒ်ရဲ့ တစ်ချိန်က နာမည်ကျော်တစ်ဦးဖြစ်တဲ့ မင်းသမီး နီကိုးလ်ကစ်ဒ်မန်းလည်း ပါဝင်တာတွေ့ရပါတယ်။ နီကိုးလ်ဟာ သူပါဝင်ထားတဲ့ရုပ်ရှင် "Big Little Lies"နဲ့ အကောင်းဆုံးအမျိုးသမီးဇာတ်ဆောင်ဆုကို ရရှိခဲ့တာဖြစ်ပြီး ဒီလိုထူးချွန်ဆုကို ပြန်လည်သိမ်းပိုက်ခွင့်ရခဲ့တဲ့ နီကိုးလ်ကို အတူတက်ရောက်လာတဲ့ ခင်ပွန်းဖြစ်သူ တေးသံရှင် ကိတ်သ်အာဘန်က ဝမ်းပန်းတသာနဲ့ ဦးစွာအားပေးနှုတ်ဆက်ခဲ့တာကိုလည်း တွေ့ရပါတယ်။

အဆိုပါဆုပေးပွဲကြီးမှာ ဗြိတိန်ရဲ့ ကျော်ကြားတဲ့ ရက်ပ်တေးသံရှင်တစ်ဦးမှသည် သရုပ်ဆောင်တစ်ဦးဖြစ်လာခဲ့တဲ့ ရိဇ်အာမတ်ကတော့ သူပါဝင်သရုပ်ဆောင်ထားတဲ့ ရုပ်ရှင် "The Night of"နဲ့ အကောင်းဆုံးအမျိုးသားဇာတ်ဆောင်ဆုကို ပိုင်ဆိုင်ခဲ့တာဖြစ်ပြီး မင်းသား ဒေါ်နယ်ဂလော့ဘာကတော့ "Atlanta" ဇာတ်လမ်းတွဲရုပ်ရှင်နဲ့ အကောင်းဆုံးအမျိုးသားဟာသသရုပ်ဆောင်ဆုကို ပိုင်ဆိုင်ခွင့်ရခဲ့ပြီ ဖြစ်ပါတယ်။ အကောင်းဆုံးအမျိုးသမီး ဟာသသရုပ်ဆောင်ဆုကိုတော့ "Veep"ဇာတ်လမ်းတွဲရုပ်ရှင်မှာ ပါဝင်သရုပ်ဆောင်ခဲ့တဲ့ ဂျူလီယာလူးဝစ်ဒရေးဖက်စ်က ဆွတ်ခူးခဲ့တာဖြစ်ပါတယ်။

ပြီးခဲ့တဲ့ တစ်နှစ်တာအတွင်း ထုတ်လွှင့်ပြသခဲ့တဲ့ ရုပ်သံဇာတ်လမ်းတွဲတွေအနက် "This Is Us"မှာ ပါဝင်သရုပ်ဆောင်ခဲ့တဲ့ မင်းသား စတာလင်ကေဘရောင်းက ဇာတ်လမ်းတွဲတွေမှာ ပါဝင်ထားတဲ့မင်းသားတွေကြားမှာ အကောင်းဆုံးအမျိုးသား ဇာတ်ဆောင်ဆုရှင်ဖြစ်လာခဲ့ပြီး မင်းသမီး အဲလိဇဘတ်သ်မို့စ်ကတော့ "The Handmaid's Tale"ဇာတ်လမ်းတွဲရုပ်ရှင်နဲ့ အကောင်းဆုံးအမျိုးသမီးဇာတ်ဆောင်အဖြစ် ရွေးချယ်ခံခဲ့ရပါတယ်။ ၂၀၁၇ ခုနှစ်အတွက် ထူးချွန်ဆုရ ဒရမ်မာဇာတ်လမ်းတွဲအဖြစ် "The Handmaid's Tale"က ရွေးချယ်ခံခဲ့ရကာ ဟာသဇာတ်လမ်းတွဲတွေအနက် "Veep"က ထူးချွန်ဆုကို သိမ်းပိုက်သွားနိုင်ခဲ့တာဖြစ်ကြောင်းလည်း သိရပါတယ်။

ယခုနှစ်အတွက် ရည်ရွယ်ကျင်းပခဲ့တဲ့ Emmys ဆုပေးပွဲကြီးမှာတော့ ထူးချွန်ဆု ၃၉ ဆုကို ရွေးချယ်ပေးအပ်ခဲ့တာဖြစ်ကြောင်းလည်း သိရပါတယ်။

အပြည်ပြည်ဆိုင်ရာငြိမ်းချမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပ

ကျိုက်မရော စက်တင်ဘာ ၁၈
မွန်ပြည်နယ် ကျိုက်မရောမြို့နယ်တွင်အပြည်ပြည်ဆိုင်ရာငြိမ်းချမ်းရေးနေ့ အထိမ်းအမှတ် မြန်မာနိုင်ငံ ကျား/မရေးရာလေ့လာရေးသိပ္ပံ ဆွေးနွေးပွဲကို စက်တင်ဘာ ၁၈ ရက် နံနက် ၉ နာရီက ရှင်စောပုရပ်ကွက် အတ္တရုံခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားတွင် လက်ရှိမွန်ပြည်နယ်တွင် အမျိုးသမီးများ ရင်ဆိုင်ကြုံတွေ့နေရသော အကြမ်းဖက်မှုများ၊ အမျိုးသမီးငြိမ်းချမ်းရေးနှင့်လုံခြုံရေးအကြောင်းအရာများ၊ တရားမျှတမှုနှင့်ငြိမ်းချမ်းရေးအချက်အလက်များကို ရှင်းလင်းပြောကြားခဲ့ကြောင်းသိရသည်။

ဆွေးနွေးပွဲတွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်တင်အိက အဖွင့်အမှာစကားပြောကြားခဲ့ပြီး အခမ်းအနားသို့ မွန်ပြည်နယ် ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး၊ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့နယ် NLD ဥက္ကဋ္ဌ နှင့် အလုပ်အမှုဆောင်များ၊ နိုင်ငံရေးလေ့လာရေးသိပ္ပံမှအမှုဆောင် ဒေါ်ခင်မမျိုးနှင့်ဒေသခံပြည်သူ ၃၀၀ ခန့်တက်ရောက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

သျှစ်သောင်းဘုရားပုထိုးတော်၌ ရဲတပ်ဖွဲ့ဝင်များ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

မြောက်ဦး စက်တင်ဘာ ၁၈
ရခိုင်ပြည်နယ် မြောက်ဦးမြို့သည် ရှေးဟောင်းမြို့တော်ဖြစ်သည်နှင့်အညီ ရှေးဟောင်းယဉ်ကျေးမှုဒေသသို့ ပြည်တွင်း ပြည်ပမှ ဘုရားဖူးဧည့်သည်များ အမြဲဝင်ထွက်သွားလာလျက်ရှိပြီး ရှေးဟောင်းသမိုင်းဝင် ဘုရားစေတီပုထိုးတော်များထဲမှ ညောင်ပင်ဈေးရပ်ကွက်ရှိ ရန်အောင်ဇေယျ (ခေါ်) သျှစ်သောင်းဘုရားပုထိုးတော်တွင် (၅၃)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြောက်ဦးမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးဌေးအောင်ကြီးကြပ်မှုဖြင့် စက်တင်ဘာ ၁၆ ရက် နံနက် ၈ နာရီတွင် ရဲတပ်ဖွဲ့ဝင်များက သွားရောက် စုပေါင်းသန့်ရှင်းရေးလုပ်ဆောင်ပေးခဲ့ကြသည်။

မြောက်ဦးမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးဌေးအောင်ဦးဆောင်၍ မြို့နယ်ရဲတပ်ဖွဲ့မှ အရာရှိ၊ အရာခံ၊ ရဲတပ်ဖွဲ့ဝင်များ စုစုပေါင်း ၅၀ တို့က သျှစ်သောင်းဘုရားပုထိုးတော် မျက်နှာစာတို့တွင် ပေါက်ရောက်နေသော ချုံနွယ်မြက်ပင်များကို ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်သရိုက်များရှင်းလင်းခြင်း၊ လမ်းဘေးဝဲ/ယာတွင် ပြန့်ကျဲနေသော ပလတ်စတစ်အိတ်ခွံများအား သိမ်းဆည်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေမြောင်းအတွင်းရှိ အမှိုက်များနှင့် သျှစ်သောင်းဘုရားပုထိုးတော် ပတ်ဝန်းကျင်အတွင်း၊ အပြင်တို့၌ စုပေါင်းသန့်ရှင်းရေးပြုလုပ်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

■

ပြည်သူများအား ထောက်ပံ့လှူဒါန်း

လှိုင်သာယာ စက်တင်ဘာ ၁၈
ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် အမှတ်(၄)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးနှင့် ပဒေသာပင်မြို့တော်အိမ်ပိုင်ရှင်များအသင်း (HOA) တို့စုပေါင်း၍ ရခိုင်ပြည်နယ် အကြမ်းဖက်ဖြစ်စဉ်ကြောင့် ဘေးဒုက္ခခံစားနေရသော ပြည်သူများအား စုပေါင်းလှူဒါန်းသည့်ငွေကျပ် ၁၆၄၀၀၀၀ ကျော်နှင့် ဆန်၊ ဆီ၊ ဆေးဝါး၊ အဝတ်အထည်များကို လှိုင်သာယာမြို့နယ် သံဃနာယကဥက္ကဋ္ဌ ဆရာတော်မေမြဇထံသို့ စက်တင်ဘာ ၁၃ ရက် မွန်းလွဲ ၁ နာရီက သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

(၃၂၉)

သွေးလိုလူနာများအား အသက်ကယ်တင်နိုင်ရေး မြဝတီတွင် စုပေါင်းသွေးလှူဒါန်း

မြဝတီ စက်တင်ဘာ ၁၈
ကရင်ပြည်နယ် မြဝတီခရိုင်ရဲတပ်ဖွဲ့မှ အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် (၅၃) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် သွေးလိုလူနာများအား အသက်ကယ်နိုင်ရေး စုပေါင်းသွေးလှူဒါန်းခြင်းနှင့် ခရိုင်ပြည်သူ့ဆေးရုံကြီးအတွင်း သန့်ရှင်းသာယာလှပရေး စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခြင်းကို ခရိုင်ပြည်သူ့ဆေးရုံကြီး၌ စက်တင်ဘာ ၁၆ ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အောင်နိုင်ထွန်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစန်းယု၊ အမှတ်(၃၂) မူးယစ်တပ်ဖွဲ့စုမှူး ရဲမှူး လှထွေး၊ မြို့မရဲစခန်းမှူး ဒု-ရဲမှူးကိုကိုနိုင်၊ အမှတ်(၇၃)ယာဉ်ထိန်းတပ်ဖွဲ့စုမှူး ဒု-ရဲမှူး စိုးမြင့်ဦး၊ အမှတ်(၁)လူကုန်ကူးမှု တပ်ဖွဲ့စိပ်မှူး ဒု-ရဲမှူး မိုးဇော်သိန်း၊ သယ်န်းညီနောင် နယ်မြေရဲစခန်းမှူး ရဲအုပ်မြဝင်းဦးဆောင်သောအရာရှိ အခြားအဆင့်နှင့် စာရေးဝန်ထမ်း စုစုပေါင်း ၇၀ တို့မှ ဆေးရုံကြီးဝင်းအတွင်း ချုံနွယ်နှင့် မြက်များရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ကြသည်။

ထို့နောက် ခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်၊ အရာရှိ၊ အခြားအဆင့်နှင့် စာရေးဝန်ထမ်း စုစုပေါင်း ၂၃ ဦးတို့မှ စုပေါင်းသွေးလှူဒါန်းခြင်းများ ဆောင်ရွက်ရာ ခရိုင်ရဲတပ်ဖွဲ့မှူးက ကြည့်ရှုအားပေးပြီး ခွန်အားဖြည့်အာဟာရဖြစ်စေသည့် ကြက်ဥ၊ ဇက်ပျောသီး၊ ကွေကာအုပ်များ ပေးအပ်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ခြင်းအတွက် ခရိုင်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသီတာစိုးက ကျေးဇူးတင်စကားပြောကြားခဲ့ပြီး ယခုကဲ့သို့ သွေးလှူဒါန်းခြင်းသည် ၂၈ ကြိမ်မြောက်ဖြစ်ကြောင်း သိရသည်။

ထိန်လင်းအောင်(ပြန်/ဆက်)

အသက်(၂၅)နှစ်အောက် အမျိုးသား၊ အမျိုးသမီး စားပွဲတင်တင်းနစ်ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

ကျောက်ဖြူ စက်တင်ဘာ ၁၈
ကျောက်ဖြူမြို့နယ် မြို့နယ်အုပ်ချုပ်ရေးမှူးဖလား အသက်(၂၅) နှစ်အောက် အမျိုးသား/အမျိုးသမီးစားပွဲတင်တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကို စက်တင်ဘာ ၁၈ ရက် နံနက် ၈ နာရီက မြို့မအားကစားကွင်း အားကစားရုံ၌ ကျင်းပခဲ့သည်။

အဆိုပါပြိုင်ပွဲအား စက်တင်ဘာ ၁၆ ရက်မှ စက်တင်ဘာ ၁၈ ရက်အထိ သုံးရက်တိုင်တိုင်ကျင်းပခဲ့ရာ အသက်(၂၅)နှစ်အောက် အမျိုးသား ၁၅ ဦး၊ အမျိုးသမီး ၁၅ ဦး ဝင်ရောက်ယှဉ်ပြိုင်ကစားခဲ့ကြသည်။

ဆက်လက်၍ ဆုပေးပွဲကိုကျင်းပခဲ့ရာ အမျိုးသားပထမဆုရ မောင်ခန့်ဝင်းလှိုင်အား ဆုတံဆိပ်နှင့်ငွေသား(ကျပ်သုံးသောင်း)ကို ခရိုင်အားကစားမှူး ဦးမြင့်သိန်းကလည်းကောင်း၊ ဒုတိယဆုရ မောင်ထက်စိုးနိုင်အား တံဆိပ်နှင့်ငွေသား (ကျပ်နှစ်သောင်း)ကို ခရိုင်ဦးစီးမှူး(ငြိမ်း) ဦးလှစောထွန်းကလည်းကောင်း၊ အမျိုးသမီး ပထမဆုရ မယွန်းပိုးအိမ်အား ဆုတံဆိပ်နှင့်ငွေသား (ကျပ်သုံးသောင်း)ကို မြို့နယ်မီးသတ်ဦးစီးဌာန ဦးစည်သူလင်းကလည်းကောင်း၊ ဒုတိယဆုရ မမေဒေးအား ဆုတံဆိပ်နှင့် (ကျပ်နှစ်သောင်း)ကို မြို့နယ်အားကစားမှူး ဦးစံလှကျော်ကလည်းကောင်း ဆုများအသီးသီးချီးမြှင့်ခဲ့ကြောင်း သိရသည်။

ဖြိုးဝေလင်း(ပြန်/ဆက်)

စာမျက်နှာ ၁၅ မှ

အစည်းအဝေးမှာ စိတ်ဝင်စားဖို့ကောင်းတဲ့ အချက်က ရုရှားနိုင်ငံ ကိုယ်စားလှယ်မော်စကို နိုင်ငံတကာဆက်ဆံရေးတက္ကသိုလ် (Moscow State Institute of International Relations)က ပါမောက္ခ Mr. Yuri Dubinin က အာရှဒေသ တည်ငြိမ်အေးချမ်းမှု ရရှိရေးအတွက် ရုရှားနိုင်ငံက ချမှတ်ထားတဲ့ မူဝါဒတွေ၊ ရုရှားနိုင်ငံရဲ့ "အရှေ့ဘက်ခြေဦးလှည့်လာတဲ့" မူဝါဒ (Russia's Turn to the East) ရဲ့ ရေရှည်လုပ်ငန်းစဉ်တွေနဲ့ ကြိုတင်ကာကွယ်မှု သံတမန်နည်းလမ်းကဏ္ဍမှာ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (Shanghai Cooperation Organization-SCO) ရဲ့ လက်တွေ့ကျတဲ့ အတွေ့အကြုံတွေကိုလည်း ထည့်သွင်းစဉ်းစားဖို့ ပြောကြားခဲ့တာဖြစ်ပါတယ်။

ARF **ယူနစ်**

လုံခြုံရေးဆိုင်ရာစိန်ခေါ်မှုအသစ်တွေကို ထိရောက်စွာတုံ့ပြန်နိုင်ဖို့အတွက် ARF အနေနဲ့ အဖွဲ့အစည်းဆိုင်ရာထူထောင်မှုကို ဆောင်ရွက်ဖို့ လိုအပ်လာခဲ့ပါတယ်။ ဒါ့အပြင် ARF အဖွဲ့ဝင်တွေအနေနဲ့ ARF ရဲ့ စွမ်းဆောင်ရည်ကိုမြှင့်တင်နိုင်ဖို့ ARF ဥက္ကဋ္ဌရဲ့ စွမ်းဆောင်ရည်ကို မြှင့်တင်ရန်လိုအပ်ကြောင်းလည်း သိမြင်လာခဲ့ကြပါတယ်။ ဒါကြောင့် ARF ဥက္ကဋ္ဌရဲ့ အခန်းကဏ္ဍကို မြှင့်တင်ပြီး ဒေသဆိုင်ရာလုံခြုံရေး ပြဿနာတွေကို အချိန်နဲ့တစ်ပြေးညီ ဖြေရှင်းနိုင်ဖို့အတွက် ARF ဥက္ကဋ္ဌမှာ အထောက်အကူပြုဝန်ထမ်းနဲ့ ငွေကြေးအထောက်အပံ့ လိုအပ်ချက်ရှိတာနဲ့အညီ အဲဒီလုပ်ငန်းတွေကို ဆောင်ရွက်နိုင်ဖို့အတွက် အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှာ ARF ယူနစ်တစ်ခု ထူထောင်ထားရှိဖို့ ၂၀၀၄ ခုနှစ် ဇွန် ၂၆ ရက်က အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့မှာ ကျင်းပခဲ့တဲ့ အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးမှာ အတည်ပြုပေးခဲ့ပါတယ်။

ARF ယူနစ်ရဲ့ လုပ်ငန်းတာဝန်တွေက အခြားဒေသဆိုင်ရာနဲ့ နိုင်ငံတကာအဖွဲ့အစည်းများ၊ ကာကွယ်ရေးဆိုင်ရာအရာရှိများ အစည်းအဝေးနဲ့ Track II အဖွဲ့အစည်းများနဲ့ ထိတွေ့ဆက်ဆံခြင်းအပါအဝင် ARF ဥက္ကဋ္ဌရဲ့ တိုးမြင့်လာတဲ့ အခန်းကဏ္ဍကို အထောက်အကူပြုရန်၊ ARF စာရွက်စာတမ်းတွေ၊ မှတ်တမ်းတွေကို ထိန်းသိမ်းစောင့်ရှောက်ရန်၊ သတင်းအချက်အလက်တွေ၊ မှတ်ပုံတင် အထောက်အထားတွေကို ထိန်းသိမ်းရန်နဲ့ ARF မှတ်တမ်းမှတ်ရာတွေ ထောက်ပံ့ပေးနိုင်ခြင်းအပါအဝင် ARF ဆိုင်ရာ ရုံးလုပ်ငန်းများ ဆောင်ရွက်နိုင်ဖို့ ဖြစ်ပါတယ်။

အခြားဒေသဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှု

ARF ဟာ အချက်အလက်များဖလှယ်ရေးနဲ့ အတွေ့အကြုံများ ဖလှယ်ရေးအတွက် ကုလသမဂ္ဂ၊ အမေရိကနိုင်ငံများအဖွဲ့ (Organization of American States-OAS) နဲ့ ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ (Non-Aligned Movement-NAM) စတဲ့ အခြားသောဒေသဆိုင်ရာ အဖွဲ့အစည်းများနဲ့ ပူးပေါင်းဆောင်ရွက်မှုတွေကိုလည်း ဆောင်ရွက်ပါတယ်။ အာရှ-ပစိဖိတ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (Asia-Pacific Economic Cooperation - APEC)၊ ရှန်ဟိုင်း ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (Shanghai Cooperation Organization-SCO)၊ ဥရောပလုံခြုံရေးနဲ့ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (Organization for Security and Cooperation in Europe- OSCE)၊ စတဲ့ အဖွဲ့အစည်းတွေနဲ့လည်း အလွတ်သဘောထိတွေ့ ဆက်ဆံမှုတွေ ထူထောင်နိုင်ဖို့လည်း ဆောင်ရွက်လျက်ရှိပါတယ်။ ARF ဟာ အဖွဲ့အစည်းတွင်း စည်းလုံးညီညွတ်မှုရှိရုံမျှသာမက ဒေသတွင်းအဖွဲ့အစည်းများ၊ Track II ဖြစ်တဲ့ အစိုးရမဟုတ်တဲ့ ပညာရပ်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်အဖွဲ့နဲ့ပါ တက်ကြွစွာတွေ့ဆုံဆွေးနွေးပြီး outward looking approach ကို ကျင့်သုံးလျက်ရှိပါတယ်။

အလားတူ ကုလသမဂ္ဂပညာရေး၊ သိပ္ပံနဲ့ ယဉ်ကျေးမှုဆိုင်ရာ အဖွဲ့အစည်းဖြစ်တဲ့ ယူနက်စကို (United Nations Educational, Scientific and Cultural Organization-UNESCO) အပြင် ဒေသတွင်းနဲ့ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ အာဆီယံမဟာဗျူဟာနဲ့ နိုင်ငံတကာဆက်ဆံရေး အင်စတီကျု (ASEAN Institutes of Strategic and International Studies ASEAN-ISIS)၊ အာရှ-ပစိဖိတ် လုံခြုံရေး ပူးပေါင်းဆောင်ရွက်ရေးကောင်စီ (Council for Security Cooperation in the Asia-Pacific-CSCAP)၊ အပြည်ပြည်ဆိုင်ရာ အဏုမြူ စွမ်းအင်အေဂျင်စီ (International Atomic Energy Agency-IAEA)၊ အပြည်ပြည်ဆိုင်ရာစွမ်းအင်အေဂျင်စီ (IEA) စတဲ့ သက်ဆိုင်ရာကဏ္ဍအလိုက် ပညာရှင်တွေပါဝင်တဲ့ အဖွဲ့အစည်းတွေကို ARF အစည်းအဝေးတွေကို ဖိတ်ခေါ်ပြီး ထိတွေ့ဆက်ဆံမှုတွေ မြှင့်တင်လျက်ရှိပါတယ်။ ဒါ့အပြင် ARF အဖွဲ့ဝင်နိုင်ငံတွေက Track II ကျွမ်းကျင်သူနဲ့ ပညာရှင်များ (Expert and Eminent Persons-EEPs) ကို အနာဂတ် ARFအလားအလာအတွက် အထောက်အကူပြုနိုင်ဖို့ ခန့်အပ်မှုတွေကို ပြုလုပ်ခဲ့ပါတယ်။ ဒီလိုဆောင်ရွက်ခြင်းကြောင့် ARF ကို ယုံကြည်မှု မြင့်တက်လာရုံသာမကပဲ ARF ဆွေးနွေးပွဲတွေမှာ ထူးခြားအသုံးဝင်တဲ့ ရှုထောင့်အမြင်အမျိုးမျိုးကိုလည်းရရှိစေပါတယ်။

ဆက်လက်ဖော်ပြပါမည်။

ကျောက်ထုမြို့၌ ၆၆/၁၁ ကေဗွီ ၅ အမ်ဗွီအေ ဓာတ်အားလိုင်းခွဲရုံဖွင့်ပွဲကျင်းပ

ကျောက်ထု စက်တင်ဘာ ၁၈
မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ဆောမြို့နယ် ကျောက်ထုမြို့၌ လျှပ်စစ်ဓာတ်အားတိုးမြှင့်ဖြန့်ဖြူးပေးနိုင်ရန်နှင့် အနီးပတ်ဝန်းကျင်မြို့နယ်များ ဓာတ်အားရရှိရေးအတွက် JICA ODA Ioan ဖြင့်ဆောင်ရွက်ပြီးစီးခဲ့သည့် ကျောက်ထုမြို့ ၆၆/၁၁ကေဗွီ ၅ အမ်ဗွီအေ ဓာတ်အားလိုင်းခွဲရုံအား စက်တင်ဘာ ၁၆ ရက် နံနက် ၁၀ နာရီက ကျောက်ထုမြို့ အဆိုပါ ဓာတ်အားလိုင်းခွဲရုံရှေ့၌ ကျင်းပသည်။

မကွေးတိုင်းဒေသကြီး သယံဇာတ၊ သဘာဝပတ်ဝန်းကျင်၊ လျှပ်စစ်စွမ်းအင်ဝန်ကြီး ဦးမြင့်ဇော်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်တင်၊ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းမှ အထွေထွေမန်နေဂျာ ဦးသာစိုး၊ တိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာ ဦးအောင်သန်း (ဒုအင်ဂျင်နီယာချုပ်)နှင့် JICA အဖွဲ့ကိုယ်စားလှယ် KOBAYASHI POKURV တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အဆိုပါ ဓာတ်အားလိုင်းခွဲရုံသစ် ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးခဲ့ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီးအစိုးရအဖွဲ့ သယံဇာတ၊ သဘာဝပတ်ဝန်းကျင်၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီး ဦးမြင့်ဇော်က အဖွင့်အမှာစကားပြောကြားပြီး တိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာ ဦးအောင်သန်း (ဒုအင်ဂျင်နီယာချုပ်)က ကျောက်ထုမြို့ ဓာတ်အားခွဲရုံကြီးသို့ ၂၃၀ ကေဗွီ ချောင်းကူး ဓာတ်အားခွဲရုံမှ ပေါက်မြို့ ၆၆ ကေဗွီ ဓာတ်အားခွဲရုံတို့မှတစ်ဆင့် ၆၆ ကေဗွီ ဓာတ်အားလိုင်း ၂၉ ဒသမ ၆၉ မိုင်အား လျှပ်စစ်ဓာတ်အား ပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာနမှ တာဝန်ယူတည်ဆောက်၍ ကျောက်ထုမြို့ ၆၀ ကေဗွီ ၅ အမ်ဗွီအေ ထပ်ဆင့်ဓာတ်အားခွဲရုံ မှမြို့တွင်း ၁၁ ကေဗွီဓာတ်အားလိုင်း ၃ ဒသမ ၀၃ မိုင်၊ ၁၁/သုည ဒသမ ၄)ကေဗွီထရန်စဖော်မာ လေးလုံးနှင့် ၄၀၀ ဗို့ဓာတ်အားလိုင်း ၅ ဒသမ ၆၄ မိုင်တို့အား JICA ODA Loan အကူအညီဖြင့် တည်ဆောက်ခဲ့ရာ ၂၀၁၇ ဇန်နဝါရီ ၃၀ ရက်တွင် ဓာတ်အားစတင်ပို့လွှတ်နိုင်ခဲ့ပြီး ယခုအချိန်တွင် ဓာတ်အားသုံးစွဲသူ အိမ်ထောင်စု ၈၆၅ စုအား မီးလင်းပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း။

ယခင်က ကျောက်ထုမြို့ကို ၃၀၀ ကေဗွီအေ ဒီဇယ်မီးစက်ဖြင့် တစ်နေ့ပျမ်းမျှ နှစ်နာရီ ဓာတ်အားပေးခဲ့ရာမှ ယခုအချိန်တွင် ၂၄ နာရီ ဓာတ်အား ဖြန့်ဖြူးပေးနိုင်ခဲ့သည့်အတွက် ဒေသအတွင်း အသေးစား၊ အကြီးစား စက်မှုလက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်လာပြီး ပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ ထို့အပြင် ကျောက်ထုဓာတ်အားခွဲရုံကြီးဟာ အချက်အချာကျသဖြင့် ကျောက်ထုမှ ထီးလင်းသို့ ၆၆ ကေဗွီ ဓာတ်အားလိုင်း ၂၁ ဒသမ ၁ မိုင်နှင့် ဆောမြို့သို့ ၆၆ ကေဗွီ ဓာတ်အားလိုင်း ၂၂ ဒသမ ၇၅ မိုင် တည်ဆောက်ပြီး ဓာတ်အားဖြန့်ဖြူးပေးနိုင်ခဲ့သဖြင့် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ JICA အဖွဲ့ကိုယ်စားလှယ် KOBAYASHI ROKURUက ယခုကျင်းပသည့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ဒေသတွင်းဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း(MY-P1)ဖြင့် ဆောက်လုပ်ပြီးစီးခဲ့သော ၆၆/၁၁ကေဗွီ ၅အမ်ဗွီအေ ဓာတ်အားခွဲရုံတည်ဆောက်ခြင်းနှင့် ဓာတ်အားလိုင်းဖြန့်ဖြူးရေးနှင့် ပတ်သက်၍ ရှင်းလင်း ပြောကြားသည်။

ကျောက်ထုမြို့ ၆၆/၁၁ ကေဗွီ ၅အမ်ဗွီအေ ဓာတ်အားလိုင်းခွဲရုံကို ၂၀၁၆ ခုနှစ် မတ် ၅ ရက်တွင် ပေါက်မြို့မှ ကျောက်ထုမြို့သို့ တောအထပ်ထပ်တောင်အသွယ်သွယ် ကျော်ဖြတ်စတင်တည်ဆောက်ခဲ့ရာ ယခုနှစ် စက်တင်ဘာ ၁၆ ရက်တွင် အပြီးတည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း ကျောက်ထုမြို့ လျှပ်စစ်မှူး ဦးဗိုင်နော်ရိန်း၏ပြောပြချက်အရသိရသည်။

ညဏ်တိုး (ပေါက်)

(၅၃) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ်ရဲတပ်ဖွဲ့မှ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမျိုးလွင်ဦးဆောင်၍ စက်တင်ဘာ ၁၇ ရက် နံနက်ပိုင်းက ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။
ဓာတ်ပုံ - ကျော်စိုးမိုး

မြောက်နဝင်းဆည်ရေသောက်စနစ်တွင်ပါဝင်သော တောင်သူများနှင့်တွေ့ဆုံဆွေးနွေး

ပေါင်းတလည် စက်တင်ဘာ ၁၈
ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန တည်ဆောက်ရေး (၂) မှ ကြီးမှူးပြုလုပ်သည့် မြောက်နဝင်းဆည်ရေသောက်စနစ်တွင်ပါဝင်သော CL-18 တူးမြောင်းနှင့် လက်တံခွဲမြောင်းများ အဆင့်မြှင့်တင် ပြုပြင်ခြင်းလုပ်ငန်းအား စတင်ဆောင်ရွက်မည်ဖြစ်ရာ ရေသောက်စနစ်တွင်ပါဝင်သော တောင်သူများနှင့် တွေ့ဆုံပွဲကို စက်တင်ဘာ ၁၄ ရက်က ဖြူးကုန်းကျေးရွာအုပ်စု မြို့လှ ဓမ္မာရုံ၌ပြုလုပ်သည်။

တွေ့ဆုံပွဲတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်ခင်စိုးစိုးကြည်က ဦးဆောင်၍ CL-18 ဆည်ရေသောက်စနစ်တွင် လက်ရှိကြုံတွေ့နေရသော အခက်အခဲများအား ဆည်ရေသောက်တောင်သူများနှင့် ရင်းနှီးပွင့်လင်းစွာဆွေးနွေးပြီး မြောင်းနှင့် လက်တံခွဲမြောင်းများ ပြန်လည်ပြုပြင်မည်ဆိုပါက တောင်သူများ၏ သဘောထားနှင့် လိုအပ်ချက်များ တောင်းခံသည့်အခါ တောင်သူများက သဘောတူရန်လိုအပ်ကြောင်း ဆွေးနွေးသည်။

ထို့နောက် ဆည်ရေသောက်တောင်သူများက မြို့လှကျေးရွာအတွင်း ရေနစ်မြုပ်မှုနှင့် လက်တံမြောင်း ရေထုတ်ပြွန်များမှ ရေပေးဝေရရှိမှုအခက်အခဲများကို တင်ပြဆွေးနွေးကြသည်။

အဆိုပါ ဆွေးနွေးပွဲသို့ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်မြို့နယ်အုပ်ချုပ်ရေးမှူး၊ စိုက်ပျိုးရေးဦးစီးမှူး၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန တည်ဆောက်ရေး(၂) မှ လက်ထောက်ညွှန်ကြားရေးမှူး(၁) ဦးလှဝင်းမြင့်နှင့် တာဝန်ရှိသူများ၊ ဆည်ရေသောက်တောင်သူများ တက်ရောက်ကြောင်းသိရသည်။

မြင့်နိုင်(ရွှေတောင်)

မိုးစပါးရိတ်သိမ်းပြီးပါက ပဲတီစိမ်းနှင့် မတ်ပဲအစား မြေပဲနှင့် ပြောင်းစိုက်ပျိုးရန် တောင်သူများစိတ်ဝင်စား

ရေတာရှည် စက်တင်ဘာ ၁၈
ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်တွင် စပါးပြီးလျှင် ဒုတိယအများဆုံးစိုက်ပျိုးလျက်ရှိသော မတ်ပဲနှင့် ပဲတီစိမ်းမှာ ပြည်ပဈေးကွက်အပြောင်းအလဲကြောင့် မတည်ငြိမ်မှုများဖြစ်ပေါ်လျက်ရှိရာ လက်ရှိစိုက်ပျိုးလုပ်ကိုင်ကြရသည့်တောင်သူများအနေဖြင့် ဈေးကွက်တည်ငြိမ်မှုမရှိသည့် သီးနှံများကို အရှုံးခံစိုက်ပျိုးမည့်အစား တွက်ခြေကိုက်သောသီးနှံများကို ရွေးချယ်လျက်ရှိရာ ဆီထွက်သီးနှံဖြစ်သော မြေပဲနှင့် တရုတ်ဈေးကွက်အထိတင်ပို့ရောင်းချနိုင်သော အစေ့ထုတ်ပြောင်းများစိုက်ပျိုးရန် စိတ်ဝင်စားလျက်ရှိကြောင်း သိရသည်။

ရေတာရှည်မြို့နယ်တွင် သစ်တောကြိုးဝိုင်းဒေသနှင့် စစ်တောင်းမြစ်ဝှမ်းတစ်လျှောက်နုန်းတင်မြေနုများတွင် နှစ်စဉ်စိုက်ပျိုးလျက်ရှိပြီး လက်ရှိ မိုးစပါးများရိတ်သိမ်းပြီးစီးပါက နွေစပါးစိုက်ပျိုး၍မရသည့်နေရာများတွင် မြေပဲနှင့် ပြောင်းကို စိုက်ပျိုးရန် ယခုကတည်းက ကြိုတင်ပြင်ဆင်လျက်ရှိနေသည်ကိုလည်း မြင်တွေ့ခဲ့ရသည်။

“မြေပဲစိုက်ပျိုးတာက ဈေးမကောင်းလည်း ဘာမှမဖြစ်ဘူးလေ။ ဆီကြိတ်ပြီး ဈေးကောင်းရောင်းလို့ရတယ်။ ပြောင်းဆိုလည်း တရုတ်က ဝယ်လက်ရှိတယ်။ ပြည်တွင်းမှာလည်း မုန့်လုပ်တဲ့သူ ကြက်မွေးတဲ့သူတွေအတွက် ဈေးကွက်ကရှိပြီးသား။ အဲဒါကြောင့် မိုးစပါးပြီးရင်တော့ မြေပဲနဲ့ ပြောင်းကိုပဲစိုက်တော့မယ်”ဟု တောင်သူတစ်ဦးက ပြောသည်။

နွေစပါးစိုက်ဧကပေါင်း နှစ်သောင်းကျော်ရှိသည့်အနက် ယခုနှစ် နွေကာလ၌ နေပြည်တော်၊ ပေါင်းလောင်း (အဝေရာဆည်) မှ တစ်ဆင့် စစ်တောင်းမြစ်ကြောင်းတစ်လျှောက် ဝဲ-ယာ ရေပေးမြောင်းမကြီးများတည်ဆောက်ကာ ယခင်နှစ်ကတည်းက ရေများစတင်စမ်းသပ်လွှတ်ပေးလျက်ရှိရာ လယ်ဝေးမြို့နယ်အပြင် ရေတာရှည်မြို့နယ်အတွင်းရှိ ဘုရားကုန်း၊ ဇေယျသိမ်၊ ရဲကုန်း၊ မြို့လှ၊ ကက္ကူ၊ သာဂရ၊ ဝဲဒေါင့်၊ ဒေါင့်အင်းကုန်းကျေးရွာအုပ်စုများအတွင်း နွေစပါးများစိုက်ပျိုးနိုင်မည်ဖြစ်ရာ ပဲစိုက်ပျိုးမည့်တောင်သူများစွာ လျော့ကျသွားနိုင်ဖွယ်ရာ ရှိနေသည်။

ကိုလွင်(ဆွာ)

ဒေးစွန်ပါဆံတော်ရှင်စေတီတော်မြတ်ကြီးသို့သွားသည့်လမ်းအား ကွန်ကရစ်လမ်းအဖြစ်အဆင့်မြှင့်

ပဲခူး စက်တင်ဘာ ၁၈
ပဲခူးမြို့နယ် ဂိုဏ်းပေါင်းစုံသံဃနာယကအဖွဲ့၏ လမ်းညွှန်မှုဖြင့် ဂေါပကအဖွဲ့မှ အနီးကပ်ကြီးကြပ်ပြီး သမိုင်းဝင် ဒေးစွန်ပါ ဆံတော်ရှင်စေတီတော်မြတ်ကြီးသို့ သွားရောက်သည့်ပေပေါင်း ၁၃၈၀၀ ကျော်ရှိ ဂဝံမြေသားလမ်းမကြီးအား ယခုအခါ ကွန်ကရစ်လမ်းမကြီးအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိသည်။

ပဲခူးမြို့နယ် ဝမ်းဘဲအင်းကျေးရွာနီးရှိ သမိုင်းဝင် ဒေးစွန်ပါ ဆံတော်ရှင်စေတီတော်မြတ်ကြီးသို့ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများ နေ့စဉ်မပြတ် စည်ကားစွာလာရောက်ဖူးမြော်လျက်ရှိသည်။ ဘုရားဖူးလာပြည်သူများ သက်သောင့်သက်သာ အေးချမ်းစွာဘုရားလာရောက်ဖူးမြော်နိုင်ရေးအတွက် ရန်ကုန်-မန္တလေးကားလမ်းဘေး ဝမ်းဘဲအင်းကျေးရွာထိပ်မှ ဒေးစွန်ပါဘုရားတောင်ခြေအထိ အရှည် ၁၃၈၀၀ ကျော် နှစ်မိုင်ခွဲ၊ အကျယ် ၁၆ ပေ၊ အမြင့် ၈ လက်မရှိ ဂဝံမြေသားလမ်းမကြီးအား အများပြည်သူလှူဒါန်းငွေဖြင့် ကွန်ကရစ်လမ်းအဖြစ်ဆောင်ရွက်နေပြီဖြစ်သည်။

တင်စိုး(ပဲခူး)


4x4 MIMO
Advanced Technology
နဲ့ဆို လုံးဝအလွင့်ပဲ !
MPT
ရှေ့သို့လှမ်းချီ မြန်မာပြည်
LTE+
• ရန်ကုန် • ပဲခူး • တောင်ကြီး • မုံရွာ • ဟသ်ာတ • တာချီလိတ် • မြိတ် • ကျိုင်းတုံ • လွိုင်ကော် • လားရှိုး
• မန္တလေး • တောင်ငူ • မော်လမြိုင် • မကွေး • ပျဉ်းမနား • မြဝတီ • ထားဝယ် • ဘားအံ • မြစ်ကြီးနား • ပြင်ဦးလွင်
• နေပြည်တော် • ပြည် • ရွှေဘို • ပုသိမ် • ကလော • မှော်ဘီ • စစ်တွေ • ညောင်ဦး • ဖားကန့်
မြန်မာပြည်တွင် ပထမဦးဆုံးအဖြစ် အထူးမြန်နှုန်းမြင့် 4x4 MIMO နည်းပညာကို MPT မှ သုံးစွဲသူများလက်ထဲ အရောက်ပို့ပေးလိုက်ပါပြီ။
သာမန် 4G/LTE ထက် ၂ဆ ပိုမိုမြန်ဆန်သော Internet ကို အသုံးပြုနိုင်မှာ ဖြစ်ပါသည်။
*4G Internet အသုံးပြုနိုင်သော Mobile Phone ဖြစ်ရန် လိုအပ်ပါသည်။
*4x4 MIMO Internet အသုံးပြုလိုပါက သတ်မှတ်ထားသော Mobile Phone ဖြစ်ရန် လိုအပ်ပါသည်။
မြို့ကြီး (၂၉) မြို့ အပါအဝင်
မြို့နယ်ပေါင်း (၇၉) မြို့တွင်
အသုံးပြုနိုင်ပါပြီ။
အသေးစိတ်သိရှိလိုပါက
www.mpt.com.mm
www.facebook.com/mptofficialpage
MPTOFFICIAL
CALL CENTER 106
call free
24 hours everyday

ဂုဏ်ယူဝမ်းမြောက်ကြောင်းသဝဏ်လွှာ

ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများအရောင်းစင်တာတစ်ခုဖြစ်သည့်

PRO 1 Home Center ၏ ဆဌမမြောက်ဆိုင်ခွဲ

(Mawlamyine Branch) ဆိုင်သစ်ကြီးအား

16.9.2017 ရက်နေ့တွင် အောင်မြင်စွာဖွင့်လှစ်နိုင်ခဲ့ခြင်းအတွက်

ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့်

ဆတက်ထမ်းပိုး တိုးချဲ့ဖွင့်လှစ်နိုင်ပါစေကြောင်း

ဆုတောင်းမေတ္တာ ပို့သအပ်ပါသည်။

TWJS COMPANY LIMITED | ZEROWATT MANY IDEAS...ZERO PROBLEM | Honeywell Quality U.S Brand Door Locks

LINAX | JOMOO | JUNON | YILI | Teka | TOTO

David Snow LUXURY VINYL FLOOR | HC | SMART HOME Ceramic Tile

ဖခင်အမည်မှန်

ဘိုကလေးမြို့၊ အထက(၁)၊ ဒသမတန်းအတွဲ(၇) (A)ခန်းနေ မဖြူသီအောင်၏ဖခင်အမည်မှန်မှာ ဦးသိန်းတန် [၁၄/ဘကလ(နိုင်)၀၅၂၄၅၇] ဖြစ်ပါကြောင်း။ **ဦးသိန်းတန်**

"ရွှေစည်"

အိမ်ပြောင်း၊ အိမ်ရွှေ့နှင့် ကုန်စည်ဝန်ဆောင်မှု

လုပ်သားပါ ညှိနှိုင်းဈေးဖြင့် ဝန်ဆောင်မှုပေးသည်။

09-73122029, 09-795669534

မြေညီထပ်ငှားမည်

လသာမြို့နယ်၊ လသာလမ်း (အထက်လမ်း) မြန်မာနိုင်ငံစာစစ်ရုံး မျက်စောင်းထိုး ပေ(၁၂½×၆၀)၊ မြေညီထပ်(၂၂)သိန်း။

ဖုန်း-၀၉-၅၀၂၀၈၀၀၊ ၀၉-၅၁၄၁၆၆၇

အမည်မှန်

မွန်ပြည်နယ်၊ မုဒုံမြို့နယ်၊ ကလော့တော့ကျေးရွာ၊ အထက်တန်းကျောင်း ဒသမတန်းမှ အဖ ဦးသောင်းဟန် အမိဒေါ်ကွန်နို့၏သမီးဖြစ်သူ ကျွန်မ၏အမည်မှန်မှာ မခင်မာဦး ဖြစ်ပါသည်။

အများသိစေရန် အသိပေး ကြေညာခြင်း

YANGON CONSULTANCY COMPANY LIMITED အောက်ဖော်ပြပါ အမှတ်တံဆိပ် ကို တစ်ဦးတည်း မှ ပိုင် အဖြစ် အသုံး ပြု ရန် အတွက် ရန်ကုန် မြို့ စာချုပ် စာ တမ်း မှတ်ပုံ တင် ရုံး တွင် မှတ်ပုံတင်အမှတ် (၉၂၂၅)ဖြင့် (၁၀၊၈၊၂၀၁၇) ရက်နေ့ တွင် မှတ် ပုံတင်ထား ပြီး ဖြစ်ပါသည်။

NIC

အထက်ဖော်ပြပါ အမှတ်တံဆိပ် အမှတ် အသား အား အသုံး ပြု ပြီး "ပညာ ရေး ဆိုင် ရာ ဝန်ဆောင် မှု လုပ် ငန်း များ " မြန်မာ တစ်နိုင်ငံလုံးတွင် အသုံးပြု သွား မည် ဖြစ် ပါသည်။ လိုအပ်သော ဖော်ဒီ၊ သတင်းစာ၊ Letterhead၊ Website၊ ငွေရပြေစာ၊ တံဆိပ်ဝိုင်း စသောကြော်ငြာ အမျိုးမျိုးတွင် အသုံးပြုသွား မည် ဖြစ်ပါသည်။ အထက်ဖော်ပြပါ တံဆိပ် အမှတ်အသား ကို တစ်စိတ် တစ်ပိုင်းဖြစ်စေ၊ သွယ်ဝိုက် နည်းဖြစ်စေ ဆင်တူ ရိုးမှား တုပ သုံးစွဲခြင်း မပြု လုပ် ရန် နှင့် ပြုလုပ်ကြောင်း တွေ့ရှိပါက တည်ဆဲ ဥပဒေ များ နှင့် အညီ အရေးယူ သွား မည် ဖြစ်ကြောင်း သိစေ အပ် ပါသည်။

လွှဲအပ် ညွှန်ကြားချက် အရ

ဦးကျော်ဇင် (LLB)

တရားလွှတ်တော်ရှေ့နေ (စဉ် -၇၃၃၁)

အမှတ် ၈၃ ၊ ပန်းဆိုးတန်းလမ်း ၊ ကျောက်တံတား မြို့နယ်

ရန်ကုန်မြို့. ဖုန်း ၀၉ ၅၄၀၂၂၇၄

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၁၀)၊မြေကွက်အမှတ်(၈၆၈/ခ)၊မြေကွက်တည်နေရာအမှတ်(၈၆၈/ခ)၊မေတ္တာလမ်း၊(၁၀)ရပ်ကွက် တောင်ဥက္ကလာပ၊ဦးချစ်(CA-၀၅၃၂၄၅)အမည်ပေါက်၊နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်ဦးချစ်သည်(၂၃-၁၁-၂၀၁၃)ရက်နေ့တွင်လည်းကောင်း၊၎င်း၏ဇနီးဒေါ်ခင်ညိုထွန်းသည်(၃၀-၇-၂၀၁၅)ရက်နေ့တွင်လည်းကောင်းအသီးသီး ကွယ်လွန်သဖြင့်ဒေါ်ခင်ဆွေဦး(၁၂/ဥကတ(နိုင်)၀၀၁၄၂၆)၊ဦးဇော်မင်းထွန်း(၁၂/ဥကတ(နိုင်)၀၀၁၄၂၇)၊ဦးအောင်မျိုးထွန်း(၁၂/ဥကတ(နိုင်)၀၀၁၄၂၈)၊ ဦးအောင်ကျော်ဟိန်း(၁၂/ဥကတ(နိုင်)၁၄၉၅၂၅)တို့ကသားသမီးများတော်စပ်ကြောင်း၊၎င်းတို့မှလွဲ၍အခြားသောသားသမီးမွေးချင်းတစ်ဦးတစ်ယောက်မျှမရှိကြောင်း၊အမွေစားအမွေခံကိုတ္တိမသား၊သမီးများလည်းမွေးစားထားခြင်းမရှိကြောင်း၊ပုဇွန်တောင်မြို့နယ်တရားရုံး၊ကျမ်းသစ္စာပေးသူအရာရှိဒေါ်နှင်းဝင့်ဝင့်ဖြူ ရှေ့မှောက်တွင်ကျိန်ဆိုသောကျမ်းကျိန်လွှာအမှတ်-၇/၄၅၃/၁၇(၇-၇-၁၇)၊ သေစာရင်းများနှင့်ဦးချစ်အမည်ပေါက်ဂရန်မူရင်းတို့တင်ပြ၍အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန်မြေပုံကူးလျှောက်ထားလာသဖြင့်ကွင်းဆင်းစစ်ဆေးရာ မြေပြင်တွင်နှစ်ထပ်အုတ်ခံပျဉ်ထောင်အိမ်(၁)လုံးရှိပြီးလျှောက်ထားသူများထဲမှ ဒေါ်ခင်ဆွေဦးနှင့်ဦးအောင်ကျော်ဟိန်းတို့(၂)ဦးနေထိုင်ကြောင်းစစ်ဆေးတွေ့ရှိရသဖြင့်ဒေါ်ခင်ဆွေဦး၊ဦးဇော်မင်းထွန်း၊ဦးအောင်မျိုးထွန်း၊ဦးအောင်ကျော်ဟိန်း တို့၏အမွေဆက်ခံပိုင်ဆိုင်ကြောင်းမြေပုံကူးလျှောက်ထားခြင်းအားတရားဝင်နိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

မာ် SEVEN စံ

ဒဂုံဆိပ်ကမ်း၊ အရှေ့ပိုင်း၊ တောင်ပိုင်းရှိ မြေကွက်များ ရောင်းလိုပါသလား ? အိမ်အရောက်ငွေပေးချေသည်၊ "ပွဲခ လုံး၀ မယူပါ"

09-33 333 511
09-33 333 514
09-33 333 644

တက်နေဝန်း

အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း (10'/14')Box ကားများဖြင့် လုပ်သားအပြီးအစီး ဝန်ဆောင်မှုပေးသည်။

09-442076599
09-400448695
09-33100721

ဒဂုံမြို့သစ်

အရှေ့ပိုင်း ဆိပ်ကမ်းမြို့နယ် တောင်ပိုင်း၊ မြောက်ပိုင်း များရှိမြေကွက်များကို ဈေးကောင်းပေးဝယ်သည်၊

09-500 5916
09-510 1862

သွေးသည်အသာက်

စည်းစိမ်မင်း: 09-444450446, 09-444450558, 09-250144709 (အိမ်အရောက်လက်မှတ်ပို့)

သီတင်းကျွတ်လဖောင်တော်ဦးပွဲနှင့် တန်ဆောင်တိုင်ပွဲတော်ခရီးစဉ်များ

- တောင်ကြီး၊ အင်းလေး၊ ကုံလုံ၊ ထမ်စမ်း၊ ကက္ကူ(၄)ရက်။ **55000** လှိုင်ကော်ပါ(၅)ရက်။
- ပုဂံ(စွယ်တော်လေးဆူ)၊ ပုပ္ပါး၊ ပခုက္ကူ(သီဟိုဠ်ရှင်)(၃)ရက်။ **45000** ကျိုက်ထီးရိုး(နှစ်ည)
- မန္တလေး၊ ပြင်ဦးလွင်၊ ရေပြာအိုင်၊ စစ်ကိုင်း၊ မုံရွာ(၄)ရက်။ **55000** ရွှေစင်းသာ (နှစ်ည)
- ဘားအံ၊ ပြဝတီ၊ မဲဆောက်၊ ဖဝေါ(၃)ရက်။ (Hotel တည်း စိတ်ကြိုက်) **100000** Sep 22,29
- သေးတစ်ရွှန်းဆရာတော်နှင့် ဘားအံဂူ(၅)ဂူ (နေ့ချင်းပြန်) **20000** Oct 4,6,13
- ရှင်သီဝလိခြေတော်ရာ၊ စပ်လဲရေတံခွန် (နေ့ချင်းပြန်) **20000** 20,25,27
- ဖော်လမြိုင်၊ ကျိုက္ကမီ၊ စက်ဲ၊ ဇင်းကျိုက်ရေတံခွန်(နေ့ချင်းပြန်) **35000** ကြိုတင်ရောင်းပြီ

စိုးစံ (လင်း) ကုမ္ပဏီ

(open daily) (ဗဟန်းရုံး) မှ အမြန်ရောင်း/ငှါးမည်

၁၊ကမာရွတ်၊ သံလွင်လမ်း	(70x70)	မြေ	10000L
၂၊ရက၊ပြည်တော်အေးရိပ်သာလမ်း	(56x61)	မြေ	9700L
၃၊(၉)မိုင်၊အေဝမ်းလမ်း,∠ကွက်	(75x75)	2RC	9500L
၄၊တ/ဥ၊ရတနာလမ်းမပေါ်	(40x60)	2RC	9000L
၅၊ဗဟန်း၊မဟာစည်လမ်းမပေါ်	(48x70)	မြေ	7950L
၆၊ရန်ကင်း၊ပါရမီလမ်းမပေါ်	(30x60)	မြေ	5650L
၇၊စမ်းချောင်း၊မကြီးကြီးလမ်းမပေါ်	(35x60)	မြေ	5300L
၈၊မရက၊ကန်သာယာအိမ်ရာ	(50x65)	မြေ	5200L
၉၊သုဝဏ္ဏ၊တောင်ထိပ်ပန်းလမ်းမပေါ်	(60x70)	မြေ	4950L
၁၀၊ရန်ကင်း၊ပါရမီရိပ်သာ	(60x60)	မြေ	3450L
၁၁၊မရက၊ Juction - 8 အနီး	(30x50)	2RC	3100L
၁၂၊စမ်းချောင်း-လမ်းသန့်	(25x50)	မြေ	2700L
၁၃၊မ/ဒဂုံ-လမ်းသန့်	(40x60)	မြေ	630L
၁၄၊မ/ဒဂုံ၊ ရွှေပင်လုံအိမ်ရာ	(80x90)	2RC	8L
၁၅၊ရန်ကင်း-လမ်းသန့် Condo,ပြင်ပြီး	(3000Sqft)	Lift	3500L

01- 552742, 09 73500535, 09 5060938, 09 5060940

ရောင်းမည်/ငှားမည်

1.Starcity အိမ်ရာ၊ သန်လျင်မြို့နယ် 1250sqft B-3 ငှား USD 1500
ရောင်း သိန်း(၂၂၀၀) ညှိနှိုင်း
2.Starcity အိမ်ရာ၊ သန်လျင်မြို့နယ်1250sqft B-4 ငှား USD 1500
ရောင်း သိန်း(၂၂၀၀) ညှိနှိုင်း

ရောင်းမည်

1. (A) လေးဒေါင့်ကန်လမ်း၊ သဃ်န်းကျွန်းမြို့နယ် 7-B 1750sqft သိန်း(၁၇၅၀) ညှိနှိုင်း
   (B) လေးဒေါင့်ကန်လမ်း၊ သဃ်န်းကျွန်းမြို့နယ် 8-B 1750sqft သိန်း(၁၇၅၀) ညှိနှိုင်း
2. ဆိပ်ကမ်းသာလမ်း၊ ပုသိမ်မြေရပ်၊ ဒေါပုံမြို့နယ် ပေ(၂၅×၅၀)နှစ်(၆၀)ဂရန် အမည်ပေါက်(မြေသီးသန့်) သိန်း(၃၁၀၀) ညှိနှိုင်း
3. ဆိပ်ကမ်းသာလမ်း၊ ပုသိမ်မြေရပ်၊ ဒေါပုံမြို့နယ် ပေ(၂၅×၅၀) နှစ်(၆၀)ဂရန် အမည်ပေါက်(နှစ်ထပ် BN အဆောက်အအုံပါ) သိန်း(၃၂၀၀) ညှိနှိုင်း
4. (၁၂)လမ်း၊ ပုသိမ်မြေရပ်ကွက်၊ ဒေါပုံမြို့နယ် ပေ(၂၅×၅၀) သိန်း(၁၅၀၀) ညှိနှိုင်း
5. ရာဇသင်္ကြန်လမ်း၊ လမုတန်းရပ်ကွက်၊ ဒေါပုံမြို့နယ် ပေ(၂၅×၅၀) သိန်း(၇၀၀) ညှိနှိုင်း

ငှားမည်

1. ချမ်းသာဂုဏ်ရောင်အိမ်ရာ၊ သံသုမာလမ်း၊ တာမွေမြို့နယ် (၁၅)သိန်း ညှိနှိုင်း
2. ကင်းတားလမ်း၊ တောင်ဒဂုံ ပေ(၈၀×၈၀) (၄)ထပ်၊ ဂိုဒေါင်/စက်ရုံ (၁၁၀)သိန်း ညှိနှိုင်း
3. ၁၅၇လမ်း၊ တာမွေမြို့နယ် ပေ(၂၅×၅၀) (၂ထပ် BN) (၁၈)သိန်း ညှိနှိုင်း
4. သီရိရတနာဈေး၊ မြောက်ဥက္ကလာပမြို့နယ်၊ ပေ(၂၀×၄၅)ဆိုင်ခန်း (ထောင့်ခန်း) (၁၀)သိန်း ညှိနှိုင်း

စုံစမ်းရန်ဖုန်း-၀၉-၅၁၂၃၇၈၆၊ ၀၉-၉၇၅၄၃၃၄၃၄၊ ၀၉-၉၇၅၁၂၃၇၈၆

uefYufEdkifaMumif;aMumfjim

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁Bပေါက်တော၊ မြေကွက်အမှတ်-၄/ ၁-င၊ ဧရိယာ၂. ၃၅ဧက၊ မြေကွက်တည်နေရာအမှတ်-၄/၁ᵍ၊ လှိုင်မြစ်လမ်း၊ ကမ်းနားအနောက်ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ဦးညဏ်စိန် အမည်ပေါက် B-လ/န၃၉ အိမ်ရာမြေအား အမည်ပေါက် ဦးညဏ်စိန် (BQ-006900)ထံမှ မြေကွက်၏အစိတ်အပိုင်းကို အပြီးအပိုင်အရောင်းဝယ်စာချုပ်အမှတ် ၂၇၂၂/၉၉ (၃-၁၂-၁၉၉၉)ဖြင့် ဝယ်ယူခဲ့သူ ဦးရွှေအေး(ခ)ဦးကျင်ဝှက်[၁၂/အစန(နိုင်)၁၅၉၈၁၂]မှ မြေစာရင်းမှတ်ချက်ရှိ (၂၀၀၃)ခုနှစ်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးနှင့်အပိုင်ပေးစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားခဲ့သော်လည်း ထုတ်ယူခဲ့ခြင်းမရှိပါကြောင်းနှင့် (၂၀၀၈)ခုနှစ်တွင်လည်းအပိုင်ပေးစာချုပ်ချုပ်ဆိုရန် မြေပုံကူးခဲ့ပြီးအသုံးမပြုရသေးဘဲမိမိလက်ဝယ်တွင် ပျောက်ဆုံးသွားပါကြောင်း တရားရုံးကျမ်းကျိန်လွှာနှင့်အတူ အိမ်ငှားများထားရှိခြင်းနှင့် မိမိဝယ်ယူထားသည့် အစိတ်အပိုင်းကိုသာ တစ်ဖက်သတ်ခွဲစိတ်ရန် လျှောက်ထားခြင်းဖြစ်ပြီး မြေကွက်ခွဲစိတ်ခြင်းနှင့်ပတ်သက်၍ ပြဿနာတစ်စုံတစ်ရာပေါ်ပေါက်လာပါက မိမိမှတာဝန်ယူဖြေရှင်းပေးမည်ဖြစ်ပါကြောင်း ဝန်ခံကတိတင်ပြ၍ မြေကွက်ခွဲစိတ်ရန်မြေပုံကူးနှင့်မြေတိုင်းလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

MYANMAR GOLF FEDERATION

MYANMAR GOLF TOUR

PROFESSIONAL GOLFERS ASSOCIATION MYANMAR

MYANMAR GOLF TOUR 2017

Presented by

PHYO SI THU
Teak Plantation
www.phyosithu.com

Bago Yoma Eco Resort
www.bagoyomaecoresort.com

၂၅ – ၂၈၊ စက်တင်ဘာလ၊ ၂၀၁၇ ဥက္ကလာဂေါက်ကွင်း၊ ရန်ကုန်

MYANMAR GOLF FEDERATION
Organized by

"Contact Regent today for your World-Class Education"

မြန်မာကျောင်းသား၊ မိဘများ အားထားရာ

Regent

Yangon Office
No. R-2, Aung Myay Thar Si Estate, Aung Chan Thar 2nd Street, Kamaryut Township, Yangon. Tel : (09) 50 19870, (09) 7850 19870
Regent Education

Mandalay Office
No. 326, 62nd Street, Between: 29th Street x 30th Street, Chanayetharzan Township, Mandalay. Tel : (09) 7800 88 022, (09) 7800 88 200
Regent Education, Mandalay

Global Education Pathways 2018

Scholarships Available

- ☑ မြန်မာ High School, IGCSE, GCE 'O' Level, American High School Diploma, GCE 'A' Level, IB အောင်မြင်ပြီးသူများအတွက် တက္ကသိုလ်ရွေးချယ်ခွင့်နှင့် ဝင်ခွင့်ဆိုင်ရာကွာခြားချက်များ။
- ☑ NCC, ABE, HND International Diploma ကျောင်းသူ၊ ကျောင်းသားများအတွက် ဘာသာရပ် ကင်းလွတ်ခွင့်များ။
- ☑ MBBS, BPham, BE, BTech, AGTI, BBM, BCom, BcSc, BA, BSc ကျောင်းသူ၊ ကျောင်းသားတို့အတွက် ဘာသာရပ်ကင်းလွတ်ခွင့်ဆိုင်ရာများနှင့် ဘွဲ့လွန်ပညာရပ် ဆက်လက် ရွေးချယ်တက်ရောက်နိုင်ခွင့်များ။
- ➤ မတူညီတဲ့ နိုင်ငံတကာပညာရေးစနစ် နှင့် ဗီဇာအတွက် ပြင်ဆင်ပုံများကို အသေးစိတ်သိရှိနိုင်ခွင့်များ။

နိုင်ငံတကာမှ ကျောင်းတာဝန်ခံများနှင့်
တိုက်ရိုက်တွေ့ဆုံဆွေးနွေးနိုင်မည့် အခွင့်အရေး။

MANDALAY
30 Sep 2017 (Sat)
10:00 am - 1:00 pm
Mandalay Swan Hotel

YANGON
1 Oct 2017 (Sun)
10:00 am - 1:00 pm
Novotel Hotel

ကြော်ငြာ

Happiness Trip Travel & Tours

- ထားဝယ်၊ ရှင်ကိုးရှင်၊မောင်းမကန်ကမ်းခြေ - 3.10.2017
  (၄ည/၅ရက်) Hotel တည်း (စားတည်းငြိမ်း) -160000 Ks
  ဘုန်းကြီးကျောင်းတည်း (စားငြိမ်း) တဆင့် သွားခမပါ - 65000 Ks
- တောင်ကြီး တန်ဆောင်တိုင်မီးပုံးပျံပွဲ အင်းလေး ကလော -1.11.2017
  (၄ည/၅ရက်) တည်းခိုခန်းတည်း (စားတည်းငြိမ်း) -90000 Ks
- ကျိုက်ထီးရိုး ဆောင်နိုင်ကြီးရေတံခွန် ဇိမ်းလှဲတင် - အပတ်စဉ် တနင်္ဂနွေ
  နေရှင်းပြန် အပြီးအစီး - 35000 Ks

09 767123509,09767222454 ,09767222455

သန်းရွှေနှင့်ရောင်းရင်းများ ၏ သီတင်းကျွတ်ဘုရားစုံဖူး

- အင်းလေးဖောင်တော်ဦးပွဲ၊ တောင်ကြီး၊ ပင်းတယ၊ ထမ့်စမ်းလိုဏ်ဂူ၊ မွှေတော်ကက္ကူ(၄)ရက်။ လွိုင်ကော်ပါ(၅)ရက်။ Sep 22, 29, Oct 3,4,6
- ပုဂံ-ညောင်ဦး၊ ပုပ္ပါး(စွယ်တော်လေးဆူ)၊ ပခုက္ကူ၊ နေပြည်တော်(၄)ရက်။
- ပုဂံ-ညောင်ဦး၊ ပုပ္ပါး၊ ပခုက္ကူ၊ စစ်ကိုင်း၊ မန္တလေး၊ ပြင်ဦးလွင်(၅)ရက်။
- မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ(၄)ရက်။ အားလုံးပါ(၇/၁၀)ရက်။
- ထားဝယ်ရှင်ကိုးရှင်၊ မောင်းမကန်၊ ကျိုက္ကမီ၊ စက်စဲကမ်းခြေ(၅)ရက်။
- ထားဝယ်၊ မြိတ်၊ ကော့သောင်း၊ ရနောင်း(သူဌေးကျွန်း)(၇)ရက်။ Oct 3
- ဖော်လမြိုင်၊ ကျိုက္ကမီ၊ စက်စဲ၊ ကျိုက်ထီးရိုး(၂/၃)ရက်။ ကျိုက်ထီးရိုး/ချောင်းသာ(နေ့စဉ်)
- နေ့ချင်းပြန်(စနေ/တနင်္ဂနွေ) ပြည်၊ အကောက်တောင်၊ နဂါးရုပ်၊ နေပြည်တော်၊ ဇလွန်

အမှတ်(၄၂)၊ ရွှေဘုံသာလမ်း Ph: 01-380141, 01-241863, 09-43043109, 09-73251422

ဆရာ ဦးမောင်မောင်တီ GCE

B.Sc. (Applied Maths); B.A. (History)

သင်္ချာမေးခွန်းများ၏(၁၀-တန်းစာအုပ်) တွက်နည်းအဖြေစုံ ဒုတိယတွဲ

ဆိုင်ပေါ် ရောက်နေပြီ။

၂၈၄၊ ဗညားဒလလမ်းမကြီးအောင်မင်္ဂလာမှတ်တိုင်အနီးတာမွေမြို့နယ်။ ဖုန်း-0973006451, 09254012675, 09420286612, 095186637

ဒေါ်သူစာဝင်း (စာရင်းကိုင်သင်တန်း) ACCA

B.A (Econ), D.A, DMA (LCCI,UK), C.A.T(UK), ACCA (part II), D.Comp Acc(UK)

ACCA - F2 , F3

(ကျောင်းအပ်လက်ခံပြီ)

အမှတ်(၃၀)၊ ဗုလဲလမ်း၊ ကျိုက္ကဆံရပ်ကွက်၊ ဗဟန်းမြို့နယ်။(မြလမ်းမှတ်တိုင်ဦးချစ်မောင်အိမ်ရှေ့)

Ph: 09-5029621, 09-5402724, 09-250371045

Virgin Land Travels & Tours ၏ သီတင်းကျွတ်ခရီးစဉ်များ

ကျိုက်ထီးရိုး	(2D/1N)	70,000ks
ချောင်းသာ/ငွေဆောင်ကမ်းခြေ	(3D/2N)	78,000ks
ငပလီကမ်းခြေ	(3D/2N)	135,000ks ++
ပုဂံ (စွယ်တော်လေးဆူ)-ပုပ္ပါး	(2D/1N)	140,000ks
မန္တလေး-မင်းကွန်း-စစ်ကိုင်း-ပြင်ဦးလွင်	(3D/2N)	170,000ks
တောင်ကြီး-အင်းလေး-ကလော-ပင်းတယ	(3D/2N)	220,000ks

01-8610252, 09-5123793, 09-5202643

ကား မျိုးစုံ

Alphard,Hiace ၉/၁၃ယောက်စီး၊၂၄/၂၉/၃၃/၄၅ယောက်စီးများကို ခရီးစဉ်အမျိုးမျိုးအတွက် ယာဉ်ပိုင်ရှင်များ ကိုယ်တိုင်ရှိသော သောစျေးနှုန်းဖြင့် အငှားလိုက်ပါသည်။

Ph: 09795549249,095418126 09-795546884

Holiday

Car Rental Service

ရန်ကုန်မြို့တွင်း/နယ်ပေး ကားမျိုးစုံ ငှားရမ်းနိုင်ပါသည်။

ယာဉ်ပိုင်ရှင်များလည်းဆက်သွယ်နိုင်ပါသည်။

Ph: 09-5111235, 09-420077975

ဆုံသစ္စာ

ခရီးစဉ်/ဝေးလံချွင်ကားမျိုးစုံနှင့် ဘုရားဖူးခရီးစဉ်များ ယာဉ်များကို စိတ်တိုင်းကျ ငှားရမ်းပေးနေပါသည်။ ယာဉ်ပိုင်ရှင်များ ဆက်သွယ်နိုင်ပါသည်။

Ph : 0973174066
095504667

Yee Fashion Designer Group

အခြေခံစက်ချုပ်နှင့်ဒီဇိုင်းပညာဒါန သင်တန်းခေါ်ယူခြင်း

နိုင်ငံတကာ အဆင့်မီ ခေတ်မီဆန်းသစ်သော အဝတ်အထည်ဒီဇိုင်းများကို ပညာရှင်များမှ ဒီဇိုင်းအသိဒီဇိုင်းအမြင် ဒီဇိုင်းသီအိုရီတို့ဖြင့် ပေါင်းစပ်၍ ခေတ်မီသပ်ရပ်လှပသော စတိုင်ကျသော အဝတ်အစားများကို ဖန်တီးနိုင်သည့် စာတွေ့လက်တွေ့အခြေခံမှစ၍ ဒီဇိုင်းမျိုးစုံ တီထွင်ဖန်တီးနိုင်သော ဒီဇိုင်နာကောင်း တစ်ယောက်ဖြစ်စေရန်နှင့် လူငယ်များအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန် ရည်ရွယ်၍ အခြေခံစက်ချုပ်နှင့် ဒီဇိုင်းပညာဒါန သင်တန်း အမှတ်စဉ်(၁၅)ကို ဖွင့်လှစ် မည်ဖြစ်ပါ၍ တက်ရောက်လိုသူများ (၂-၁၀-၂၀၁၇)ရက်နေ့နောက်ဆုံးထား၍ စာရင်းပေးသွင်းရမည်ဖြစ်သည်။

လူဦးရေးကန့်သတ်ထားသည်

ဆက်သွယ်ရန် - Center(1) - အမှတ်(၇၆)၊ မြေညီထပ်၊(၁၁)လမ်း၊ လမ်းမတော်မြို့နယ်။ Ph: 09-73048822, 09-31788338, 09-250833774

GGW GREEN GREAT WALL

◆ အိမ်ဆောက်သူများ ဝမ်းမြောက်ဖွယ်ရာ သတင်းကောင်း

High Tech Ready Made Light Wall Panel များ မြန်မာပြည်တွင် ဝယ်ယူရရှိနိုင်ပါပြီ ....

Size: 610mm × 2440 mm (2' × 8')
Thickness: 60mm,75mm,90mm,120mm

အလေးချိန်သည် မီးရှီးဖလာအုတ်နံရံအလေးချိန်၏ လေးပုံတစ်ပုံခန့်သာရှိပါသည်။

◆ GGW (Wall Panels)နံရံပြားများသုံးစွဲခြင်း၏အကျိုးကျေးဇူးများ

(၁)တပ်ဆင်ရာတွင်လျင်မြန်၍အချိန်မှီအတွင်းပြီးစီးခြင်း
(၂)အလေးချိန်ပေါ့ပါးခြင်း
(၃)ခိုင်ခန့်ခြင်း
(၄)မီးဒဏ်ကာကွယ်ခြင်း
(၅)အသံလုံခြင်း
(၆)ရေလုံခြင်း(ရေစိမ့်မဝင်နိုင်ခြင်း)
(၇)အဆောက်အဦးထဲမှ အပူချိန်သည်ပြင်ပထက်လျော့နည်းခြင်း
(၈)တပ်ဆင်ပြီးသည်နှင့်ဆေးသုတ်ရန် အဆင်သင့်ဖြစ်ခြင်း
(၉)ကြမ်းခင်းတွင် Beamမပါသော်လည်း ပေါ့ပါးသည့်အတွက် လွယ်ကူစွာ အခန်းဖွဲ့နိုင်ခြင်း။

October (5,6,7,8) ရက်နေ့များတွင် ရန်ကုန်မြို့ တပ်မတော် ခန်းမ၌ ပြပွဲကျင်းပမည်ဖြစ်ပါသည်။

အထူး Special Promotion ဈေးနှုန်းများဖြင့် ရောင်းချမည် ဖြစ်ပါသဖြင့် မိတ်ဆွေများအား ဖိတ်ကြားအပ်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - အမှတ်(၄၆၉)၊ ကျိုင်းတုံလမ်း၊ စက်မှုဇုန် (၁)၊ တောင်ဒဂုံမြို့နယ်၊ ရန်ကုန်၊ မြန်မာ။
ဆက်သွယ်ရန်ဖုန်း၊ - 09-259445511, 09-970888200

လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းမှ ခပေါင်းစက်ရုံနှင့် ကွန်းချောင်းစက်ရုံများအတွက် အောက်ဖော်ပြပါ စက်အရန်ပစ္စည်းအား **DDP(At Site)အရောက် မြန်မာကျပ်ငွေများဖြင့်** ဝယ်ယူလိုပါသည်-
ပြည့်ဖြိုးမြဲစွမ်းအင်နှင့်ရေအားစက်ရုံများဌာန၊ ခပေါင်းစက်ရုံနှင့်ကွန်းချောင်းစက်ရုံ
Tender No.23/EPGE/2017-2018 SDZ 800 Device (2)Set

၂။ တင်ဒါပုံစံအား တစ်စောင်လျှင် ကျပ်(၁၀၀၀၀/-)တိတိဖြင့် သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစ၍ အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပြီး အသေးစိတ်စာရင်းများအား ဝန်ကြီးဌာန Website www.moee.gov.mmနှင့် ရုံးရှိကြော်ငြာသင်ပုန်းတွင် ကြော်ငြာထားမည် ဖြစ်ပါသည်။

(က) တင်ဒါပုံစံရောင်းချမည့်ရက် - ၁၈-၉-၂၀၁၇ရက်
(ခ) တင်ဒါပိတ်မည့်ရက် - ၃-၁၀-၂၀၁၇ရက်
(ဂ) တင်ဒါပိတ်မည့်အချိန် - ၁၅း၀၀နာရီ

တင်ဒါကော်မတီ
လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း၊ ရုံးအမှတ်(၂၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၈၁၀၄၂၇၈၊ ၀၆၇-၈၁၀၄၂၇၉

ပထမဦးဆုံးမြန်မာနိုင်ငံမီးသတ်ဦးစီးဌာန၏ အရည်အသွေးပြည့်မီကြောင်းထောက်ခံချက်ရရှိထားသည်

Since 2001

နေရာတိုင်းဆောင်ထား

- အရောက်ပို့
- တပ်ဆင်
- ရှင်းပြ

Rain Flower

ကြည့်မြင်တိုင်
ဖုန်း -၀၉-၇၃၁၀၀၈၉၀
-၀၉-၇၃၁၀၀၈၉၁
-၀၉-၄၅၁၇၃၀၀၀၅
-၀၉-၄၅၁၇၃၀၀၀၆
မြောက်ဥက္ကလာပ
ဖုန်း -၀၉-၇၃၁၅၄၆၇၀
-၀၉-၄၅၁၇၃၀၀၀၈
၉-မိုင်၊ ပြည်လမ်း
ဖုန်း -၀၉-၄၃၀၄၉၉၃၆
ပေါက်တောဝ၊ အင်းစိန်
ဖုန်း -၀၁-၆၄၃၇၅၈
-၀၉-၇၃၁၂၆၀၅၇
-၀၉-၃၀၄၇၁၆၅၄
-၀၉-၄၅၁၇၃၀၀၀၂
နေပြည်တော်
ဖုန်း -၀၉-၄၉၂၀၈၈၀
-၀၉-၃၁၁၃၆၂၆၁
မန္တလေး
ဖုန်း -၀၉-၄၂၁၀၈၈၄၂၂
-၀၉-၆၅၀၀၄၁၃

5 Year Warranty

Apollo Hospital

အာရှ၏ အကြီးဆုံး ကျန်းမာရေးစောင့်ရှောက်မှု အုပ်စုကြီးဖြစ်သော အပိုလိုဆေးရုံ (နယူးဒေလီ) မှ အသည်း၊ ကျောက်ကပ်၊ကင်ဆာရောဂါ အထူးကု

ဆရာဝန်ကြီးများနှင့်တွေ့ဆုံနိုင်ရန် ဖိတ်ကြားအပ်ပါတယ်။

အသည်းခွဲစိတ်အထူးကု ဆရာဝန်ကြီး Dr. Neerav Goyal
ကျောက်ကပ်အထူးကု သမားတော်ကြီး Dr. Sanjiv Jasuja နှင့် ဓါတ်ရောင်ခြည်
ကင်ဆာအထူးကု သမားတော်ကြီး Dr.Sapna Nangia တို့၏

ကျန်းမာရေးဆိုင်ရာဟောပြောပွဲအခမ်းအနား

တက်ရောက်နိုင်ရန် မိတ်ဟောင်း၊ မိတ်သစ်များအနေဖြင့်
၁၉.၉.၂၀၁၇ မတိုင်မီ စာရင်းပေးသွင်းနိုင်ပါသည်။ လူဦးရေကန့်သတ်ချက်ရှိပါသည်။

Apollo TOUCHING LIVES Apollo Hospital မြန်မာပြည်ကိုယ်စားလှယ်ရုံး WeCare Health Care Services

အမှတ်(၇၃)၊ အုန်းပင်လမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၇၃၀ ၄၃၃ ၅၁၊ ၀၉ ၉၇၀ ၇၁၆၀ ၇၄၊ ၀၉ ၅၃၇ ၃၂၅၆
အမှတ် (၂၅) ၈၂လမ်း၊ ဘုရားကြီးတောင်ဘက်၊ ရေစင်ကွေ့အနီး၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၅၁ ၂၀၁၁၈၊ ၀၉ ၉၇၇ ၃၃၉ ၄၇၇

Find us on Facebook WeCareHealthCareServices

ကွန်ပျူတာဒီပလိုမာတပ်ကြပ်ကြီး/စာရေး သင်တန်းသားများ အလိုရှိသည်

၁။ လျှောက်ထားသူသည်အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူဖြစ်ရမည်။
(ဂ) ၁-၁-၂၀၁၈ ရက်နေ့တွင် အသက် ၁၆ နှစ် ပြည့်ပြီး ၁၉ နှစ်ထက်မကြီးရ။
(ဃ) ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ ပေါင်(၁၄၀)ထက်မကျော်ရ။

၂။ လျှောက်လွှာများကို နီးစပ်ရာစစ်ဌာနချုပ်များတွင် ၁၉-၉-၂၀၁၇ ရက်နေ့မှစတင်၍ အခမဲ့ရယူပြီး ၂၀-၉-၂၀၁၇ ရက်နေ့မှ ၂၇-၁၁-၂၀၁၇ ရက်နေ့အတွင်း စစ်ဌာနချုပ်များသို့ အောက်ပါစာရွက်စာတမ်းများနှင့်အတူ လူကိုယ်တိုင်လာရောက် သတင်းပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးလက်မှတ်။
(ခ) တက္ကသိုလ်ဝင်စာမေးပွဲ အောင်လက်မှတ်။
(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ပြည်နယ် / တိုင်းဒေသကြီး / မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)။
(ဃ) (၁)လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ဓာတ်ပုံ (၃) ပုံ။
(င) မိဘအုပ်ထိန်းသူ၏ သဘောတူညီကြောင်း ထောက်ခံချက်ပါရှိရမည်။

၃။ သတ်မှတ်ချက်များနှင့်ပြည့်စုံသူများအား စစ်ဌာနချုပ်များအစီအစဉ်ဖြင့် တပ်မတော်(ကြည်း) အမှတ်(၁)အရာခံနှင့် အကြပ်ကြီးသင်ကျောင်းသို့ ပို့ဆောင်ပေးမည်။၎င်းတွင် စစ်ဘက်ဆိုင်ရာ ဆေးစစ်ခြင်းများပြုလုပ်၍ ဆေးအောင်မြင်သူများကို သင်တန်းသားအဖြစ် အတည်ပြုရွေးချယ်မည်။

၄။ သင်တန်းတွင် အခြေခံစစ်ပညာရပ်များ၊ ရုံးလုပ်ငန်းဆိုင်ရာတို့အပြင် ကွန်ပျူတာနှင့် အင်္ဂလိပ်စာဘာသာရပ်တို့ကို ၂ နှစ်ကြာ သင်ကြားလေ့ကျင့်ပေးပြီး အောင်မြင်သူများကို ကွန်ပျူတာဒီပလိုမာ Dip.C.S (Diploma in Computer Studies) ချီးမြှင့်ပေးမည်။

၅။ သင်တန်းကာလ(၂)နှစ်အတွင်း ခြေလျင်တပ်သားသစ် သင်တန်းကာလတွင် သတ်မှတ်ထားသော တပ်သားသစ်လစာ ၁၂၀၀၀ဝိ /- ကိုလည်းကောင်း၊ ခြေလျင်တပ်သားသစ်သင်တန်း ပြီးဆုံးသည့်ရက်မှစ၍ သင်တန်းပြီးဆုံးသည်အထိ သတ်မှတ်ထားသော တပ်သားအခြေခံလစာ ၁၂၅၀၀ဝိ/- ကိုလည်းကောင်း ရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)(တတိယတန်း)အဖြစ် ခန့်အပ်ပေးမည်။

၆။ လုပ်သက် ၂ နှစ် ပြည့်သည့်အခါ အဆင့် /အတန်း တိုးမြှင့်ရေးအတွက် ဝင်ရောက်ဖြေဆိုခွင့်ရှိ၍ အောင်မြင်ပါက အောက်ပါအတိုင်း အဆင့် /အတန်းများ တိုးမြှင့်ရရှိနိုင်ပြီး ယှဉ်တွဲဖော်ပြပါ လစာ ၊ စရိတ်များ ရရှိမည်-

နွားထိုးကြီး၊ ကန်ရွာသစ်၊ မူလွန်၊ ပဥ္စမတန်းမှ မောင်သီဟထွန်းအား မောင်မင်းသီဟထွန်းဟု ပြောင်းလဲခေါ်ပါရန်နှင့် ၎င်း၏ဖခင်အမည်မှန်မှာ ဦးသန်းဝင်း[၉/နထက(နိုင်)၀၅၃၉၄၀]မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **မောင်မင်းသီဟထွန်း**

ဦးသန်းဝင်း

ဖခင်အမည်မှန်

ဘိုကလေးမြို့၊ အထက(၂)၊ ဒသမတန်းအတွဲ(၁)၊ (င)ခန်းနေ မစန္ဒာဝင်း၏ ဖခင်အမည်မှန်မှာ ဦးအေးမြင့်[၁၄/ဘကလ(နိုင်)၁၈၂၃၃၀]ဖြစ်ပါကြောင်း။ **ဦးအေးမြင့်**

ဖခင်အမည်မှန်

ဘိုကလေးမြို့၊ အထက(၂) ဒသမတန်းအတွဲ(၇) (A)ခန်းနေ မရီရီဝင်း၏ ဖခင်အမည်မှန်မှာ ဦးထွန်းထွန်း[၁၄/ဘကလ(နိုင်)၃၇၀၂၃၉]ဖြစ်ပါကြောင်း။

ဦးထွန်းထွန်း

ရောင်ခြည်သစ်
အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း
10',14',15' ကားများဖြင့်
လုပ်သားအပြီးအစီး မြို့တွင်း/နယ်ဝေး
ဝန်ဆောင်မှုပေးသည်။
Ph:09-450454771
09-450454772
09-450454773

မြေကွက်များဈေးကောင်းပေးဝယ်လိုသည်။
ဒဂုံမြို့သစ်၊ (အရှေ့ပိုင်း၊ မြောက်ပိုင်း၊ တောင်ပိုင်း၊ ဆိပ်ကမ်း)
တို့တွင်မြေကွက်များဝယ်လိုသည်။
အိမ်အရောက်ငွေချေစနစ်၊ ပွဲခပေးရန်မလို
Ph : 01-2339310, 01-2339355, 01-578044

သီဟလင်း
အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း
(10',14',16',18',22')ကားများဖြင့်လုပ်သားအပြီးအစီး
မြို့တွင်း/နယ်ဝေး
ဝန်ဆောင်မှုပေးသည်။
01-570307
09-5112729
09-5126394

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ အနောက်ပိုင်းရပ်ကွက်၊ အောင်ပြေငြိမ်းလမ်း၊ အမှတ်(၁၉၀)ဟုခေါ်တွင်သောမြေကွက်၊ မြေအကျယ်(၇၀ပေ×၃၈ပေ)ရှိ မြေကွက်နှင့်ယင်းမြေကွက်ပေါ်တွင်ဆောက်လုပ်ထားသည့် နေအိမ်တို့ကို အရပ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးကြည်ဝင်း[၁၂/ကတန(နိုင်)၀၃၇၅၃၉]နှင့် ဒေါ်ခင်ဝင်းမော်[၁၂/ကတန(နိုင်)၀၇၈၁၄၈]ထံမှ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ထိုအိမ်၊ မြေနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်နေ့ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးငွေးညွန့်LL.B(တရားလွှတ်တော်ရှေ့နေ) (စဉ်-၉၂၀၈)
အမှတ်(၃၉၆)၊ အောင်မင်္ဂလာ(၄)လမ်း၊ ရွှေကုန်းရပ်ကွက်၊ ကျောက်တန်းမြို့။
ဖုန်း-၀၉၄၂၁၁၃၆၃၅၂

ရန်ကုန်မြို့ လသာမြို့နယ်၊ ၆-ရပ်ကွက်၊ ဗိုလ်ရှုံလမ်း၊ အမှတ်-၁၅၉၊ ၅-လွှာနေ မနန်းသန္တာအောင် (ခ)သရုပ်ဆောင်မော်ဒယ် သွန်းရတီ၊ (ဘ)ဦးသံချောင်း၊ (၁၂/လသန(နိုင်)၀၂၄၃၄၅)၊ ၎င်းအားထိန်းသိမ်းထားသူများနှင့် သက်ဆိုင်သူများသိစေရန် အသိပေးကြေညာချက်

ကျွန်ုပ်၏မိတ်ဆွေဖြစ်သော **မောင်မြတ်သူရိန်ထွန်း**(၁၂/ဥကမ(နိုင်)၂၂၅၃၉၉) အမှတ်-၂၇၉(ယ) ခေမာသီလမ်း၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့တွင်နေထိုင်သူ၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းအသိပေးကြေညာအပ်သည်မှာ-

ကျွန်ုပ်၏မိတ်ဆွေ **မောင်မြတ်သူရိန်ထွန်း**နှင့် အထက်ကြေညာချက်ပါ **မနန်းသန္တာအောင်(ခ)သရုပ်ဆောင်မော်ဒယ်သွန်းရတီ**တို့သည် ပဋိညာဉ်ပြုနိုင်သော အရွယ်ရောက်သူ လွတ်လပ်ကြသူများဖြစ်ပြီး တဦးနှင့်တဦး သမီးရည်းစားအဖြစ်ရည်ငံချစ်ကြိုက်ခဲ့ကြရာမှ အကြင်လင်မယားအဖြစ်အတူပေါင်းသင်းနေထိုင်ရန် ပဋိညာဉ်ပြုကြပြီး မိမိတို့၏လွတ်လပ်သောသဘောဆန္ဒအရ (၁၇-၇-၂၀၁၇)ရက်နေ့၌ အသိသက်သေဒေါ်အေးအေးမြင့်အောင်၊ ဦးစိုးပိုင်တို့အပါအဝင်ပြုလျက် ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၊ ဒုတိယညွှန်ကြားရေးမှူးဒေါ်ခင်မရီ၏ရှေ့မှောက်တွင် "ထိမ်းမြားမင်္ဂလာကတိသစ္စာပြုလွှာ"ကို ဗုဒ္ဓဘာသာဝင်များထိမ်းမြားလက်ထပ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့်အညီ တရားဝင်နည်းလမ်းတကျ ချုပ်ဆိုလက်မှတ်ရေးထိုးခြင်းဖြင့် အဆိုပါစာချုပ်ချုပ်ဆိုသည့်နေ့မှစ၍ **မောင်မြတ်သူရိန်ထွန်းနှင့်မနန်းသန္တာအောင်(ခ)သရုပ်ဆောင် မော်ဒယ်သွန်းရတီ**တို့မှာ တရားဝင်အကြင်လင်မယားအဖြစ်သို့ရောက်ရှိခဲ့ပြီးဖြစ်ပါကြောင်းကို သက်ဆိုင်သူနှင့်အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်အမှတ်(၄)ရပ်ကွက်၊ ယ၂/၁၉၆နေ ဦးကံထူး-ဒေါ်သန်းဆင့်၏ သမီး မအေးသန္တာဦး[၉/ခမစ(နိုင်)၀၈၂၄၇၅]ကိုင်ဆောင်သူမှ မိဘနှစ်ပါးစိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ပါသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အသိပေး၍(လုံးဝ) ပတ်သက်ခြင်းမရှိကြောင်း၊ တာဝန်ယူဖြေရှင်းပေးမည်(မဟုတ်ကြောင်း)ကြေညာအပ်ပါသည်။

(အုပ်ထိန်းသူ)မိဘ
ဦးကံထူး-ဒေါ်သန်းဆင့်

ဦးသန်းလွင် + ဒေါ်သန်းသန်းမြင့်

မူလပထမ **တီဇီ (1)** ကြိုတင်စာရင်းသွင်းပါရန်။

ကားမောင်း၊ စက်ပြင်သင်တန်း

* မ/ဒဂုံယာဉ်မောင်းသင်ကွင်း။ ☎:01-706862,09-73047755,09-73322177,09-73235757,
* သိမ်ဖြူကားကက်ဆက်တန်း။ ☎:01-201188, 09-73047744, 09-73047766
* (218)၊ ကျိုက္ကဆံလမ်း၊ ကျောက်မြောင်းဈေးမှတ်တိုင်။ ☎:01-549764, 01-545155
* အမှတ်(3-F)၊ ကန်တော်မွန်အိမ်ရာ၊ လေးထောင့်ကန်လမ်းမကြီး၊ မေဓာဝီရာရှေ့၊သဃ်န်းကျွန်း။ ☎:01-573986, 01-573988

အမည်မှန်

အုတ်တွင်းမြို့နယ်၊ အထက၊ ကျွဲပွဲ၊ သတ္တမတန်း (ဂ)မှ မညိုမီလှိုင် (ဖခင်) ဦးဇော်လင်းတို့မှာ အမည်မှန်များဖြစ်ပါကြောင်း။ **ဦးဇော်လင်း [၇/အတန(နိုင်)၁၃၀၄၆၉]**

ဖခင်အမည်မှန်

ယင်းမာပင်မြို့နယ်၊ ထန်းဇင် အထက(ခွဲ)၊ တက္ကသိုလ်ဝင်တန်း(A)တွင် ပညာသင်ကြားနေသော မောင်ငွေဖြိုး၏ ဖခင်အမည်မှန်မှာ ဦးအောင်ပိုင် [၅/ယမပ(နိုင်)၀၆၁၀၆၂] ဖြစ်ပါကြောင်း။ **ဦးအောင်ပိုင်**

ဖခင်အမည်မှန်

ယင်းမာပင်မြို့နယ်၊ ထန်းဇင် အထက(ခွဲ)၊ တက္ကသိုလ်ဝင်တန်း(A) တွင် ပညာသင်ကြားနေသော မောင်အောင်နိုင်ဖြိုး၏ ဖခင်အမည်မှန်မှာ ဦးမြင့်[၅/ယမပ(နိုင်)၁၀၀၉၁၉]ဖြစ်ပါကြောင်း။ **ဦးမြင့်**

ဖခင်အမည်မှန်

ဂန့်ဂေါမြို့နယ်၊ နှမ်းခါး အထက၊ နဝမတန်းမှ မစုစုလွင်၏ ဖခင်အမည်မှန်မှာ [၈/ဂဂန(နိုင်)၀၇၉၁၅၀]အရ ဦးဖိုးတူးဖြစ်ပါကြောင်း။ **ဦးဖိုးတူး**

မွေးသက္ကရာဇ်အမှန်

(ဘ)ဦးသန်းကြူး၏သား ဂန့်ဂေါမြို့နယ်၊ နှမ်းခါးအထက၊ နဝမတန်းမှမောင်ဝေလင်းကို၏ မွေးသက္ကရာဇ်အမှန်မှာ ၁၇-၆-၂၀၀၂ ဖြစ်ပါကြောင်း။ **မောင်ဝေလင်းကို**

စာလုံးပေါင်းသတ်ပုံ၊ သဒ္ဒါရေးထုံးဆိုင်ရာ ဆန်းစစ်ချက်များ...

အလေးထားစရာ မြန်မာစာ - ၂ အေးကျော်မင်း ထွက်ပြီ

WISDOM HOUSE စာအုပ်တိုက်၊ ☎ ၀၁ ၅၅၅ ၀၃၆၊ ၀၉ ၅၀၅ ၇၅၃၃၊ ၀၉ ၄၃၀ ၄၁၈ ၅၇

အင်းစိန် မင်းကြီးလမ်းမ ၆၅ ပေ × ၂၀၀ ပေခန့် (ဆေးရုံ၊ ဟိုတယ်၊ ကုမ္ပဏီရုံးချုပ်များဆောက်ရန် သင့်တော်ပါသည်။)

မင်းဓမ္မ **Project** ဖြင့် နိုးသောလမ်းမ၊ အင်းစိန်ဆေးရုံကြီးဘေး၊ ဂရန်မြေ၊ အိမ် ၃ လုံးအပါ၊ အင်းစိန်မြို့နယ် တွင် **1 Sqft** ၃. ၂ သိန်းသာ။

ရုံးချိန်အတွင်း - ၀၉-၇၈၈ ၂၀၀၇၆၉၊ ၀၉ ၇၉၅၉၀၀၃၃၆

ဖခင်အမည်မှန်

မြောင်မြို့နယ်၊ တွင်းကြီး အထက ဒသမတန်း(အတွဲ-၁)မှ မောင်သိန်းသန့်ဇင်၏ ဖခင်အမည်မှန်မှာ ဦးအောင်ဆန်းဦး [၅/မအပ(နိုင်)၁၅၄၉၄၇] ဖြစ်ပါကြောင်း။ **ဦးအောင်ဆန်းဦး**

ဖခင်အမည်မှန်

မြောင်မြို့နယ်၊ အထက၊ ဒသမတန်း (င)မှ မယွန်းမြတ်နိုး (က/၃၁၆၀)၏ ဖခင်အမည်မှန်မှာ ဦးသန့်ဇင်ဦး [၅/မမန(နိုင်)၀၆၇၇၁၉] ဖြစ်ပါကြောင်း။ **ဦးသန့်ဇင်ဦး**

ဖခင်အမည်မှန်

မြောင်မြို့နယ်၊ မြစ်သာ၊ အထက ဒသမတန်းမှ မသဲစုလွင်၏ ဖခင်အမည်မှန်မှာ ဦးဇော်လွင်ဦး [၅/မမန(နိုင်)၀၅၁၃၈၉] ဖြစ်ပါကြောင်း။ **ဦးဇော်လွင်ဦး**

ဖခင်အမည်မှန်

မြောင်မြို့နယ်၊ မင်းတန်း အထက(ခွဲ)ဒသမတန်းမှ မခိုင်သင်းမိုး၏ ဖခင်အမည်မှန်မှာ ဦးညီညီထွန်း ဖြစ်ပါကြောင်း။ **ဦးညီညီထွန်း**

ကန့်ကွက်လိုက ခိုင်လုံသော မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးအထောက်အထားတစ်ရပ်ရပ်ဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။								
စဉ်	လျှောက်ထားသူ		လျှောက်ထားသည့်					လျှောက်ထားသည့်အကြောင်းအရာ
	အမည်	မှတ်ပုံတင်	မြို့နယ်	မြေတိုင်း	မြေကွက်	မြေအမည်ပေါက်	လိပ်စာ	
၁။	ဒေါ်သက်ထက်အေး	၁၄/မအန(နိုင်)၁၁၉၉၅၈	လှိုင်သာယာ	သကမ-၈	၉၂/က	ဒေါ်စန်းမြင့်	၉၂/က၊နံ့သာဖြူလမ်း၊(၁၄)ရပ်ကွက်၊လှိုင်သာယာ	ဂရန်သစ်
၂။	ဦးမိုးဇော်ဝင်း	၁၂/ဗတထ(နိုင်)၀၁၄၂၀၆	အင်းစိန်	၃၉၇-ပဲမိုကုန်း	၁၆၀/၇	ကိုကျော်(သေ)မလှကြီး	၃၉၇၊ဗယ်ပဉ်လမ်း၊ထန်းပင်ကုန်းဓော်ဘွားကြီးကုန်းရပ်ကွက်	အမည်ပြောင်း
၃။	ဒေါ်သန်းသန်းဝင်း(SP)ဦးဇော်ထိုက်	၁၂/ရပသ(နိုင်)၀၃၁၀၈၆	ရွှေပြည်သာ	၃၅	၈၃၇/ခ	ဒေါ်သန်းသန်းဝင်း	၈၃၇/ခ၊ဘုရင့်နောင်လမ်း၊(၁၁)ရပ်ကွက်၊ရွှေပြည်သာ	မြေပုံကူး(အရောင်း)
၄။	လောင်မင်တိတ်(ခ)ဦးအောင်ရွှေ+၁	၁၂/ပဘတ(ဧည့်)၀၀၀၃၃၈	မင်္ဂလာဒုံ	၅၃၂/B	၁၀	ဦးအောင်ကျော်စိုး	၁၀၊ဘုရင့်နောင်လမ်း၊ဗုလဲ(၁)ရပ်ကွက်၊ရွှေနံ့သာကျေးရွာအုပ်စု	အမည်ပြောင်း
၅။	လောင်မင်တိတ်(ခ)ဦးအောင်ရွှေ+၁	၁၂/ပဘတ(ဧည့်)၀၀၀၃၃၈	မင်္ဂလာဒုံ	၅၃၂/B	၁၉၃/ဃ	ဦးအောင်ဇော်မင်း	၁၉၃၊အမှတ်(၃)ချဉ်းကပ်လမ်း၊ဗုလဲ(၂)ရပ်ကွက်၊ရွှေနံ့သာကျေးရွာအုပ်စု	အမည်ပြောင်း
၆။	ဦးမောင်ဖြိုး(ခ)လီအိုသောက်တွန်+၁	၁၂/လသန(ဧည့်)၀၀၀၂၁၄	လှိုင်သာယာ	ရလပ-၂၅	၁၇၃.B+၁၇၆.B+၁၇၂	ဦးခင်ထွေး+၁	၁၇၃.B+၁၇၆.B+၁၇၂၊မင်းကြီးမဟာမင်းခေါင်လမ်း	အမည်ပြောင်း
၇။	ဒေါ်သဇင်ကိုကို(SP)ဦးဝင်းလှိုင်ထွန်း	၁၂/စခန(နိုင်)၀၆၇၅၈၄	ရွှေပြည်သာ	၃၁	၇၂	ဒေါ်သဇင်ကိုကို	၃၁၊မြရတနာလမ်းသွယ်(၂)ရပ်ကွက်၊ရွှေပြည်သာ	မြေပုံကူး(အရောင်း)
၈။	ဒေါ်မေလှရီ+၃၏GPဒေါ်အေးအေးသွင်	၁၂/ဥကတ(နိုင်)၀၀၈၄၈၆	တောင်ဥက္ကလာ	၁၂	၇၇၇/ခ	ဒေါ်မြသွန့်+၁	၇၇၇-ခ၊မာဃလမ်း၊(၁၂)ရပ်ကွက်	မြေပုံကူး(စွန့်လွှတ်)
၉။	ဦးစိုးဝင်း၏GPရသူဦးဝင်းဇော်ဝင်း	၁၂/မရက(နိုင်)၀၃၆၄၆၀	အင်းစိန်	၃၉-A	၁၄၂ ၇D	ဒေါ်အေးအေးနိုင်	၁၄၂၊သစ္စာလမ်း၊(၃၉)ရပ်ကွက်၊အင်းစိန်	မြေပုံကူး(အရောင်း)
၁၀။	ဒေါ်ညိုဝင်းမို့မို့(ဦးစောဦးထံမှSPရသူ)	၉/မခမ(နိုင်)၀၅၉၁၄၈	ရန်ကင်း	၁၄ကံဘဲ့	၁၅/ခ	ဦးစောဦး	၁၁/ခ၊ရွှေသစ္စာလမ်း၊(၁၃)ရပ်ကွက်	မြေပုံကူး(အရောင်း)
၁၁။	ဒေါ်မျိုးယဉ်၏GPရသူဦးနိုင်ပြတ်	၁၂/အဂန(နိုင်)၀၀၂၀၁၈	အင်းစိန်	၃၅	၁၉၈	ဒေါ်မျိုးယဉ်	၁၉၈၊မင်္ဂလာလမ်း၊(၃၅)ရပ်ကွက်၊အင်းစိန်	မြေပုံကူး(အရောင်း)
၁၂။	ဦးမောင်မောင်၏GPဒေါ်သန်းသန်းထွေး	၁၀/မလမ(နိုင်)၂၀၇၂၄၂	မြောက်ဥက္ကလာ	ခ	၃၃၂ ၁/၂	ဦးမောင်မောင်	၃၃၂၊မြရတနာ(၄)လမ်း၊(ခ)ရပ်ကွက်	မြေပုံကူး(အရောင်း)
၁၃။	ဦးရီရှောင်လင်း+၁	၁၂/ကမရ(နိုင်)၀၄၃၇၇၅	လမ်းမတော်	၂၂ဇက်-၂	V Class.၁၀၅	ဦးတင်အောင်ကျော်+၉	၆၇(၁၄)လမ်း၊(၆)ရပ်ကွက်	အမည်ပြောင်း
၁၄။	ဒေါ်စန်းယုလွင်၏(SPဦးဝင်းစိန်(ခ)သော်ဝင်းစိန်)	၁၂/ဥကတ(နိုင်)၀၀၀၄၁၃	အင်းစိန်	၃၅	၅၆၈/က	ဒေါ်စန်းယုလွင်	၅၆၈/က၊လုပ်သားလမ်း၊(၃၅)ရပ်ကွက်	မြေပုံကူး(အရောင်း)
၁၅။	ဦးအောင်သိန်း(SPဒေါ်ခင်မာဆွေ)	၁၄/ပသန(နိုင်)၀၀၂၉၉၂	အင်းစိန်	၂	၄၉၀	ဦးအောင်သိန်း	၄၉၀၊ကျွန်စစ်သားလမ်း၊(၂)ရပ်ကွက်၊အင်းစိန်	မြေပုံကူး(အရောင်း)
၁၆။	ဦးသူလွင်ဆွေ၏(SPဒေါ်ရန်ချွန်မိတ်)	၁၃/လရန(နိုင်)၁၂၀၇၈၉	အင်းစိန်ဒိုက်ကမ်း	စက်မှုဇုန်-၂	၁၄၁	ဦးသူလွင်ဆွေ	၁၄၁၊စက်မှုဇုန်(၂)ရပ်ကွက်၊အင်းစိန်ဒိုက်ကမ်း	မြေပုံကူး(အရောင်း)
၁၇။	ဒေါ်သန်းသန်းဝင်း	၁၂/သကတ(နိုင်)၁၀၈၅၈၅	သာကေတ	၃.မာန်ပြေ	၃၉၆/ခ	ဦးသန်းရွှေ	၃၉၆/ခ၊မာန်ပြေ(၉)လမ်း၊(၃)မာန်ပြေရပ်ကွက်	မြေပုံကူး(အရောင်း)
၁၈။	ဒေါ်ပြီးသိန်းသွင်(SP)ဦးခင်မောင်လွင်	၁၂/ကမရ(နိုင်)၀၂၅၀၆၀	အင်းစိန်	၄၇	၁၉၃	ဒေါ်ပြီးသိန်းသွင်	၁၉၃၊အင်းကြင်းမြိုင်လမ်း၊(၄၇)ရပ်ကွက်	မြေပုံကူး(အရောင်း)
၁၉။	ဒေါ်တင်တင်အုန်း(SP)ဦးစိုးမောင်	၅/စကန(နိုင်)၀၂၂၉၆၁	အင်းစိန်	၄၄	၆၆၂	ဒေါ်တင်တင်အုန်း	၆၆၂မင်းရဲကျော်စွာလမ်း၊(၄၄)ရပ်ကွက်၊အင်းစိန်	မြေပုံကူး(အရောင်း)
၂၀။	ဒေါ်တင်မြဆွေ	၁၂/အလန(နိုင်)၀၂၈၂၄၁	အလုံ	၂၃ဆိုင်	V Class.၁၆၇	ဒေါ်တင်မြဆွေ	၄၄၊နံ့သာလမ်း၊ဌာနာရပ်ကွက်	ဂရန်သက်တမ်းတိုး
ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ								

ဖခင်အမည်မှန်

ယင်းမာပင်မြို့နယ်၊ ထန်းဇင်၊ အထက(ခွဲ) နဝမတန်းတွင် ပညာသင်ကြားနေသော မောင်နိုင်ဝေ၏ ဖခင်အမည်မှန်မှာ ဦးမောင်ဝင်း [၅/ယမပ(နိုင်)၁၂၇၀၅၇] ဖြစ်ပါကြောင်း။ **ဦးမောင်ဝင်း**

မွေးသက္ကရာဇ်အမှန်

မော်လိုက်မြို့၊ ဦးမြင့်ဆွေ(ခ)ဦးညွန့်ရွှေ [၅/မလန(နိုင်)၀၁၈၄၄၁]၏သမီး မနှင်းနွယ်ဦး[၅/မလန(နိုင်)၀၄၃၁၈၉]၏ မွေးသက္ကရာဇ်အမှန်မှာ ၄-၄-၁၉၉၅ ဖြစ်ပါသည်။ **မနှင်းနွယ်ဦး**

ကန့်ကွက်လိုက ခိုင်လုံသော မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးအထောက်အထားတစ်ရပ်ရပ်ဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။								
စဉ်	လျှောက်ထားသူ		လျှောက်ထားသည့်					လျှောက်ထားသည့်အကြောင်းအရာ
	အမည်	မှတ်ပုံတင်	မြို့နယ်	မြေတိုင်း	မြေကွက်	မြေအမည်ပေါက်	လိပ်စာ	
၁။	ဦးခင်မောင်ထွေ	၁၂/မဂဒ(နိုင်)၀၁၄၈၄၃	မြောက်ဥက္ကလာ	၁၇-ရွှေပေါက်ကံ	၃၈၈	ဦးသိန်းဟန်သူ	၃၈၈၊ တောင်ငူလမ်း၊ ၁၇-ရွှေပေါက်ကံ	ဂရန်သစ်
၂။	ဦးဗိုနိဝင်း+၂	၁၂/တမန(နိုင်)၀၄၃၆၈၈	တာမွေ	၃အေ	V ၆၆	မသန်းခင်(ခ)မဘီဘီ	၂၁၊ (၁၅၄)လမ်း၊ တာမွေကြီး(က+ဂ)ရပ်ကွက်	အမည်ပြောင်း
၃။	ဒေါ်စန္ဒာဝင်း	၁၂/တမန(နိုင်)၀၆၆၀၄၅	မြောက်ဥက္ကလာ	၁၇-ရွှေပေါက်ကံ	၄၇၈	ဒေါ်ဝင်းစန္ဒာထွန်း	၄၇၈၊ မြဝတီမင်းကြီးလမ်း၊ (၁၇)ရွှေပေါက်ကံ	အမည်ပြောင်း
၄။	ဒေါ်မိမိထွန်း	၉/မရမ(နိုင်)၀၀၅၅၆၄	အလုံ	၃/တိုးချဲ့(ကျောင်းစု)	၁၅၂	ဦးသိန်းထွန်း	၁၅၂၊ အိနသုခလမ်း၊ ကျောင်းစုရပ်ကွက်	အမည်ပြောင်း
၅။	ဦးကျော်သူရ	၁၃/လရန(ဧည့်)၀၀၀၄၁၇	အင်းစိန်	၁၄၆	၁၀၆၉	ဦးတင်ဝင်း	၁၀၆၉၊ (၁၄၆)ရပ်ကွက်၊ အင်းစိန်	ဂရန်သစ်
၆။	ဦးမျိုးလှိုင်	၁၂/ဒပန(နိုင်)၀၃၀၀၄၀	အင်းစိန်	၂၁	၁၅၀	ဦးအေးအောင်	၁၅၀၊ သိပ်ချောင်းရှမ်းလမ်း၊ (၂၁)ရပ်ကွက်၊ အင်းစိန်	ဂရန်သစ်
၇။	ဦးသန်းထွန်း	၁၀/မဒန(နိုင်)၀၂၄၆၁၇	အင်းစိန်	၄၂/တိုးချဲ့	၂၃၆	ဦးစောဝိုးရွှေ	၂၃၆၊ ဇော်ဂျီလမ်း၊ (၄၂/တိုးချဲ့)ရပ်ကွက်၊ အင်းစိန်	ဂရန်သစ်
၈။	ဒေါ်မြင့်မြင့်အေး(ခ)မြတ်အေးချမ်း	၁၂/ဒဂန(နိုင်)၀၂၂၂၀၀	အင်းစိန်	၃	၃၃၄	ဦးစွမ်းမနား	၃၃၄၊ (၃)ရပ်ကွက်၊ အင်းစိန်	ဂရန်သစ်
၉။	ဒေါ်မြင့်မြင့်အေး(ခ)မြတ်အေးချမ်း	၁၂/ဒဂန(နိုင်)၀၂၂၂၀၀	အင်းစိန်	၃	၁၆၇	ဦးလှသန်း	၁၆၇၊ (၃)ရပ်ကွက်၊ အင်းစိန်	ဂရန်သစ်
၁၀။	ဒေါ်မြမြအေး	၁၂/ဒဂန(နိုင်)၀၂၂၂၀၆	အင်းစိန်	၃	၁၆၃	ဦးငွေဝင်း	၁၆၃၊ (၃)ရပ်ကွက်၊ အင်းစိန်	ဂရန်သစ်
၁၁။	ဦးကျော်ခင်+၃	၁၂/ဥကတ(နိုင်)၁၂၁၅၈၉	တောင်ဥက္ကလာ	၁၃	၅၅၅	ဦးလှခင်	၅၅၅၊ အနော်မာလမ်း၊ (၁၃)ရပ်ကွက်	အမည်ပြောင်း
၁၂။	ဦးတင်မင်းလွင်	၁၂/ဥကတ(နိုင်)၀၀၂၁၉၂	အင်းစိန်	၉	၇၉၅/က	ဒေါ်သိန်းကြည်	၇၉၅/က၊ နော်ခမ်းဦးလမ်း၊ (၉)ရပ်ကွက်၊ အင်းစိန်	ဂရန်ခွဲ
၁၃။	ဦးတင့်ဆန်း	၅/မရန(နိုင်)၁၇၁၅၈၀	လှိုင်သာယာ	ရလပ-၂၅	၄၁၅	ဦးချစ်ဆွေ	၄၁၅၊ကမ်းပတ်လမ်း၊ရွှေလင်ပန်းစက်မှုဇုန်၊လှိုင်သာယာ	ဂရန်သစ်
၁၄။	ဦးကျော်ကျော်ဦး	၈/ရစတ(နိုင်)၁၂၅၈၁၂	အင်းစိန်ဒိုက်ကမ်း	၉၀	၉၆၆	ဦးတင်လှ	၉၆၆၊ (၉၀)ရပ်ကွက်၊ အင်းစိန်ဒိုက်ကမ်း	ဂရန်သစ်
၁၅။	ဒေါ်ခင်စန်းညွန့်(ခ)ဒေါ်သီတာခင်ကြီး	၆/ကသန(နိုင်)၀၁၂၂၂၀	မင်္ဂလာတောင်ညွန့်	၁၀G	V ၂၃	ဒေါ်ခင်စန်းညွန့်(ခ)ဒေါ်သီတာခင်ကြီး	၁၄၈၊ ဗိုလ်မင်းရောင်လမ်း၊ မင်္ဂလာတောင်ညွန့်ရပ်ကွက်	ဂရန်သက်တမ်းတိုး
၁၆။	ဒေါ်နေဇာထွန်း	၁၀/မလမ(နိုင်)၁၆၀၃၉၇	အင်းစိန်	၁၃၉	၆၆၈	ဦးဇာဏီဦး	၆၆၈၊ (၁၃၉)ရပ်ကွက်၊ အင်းစိန်	ဂရန်သစ်
၁၇။	ဒေါ်နေဇာထွန်း	၁၀/မလမ(နိုင်)၁၆၀၃၉၇	အင်းစိန်	၁၃၈	၄၇	ဦးတင်ငွေ	၄၇၊ (၁၃၈)ရပ်ကွက်၊ အင်းစိန်	ဂရန်သစ်
၁၈။	ဒေါ်နေဇာထွန်း	၁၀/မလမ(နိုင်)၁၆၀၃၉၇	အင်းစိန်	၁၃၉	၆၅၈	ဦးမောင်သောင်း	၆၅၈၊ (၁၃၉)ရပ်ကွက်၊ အင်းစိန်	ဂရန်သစ်
၁၉။	ဒေါ်အေးနီလာ	၁၂/ကတတ(နိုင်)၀၂၂၇၂၃	အင်းစိန်	၁၃၈	၁၀၁၁	ဒေါ်ခင်မြသွန့်	၁၀၁၁၊ (၁၃၈)ရပ်ကွက်၊ အင်းစိန်	ဂရန်သစ်
၂၀။	ဦးကျော်ဆန်းမင်း	၁၂/ဗဟန(နိုင်)၀၇၆၈၄၆	အင်းစိန်	၇	၁၀၈၂/က	ဦးသောင်း	၁၀၈၂/က၊ (၇)ရပ်ကွက်၊ အင်းစိန်	ဂရန်သစ်
ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ								

ဖခင်အမည်မှန်

ယင်းမာပင်မြို့နယ်၊ ထန်းဇင်၊ အထက(ခွဲ) နဝမတန်းမှ မောင်ချမ်းငြိမ်းဝေ၏ ဖခင်အမည်မှန်မှာ ဦးပြား [၅/ယမပ(နိုင်)၀၄၅၉၄၅] ဖြစ်ပါကြောင်း။ **ဦးပြား**

ဖခင်အမည်မှန်

ယင်းမာပင်မြို့နယ်၊ ထန်းဇင်၊ အထက(ခွဲ) နဝမတန်းမှ မောင်ဝင်းကိုနိုင်နှင့် ဒုတိယတန်းမှ မောင်ကောင်းခန့်ကို တို့၏ ဖခင်အမည်မှန်မှာ ဦးငွေးပို [၅/ယမပ(နိုင်)၁၀၇၃၃၀]ဖြစ်ပါကြောင်း။ **ဦးငွေးပို**

ဖခင်အမည်မှန်

ယင်းမာပင်မြို့နယ်၊ ထန်းဇင် အထက(ခွဲ) တက္ကသိုလ်ဝင်တန်း (A) မှမောင်ထက်ဝေဦး၏ ဖခင်အမည်မှန်မှာ ဦးညိုလင်း[၅/ယမပ(နိုင်) ၀၈၃၀၂၃] ဖြစ်ပါကြောင်း။ **ဦးညိုလင်း**

ကန့်ကွက်လိုက ခိုင်လုံသော မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးအထောက်အထားတစ်ရပ်ရပ်ဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။								
စဉ်	လျှောက်ထားသူ		လျှောက်ထားသည့်					လျှောက်ထားသည့်အကြောင်းအရာ
	အမည်	မှတ်ပုံတင်	မြို့နယ်	မြေတိုင်း	မြေကွက်	မြေအမည်ပေါက်	လိပ်စာ	
၁။	ဒေါ်မေရီ	၁၃/ကခန(နိုင်)၀၀၆၂၀၈	အင်းစိန်	၄၅	ပ/၁၃၄	ဒေါ်မြင့်မြင့်နိုင်	ပ/၁၃၄၊ ပြည်ထောင်စုလမ်း၊ (၄၅)ရပ်ကွက်	အမည်ပြောင်း
၂။	ဒေါ်ခင်သန်း	၁၄/ဝခမ(နိုင်)၁၀၄၁၅၁	တောင်ဥက္ကလာ	၁၄-စီမံကိန်း(၂)	၁၈၇/က	ဦးထွန်းစိန်	၁၈၇/က၊ ရတနာလမ်း၊ ၁၄-စီမံကိန်း(၂)ရပ်ကွက်	ဂရန်ခွဲ
၃။	ဦးမောင်မောင်စိန်(ခ)မောင်မောင်လွင်+၁	၁၂/မဂတ(နိုင်)၀၃၂၀၂၂	မင်္ဂလာတောင်ညွန့်	၁၁F	V ၇၃	ဦးမောင်မောင်စိန်(ခ)မောင်မောင်လွင်+၁	၁၄၁၊ (၁၀၁)လမ်း၊ ဗိုလ်မြေရပ်ကွက်	ဂရန်သက်တမ်းတိုး
၄။	ဒေါ်အေးအေးမြင့်	၇/အတန(နိုင်)၀၅၇၁၅၃	တောင်ဥက္ကလာ	၁၄/၁	၇၉/၁	ဦးတင်အောင်	၇၉/၁၊ မြင်သာဂုမ္ဘေါင်အိမ်ရာ၊ (၁၄/၁)ရပ်ကွက်	အမည်ပြောင်း
၅။	ဒေါ်သန်းသန်းစိုး	၁၂/ဗတထ(နိုင်)၀၂၇၃၈၀	အင်းစိန်ဒိုက်ကမ်း	၇၇	၉၇၄	ဦးဟံသွန့်သွင်	၉၇၄၊ (၇၇)ရပ်ကွက်၊ အင်းစိန်ဒိုက်ကမ်း	ဂရန်သစ်
၆။	ဦးမျိုးညွန့်ဟန်	၁၄/ဟသတ(နိုင်)၂၁၈၀၉၁	အလုံ	၄	၁၁၀၉	ဦးမောင်တင့်	၁၁၀၉၊ ငထွေရှုလမ်း၊ ကျွန်စစ်သားရပ်ကွက်	ဂရန်သစ်
၇။	ဦးမောင်မောင်စန်း၏SPရသူဒေါ်သူဇာဝင်း	၁၂/ရကန(နိုင်)၀၂၂၃၂၈	အင်းစိန်	၅	၄၂	ဦးမောင်မောင်စန်း	၄၂၊ သပြေညိုလမ်း၊ (၅)ရပ်ကွက်၊ အင်းစိန်	မြေပုံကူး(အရောင်း)
၈။	ဒေါ်ဖြူနှင်းသိန်းSPဒေါ်ဝင်းဝင်းသန့်	၁၂/ဗဟန(နိုင်)၀၇၂၀၇၂	သဃ်န်းကျွန်း	၃၀-သုဝဏ္ဏ	၁၂၅	ဒေါ်ဖြူနှင်းသိန်း	၁၂၅၊ ခနအောင်လမ်းသွယ်၊ ၃၀-သုဝဏ္ဏ	မြေပုံကူး(အရောင်း)
၉။	ဒေါ်မှုမှုသောင်း+၁GPဒေါ်မြမြသန်း	၁၂/ကမတ(နိုင်)၀၂၆၁၄၃	အင်းစိန်	၈	ထ/၄၉/၂	ဒေါ်မှုမှုသောင်း+၁	ထ/၄၉/၂၊ ရာဇာဓိရာဇ်လမ်း၊ (၈)ရပ်ကွက်၊ အင်းစိန်	မြေပုံကူး(အပိုင်ပေး)
၁၀။	ဒေါ်မှုမှုသောင်း+၁GPဒေါ်မြမြသန်း	၁၂/ကမတ(နိုင်)၀၂၆၁၄၃	အင်းစိန်	၈	ထ/၄၉/၁	ဒေါ်မှုမှုသောင်း+၁	ထ/၄၉/၁၊ ရာဇာဓိရာဇ်လမ်း၊ (၈)ရပ်ကွက်၊ အင်းစိန်	မြေပုံကူး(အပိုင်ပေး)
၁၁။	ဒေါ်မှုမှုသောင်း+၁GPဒေါ်မြမြသန်း	၁၂/ကမတ(နိုင်)၀၂၆၁၄၃	အင်းစိန်	၈	ထ/၄၉/၃	ဒေါ်မှုမှုသောင်း+၁	ထ/၄၉/၃၊ ရာဇာဓိရာဇ်လမ်း၊ (၈)ရပ်ကွက်၊ အင်းစိန်	မြေပုံကူး(အပိုင်ပေး)
၁၂။	ဒေါ်နှင်း+၄	၁၂/သကတ(နိုင်)၀၀၇၉၅၃	သာကေတ	၂/တောင်	၁၁၃၂	ဒေါ်နှင်း+၂	၁၁၃၂၊ သုမနလမ်း၊ ၂/တောင်၊ သာကေတ	မြေပုံကူး(အရောင်း)
၁၃။	ဒေါ်နော်ဇာအေး၏SPရသူဒေါ်ရီရီမြင့်	၉/အမရ(နိုင်)၀၂၄၈၉	တောင်ဥက္ကလာ	၆	၅၃၆	ဒေါ်နော်ဇာအေး	၅၃၆၊ အင်းဝလမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာ	မြေပုံကူး(အရောင်း)
၁၄။	ဒေါ်ညိုကြည်၏SPရသူ ဒေါ်ရီရီမြင့်	၉/အမရ(နိုင်)၀၂၄၈၉	အင်းစိန်	၃၀	၅၈၄	ဒေါ်ညိုကြည်	၅၈၄၊ ဗန္ဓုလလမ်း၊ (၃၀)ရပ်ကွက်၊ အင်းစိန်	မြေပုံကူး(အရောင်း)
၁၅။	ဒေါ်ရှိရှိအုန်း(SP)ဒေါ်မေပွင့်ဖြူ	၁၂/ဥကမ(နိုင်)၂၀၃၉၈၁	အင်းစိန်	၂၄	၅၀၀	ဒေါ်ရှိရှိအုန်း	၅၀၀၊ သိင်္ဂီလမ်း၊ (၂၄)ရပ်ကွက်၊ အင်းစိန်	မြေပုံကူး(အရောင်း)
၁၆။	ဦးစိုးလွင်၏SPရသူ ဒေါ်အေးမြတ်ထွန်း	၁၂/ဒဂတ(နိုင်)၀၅၂၀၁၆	တောင်ဥက္ကလာ	၄	၆၄၈	ဦးစိုးလွင်	၆၄၈၊ ဝေဇယန္တာလမ်း၊ (၄)ရပ်ကွက်၊တောင်ဥက္ကလာ	မြေပုံကူး(အရောင်း)
၁၇။	ဒေါ်ခင်စင်စန်း၏SPရသူ ဒေါ်ခင်လေးမြင့်	၁၂/ကမတ(နိုင်)၁၁၉၄၆၉	အင်းစိန်	၄၀	၁၂၅၀	ဦးအုန်းတင်	၁၂၅၀၊ ဦးဘချိုလမ်း၊ (၄၀)ရပ်ကွက်၊ အင်းစိန်	မြေပုံကူး(အရောင်း)
၁၈။	ဒေါ်စရောချာ	၁၂/မဂဒ(နိုင်)၀၂၉၉၄၉	ရွှေပြည်သာ	၄၇	၁၁၁၆/ခ	ဦးကျော်လင်းနိုင်	၁၁၁၆/ခ၊ မိုလ်ချုပ်လမ်း၊ (၁၉)ရပ်ကွက်၊ ရွှေပြည်သာ	ဂရန်သစ်
၁၉။	ဒေါ်ရင်ရင်	၁၃/တကန(ဧည့်)၀၀၁၅၀၈	ရွှေပြည်သာ	၅၀/သာဓုကန်	၃၁+၃၂	ဦးအောင်နိုင်	၃၁+၃၂၊ ကျောက်စိမ်းလမ်း၊ သာဓုကန်စက်မှုဇုန်	ဂရန်သစ်
၂၀။	ဦးခင်ဇော်(ခ)ခွန်ကျင်စွမ်	၁၂/လသန(နိုင်)၀၀၂၅၆၂	ရွှေပြည်သာ	၁၆	၃၉	ဦးကျော်ထက်ထွန်း	၃၉၊ တော်ဝင်လမ်း၊ (၃)ရပ်ကွက်၊ ရွှေပြည်သာ	ဂရန်သစ်
ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ								

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပစိမ်းမြမြ

လေးဆူဓာတ်ပုံ ရွှေတိဂုံမှာ . . .

ဒေါက်တာမော်

လေးဆူဓာတ်ပုံ ရွှေတိဂုံမှာ ဌာပနာထားသည့် ဓာတ်တော်၊ မွေတော်များကို အာရုံပြု၍ ဗုဒ္ဓမြတ်စွာဘုရားအားလည်းကောင်း၊ မြတ်စွာဘုရား သွန်သင်ညွှန်ပြဟောကြားထားသည့် တရားတော်အားလည်းကောင်း၊ အလုံးစုံသော တရားတို့ကို ဆရာမလို သိတော်မူသော မြတ်စွာဘုရား၏ ဉာဏ်တော်ကြီးအားလည်းကောင်း၊ သိတော်မူသည့်အတိုင်း လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါများကို လိမ္မာယဉ်ကျေးအောင် ဆုံးမတတ်ခြင်းကိုလည်းကောင်း၊ သတ္တဝါများကို သနားတော်မူလှသဖြင့် ဘဝပေါင်းများစွာ ပါရမီတော်များ ဖြည့်ခဲ့ခြင်းကိုလည်းကောင်း၊ တရားတော်တို့ကို ယနေ့အထိ စောင့်ရှောက်သယ်ယူ သင်ကြားပြသပေးသော သံဃာတော်တို့ကိုလည်းကောင်း ကြည်ညိုစွာ နှလုံးသွင်းကာ ဂုဏ်တော်များ ပွားများနေတုန်း . . . .

ဗြုန်းဆို . . . . .

ဓမ္မစကြာ ကျယ်ကျယ်လောင်လောင် ရွတ်ဖတ်သံကြားလိုက်ရသည်။ ကိုယ့်အာရုံကိုထိန်းချုပ်၍ ဂုဏ်တော်များ ဆက်လက်ပွားများရန် ကြိုးစားပါသော်လည်း အသံက အနားကပ်ပြီး ကျယ်လောင်နေသည့်အတွက် ဂုဏ်တော်ကိုအာရုံပြုရန် ခက်ခဲနေသည်။ ဂုဏ်တော်ကိုအာရုံပြုရန် ခက်ခဲနေမည့်အတူတူ သူရွတ်နေသောဓမ္မစကြာကို လှမ်း၍အာရုံပြုလိုက်သည်။ ထိုအလယ်အလတ်ဆိုသောလမ်းသည် အဘယ်နည်း။ အင်္ဂါရှစ်ပါးနှင့်ပြည့်စုံသော ဉာဏ်မဂ္ဂင်ပေတည်း။ ဉာဏ်မဂ္ဂင်သည် အဘယ်နည်း။ သမ္မာဒိဋ္ဌိ (ကောင်းစွာမြင်ခြင်း)၊ သမ္မာသင်္ကပ္ပ (ကောင်းစွာကြံခြင်း)၊ သမ္မာဝါစာ (ကောင်းစွာဆိုခြင်း) သူက ပါဠိလိုဆို၊ ကိုယ်ကအဓိပ္ပာယ်ဖွင့်၍ အာရုံပြုရင်း ပြုရင်း သူဆိုတာ သိပ်မြန်လို့ လိုက်မမီတော့ဘူး။ သူလည်း ရွတ်ဆိုရင်း အဓိပ္ပာယ်ကို အာရုံပြုရဲ့လားလို့ သံသယဖြစ်မိသည်။

ထိုအခိုက် . . . . . .

နောက်ထပ် ငယ်ရွယ်သည့်အသံတစ်ခုက ဓမ္မစကြာ စတင်ရွတ်လာပြန်သည်။ အသံက ပိုစူးပြီး ပိုမြန်လို့ မကြာခင်မှာ အသက်ကြီးကြီးအသံဖြင့် ရွတ်နေသည့်အပိုဒ်ကို မီလုမီခင်ဖြစ်လာသည်။ အသက်ကြီးကြီးအသံကလည်း မမီအောင် ပိုကျယ်ကျယ်ပိုမြန်မြန် ရွတ်ပါတော့သည်။ သို့သော် အသက်ကြီး၍ထင်သည်။ အိုးနင်းခွက်နင်းနှင့် လျှာခလုတ်တိုက်ပြီး နောက်ကျကျန်ခဲ့ပါလေရော။ ထိုအခါ ငယ်ရွယ်သောအသံက "ငါကွ" ဟု အောင်ပွဲခံသံနှင့် ဆက်ရွတ်နေစဉ် အသက်ကြီးကြီးအသံက လမ်းပေါ်ပြန်ရောက်လာပြီး အရှိန်အဟုန်ရော အသံအားရောပါ စတင်လာပြန်ရော။

အင်း ရည်ရွယ်ချက်ချင်းတူပါလျက်နှင့် ဘာဖြစ်လို့ သံပြိုင်ညှိပြီး မရွတ်နိုင်ကြပါလိမ့်။ ဒီနည်းလမ်းကို ရွေးချယ်စရာရှိတာ မစဉ်းစားမိလို့လား။ ပူးပေါင်းတတ်သည့် အလေ့အကျင့်မရှိလို့လား။ ပူးပေါင်းပြီး သံပြိုင်အေးချမ်းစွာရွတ်ကြလျှင် ဤကဲ့သို့ ညချမ်းအခါမှာ မည်မျှကြည်ညိုဖွယ်ကောင်းလိမ့်ပေမည်နည်း။ ကဲ အတွေးများကိုရပ်၊ ပစ္စုပ္ပန်တည့်တည့်ကိုရှု၊ အကြားအာရုံနှင့် နားအကြည်ဓာတ်တိုက်သမျှကို ဖဿမှာပဲ ကြိုးစားဖြတ်ပြီး ဝေဒနာမဖြစ်ခင် ဓမ္မစကြာပြိုင်ပွဲကရှောင်ထွက်ကာ ဘုရားအာရုံပြုရန် နေရာပြောင်းခဲ့သည်။

နောက်တစ်နေရာမှာ လက်အုပ်ချီကာရှိသေး . . . .

ဖုန်းတစ်လုံးက သီချင်းကျယ်လောင်စွာနှင့် မြည်လာသည်။ စိတ်ထဲက ဒီဖုန်းကို မြန်မြန်ဖြေလိုက်ပါစေဟု ကြိတ်၍မျှော်လင့်မိသည်။ သို့မှသာ အသံမြန်မြန်တိတ်သွားမည်။ သို့သော် ဖြေလိုက်မှပိုဆိုးသွားပေသည်။ "ဟယ်လို ဟယ်လို၊ ကြားလား၊ ကြားလား၊ ငါ ဘုရားရောက်နေတယ်၊ မိတ္တတ်တို့လည်း ပါတယ်" ထို့ထက်ပိုဆိုးသည်မှာ စပီကာကြီးနှင့်ပြောသဖြင့် တစ်ဖက်က အသံကိုပါ သူ့ထက်ပို၍ကျယ်လောင်စွာ ကြားနေရခြင်းပင်ဖြစ်သည်။ တော်ပါသေးသည်။ ယခင်ကဆိုလျှင် ဘုရားပေါ်မှာ လိုင်းမမိတော့ ကြားလား၊ မကြားဘူးလား ဝေါ်ကီတော်ကီနေရတာ ပိုဆိုးသည်။

အင်း . . . . .

လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်လိုနေရာမျိုးမှာ ဆည်းလည်းသံ၊ ခေါင်းလောင်းသံလေးတွေကလွဲရင် တိတ်ဆိတ်ငြိမ်သက်နေအောင် ဂျပန်က အမြန်ရထားတွေပေါ်မှာကဲ့သို့ ဖုန်းမပြောရအောင်၊ အသံကျယ်ကျယ်နှင့် ဘုရားရှိခိုးချင်ရင် ဝတ်ရွတ်အသင်းအဖွဲ့တွေနှင့်သာ ကြည်ညိုဖွယ် ရွတ်ဖတ်ရအောင် ဥပဒေတွေ ချမှတ်ပေးရမလား၊ လူထုကို အသိဉာဏ် ဖွင့်ပေးရမလား၊ အသိပေး၊ သတိပေးစာတန်းများထားပေးရန် ဂေါပကကို အကြံပြုရမလား၊ သိကြားမင်းကြီးကိုပဲ တိုင်တည်ရမလား ရွှေတိဂုံဘိုးဘိုးကြီး "မ" ပါဘုရား။ ။

အလုပ်လုပ်ရင်း သင်ယူလေ့လာမှုကို ရပ်သင့်သလား

မနော်ဖြူလေး

လူတိုင်း အရွယ်ရောက်လာရင် အလုပ်လုပ်ကြရမှာဖြစ်ပါတယ်။ အလုပ်လုပ်ပြီဆိုရင်ဖြင့် ကိုယ်ဘယ်နေရာမှာ ဘယ်အပိုင်းကို တာဝန်ယူလုပ်ဆောင်ရမှာလဲ။ ဘာတွေ ပြင်ဆင်ထားရမလဲ။ တချို့ကျပြန်တော့ တဖြည်းဖြည်း အသက်သာကြီးလာတာ ဘာအလုပ်မှမလုပ်ဘဲ သင်တန်းတွေပဲ တက်နေသူတွေ ဒုနဲ့ဒေးပါပဲ။ မည်သူမဆို လိုအပ်ချက်များကတော့ အနည်းနဲ့အများရှိနေကြမှာ အမှန်ပါပဲ။ ဒီလိုလိုအပ်ချက်တွေကို လုပ်ငန်းခွင်ဝင်ရင်းဖြင့် သင်ယူသွားရင်လည်း ရနိုင်ပါတယ်။ ဒီလိုပဲ အောင်မြင်တိုးတက်ဖို့အတွက် ကြိုးစားမှုကိုလည်း သင်ယူလေ့လာနေခြင်းကနေ အောင်မြင်မှုပန်းတိုင်ကို အရောက်သွားရမှာဖြစ်ပါတယ်။ ဒါပေမယ့် လူတချို့ရဲ့ အတွေးအခေါ်ကျပြန်တော့ အလုပ်တစ်ခုရရှိပြီဆိုရင် သင်ယူလေ့လာဖို့ မလိုတော့ဘူးလို့ တွေးထင်ကောင်း တွေးထင်တတ်ကြပါတယ်။ သင်လည်း ဒီလိုအယူအဆ ခေါင်းထဲဝင်လာရင်တော့ အမြန်နှင်ထုတ်သင့်ပါတယ်။ သင်က လက်ရှိအနေအထားမှာ ရပ်တန့်မနေချင်ဘူးဆိုရင်တော့ အမြဲသင်ယူပါ။ လေ့လာပါ။ စူးစမ်းပါ။ သင်ယူရုံနဲ့ မပြီးပြည့်စုံဘဲ ဗဟုသုတပါ ရှာမှီးထားသင့်ပါတယ်။

သင့်ရဲ့အလုပ်နဲ့ပတ်သက်ပြီး ထပ်မံလေ့လာခြင်းဖြစ်စေ၊ နောက်ထပ် နယ်ပယ်ဘာသာရပ်တစ်ခုကို လေ့လာခြင်းဖြင့်ဖြစ်စေ အမြဲသင်ယူနေဖို့ လိုအပ်လှပါတယ်။ အမှန်အားဖြင့် အလုပ်လုပ်ရင်း သင်ယူဖို့ဆိုတာ တကယ်တော့ မလွယ်ကူလှပါဘူး။ အချိန်အနည်းငယ်ပေးနိုင်မှသာ အဆင်ပြေမှာဖြစ်ပါတယ်။ အလုပ်ခွင်အတွင်း သင်ယူမှုနဲ့ အလုပ်ခွင်ပြင်ပ သင်တန်းများတက်ခြင်းဖြင့်လည်း သင်ယူနိုင်ပါတယ်။ ပြင်ပသင်တန်းတက်ဖို့ဆိုတာ အလုပ်လုပ်နေသူ တစ်ဦးအတွက်တော့ အတော်မလွယ်တဲ့ကိစ္စရပ်တစ်ခုပဲ ဖြစ်ပါတယ်။ ဒီတော့ လူတိုင်းက အချိန်မရှိဘူးလို့ သုံးနှုန်းနေတဲ့ အသုံးအနှုန်းကိုတော့ သင်လည်း မသုံးမိဖို့တော့ သတိပေးပါရစေ။ အရင်ဆုံး သင့်ကိုယ်သင်တွေးလိုက်ပါ။ ငါ ဒီနေရာမှာပဲ ရပ်တန့်နေမှာလား။ ဆက်လက်ကြိုးစား သင်ယူမလားဆိုတဲ့ အတွေးတစ်ခုကို အရင်ဆုံးလုပ်ဆောင်စေချင်ပါတယ်။ သင့်အတွက် လေ့လာသင်ယူခြင်းတွေက လူမှုရေး၊ စီးပွားရေး၊ ပညာရေးဆိုတဲ့ အလုပ်အကိုင်နဲ့ ပတ်သက်တဲ့ အတွေ့အကြုံအသစ်တွေ ရရှိနိုင်မှာ အသေအချာပါပဲ။ ဒါမှသာ မိမိရဲ့လုပ်ငန်းခွင်မှာ ရေရှည်တည်မြဲပြီး ပိုမိုတိုးတက်လာတဲ့ အတွေ့အကြုံတွေကို ရရှိလာနိုင်မှာ ဖြစ်ပါတယ်။ တစ်ခုတော့ရှိပါတယ်။ အဲဒါက ဘာလဲဆိုတော့ အလုပ်မရှိသူထက် သင့်ရဲ့ကြိုးစားမှုက နှစ်ဆ ပိုမိုကြိုးစားရပါလိမ့်မယ်။ ထပ်မံသင်ယူလိုက်တဲ့ အရာတစ်ခုက အလုပ်နဲ့ ဆက်စပ်မှုရှိနေတဲ့ သင်ယူမှုဆိုရင်တော့ သင့်အတွက် ပိုပြီး လုပ်ငန်းခွင်မှာ အထောက်အကူဖြစ်စေပါတယ်။

သင်ယူမှုပုံစံက လူတစ်ဦးချင်းစီရဲ့ သင်ယူလေ့လာမှုပုံစံတွေ အများအားဖြင့် မတူကြတာများပါတယ်။ မိမိတို့အတွက် အဆင်ပြေစေပြီး သက်သောင့်သက်သာဖြစ်စေမယ့် နည်းလမ်းကိုသာ ရွေးချယ်သင့်ပါတယ်။ ဘာကြောင့် ဒီလိုပြောရသလဲဆိုရင် အများအားဖြင့် သင်တန်းတွေ ပြင်ပမှာ တက်ချင်ကြပေမယ့် အလုပ်ရှင်က ပေးမတက်တာ ရှိတတ်ကြတဲ့သူတွေအတွက် ရုံးချိန်ပြင်ပတို့၊ အလုပ်မသွားခင် တက်လို့ရတဲ့ သင်တန်းတွေ ဒါမှမဟုတ် အလုပ်ပြန်ချိန်မှ တက်ရတဲ့သင်တန်းတွေလည်း မိမိရဲ့ နေမှုထိုင်မှု၊ နောက်ကျန်းမာရေးအခြေအနေကို အရင်လေ့လာသုံးသပ်ပြီး ဘယ်အချိန်ဆိုရင် ပိုသင့်တော်လဲ စဉ်းစားဆုံးဖြတ်ပြီးမှ တက်ရောက်သင့်ပါတယ်။ အမြဲတမ်း အလုပ်ပဲလုပ်နေပြီး သင်ယူခြင်းကို ရပ်ဆိုင်းထားခဲ့မယ်ဆိုရင်တော့ လူတစ်ဦးရဲ့ အသိဉာဏ်စွမ်းအားသည်လည်း တဖြည်းဖြည်း ဆုတ်ယုတ်သွားပါလိမ့်မယ်။ အလုပ်ခွင်ရဲ့ စိတ်ဖိစီးမှုဟာ သင်ကြားခြင်းလည်းမရှိ၊ လူထုနဲ့ ဆက်သွယ်ခြင်းလည်း မရှိဖြစ်လာတဲ့အခါ ပျော်ရွှင်မှုလည်း မဖြစ်ပေါ်လာနိုင်တော့ပါ။ နောက်ပိုင်း အလုပ်ခွင်အတွင်း ပျော်ရွှင်မှုမရှိခြင်း၊ စိတ်ဓာတ်ကျဆင်းစေခြင်းနဲ့ ပင်ပန်းမှုတို့ ပေါင်းစပ်ပြီး ကျန်းမာရေး ချို့ယွင်းမှုကိုပါ ဖြစ်ပေါ်လာစေနိုင်ပါတယ်။ အလုပ်ခွင်နဲ့ ပြင်ပသင်တန်းအချိန်များကို ခွဲခြားသတ်မှတ်နိုင်ပါတယ်။ အလုပ်အကိုင်နဲ့မတူဘဲ စာလေ့လာခြင်းအတွက် သီးသန့်နေရာတစ်ခု သတ်မှတ်ထားသင့်ပါတယ်။ အလုပ်တာဝန်တွေနဲ့ ခွဲခြားထားပါ။ အလုပ်တာဝန်တွေက စိတ်ဖိစီးမှုအနည်းငယ် ရှိနေနိုင်တဲ့အတွက်ကြောင့် သင့်ကို စိတ်ရှုပ်ထွေးသွားစေနိုင်ပါတယ်။ ဒီလိုခွဲခြားပြီး လေ့လာသင်ယူမယ်ဆိုရင်ဖြင့် စိတ်ပျော်ရွှင်မှုကိုဖြစ်စေပြီး မနက်ဖြန်တိုင်းအတွက် အလုပ်ခွင်မှာ စိတ်ကြည်လင်စွာဖြင့် လုပ်ငန်းခွင်ဝင်ရောက်နိုင်မှာ ဖြစ်ပါတယ်။

> အလုပ်ခွင်ရဲ့ စိတ်ဖိစီးမှုဟာ သင်ကြားခြင်းလည်းမရှိ၊ လူထုနဲ့ ဆက်သွယ်ခြင်းလည်း မရှိဖြစ်လာတဲ့အခါ ပျော်ရွှင်မှုလည်း မဖြစ်ပေါ်လာနိုင်တော့ပါ။ နောက်ပိုင်း အလုပ်ခွင်အတွင်း ပျော်ရွှင်မှုမရှိခြင်း၊ စိတ်ဓာတ် ကျဆင်းစေခြင်းနဲ့ . . .

ပြင်ပသင်တန်းတွေတက်ခြင်းဖြင့် အသိပညာ၊ အတတ်ပညာ ဗဟုသုတများ ရရှိမှုများအပြင် မိတ်ဆွေအပေါင်းအသင်းလည်း ပိုမိုတိုးပွားလာစေနိုင်ပါတယ်။ သင်အခက်အခဲဖြစ်ချိန်မှာလည်း သင့်အတွက် မိတ်ဆွေကောင်းတွေ ရရှိလာနိုင်ပါတယ်။ များသောအားဖြင့် အလုပ်ခွင်နဲ့ ပတ်သက်လာတဲ့ ဘာသာရပ်တွေကို ဆွေးနွေးခြင်း၊ ကိုယ်ပိုင်စိတ်ကူးနဲ့ ဖန်တီးခြင်းတွေကို ဦးစားပေးလာနိုင်ပါတယ်။ ဒါကြောင့် တစ်ဦးတစ်ယောက်တည်း လေ့လာသင်ယူခြင်းထက် မိတ်ဆွေအပေါင်းအသင်းများနဲ့အတူ လေ့လာသင်ယူခြင်းက ပိုမိုပြီး ထိရောက်မှုကိုရရှိစေပါတယ်။ အလုပ်ခွင်ရဲ့လိုအပ်ချက် သင်တန်းတစ်ခုခုကို သင် ယခုကစပြီး တွေဝေမနေဘဲ အမြန်တက်ရောက်သင့်ပါတယ်။ ဒါမှသာ လုပ်ငန်းခွင် အခက်အခဲများကို အောင်မြင်စွာဖြတ်ကျော်နိုင်မှာဖြစ်ပါတယ်။ ပင်ပန်းလည်း သည်းခံပြီး တက်ရောက်လိုက်ပါ။ သင့်ရဲ့ မောပန်းမှုတွေ၊ ကြိုးစားရုန်းကန်မှုတွေ ပြီးဆုံးသွားတဲ့အခါ အလုပ်အကိုင်နဲ့ ကုန်ခဲ့တဲ့အချိန်တွေအတွက်ကော အဖိုးမဖြတ်နိုင်တဲ့ပညာများနဲ့ အတွေ့အကြုံအရည်အချင်းတွေကို သင်ရရှိခံစား ပိုင်ဆိုင်မည်ဖြစ်ပါကြောင်း ပြောကြားလိုက်ရပါတော့တယ်ရှင်။

ရိုးရိုးကြီး ဇေယျ

တင့်လွင်ဦး(စီးပွားရေးတက္ကသိုလ်)

မြန်မာ့ရုပ်ရှင်သမိုင်းတစ်လျှောက် အမျိုးသားသရုပ်ဆောင်ပေါင်းများစွာပေါ်ထွက်ခဲ့ရာ တစ်ယောက်တစ်မျိုး ထူးချွန်ကြပြီး တချို့က အပြောကောင်းသည်။ အပြောကောင်းသည့်မင်းသားဟု ဆိုလိုက်သည်နှင့် သိမီလိုက်သည့် ပရိသတ်များက အကယ်ဒမီမြတ်လေးကို ပြေးမြင်မိကြမည်မှာ မလွဲ။ တချို့မင်းသားက အထိုးအကြိတ် အသတ်အပုတ်ကျွမ်းသည်။ "ဗန်တိုလူလေးနဲ့သူဇာ" ဇာတ်ကားတွင် မင်းသား အကယ်ဒမီညွန့်ဝင်းနှင့် လုံမင်းသားစံတင်တို့ ဘတစ်ပြန် ကျားတစ်ပြန် သူသေကိုယ်သေ အပြန်အလှန် သတ်ပုတ်ခန်းမှာ အသည်းထိတ်ဖွယ်ရာ ကောင်းလှပြီး မြန်မာ့ရိုးရာသိုင်းပညာကို အခြေခံထားသည့် တိုက်ကွက်များဖြစ်သည့်အတွက် သွက်လက်လှပနေသည်။

အလွမ်းအဆွေးပိုင်သူတွေကလည်း တစ်မျိုး၊ "ဗိုလ်အောင်ဒင်" ဇာတ်ကားတွင် မင်းသားခင်မောင်ရင် (ဗိုလ်အောင်ဒင်)သည် မင်းသမီးမေမေဝင်း(မြမြ)ကို လက်လွှတ်ဆုံးရှုံးလိုက်ရသည့်အတွက် မှိုင်တွေခန်း အလွမ်းပြကွက် ယနေ့တိုင် စာရေးသူမျက်စိထဲက မထွက်။ မင်းသားချော မြင့်အောင်၊ အကယ်ဒမီဝင်းဦးတို့ ရုပ်ရည်သန့်ပြန့်၍ ကျက်သရေရှိလှသလို တွံတေးသိန်းတန်၊ အကယ်ဒမီသုမောင်တို့ တေးဆိုအလွန်ကောင်း၏။ အကယ်ဒမီကောလိပ်ဂျင်နေဝင်းက သဘာဝဘက်မှာ သာမက၊ ဟာသဖက်တော့လည်း ပီပြင်သည်။ နှစ်စဉ်သင်္ကြန်ချိန်ခါရောက်တိုင်း မြန်မာ့ရုပ်မြင်သံကြားမှ ပြသပေးလေ့ရှိသည့် "ကညာပျိုနဲ့ဇရာအို" ဇာတ်ကားတွင် ကောလိပ်ဂျင်နေဝင်းနှင့် မြင့်ဖေတို့အတွဲ အဖက်၊ အချိတ်အဆက်မိလှပြီး ဇွတ်အတင်း ကလိထိုးပြခြင်းမျိုးမဟုတ်သော သဘာဝကျကျဟာသများ တင်ဆက်သွားပုံမှာ ဘယ်အခါကြည့်ကြည့် ရိုးအီသွားသည်မရှိပါ။

ထိုသို့ ကိုယ်ပိုင်ဟန်အသီးသီးရှိကြသည့်အနက် ယခုတင်ပြမည့် သရုပ်ဆောင်ကတော့ အများနှင့်မတူ တစ်မူထူးခြားသူဟု ဆိုရမည်။ ပင်ကိုစရိုက် တည်တည်တံ့တံ့၊ ရိုးရိုးအေးအေးနေတတ်သလို ရုပ်ရှင်မင်းသားအဖြစ် သရုပ်ဆောင်ပြန်တော့လည်း ဂိုက်ဆိုက်တွေမပါ။ ရိုးရိုးပင် ဝတ်စားဆင်ယင်ပြီး သရုပ်ဆောင်လေ့ရှိရာ တည်ကြည်ခြင်း၊ ရိုးသားဖြောင့်မတ်ခြင်း စသည့် ဂုဏ်အင်္ဂါတို့နှင့် ပြီးပြည့်စုံသည့်အတွက် ပရိသတ်အကြိုက်တွေ့ပြီး ချစ်ခင်လေးစားခြင်းခံရသော မင်းသားတစ်လက်ဖြစ်သည်။

လူရိုး သချိုင်းမှာရှိသည်ဟု အရပ်စကားအလွယ်ဆိုတတ်ကြသော်လည်း လောကမှာ ရိုးသားဖြောင့်မတ်သူတွေများစွာရှိသည်။ ရုပ်ရှင်လောကမှာလည်း ရိုးသားမှုဖြင့် ထင်ပေါ်ကျော်ကြားသောသူတစ်ယောက် ပေါ်ပေါက်ခဲ့ဖူးပါသည်။ ရိုးလွန်းတော့ အဟု ဆိုတတ်ကြသော်လည်း ထိုသူသည် မအ။ ဖြူစင်မွန်မြတ်သော အဇ္ဈတ္တစိတ်ရင်းဓာတ်ခံရှိသည့်အတွက် သူတစ်ပါးအပေါ် အသာစီးရဖို့မကြံယှဉ်လိုက်လျှင် သူသာအနစ်နာခံလိုသည်။ ရိုးသားမှုကို အရင်းခံသည့် ဇာတ်လမ်းဇာတ်ကွက်များကိုသာ တစ်သမတ်တည်း လက်ခံရိုက်ကူးလေ့ရှိပြီး သဘောထားကြီးသော၊ တည်ကြည်သော၊ ဖြူစင်သော သရုပ်သဏ္ဌာန်တို့ကို ပေါ်လွင်အောင် သရုပ်ဆောင်နိုင်စွမ်းရှိသည်။ သူပါဝင်သောဇာတ်ကားအများစုမှာ ခံဘက်ကချည်းဖြစ်ရာ သူခံရပါများလာသောအခါ ပရိသတ်က မကျေနပ်ချင်။ သူ့ဘက်က နာသည်။ သို့ဖြစ်၍ ကရုဏာသက်စွာဖြင့် "ရိုးရိုးကြီးဇေယျ" ဟု မှည့်ခေါ်ကြလေသည်။

ရိုးရိုးကြီးဇေယျ၏ အမည်ရင်းက ကိုလှမောင်။ စစ်ကိုင်းမောင်ဘွဲ့ရ အရပ်အမောင်းကောင်းပြီး ယောကျ်ားပီသသည့် ကိုယ်ကာယအလှပိုင်ရှင်တစ်ဦးဖြစ်သည်။ စစ်ပြီးခေတ် ၁၉၄၆ ခုနှစ်တွင် ရုံတင်ပြသသော အေဝမ်းရုပ်ရှင်မှ ဒါရိုက်တာဦးဘရှင် ရိုက်ကူးသည့် "ခေတ်သစ်ဖာတစ်လုံး" အသံတိတ်ဇာတ်ကားတွင် မင်းသမီးမေမြ၊ မေထွေး၊ သာဂေါင်ကြီး၊ မျိုးမြင့်၊ သန်းနွဲ့တို့နှင့် တွဲဖက်သရုပ်ဆောင်ရင်း ရုပ်ရှင်လောက၌ စတင်အခြေချသည်။

၁၉၄၉ ခုနှစ်တွင် ဗြိတိသျှဘားမားရုပ်ရှင်မှ ရိုက်ကူးသည့် "မိုးကြယ်မို့လား" ဇာတ်ကားတွင် မင်းသား အေးကြူ၊ မင်းသမီး မေမေဝင်းတို့နှင့် တွဲဖက်သရုပ်ဆောင်ရင်း "ဇေယျ" ဆိုသောအမည်ကို စတင်အသုံးပြုသည်။ ထိုနှစ်ထဲမှာပင် "မြူနှင်းမာလာ" ဇာတ်ကားကို ဆက်လက်ရိုက်ကူးရာ မင်းသမီး မေမေဝင်းနှင့် တွဲဖက်သရုပ်ဆောင်ရင်း ခေါင်းဆောင်မင်းသားအဖြစ်သို့ရောက်ရှိသည်။ ထိုမှဆက်၍ ရုပ်ရှင်ဇာတ်ကားပေါင်းများစွာ ရိုက်ကူးခဲ့ရာ ရုပ်ရှင်ကုမ္ပဏီပေါင်းစုံ၊ ဒါရိုက်တာပေါင်းစုံ၊ သရုပ်ဆောင်ပေါင်းစုံတို့နှင့် ဆုံတွေ့ခဲ့လေသည်။

၁၉၅၆ ခုနှစ်တွင် မန္တလေးရုပ်ရှင်၏ ပွဲဦးထွက်ဇာတ်ကားဖြစ်သော ဒါရိုက်တာ ဆရာကြီးဦးသုခ ရိုက်ကူးသည့် "ဘဝသံသရာ" အသံထွက်ဇာတ်ကားဖြင့် တိုင်းသိပြည်သိ နိုင်ငံကျော်မင်းသားအဖြစ်သို့ ရောက်ရှိသည်။ ထိုဇာတ်ကားဖြင့်ပင် ဇေယျသည် အကောင်းဆုံးဇာတ်ဆောင်ဆု(မင်းသားဆု)ရရှိခဲ့သည်။ "ဘဝသံသရာ" ဇာတ်ကားတွင် ဇေယျသည် ဒေါက်တာထင်ပေါ်အဖြစ်၊ အေးကြူသည် တပ်မတော်အရာရှိ ဗိုလ်မျိုးတင့်အဖြစ် ပါဝင်သရုပ်ဆောင်ခဲ့ပြီး အေးကြူနှင့် မင်းသမီးမေသစ်တို့သည် အချစ်နယ်ကျွံရာမှ မေသစ်၌ ကိုယ်ဝန်ရှိလာရာ အရှက်တကွဲဖြစ်မည့် မေသစ်ဒုက္ခကို မကြည့်ရက်၊ ကယ်တင်ရန် ဟန်ဆောင်ယောကျ်ားနေရာက သရုပ်ဆောင်ခဲ့ရာ သဘောထားကြီးသော၊ ရင့်ကျက်သော၊ တစ်ဖက်သားကို အနစ်နာခံကူညီတတ်သော ဇာတ်ကောင်စရိုက်ကို ပီပြင်စွာဖော်ထုတ်သရုပ်ဆောင်နိုင်ခဲ့သည့်အတွက် ထူးချွန်ဆုရရှိခဲ့ခြင်းဖြစ်သည်။

၁၉၅၆ ခုနှစ်တွင် အိုကေရုပ်ရှင်မှ ဒါရိုက်တာ ကျွန်တော်ချစ်မောင်ရိုက်ကူးသည့် "ချစ်ခွင့်မပိုင်" ဇာတ်ကားတွင် မင်းသားခင်မောင်မြင့်၊ ကျော်ဖေ၊ မင်းသမီး ကြည်ကြည်ဌေးတို့နှင့် တွဲဖက်သရုပ်ဆောင်ခဲ့ပြီး ညီဖြစ်သူကျော်ဖေနှင့် တိတ်တဆိတ်ကိုယ်ဝန်ရှိသွားသော ကြည်ကြည်ဌေးကို ဇေယျသည် အနစ်နာခံကာ ဇနီးအဖြစ် လက်ထပ်ပေါင်းသင်းလိုက်သည်။ ထိုဇာတ်ကားအလွန်ကောင်းသော်လည်း ပရိသတ်ရင်ထဲ၌ မကောင်း၊ ဇေယျအတွက် အခံရခက်လှသည်။ တစ်ဖန် ဒါရိုက်တာဆရာကြီး ဦးသုခက ခံဘက်က သရုပ်ဆောင်ကောင်းလှသည့် ဇေယျကို မျက်စိကျသည်ထင်၏။ "လှည်းကျိုးနဲ့နွားသိုး" ဇာတ်ကားကို ဇာတ်နာအောင် ဇေယျအသားပေးဇာတ်ကားအဖြစ် ရိုက်ကူးခဲ့ပြန်ရာ ဇေယျသည် လှည်းကျိုးထမ်းလိုင်စင်ရသွားသကဲ့သို့ ရပ်ထဲရွာထဲတွင် ခံရသောယောကျ်ားမှန်သမျှကို "ဇေယျကြီး" ဟု ခေါ်ကြသည်အထိ မှတ်မှတ်သားသားဖြစ်စေခဲ့သည်။ ရုပ်ရှင်သည် တကယ်မဟုတ်၊ သဘာဝကို တုပ၍သရုပ်တူအောင် သဏ္ဌာန်လုပ်ပြနေခြင်းသာ။ သို့ဖြစ်၍ သာမန်အားဖြင့်ကြည့်လျှင် ဇေယျသည်သနားစရာ။ တကယ်တော့ မင်းသားဇေယျဆိုသော လူပုဂ္ဂိုလ်သည် သနားစရာမဟုတ်ပါ။ ရုပ်ရှင်ထဲက ဇာတ်ကောင်ဇေယျသည်သာ သနားစရာ၊ တကယ်မဟုတ်သည်ကို အဟုတ်ထင်နေပြီး ခံစားချက်ဖြစ်နေကြသည့် ပရိသတ်များသည်သာ သနားဖွယ်ရာ။ ပရိသတ်ခံစားချက်ဖြစ်အောင် စွမ်းဆောင်ပြနိုင်သည်က ဇေယျ၏ အနုပညာ။ မည်သည့်အနုပညာရပ်မဆို တည်ငြိမ်နေသောနှလုံးသားကို ကိုင်လှုပ်နိုင်စွမ်းရှိသည်ဆိုပါက ရသမြောက်လေပြီ။

မင်းသားကြီးဇေယျသည် အသက်အရွယ်ရလာသည့်အခါ "ဇေယျာရွှေပြည်" ရုပ်ရှင်ကုမ္ပဏီကို တည်ထောင်ပြီး လူကြီးခန်းမှ ပါဝင်သရုပ်ဆောင်ခဲ့သည်။ မင်းသားကြီးဇေယျသည် မိုးကုတ်ဝိပဿနာဓမ္မရိပ်သာ၌ ကာလအတန်ကြာ တရားအားထုတ်ခဲ့ရာမှ မိုးကုတ်ဆရာတော်ကြီး၏ ပြုံးသေ၊ မဲ့သေတရားတော်ကို နာကြားလိုက်ရပြီး သေဖို့ပြင်ဆင်ရန် သံဝေဂရသွားသည်။ ဇနီး၊ သားသမီးနှင့် ပစ္စည်းအားလုံးကိုစွန့်၍ လူဝတ်ကြောင် ဦးဇေယျဘဝမှ အရှင်ဝဇီရာနန္ဒဘွဲ့အမည်ဖြင့် မြင့်မြတ်သော ရဟန်းဘဝသို့ရောက်ရှိခဲ့သည်။ ရဟန်းဘဝကို ရရှိပြီးနောက် လူသူစည်ကားသည့် မြို့ပြနှင့်ဝေးရာ စစ်ကိုင်းတောင်ရိုး ညောင်တုန်းချောင်သို့ ကြွရောက်သီတင်းသုံးနေထိုင်ခဲ့ပြီး သံသရာဝဋ်ဆင်းရဲမှ လွတ်ကင်းအောင် ကျင့်ကြံအားထုတ်ရင်း ၄-၉-၂၀၀၁ ရက်တွင် ခန္ဓာဝန်ချ ဘဝနတ်ထံပျံလွန်တော်မူခဲ့သည်။

ဘုန်းဘုန်းဦးဇေယျကတော့ သံသရာလည်စေတဲ့ လောကီအာရုံတွေကို ရှောင်ကွင်းသွားနိုင်ခဲ့ပေမယ့် လောကီအာရုံတွေကြား ဗျာများနေဆဲဖြစ်တဲ့ စာရေးသူအပါအဝင် ရုပ်ရှင်ချစ်ပရိသတ်များကတော့ "ရိုးရိုးကြီးဇေယျ"ရဲ့ အနုပညာ အစွမ်းအစများကို ယနေ့တိုင် မြင်ယောင်နေဆဲ။ ။

ကလေးမြို့နယ်ရဲတပ်ဖွဲ့က မူးယစ်ဆေးဝါး အန္တရာယ် မှုခင်းကျူးဆင်းရေး အသိပညာပေးဟောပြော

နေပြည်တော် စက်တင်ဘာ ၁၈

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် လက်ပံချောင်းရဲကင်းစခန်းမှူး ရဲအုပ် အပ်ဖ်သျှအောင်ဦးစီးသည့် တပ်ဖွဲ့ဝင်များက စက်တင်ဘာ ၁၆ ရက် နံနက်ပိုင်းတွင် ညောင်ကုန်းကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်းခွဲ၌ လည်းကောင်း၊ မြောက်စည်းနယ်မြေရဲစခန်းမှူး ရဲအုပ် ဇော်မင်းသူဦးစီးသည့် တပ်ဖွဲ့ဝင်များက ကျော်ရွာကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်း၌ လည်းကောင်း မှုခင်းကျူးဆင်းရေး အသိပညာပေးဟောပြောပွဲ ကျင်းပ၍ မှုခင်းကျူးဆင်းရေး၊ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး၊ လူကုန်ကူးမှုတားဆီးရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောရာ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၇၂၀ တက်ရောက်ခဲ့ကြသည်။

(ရဲပြန်ကြား)

သဘာဝတောတောင်နှင့် သားရဲတိရစ္ဆာန်တို့၏ လုံခြုံမှုပေးစွမ်းရာ အိမ်ဂေဟာများ

သတင်းမှတ်စု- စိုးစိုးနိုင်(ကြေးမုံ)

အင်းသူအင်းသားများ၏ အသက်အိုးအိမ် အင်းလေးကန်အတွင်းမှ ဖောင်တော်ဦးစေတီတော်။

ကျိုက်ထီးရိုး၊ ရွှေစက်တော်၊ ပုပ္ပားတောင်၊ အလောင်းတော်ကဿပ၊ အင်းလေးကန်စသည်တို့ကို တော်တော်များများ ရောက်ဖူးကြပါမည်။ ထိုနေရာများသည် ဘေးမဲ့တောများအဖြစ် ထိန်းသိမ်းထားသော သဘာဝနယ်မြေများလည်း ဖြစ်ကြသည်။ သို့သော် ဘေးမဲ့တောတစ်ခု၏ တန်ဖိုး၊ ဘေးမဲ့တောတစ်ခု၏ အရေးပါပုံတို့ကို သတိပြုမိချင်မှ ပြုမိပါမည်။

ဘေးမဲ့တောများသည် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီး၌ တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းရေးသာမက သဘာဝပတ်ဝန်းကျင်နှင့် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းခြင်းအတွက်လည်း အထိရောက်ဆုံးနည်းလမ်းပင်ဖြစ်သည်။ မြန်မာနိုင်ငံတွင် ရှေးဘုရင်များလက်ထက်က တောရိုင်းတိရစ္ဆာန်များ ဘေးမဲ့စေလွှတ်နိုင်စေရန် ဧရိယာတစ်ခု သတ်မှတ်ထားရှိရာမှ ဘေးမဲ့တောများ စတင်တည်ထောင်ခဲ့ခြင်းဖြစ်သည်။ ပထမဆုံးဘေးမဲ့တောကို မင်းတုန်းမင်းလက်ထက်က သတ်မှတ်တည်ထောင်ခဲ့သည့် ရတနာပုံဘေးမဲ့တော(ယခု ရတနာပုံတိရစ္ဆာန်ဥယျာဉ်) ဖြစ်သည်။

အင်္ဂလိပ်ခေတ်လက်ထက်(၁၉၁၈)က ကချင်ပြည်နယ် မြစ်ကြီးနားမြို့အနီး၌ ပိတောင်ဘေးမဲ့တောကို တည်ထောင်ခဲ့သည်။ ဒေသခံမုဆိုးများ အမဲလိုက်မှုကြောင့် မြန်မာ့ကြံ့မျိုးစိတ်များ လျော့နည်းပြုန်းတီးလာသဖြင့် ကြံ့များကျန်ရှိသည့် ပိတောင်ဒေသကို အင်္ဂလိပ်အစိုးရက အမဲလိုက်ရန် ထိန်းသိမ်းထားသည့် ဧရိယာ(ဘေးမဲ့တော) အဖြစ် တည်ထောင်ခဲ့သည်။ အခြားကြံ့များကျက်စားရာဒေသတစ်ခုဖြစ်သည့် မိုးမိတ်မြို့နယ်နှင့် သပိတ်ကျင်းမြို့နယ်အနီးရှိ ရွှေဥဒေါင်းဘေးမဲ့တောကိုလည်း အမဲလိုက်ရာဒေသအဖြစ် သတ်မှတ်တည်ဆောက်ခဲ့သည်။

ထို့နောက် ငှက်ပစ်ရန် တောင်ကြီးငှက်ဘေးမဲ့တော၊ ပြင်ဦးလွင်ငှက်ဘေးမဲ့တောနှင့် ဝက်သည်းကန် ငှက်ဘေးမဲ့တော၊ မြန်မာ့ရွှေသမင်များ ကျက်စားသည့် ချပ်သင်းဘေးမဲ့တော၊ ရွှေစက်တော်ဘေးမဲ့တောတို့ကိုလည်း အမဲလိုက်ရန် တည်ဆောက်ခဲ့ကြသည်။ လွတ်လပ်ရေးရပြီးခေတ်မှ ၁၉၈၀ ပြည့်နှစ်အထိ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ သမီးလှကျွန်းဘေးမဲ့တော၊ ဟုမ္မလင်းမြို့နယ် ထမံသီဘေးမဲ့တောနှင့် စစ်ကိုင်းမြို့အနီးရှိ မင်းဝံတောင်ဘေးမဲ့တော အသစ်သုံးခုသာ ဆက်လက်တည်ထောင်နိုင်ခဲ့သည်။

၁၉၈၀ ပြည့်နှစ် နောက်ပိုင်းတွင် ဘေးမဲ့တောများ၏ အခန်းကဏ္ဍ ပိုမိုဖွံ့ဖြိုးလာခဲ့သည်။ မြန်မာနိုင်ငံတွင်သာမက ကမ္ဘာ့နိုင်ငံအသီးသီးမှာပင် ဘေးမဲ့တောများ၏ အရေးပါပုံကို အထူးဂရုပြုမိလာကြသည်။ တောရိုင်းတိရစ္ဆာန် ထိန်းသိမ်းရုံသာမက သဘာဝပတ်ဝန်းကျင်နှင့် ဇီဝမျိုးစုံမျိုးကွဲများ၊ ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းကာကွယ်ရေးအတွက် ဘေးမဲ့တောများကို တည်ထောင်အသုံးပြုလာကြသည်။ ဘေးမဲ့တောများကိုလည်း အမည်နာမအမျိုးမျိုး မှည့်ခေါ်လာကြသည်။ ဘေးမဲ့တော၊ သဘာဝနယ်မြေ၊ အမျိုးသားဥယျာဉ် စသည်ဖြင့် အမည်မျိုးစုံ အသုံးပြု သတ်မှတ်လာကြသည်။

မြန်မာနိုင်ငံသည် ရှေးနှစ်ပေါင်းများစွာကတည်းက သဘာဝသစ်တောများနှင့် ဇီဝမျိုးစုံမျိုးကွဲများကို အစဉ်သဖြင့် ထိန်းသိမ်းကာကွယ်လာခဲ့ခြင်းကြောင့် ယနေ့အချိန်အထိ သဘာဝသစ်တောကြီးများနှင့် ဇီဝမျိုးစုံမျိုးကွဲ အမျိုးမျိုးကို တွေ့မြင်နေရသည်။ မြန်မာနိုင်ငံ၏ မြောက်ဘက်ပိုင်းတွင် တောင်ပေါ်တောများ၊ နှင်းဖုံးတောင်တန်းကြီးများ၊ အလယ်ပိုင်းတွင် ရွက်ပြတ်ရောနှော တောစို၊ တောခြောက်များ၊ တောင်ပိုင်းတွင် အပူပိုင်း မုတ်သုံသစ်တောကြီးများနှင့် ပင်လယ်ကမ်းရိုးတန်းတစ်လျှောက်တွင် ဒီရေတောများ၊ သန္တာကျောက်တန်းများ များပြားစွာ တွေ့ရှိရသည်။ တန်ဖိုးကြီးမားပြီး ကမ္ဘာကျော်အပူပိုင်းဒေသ သစ်မျိုးတစ်မျိုးဖြစ်သော မြန်မာ့ကျွန်းသစ် ပေါက်ရောက်ရာ သဘာဝကျွန်းတောကြီးများကိုလည်း တွေ့မြင်နေရဆဲ ဖြစ်သည်။

မြန်မာနိုင်ငံတွင် မှတ်တမ်းတင်ထားသော အပင်ကြီးမျိုးပေါင်း ၇၀၀၀ ကျော်ရှိသည့်အနက် အပင်မျိုးပေါင်း ၁၀၇၀ ကျော်သည် ဒေသမျိုးများဖြစ်ကြသည်ဟု သိရသည်။ ဝါးမျိုးပေါင်း ၁၀၀ ကျော်ခန့်၊ ကြိမ်မျိုးပေါင်း ၃၀ နှင့် သစ်ခွမျိုးပေါင်း ၈၀၀ ကျော်ခန့်ရှိကြသည်။ ထို့ပြင် ငှက်အမျိုးပေါင်း ၁၀၅၀ ကျော်၊ ကုန်းနေသတ္တဝါ ၃၀၀ ခန့်နှင့် တွားသွားသတ္တဝါ ၄၀၀ ကျော်၊ လိပ်ပြာမျိုးစိတ် ၁၀၀၀ ကျော်၊ ငါးမျိုးစိတ် ၈၀၀ ကျော်တို့၏ နေရင်းဒေသတစ်ခုဖြစ်သည်။

သစ်တောဦးစီးဌာန၏ ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်နေ့ စာရင်းဇယားများအရ မြန်မာနိုင်ငံသည် ဧရိယာ ၂၆၁၂၈ စတုရန်းမိုင် ကျယ်ဝန်းပြီး သဘာဝထိန်းသိမ်းရေးနယ်မြေ စုစုပေါင်း ဧရိယာ ၁၇၇၉၅ ဒသမ ၄၁ စတုရန်းမိုင်ရှိသည်။ တည်ထောင်ပြီး သဘာဝနယ်မြေ ၃၈ ခုသည် ၁၄၆၃၁ ဒသမ ၁၁ စတုရန်းမိုင် ကျယ်ဝန်းပြီး အဆိုပြုထားသော သဘာဝနယ်မြေရှစ်ခုသည် ၃၁၆၄ ဒသမ ၃၀ စတုရန်းမိုင် ကျယ်ဝန်းသည်ဟု သိရသည်။

အပူပိုင်းဒေသ၏ အိုအေစစ်ဖြစ်သည့် ပုပ္ပားတောင်တော်။

မြန်မာနိုင်ငံရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် တည်ထောင်ပြီး သဘာဝထိန်းသိမ်းရေးနယ်မြေများမှာ ကချင်ပြည်နယ်တွင် ပိတောင်တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ ခါကာဘိုရာဇီ အမျိုးသားဥယျာဉ်၊ ဖုန်ကန်ရာဇီ တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ အင်းတော်ကြီး တောရိုင်းတိရစ္ဆာန် ဘေးမဲ့တော၊ ဟူးကောင်းချိုင့်ဝှမ်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ ဘွမ်ဖာဘွမ်တောရိုင်းတိရစ္ဆာန် ဘေးမဲ့တော၊ ကရင်ပြည်နယ်တွင် ကဟီးလူတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောနှင့် မူလာရစ်တောရိုင်းတိရစ္ဆာန် ဘေးမဲ့တော၊ ချင်းပြည်နယ်တွင် နတ်မတောင် အမျိုးသားဥယျာဉ်၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် ချပ်သင်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ ထမံသီတောရိုင်းတိရစ္ဆာန် ဘေးမဲ့တော၊ မင်းဝံတောင် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ အလောင်းတော်ကဿပအမျိုးသားဥယျာဉ်၊ တနင်္သာရီတိုင်းဒေသကြီးတွင် မော့စကော့ကျွန်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ လန်ပိအဏ္ဏဝါ အမျိုးသားဥယျာဉ်နှင့် တနင်္သာရီသဘာဝကြိုးဝိုင်း၊ ပဲခူးတိုင်းဒေသကြီးတွင် မိုးယွန်းကြီးအင်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ မကွေးတိုင်းဒေသကြီးတွင် ဝက်သည်းကန်တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ ရွှေစက်တော်တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောတို့ကို တည်ထောင်ထားသည်။

မန္တလေးတိုင်းဒေသကြီးတွင် ရွှေဥဒေါင်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ ပြင်ဦးလွင်ငှက်ဘေးမဲ့တော၊ ပုပ္ပားတောင်ဘေးမဲ့တောဥယျာဉ်၊ လောကနန္ဒာဘေးမဲ့တောဥယျာဉ်နှင့် မင်းစုံတောင်တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ မွန်ပြည်နယ်တွင် ကေလာသတောင်တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောနှင့် ကျိုက်ထီးရိုးတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ ရခိုင်ပြည်နယ်တွင် ရခိုင်ရိုးမဆင်ဘေးမဲ့တော၊ ရန်ကုန်တိုင်းဒေသကြီးတွင် လှော်ကားဥယျာဉ်၊ ရှမ်းပြည်နယ်တွင် တောင်ကြီးငှက်ဘေးမဲ့တော၊ အင်းလေးကန်တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ လွိုင်မွေ သဘာဝနယ်မြေ၊ ပါဆာ သဘာဝနယ်မြေ၊ ပန်းလောင်နှင့် ပြဒါးလင်းဂူ တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောနှင့် ရွှေဥဒေါင်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ ဧရာဝတီတိုင်းဒေသကြီးတွင် သမီးလှကျွန်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောနှင့် မိန်းမလှကျွန်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောတို့ကို တည်ထောင်ထားသည်။

အဆိုပြုထားသော သဘာဝထိန်းသိမ်းရေးနယ်မြေများမှာ ချင်းပြည်နယ်တွင် ကျောက်ပန်းတောင်တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် မဟာမြိုင်တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောနှင့် ဗောဓိတစ်ထောင်သဘာဝကြိုးဝိုင်း၊ တနင်္သာရီတိုင်းဒေသကြီးတွင် တနင်္သာရီအမျိုးသားဥယျာဉ်၊ လေညာအမျိုးသားဥယျာဉ်၊ သျှင်ပင်ကြက်သောက် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောနှင့် မြောက်ဇာမရီဆင်ထိန်းသိမ်းရေး သဘာဝနယ်မြေတို့ကို တည်ထောင်ထားသည်။

သဘာဝထိန်းသိမ်းရေးနယ်မြေနှင့် ဘေးမဲ့တောများသည် ဆင်၊ ကျား၊ ကျားသစ်နှင့် အခြားမျိုးသုဉ်းလုနီးပါး တောရိုင်းတိရစ္ဆာန်များအတွက် လုံခြုံမှုပေးစွမ်းရာ အိမ်ဂေဟာများဖြစ်သည်။ သစ်ခွနှင့် အခြား ရှားပါးအပင်မျိုးစိတ်များကို ထိန်းသိမ်းထားနိုင်သည်။ ဌာနေငှက်များနှင့် ရွှေ့ပြောင်းရေပျော်ငှက်လေးများအတွက် အသိုက်အမြုံသဖွယ် စောင့်ရှောက်ထားသည်။ မြစ်ချောင်း၊ အင်းအိုင်များအတွက် သန့်စင်သည့် ရေအရင်းအမြစ်များ ထိန်းသိမ်းဖြည့်ဆည်းပေးထားသည်။ လူတို့ အပန်းဖြေနားနေနိုင်ရန် သဘာဝရှုခင်းများကို ကာကွယ်ပေးထားသည်။ သန့်ရှင်းသည့်လေကို ရှူရှိုက်ခွင့်ရရှိစေရန် ဖန်တီးပေးထားသည်။ နာဂစ်မုန်တိုင်းကဲ့သို့သော သဘာဝဘေးအန္တရာယ်များမှလည်း ကာကွယ်ပေးထားသည်။ ဘေးမဲ့တောအနီးရှိ ဒေသခံများ၏ စားဝတ်နေရေး ပြဿနာများကိုလည်း တစ်ဖက်တစ်လမ်းက ဖြည့်ဆည်းပေးလျက်ရှိသည်။

ဘေးမဲ့တောများက လူသားတို့အတွက် အကျိုးကျေးဇူးများစွာ ထောက်ပံ့ပေးထားသော်လည်း ဘေးမဲ့တောများကို လျစ်လျူရှုထားကြသည်။ အပန်းဖြေနားနေစရာ ဒေသတစ်ခုအဖြစ်သာ သတ်မှတ်ထားကြသည်။ ဘုရားဖူးသွားရာဒေသအဖြစ်သာ သိမှတ်ထားကြသည်။ ဘေးမဲ့တောများကို ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ရန် အမှုမဲ့အမှတ်မဲ့ဖြင့် မေ့လျော့နေကြသည်။

ဧရာဝတီမြစ်၏ အသက်သွေးကြောသည် ခါကာဘိုရာဇီဖြစ်သည်။ ချင်းတွင်းမြစ်၏ အသည်းနှလုံးသည် ဟူးကောင်းဘေးမဲ့တောနှင့် ထမံသီဘေးမဲ့တောဖြစ်သည်။ ချင်းလူမျိုးတို့၏ ဝိညာဉ်သည် နတ်မတောင်ဖြစ်သည်။ အင်းသူအင်းသားများ၏ အသက်အိုးအိမ်သည် အင်းလေးကန်ဖြစ်သည်။ အပူပိုင်းဒေသ၏ အိုအေစစ်သည် ပုပ္ပားတောင်ဖြစ်သည်။ ဧရာဝတီတိုင်းဒေသကြီး၏ အကာအကွယ်သည် မိန်းမလှကျွန်းဖြစ်ပြီး ဆလုံလူမျိုးများ၏ ဘုံဗိမာန်သည် လန်ပိကျွန်းပင်ဖြစ်နေပေသည်။ လူသားတို့အတွက်သာမက တောဘုရင် ဆင်နှင့် ကျားများ၊ ချေ၊ သမင်လေးများ၊ လိပ်ကလေးများ၊ ရှားပါးမိကျောင်းများနှင့် ရေပျော်ငှက်များအတွက် ခိုလှုံရာနေရာဌာနလေးများပင် ဖြစ်သည်။

ဘေးမဲ့တောလေးများကို ခဏတာလည်ပတ်နေချိန်ကာလအတွင်း သဘာဝရှုခင်းအလှအပများ ပျက်စီးမသွားစေရန်နှင့် သဘာဝအတိုင်း ကျင်လည်ကျက်စားနေသော သားရဲတိရစ္ဆာန်တို့၏ ကမ္ဘာလေး ပျက်သုဉ်းပျောက်ကွယ်မသွားရအောင် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်နိုင်ရေးအတွက် မျှဝေဖော်ပြလိုက်ပါသည်။

❐